# Weekly ELEVEN NEWS

No 19 Vol 7 February 8 Wednesday 2012




## လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌စစ်သားအင်အားလျှော့ချရေး တစ်သန်းမရှိသော်လည်း လက်ရှိအခြေအနေအရ အမျိုးသားစစ်မှုထမ်းဥပဒေကို ကျင့်သုံးရန် မလိုအပ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပြောကြား

စာ (၂) သို့




## လာမည့်ကြားဖြတ်ရွေးကောက်ပွဲများ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ၁၉ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်

စာ (၃) သို့

ဇန်နဝါရီလ ၂၉ ရက်နေ့က ထားဝယ်သို့ရောက်ရှိလာသော ဒေါ်အောင်ဆန်းစုကြည်အား မြို့ပြည်သူများက ကြိုဆိုနေကြစဉ် Photo: AFP

## မြန်မာနိုင်ငံ၏ ဒီမိုကရက်တစ်အကူးအပြောင်းတွင် အရေးကြီးသောခြေလှမ်းတစ်ရပ်အဖြစ် ဧပြီလ ၁ ရက်နေ့တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများ၌ ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများခွင့်ပြုရန် အမေရိကန်တိုက်တွန်း

စာ (၃) သို့



## စင်ကာပူနိုင်ငံမှ ဘဏ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများအပါအဝင် ကုမ္ပဏီ ၆၀ ကျော် မြန်မာနိုင်ငံသို့ရင်းနှီးမြှုပ်နှံရန် လာရောက်မည်

စာ (၅) သို့

မြင်ကွင်းလှခရိုင် View Point ... မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းသည့်လုပ်ငန်းခွင်အား ... တွေ့ရစဉ် Photo: Thun Naing Soe, Aung Thu

## ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများတွင် ဗီဒီယိုဖိုင်များ၊ ရုပ်ပုံများ၊ သီချင်းဖိုင်များကို မိုဘိုင်းဖုန်းအချင်းချင်း အပြန်အလှန်ပေးပို့နိုင်သည့်စနစ် မကြာမီသုံးစွဲခွင့်ပေးမည်

စာ (၆) သို့

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကုလလူ့အခွင့်အရေးကိုယ်စားလှယ်နှင့် တိုင်းရင်းသားအဖွဲ့များ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ ဆွေးနွေး

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် Tomás Ojea Quintana နှင့် တိုင်းရင်းသားအဖွဲ့များသည် ဖေဖော်ဝါရီလ ၃ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ UNDP ရုံး၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ တိုင်းရင်းသားဒေသများ၌လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များဖြစ်ထွန်းရေး၊ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှုများနှင့် စပ်လျဉ်းသောကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

"အဓိက ကတော့ဗျာ၊ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတွေမှာ သူသိချင်တာတွေရှိတယ်။ အဲတာတွေကိုမေးပါတယ်။ ကျွန်တော်တို့က ဒါတွေကိုပဲပြောပြလိုက်ပါတယ်။ သူကတော့ တိုင်းရင်းသားတွေဘက်က ပြောတာကို နားထောင်ချင်တဲ့သဘောပါပဲ"ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ပြောကြားခဲ့သည်။

မစ္စတာ Quintana နှင့် တိုင်းရင်းသားအဖွဲ့များတွေ့ဆုံမှုတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ ဇိုမီးအမျိုးသားကွန်ဂရက်မှ ဥက္ကဋ္ဌ ဦးပုကျင့်ရှင်းထန်နှင့်ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအေးသာအောင်တို့ အပါအဝင် ကချင်၊ ကရင်၊ ချင်း၊ ရခိုင်နှင့် ရှမ်းအစရှိသော တိုင်းရင်းသားအဖွဲ့များ ပါဝင်ခဲ့သည်ဟု သိရှိရသည်။


| | |
|---|---|
| အယ်ဒီတာချုပ် | ဝေဖြိုး |
| အမှုဆောင်အယ်ဒီတာ | သန်းဇော်ထွန်း |
| သတင်းထောက်ချုပ် | မာန်သူရိန် |
| အကြီးတန်းအယ်ဒီတာ | ဇော်ဇော်အောင်၊ အငယ်ထွေး၊ ဟိန်းမင်းလတ်၊ ဖြူနု၊ နေထွန်းနိုင်၊ ကျော်ဇေယျ၊ ဇေဝင်းနောင် |
| အကြီးတန်းသတင်းထောက် | လင်းလင်းခိုင်၊ ရတနာဦး၊ ကျော်ထင်၊ ဝေယံဖြိုးဦး၊ ဝင်းမြင့်ကျော်၊ မင်းသီဟဇော်၊ စည်သူအောင်၊ ချမ်းမြေ့သူ |
| မျက်နှာဖုံးဒီဇိုင်း | မြင့်မောင်ကျော် |
| အတွင်းစာမျက်နှာဖွဲ့စည်းမှု | ELEVEN MEDIA GROUP |
| ကြော်ငြာမန်နေဂျာ | သန္တာအောင် |
| မန္တလေးရုံးခွဲ | |
| တာဝန်ခံ | စိုးထက်ခိုင် |
| နေပြည်တော်ပျဉ်းမနားရုံးခွဲ | |
| တာဝန်ခံ | နေရိုင်း |
| ထုတ်ဝေသူ | Eleven Media Group (ယာယီ/၁၀၅၉) |
| ပုံနှိပ်သူ | Eleven Press (ယာယီ/၁၆၃၉) |
| စောင်ရေ၊ တန်ဖိုး | ၁၅၀၀၀၊ ၃၅၀ ကျပ် |
| ဖြန့်ချိရေးနှင့်ဂျာနယ်တိုက် | အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄ |


*မျက်နှာဖုံးသတင်း "လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ စစ်သားအင်အားလူဦးရေ...''မှ အဆက်*

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌စစ်သားအင်အားလူဦးရေတစ်သန်း မပြည့်သော်လည်း လက်ရှိအခြေအနေအရ အမျိုးသားစစ်မှုထမ်းဥပဒေကိုကျင့်သုံးရန်မလိုအပ်ကြောင်း ဖေဖော်ဝါရီလ ၃ ရက်နေ့ကကျင်းပသည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက ပြောကြားခဲ့ပါသည်။

တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် အင်အားတောင့်တင်းရန်၊ စွမ်းရည်ထက်မြက်ရန်၊ ခေတ်မီရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှိရန်လိုအပ်ပြီး အင်အားတောင့်တင်းရေးအတွက် လူနှင့်လက်နက်အင်အားတောင့်တင်းရန်လိုအပ်ကြောင်း သိရသည်။ ကမ္ဘာ့အခြေအနေများပြောင်းလဲ၍ လိုအပ်မည်ဆိုပါက ပြဋ္ဌာန်းပြီးဖြစ်သည့် အမျိုးသားစစ်မှုထမ်းဥပဒေကို ကျင့်သုံးနိုင်ပြီး လက်ရှိအခြေအနေနှင့် ကျင့်သုံးရန်မလိုအပ်ကြောင်း၊ ပြင်ပမီဒီယာများနှင့် ပြည်ပနိုင်ငံများစွပ်စွဲနေသည့် ကလေးစစ်သားအသုံးပြုရန် လိုအပ်ခြင်းမရှိ၍ တပ်မတော်သည် ပြဋ္ဌာန်းထားသည့်စစ်မှုထမ်းဥပဒေနှင့်အညီ အသက် ၁၈ နှစ်ပြည့်ပြီး ၂၅ နှစ်ထက်မကြီးသူများ၊ ကိုယ်တိုင်ဆန္ဒပြုသူများကိုသာ စစ်မှုထမ်းအဖြစ်လက်ခံလျက်ရှိပြီး နည်းလမ်းမမှန်စုဆောင်းသူများကို တည်ဆဲတပ်မတော်ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နေကြောင်းကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၏ ပြောကြားချက်အရ သိရသည်။



ပြည်ထောင်စုလွှတ်တော်တွင် ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း ရှင်းလင်းပြောကြားနေစဉ်

ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက "နိုင်ငံတော်ကာကွယ်ရေးနဲ့ပတ်သက်လို့ လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကတည်းက အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံ ကာကွယ်ရေးအတွက် ပြောခဲ့တဲ့စကားရှိပါတယ်။ လွတ်လပ်တဲ့ဗမာပြည်တွင်တိုင်းပြည်ကာကွယ်ရေးဟာ အစိုးရရဲ့တာဝန်၊ အင်္ဂလိပ်အုပ်ချုပ်တုန်းက အင်္ဂလိပ်ရဲ့တာဝန်ဖြစ်တယ်။ လွတ်လပ်ရေး ရပြီးရင် ကျုပ်တို့ရဲ့တာဝန်ဖြစ်တယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ တကယ့်တကယ်တော့စစ်တိုက်တဲ့အချိန်မျိုးမှာ လူ တစ်သန်း စစ်တိုက်အင်အား ရှိရမယ်၊ ရှိမှကောင်းမယ်ဟု ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမ၌ကျင်းပသည့်ပြည်သူ့အစည်းအဝေးကြီးတွင် ပြောကြားခဲ့တယ်"ဟု ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက "ကျွန်တော်တို့ နိုင်ငံရဲ့မြောက်ဘက်နှင့် အရှေ့မြောက်မှာ ကာကွယ်ရေးအင်အား ၂ ဒသမ ၄ သန်းခန့်ရှိတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ၂၀၁၁ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၉၀ဒသမ ၇ ဘီလျံ၊ အရှေ့ဘက်မှာ ကာကွယ်ရေးအင်အား ၃၇၅၀၀ ရှိတဲ့ လာအိုနိုင်ငံက ၂၀၁၁ ခုနှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၇၀၊ ကမ္ဘာ့ စစ်အင်အား အဆင့်အတန်း ၂၈ ရှိတဲ့ ထိုင်းနိုင်ငံက ၂၀၁၁ ခုနှစ်အတွင်းမှာ ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလျံ၊ ကာကွယ်ရေးအင်အား ၁ ဒသမ ၆ သိန်းရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၂၀၁၁ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလျံ၊ ကမ္ဘာ့စစ်အင်အားအဆင့်အတန်း ၄ ရှိတဲ့ အိန္ဒိယနိုင်ငံဟာ ကာကွယ်ရေးအင်အား ၁ ဒသမ ၂ သန်းခန့်ရှိပြီး ၂၀၁၁ ခုနှစ်အတွင်းတွင် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၀၃ ဘီလျံသုံးစွဲခဲ့ပါတယ်။ ယခုတင်ပြသည့်အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁၁ ဘီလျံအပါအဝင် ကျပ်ငွေ ၁၈၇၇ ဒသမ ၇၁၃ ဘီလျံဟာ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်များကာကွယ်ရန်အတွက် အနည်းဆုံးလိုအပ်သောအသုံးစရိတ်ပင်ဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းစဉ်က ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့သည့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် လုံလောက်သောကာကွယ်မှုပေးနိုင်မည့်တပ်မတော်တစ်ရပ်တည်ဆောက်ရန်အတွက်အနည်းဆုံးလိုအပ်သည့် အသုံးစရိတ်ပမာဏပင်ဖြစ်တယ်"ဟု ပြောကြားခဲ့သည်။

**ကလေးစစ်သားအသုံးပြုရန်လိုအပ်ခြင်းမရှိ၍ တပ်မတော်သည် ပြဋ္ဌာန်းထားသည့်စစ်မှုထမ်းဥပဒေနှင့်အညီ အသက် ၁၈ နှစ်ပြည့်ပြီး ၂၅ နှစ်ထက်မကြီးသူများ၊ ကိုယ်တိုင်ဆန္ဒပြုသူများကိုသာ စစ်မှုထမ်းအဖြစ်လက်ခံလျက်ရှိပြီး နည်းလမ်းမမှန်စုဆောင်းသူများကို တည်ဆဲတပ်မတော်ဥပဒေများနှင့်အညီအရေးယူဆောင်ရွက်နေကြောင်း**

*ဝေယံဖြိုးဦး၊ စိုးမင်းထိုက်*

# လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအသုံးစရိတ်ကို လေးဆနှင့် ပညာရေးကဏ္ဍအသုံးစရိတ်ကိုနှစ်ဆတိုးကာ လျာထားသုံးစွဲသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

လာမည့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအသုံးစရိတ်ကိုလေးဆနှင့်ပညာရေးကဏ္ဍအသုံးစရိတ်ကို နှစ်ဆတိုးကာလျာထားသုံးစွဲသွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသည့် ၂၀၁၂ ခုနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကရှင်းလင်းရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်မှာ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင်အသုံးစရိတ်စုစုပေါင်း ကျပ် ၉၂၀၀၈ ဒသမ ၇၈၆ သန်းလျာထားသုံးစွဲခဲ့ပြီး ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်စုစုပေါင်း ကျပ် ၃၆၇၉၇၀ ဒသမ ၃၇၅ သန်းလျာထားသည့်အတွက်ပြီးခဲ့သည့်နှစ်ထက်လေးဆခန့်တိုးတက်လျာထားကြောင်း သိရသည်။

"ကျန်းမာရေးကဏ္ဍအတွက် ၂၀၁၁-၂၀၁၂ ခုနှစ်သာမန်အသုံးစရိတ်သုံးစွဲငွေမှာ ကျပ် ၆၆၇၃၀ ဒသမ ၄၇၆ သန်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်မှာတော့ သာမန်အသုံးစရိတ် ကျပ် ၁၅၄၄၃၅ ဒသမ ၀၉၃ သန်းလျာထားသည့်အတွက် ဆရာဝန်နှင့်သူနာပြုများ တိုးချဲ့ခန့်ထားနိုင်ခြင်း၊ ဆေးရုံသုံးဆေးပစ္စည်းများ ပိုမိုဝယ်ယူဖြည့်တင်းနိုင်ခြင်း၊ ဆေးရုံများအားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများပိုမိုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်သုံးစွဲငွေမှာ ကျပ် ၂၅၂၇၈ ဒသမ ၃၁၀ သန်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျပ် ၂၁၃၅၃၅ ဒသမ ၂၈၂ သန်းလျာထားသည့်အတွက် ဆေးရုံဆေးခန်းများနှင့်ကျေးလက်ကျန်းမာရေးဌာနများ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်မှာဖြစ်ပြီး ဆေးရုံများတွင် လိုအပ်သည့်ဆေးရုံသုံးစက်ပစ္စည်းကိရိယာတန်ဆာပလာများ ပိုမိုဝယ်ယူဖြည့်တင်းနိုင်မှာ ဖြစ်ပါတယ်"ဟု ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားခဲ့သည်။

ပညာရေးအသုံးစရိတ်ပိုင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်စုစုပေါင်း ကျပ် ၃၁၀၄၀၁ ဒသမ ၆၉၈ သန်းလျာထားသုံးစွဲခဲ့ပြီး ၂၀၁၁-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးစရိတ်စုစုပေါင်း ကျပ် ၆၁၇၂၁၄ ဒသမ ၀၁၀ သန်းလျာထားသည့်အတွက် ပြီးခဲ့သည့်နှစ်ထက် နှစ်ဆခန့်တိုးတက်လျာထားကြောင်းသိရသည်။

"ပညာရေးကဏ္ဍရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် သာမန်အသုံးစရိတ်သုံးစွဲငွေမှာ ကျပ် ၂၇၄၈၆၂ ဒသမ ၈၃၁ သန်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ခုနှစ်တွင် သာမန်အသုံးစရိတ်ကျပ် ၄၀၈၁၆၄ ဒသမ ၄ ၁၉ သန်းလျာထားသည့်အတွက် ဆရာ၊ ဆရာမများပိုမိုခန့်ထားနိုင်ခြင်း၊ ဥပဓိရုပ်မကောင်းသော အခြေခံပညာကျောင်းများအား ပြင်ဆင်ခြင်းများပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ ပညာရေးကဏ္ဍ၏ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်သုံးစွဲငွေမှာ ကျပ် ၃၅၅၃၈ ဒသမ ၈၆၇ သန်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျပ် ၂၀၉၀၄၉ ဒသမ ၅၉၁ သန်းလျာထားသည့်အတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပရိဘောဂများ သင်ထောက်ကူပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်းများကိုပိုမိုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးကဆက်လက်ပြောကြားခဲ့သည်။

တတိယအကြိမ်လွှတ်တော်အစည်းဝေးများသို့ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂ ခုနှစ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းစသည့်ဥပဒေများကိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးအတည်ပြုကြမည်ဖြစ်သည်။

***မျက်နှာဖုံးသတင်း "မြန်မာနိုင်ငံ၏ ဒီမိုကရက်တစ် အကူးအပြောင်းတွင် အရေးကြီးသော. . ."မှ အဆက်***

မြန်မာနိုင်ငံ၏ ဒီမိုကရက်တစ် အကူးအပြောင်းတွင်အရေးကြီးသော ခြေလှမ်းတစ်ရပ်အဖြစ် ဧပြီလ ၁ ရက်နေ့တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများ၌ ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများခွင့်ပြုရန် အမေရိကန်ကဖေဖော်ဝါရီလ ၂ ရက်နေ့ကတိုက်တွန်းခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲများကို လွတ်လပ်၍တရားမျှတစွာကျင်းပခြင်းသည် အမေရိကန်၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့စေရေးတွင် အဓိကသော့ချက်တစ်ခုဖြစ်သည်။

အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ပိုစနာက ကြားဖြတ်ရွေးကောက်ပွဲများတွင်စောင့်ကြည့်လေ့လာရန်လိုအပ်ကြောင်းကို အမေရိကန်အနေဖြင့် မြန်မာအစိုးရနှင့်ဆွေးနွေးခဲ့ဖူးကြောင်း၊ ပြည်တွင်းကစောင့်ကြည့်လေ့လာသူတွေရောပြင်ပကစောင့်ကြည့်လေ့လာသူတွေပါ လမ်းဖွင့်ပေးလိမ့်မည်ဟု အရမ်းမျှော်လင့်ထားကြောင်း ဖေဖော်ဝါရီလ ၂ ရက်နေ့ကပြောကြားခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ် ၄၈ နေရာအတွက်ကြားဖြတ်ရွေးကောက်ပွဲများကို ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။ ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲများအတွက် ပြုလုပ်မည့်မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၄၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ခြောက်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် နှစ်နယ်တို့ဖြစ်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်ကြားဖြတ်ရွေးကောက်ပွဲများအတွက် မိမိအမည် မဲစာရင်း၌ပါရှိစေရေး ပြည်သူများသက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့်ဆက်သွယ်ရန် အသိပေးနှိုးဆော်ထားပြီး ပါတီများအနေဖြင့်လည်း မိမိတို့စည်းရုံးထားသည့်မဲဆန္ဒရှင်များ၏အမည်များကိုသက်ဆိုင်ရာမဲစာရင်းတွင် ပါရှိစေရေးပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း နှိုးဆော်ထားသည်။

***သန်းဇော်ထွန်း***

## ဒီမိုကရေစီစနစ်ပိုမိုရှင်သန်အားကောင်းစေရန်ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်ပြောကြား

စင်ကာပူနိုင်ငံသို့ လေးရက်ကြာချစ်ကြည်ရေးခရီးသွားရောက်ခဲ့သောနိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ၎င်း၏ခရီးစဉ်အတွင်း The Straits Times သတင်းစာမှ အကြီးတန်းသတင်းထောက် Ms. Rupali Karekar အား ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စင်ကာပူနိုင်ငံ ရှန်ဂရီလာဟိုတယ်၌ လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ရာတွင် ဒီမိုကရေစီစနစ်ပိုမိုရှင်သန်အားကောင်းစေရန် ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးစနစ်မှ လွန်မြောက်ပြီး မိမိ၏ အရပ်ဘက်အစိုးရအဖွဲ့က ပြောင်းလဲတာဝန်ယူပြီးနောက်ပိုင်းတွင် နိုင်ငံကို ဒီမိုကရေစီစနစ်ပိုမိုရှင်သန်အားကောင်းစေရန်ရည်ရွယ်၍ ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါတွေ့ဆုံမေးမြန်းမှုများတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

**လက်ရှိအချိန်၌ မိမိတို့အနေဖြင့် စီးပွားရေးနယ်ပယ်တွင်ကျွမ်းကျင်မှုလိုအပ်နေသေးကြောင်းနှင့် စီးပွားရေးဆိုင်ရာလုပ်ထုံးလုပ်နည်းစနစ်များနှင့် ဥပဒေပြဋ္ဌာန်းချက်များအကောင်အထည်ဖော်ရာတွင်လည်း နိုင်ငံတကာမှ နည်းပညာပိုင်းဆိုင်ရာအကူအညီများကိုရရှိရန် ကြိုးပမ်းသွားမည်. . .**

အနာဂတ်မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံအတွက် ဒုတိယအရေးကြီးဆုံးဖြစ်သော စီးပွားရေးကဏ္ဍကို တိုးတက်ကြီးထွားအောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖြေကြားချက်များတွင် ထည့်သွင်းပြောဆိုခဲ့သည်။ ဒီမိုကရေစီအရေးနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ရောက်ရှိနေပြီဖြစ်ပြီး ရွေးချယ်ထားသည့်လမ်းအတိုင်းဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတွင်း ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားစေရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ဖြေကြားရာတွင် လက်ရှိအချိန်၌ မိမိတို့အနေဖြင့် စီးပွားရေးနယ်ပယ်တွင်ကျွမ်းကျင်မှုလိုအပ်နေသေးကြောင်းနှင့် စီးပွားရေးဆိုင်ရာလုပ်ထုံးလုပ်နည်းစနစ်များနှင့်ဥပဒေပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရာတွင်လည်း နိုင်ငံတကာမှနည်းပညာပိုင်းဆိုင်ရာအကူအညီများကိုရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မေးမြန်းမှုများထဲတွင် ဖြေကြားခဲ့သည်။

ထို့ပြင် အနောက်နိုင်ငံအချို့မှ မြန်မာနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံကြားနျူကလီးယားလက်နက်ဆိုင်ရာအပြန်အလှန်ဆက်ဆံမှုများရှိနေသည်ဆိုသည့်ထင်မြင်ယူဆချက်မှာလည်းမဟုတ်မှန်ကြောင်း ပြောဆိုခဲ့သည်။

နိုင်ငံတော်သမ္မတ၏အဆိုပါတွေ့ဆုံပွဲတွင် အစိုးရအဖွဲ့ဝန်ကြီးများဖြစ်သောနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့တက်ရောက်ခဲ့ကြသည်။

The Straits Times သတင်းစာအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အနာဂတ်မျှော်မှန်းချက်များနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍများကိုပါမေးမြန်းမှုတွင် ထည့်သွင်းမေးမြန်းခဲ့ကြောင်း သိရသည်။ အဆိုပါ မီဒီယာမှာ နိုင်ငံတော်သမ္မတ၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း သီးခြားတွေ့ဆုံခွင့်ရရှိခဲ့သည့် မီဒီယာတစ်ခုလည်းဖြစ်ခဲ့သည်။

## ရွေးကောက်ပွဲတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့် စသည့် အခြေခံလူ့အခွင့်အရေးများကိုလေးစားလိုက်နာရမည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana ပြောကြား

ရွေးကောက်ပွဲတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်စသည့်အခြေခံလူ့အခွင့်အရေးများကိုလေးစားလိုက်နာရမည်ဟု မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်Tomás Ojea Quintana က ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။



**ဒေါ်အောင်ဆန်းစုကြည်နှင့်** Tomás Ojea Quintana **တို့အား ဖေဖော်ဝါရီလ ၃ ရက်နေ့က တွေ့ရစဉ်**

မြန်မာနိုင်ငံတွင် ရောက်ရှိနေသောမြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်Tomás Ojea Quintana သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား သူမ၏နေအိမ်တွင် တွေ့ဆုံပြီးနောက် မီဒီယာများနှင့် တွေ့ဆုံရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရွေးကောက်ပွဲတိုင်းအတွက် အရေးကြီးတာကတော့ အခြေခံလူ့အခွင့်အရေးတွေကို လေးစားလိုက်နာဖို့ပါပဲ။ အဲဒီမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်တို့လည်း ပါပါတယ်။ ကျွန်တော်မနေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့တွေ့ခဲ့ပြီး ဒီအကြောင်းကိုဆွေးနွေးခဲ့ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်Tomás Ojea Quintana ကပြောကြားခဲ့သည်။

မတ်လတွင်တင်သွင်းမည့်အစီရင်ခံစာပြင်ဆင်ရန်အတွက် မြန်မာနိုင်ငံကို လာရောက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana တို့၏တွေ့ဆုံဆွေးနွေးမှုမှာ တစ်နာရီခန့်ကြာမြင့်ခဲ့ပြီး လူ့အခွင့်အရေး၊ ကျန်ရှိနေသည့်ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများ အရေးတို့ကိုဆွေးနွေးခဲ့သည်။

"လူ့အခွင့်အရေးကိစ္စတွေပေါ့။ ဒီကိစ္စတွေအတွက်ပဲ ဒီကို သူလာတာပေါ့။ ကျန်တဲ့ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေ လွတ်မြောက်ဖို့ ဒါအမြဲဆွေးနွေးပါတယ်။ လူ့အခွင့်အရေးကိစ္စတွေ မှန်သမျှ ဆွေးနွေးတာပါပဲ"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

မြန်မာအစိုးရ၏ ဖိတ်ကြားချက်အရ လူ့အခွင့်အရေး အခြေအနေများကိုအကဲဖြတ်ရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana သည် နိုင်ငံသို့ ဇန်နဝါရီ လ ၃၁ ရက်နေ့ ညနေပိုင်းက ရောက်ရှိလာသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး ကိုယ်စားလှယ် Tomás Ojea Quintana ၏ ငါးကြိမ်မြောက်ဖြစ်ကာ ခြောက်ရက်ကြာမြင့်သည့် မြန်မာနိုင်ငံခရီးစဉ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့အား သီးခြားစီတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူနှစ်ဦးနှင့်အချုပ်သားတစ်ဦးတို့အားလည်း တွေ့ဆုံမေးမြန်းခဲ့သည်။

ထိုကဲ့သို့ သီးခြားစီတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံ၏အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံရေးတိုးတက်ပြောင်းလဲနေမှု အခြေအနေများနှင့် လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားသတ်မှတ်၍ တရားစီရင်မှုများဆောင်ရွက်နေသည့်အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်နှင့် မြို့နယ်အဆင့် တရားသူကြီးများအနေဖြင့် ရရှိထားသည့် ရာထူးအဆင့်ဆင့်အလိုက် တရားစီရင်ရေးအာဏာ၊ ဥပဒေနှင့်အညီ လွတ်လပ်မျှတစွာတရားစီရင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ရွေးကောက်ပွဲဆိုင်ရာကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ဆွေးနွေးခဲ့သည်ဟု သိရသည်။

***မျက်နှာဖုံးသတင်း "လာမည့်ကြားဖြတ်ရွေးကောက်ပွဲများ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်. . ."မှ အဆက်***

ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေးပါတီ ၁၉ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပါတီ ၁၉ ပါတီ အနက် ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီ ၁၁ ခုအပြင် အဆိုပါရွေးကောက်ပွဲနောက်ပိုင်းမှတ်ပုံတင်ခဲ့သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပါတီသစ် ရှစ်ခုပါ ထပ်မံဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ကြားဖြတ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည့် ပါတီသစ်ရှစ်ခုမှာ ပြည်သူ့ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၊ ဒီမိုကရက်တစ်မဟာမိတ်ပါတီ၊ ၈၈ ပြည်သူ့အင်အားစုပါတီ၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ဖြစ်ကြကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များအနက် ပြည်သူ့လွှတ်တော်တွင် နေရာ ၄၀၊ အမျိုးသားလွှတ်တော်တွင် ခြောက်နေရာ၊ တိုင်းဒေသကြီး လွှတ်တော်တွင် နှစ်နေရာ စုစုပေါင်း ၄၈ နေရာတွင် လွှတ်တော်ကိုယ်စားလှယ်များ လစ်လပ်လျက်ရှိနေသည်။

လစ်လပ်မဲဆန္ဒနယ်များအလိုက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရမည့် မဲဆန္ဒနယ်များမှာ ကချင်ပြည်နယ်တွင် ပြည်သူ့လွှတ်တော် သုံးနေရာ (ဖားကန့်၊ မိုးကောင်း၊ ဗန်းမော်)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် သုံးနေရာ (စစ်ကိုင်း၊ ပုလဲ၊ မင်းကင်း)၊ အမျိုးသားလွှတ်တော်နှစ်နေရာ (ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ တန့်ဆည်)နှင့် (ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူး)၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် နှစ်နေရာ (ကျွန်းစု၊ လောင်းလုံ)၊ ပဲခူးတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် လေးနေရာ (တောင်ငူ၊ ထန်းတပင်၊ သနပ်ပင်၊ လက်ပံတန်း)၊ အမျိုးသားလွှတ်တော် တစ်နေရာ (အုတ်တွင်း၊ ထန်းတပင်)၊ တိုင်းဒေသကြီးလွှတ်တော်တစ်နေရာ (ကဝမြို့နယ် မဲဆန္ဒနယ်အမှတ် ၂)တို့ ဖြစ်ကြသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် ငါးနေရာ (မကွေး၊ ရေစကြို၊ မြိုင်၊ ပခုက္ကူ၊ ပွင့်ဖြူ)၊ အမျိုးသားလွှတ်တော် တစ်နေရာ (တောင်တွင်းကြီး)၊ မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် ၁၀ နေရာ (ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ မဟာအောင်မြေ၊ တံတားဦး၊ မိတ္ထီလာ၊ ပြင်ဦးလွင်)၊ မွန်ပြည်နယ်တွင် ပြည်သူ့လွှတ်တော် တစ်နေရာ (မော်လမြိုင်)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် ခြောက်နေရာ (ကော့မှူး၊ သုံးခွ၊ ဒဂုံဆိပ်ကမ်း၊ မင်္ဂလာတောင်ညွန့်၊ လှည်းကူး၊ မရမ်းကုန်း)၊ ရှမ်းပြည်နယ်တွင် ပြည်သူ့လွှတ်တော်တစ်နေရာ(ကလော)၊ အမျိုးသားလွှတ်တော်တစ်နေရာ (လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်၊ သိန္နီ၊ ကွမ်းလုံ)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် ငါးနေရာ (ပုသိမ်၊မအူပင်၊မြောင်းမြ၊ဝါးခယ်မ၊မြန်အောင်)၊ အမျိုးသားလွှတ်တော်တစ်နေရာ(ဖျာပုံ၊ ဒေးဒရဲ)၊ တိုင်းဒေသကြီးလွှတ်တော်တစ်နေရာ (ရေကြည်မြို့နယ်–မဲဆန္ဒနယ်အမှတ် ၂)တို့ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သည့်မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်တွင် ငါးနေရာ၊ ပြည်နယ်လွှတ်တော်တွင် ၁၂ နေရာ စုစုပေါင်း ၁၇ နေရာရှိသည်။ ***သန်းဇော်ထွန်း***

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးခရီးစဉ်ရွှေ့ဆိုင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ပါတီစည်းရုံးရေးခရီးစဉ်ဖြစ်သည့်မန္တလေးခရီးစဉ်မှာ နေရာအခက်အခဲကြောင့် ရွှေ့ဆိုင်းလိုက်ရကြောင်း သတင်းရရှိပါသည်။ အဆိုပါမန္တလေးခရီးစဉ်မှာ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ၅ ရက်နေ့ထိဖြစ်သည်။

"မန္တလေးမသွားတဲ့ကိစ္စကတော့ ဦးအုန်းကြိုင် ပြောတဲ့အတိုင်းပါပဲ။ နေရာပေါ့နော်။ နေရာ အခက်အခဲရှိနေတယ် အဲဒါကြောင့်မို့လို့။ သေသေချာချာ အဆင်ပြေမယ့် နေရာတစ်ခုရတဲ့အခါမှ သွားမယ်ဆိုပြီးတော့။ အချိန်ကြာကြာ ပေးထားတဲ့အခါကျတော့ သေသေချာချာစီစဉ်လို့ရအောင်လို့ပါ။ ဒါပါပဲ"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီ လ ၃ ရက်နေ့က ပြောကြားခဲ့သည်။

မန္တလေးခရီးစဉ်တွင် လူထုသို့ မိန့်ခွန်းပြောရန် ကွင်းနေရာငှားရာတွင်အဆင်မပြေ၍ ရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ရန်ကုန်မြို့ပြင် နိုင်ငံရေးခရီးစဉ်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဇန်နဝါရီလ ၂၂ ရက်နေ့က ထုတ်ပြန်ခဲ့ပြီး အဆိုပါခရီးစဉ်များမှာ ထားဝယ်၊ မန္တလေးနှင့် ပုသိမ်ခရီးစဉ်များဖြစ်ကြသည်။ ထားဝယ်နှင့် ပုသိမ်ခရီးစဉ်တို့မှာ နေ့ချင်းပြန်ခရီးစဉ်များဖြစ်ကြပြီး မန္တလေးခရီးစဉ်မှာ တစ်ညအိပ်နှစ်ရက်ခရီးစဉ်ဖြစ်သည်။

ထားဝယ်ခရီးစဉ်မှာ ဇန်နဝါရီလ ၂၉ ရက်နေ့ဖြစ်ပြီး ပုသိမ်ခရီးစဉ်မှာ ဖေဖော်ဝါရီလ ၇ ရက်နေ့ဖြစ်သည်။

ဇန်နဝါရီလ ၂၉ ရက် နေ့ ထားဝယ်ခရီးစဉ်တွင် နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ထားဝယ်ဒေသခံများက သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြသည်ကို တွေ့ရသည်။

## ၈၈ မျိုးဆက်နှင့် ၂၀၀၇ မျိုးဆက်ကျောင်းသားများအား ကုလလူ့အခွင့်အရေးကိုယ်စားလှယ် တွေ့ဆုံ

၈၈ မျိုးဆက်ကျောင်းသားများ နှင့် ၂၀၀၇ မျိုးဆက်ကျောင်းသားများအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana က ဖေဖော်ဝါရီ လ ၃ ရက်နေ့ ညဦးပိုင်းက ရန်ကုန်မြို့ရှိ UNDP ရုံး၌ တွေ့ဆုံခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ တွေ့ဆုံမှု၌ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုမြအေး၊ ကိုပြုံးချိုနှင့် ကိုဂျင်မီတို့ ပါဝင်ခဲ့ပြီး ၂၀၀၇ မျိုးဆက်ကျောင်းသားများဘက်မှ ကိုကျော်ကိုကိုနှင့် ကိုစည်သူဇေယျာတို့ ပါဝင်ခဲ့ကာ ဖေဖော်ဝါရီလ ၃ ရက်နေ့ ညနေ ၆ နာရီမှ ည ၇ နာရီ မိနစ် ၃၀ အချိန်ခန့်အထိတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံရာတွင် ၈၈ မျိုးဆက်ကျောင်းသားများဘက်မှ ကျန်ရှိနေသေးသောယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ ပြန်လည်လွတ်မြောက်စေရေးကိစ္စ၊ ကချင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်များထံသို့ကူညီထောက်ပံ့ရေးလမ်းကြောင်း လျောလျောလျူလျူရောက်ရှိစေရေးကိစ္စ၊ ပြည်တွင်းလူ့အခွင့်အရေး တိုးတက်မှုဖြစ်ပေါ်စေရေးကိစ္စရပ်များကို ပြောဆိုခဲ့ကြောင်း တွေ့ဆုံရာတွင်ပါဝင်ခဲ့သည့် ၈၈ မျိုးဆက်ကျောင်းသားတစ်ဦးဖြစ်သူ ကိုပြုံးချိုက ပြောကြားခဲ့ပါသည်။

မစ္စတာ Quintana ကမူ လက်ရှိပြောဆိုခဲ့သည့် ကိစ္စရပ်များကို အစိုးရတာဝန်ရှိသူများထံ တင်ပြထားခဲ့ပြီးဖြစ်ကြောင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများအတွက် ထည့်သွင်းလုပ်ဆောင်သည့် အချက်များကို ယခင်လာရောက်စဉ်က အစိုးရတာဝန်ရှိသူများထံ တင်ပြထားခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ အချက်များကိုပြီးပြည့်စုံအောင် လုပ်ဆောင်နိုင်ရန် အစိုးရတာဝန်ရှိသူများကို တိုက်တွန်းထားခဲ့ပြီးဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်ဟု သိရှိရသည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မီဒီယာများနှင့် သီးသန့်တွေ့ဆုံရာတွင်ပြောကြားချက်အချို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတွင်ရောက်ရှိနေသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana နှင့် သူမ၏နေအိမ်တွင် ဖေဖော်ဝါရီလ ၃ ရက်နေ့ မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် မီဒီယာများနှင့်သီးသန့်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် ဒေါ်အောင်ဆန်းစုကြည်ပြောကြားချက်အချို့ ကိုကောက်နုတ်ဖော်ပြလိုက်ပါသည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် မီဒီယာများ၏မေးမြန်းမှုများကိုပြန်လည်ဖြေကြားနေစဉ်

**ယုံကြည်ချက်အရပြောတာ**

"ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲတဲ့သူတွေကတော့ ပြင်ချင်တဲ့စိတ်နဲ့ ရေးတာမဟုတ်ဘူးလို့ ထင်ရမှာပေါ့နော်။ အစကတည်းက ပြင်ချင်လည်း ပြင်ထားမှာပေါ့။ ဒါပေမယ့် အန်တီတို့ကနေပြီးတော့ ပြည်သူတွေအတွက် အကျိုးမရှိတဲ့ အပိုင်းတွေကို ပြင်သင့်တယ်လို့ ဆိုတာက အန်တီတို့ယုံကြည်ချက်အရပြောတာ"

**ကရင်တိုင်းရင်းသားတွေနဲ့ ပိုပြီးနီးနီးကပ်ကပ်**

"ကော့မှူးက ပြိုင်မယ်ဆိုတော့ အဲဒီမှာပဲ မဲထည့်ရမယ်။ မဲထည့်ရမယ်ဆိုတော့ အန်တီက အဓိကကတော့ အဲဒီရွာကို ရွေးတာကတော့ ကရင်တိုင်းရင်းသားတွေ ရှာမို့လို့ပါ။ အဲဒီတော့လည်းကရင်တိုင်းရင်းသားတွေနဲ့ ပိုပြီး နီးနီးကပ်ကပ် ဆက်ဆံနိုင်အောင်လို့ အဲဒီရွာမှာ မဲထည့်ဖို့ ရွေးလိုက်တာပါ။"

**၁၁ ရက်နေ့**

"ကော့မှူးကို ၁၁ ရက်နေ့ ခရီးထွက်ဖို့ စီစဉ်ထားပါတယ်။ သုံးကြိမ်တောင် တော်တော် နည်းပါတယ်။ တစ်ကယ်တော့ အန်တီက တခြားနေရာတွေမှာလည်း ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ သွားစရာမရှိဘူးဆိုရင် ကော့မှူးကို ဒါထက်ပိုပြီးတော့ အကြိမ် များများ သွားရမှာပေါ့။ ကိုယ့်နယ်မြေပဲဟာ"

**အနည်းဆုံးတစ်ခေါက်တော့**

"၄၈ နေရာအားလုံးကို အန်တီ ဘယ်လိုမှ သွားလို့ရမှာမဟုတ်ဘူး။ အချိန်ကမရှိဘူးလေ။ တိုင်းနဲ့ ပြည်နယ်တိုင်းကတော့ တစ်ခါ အနည်းဆုံး တစ်ခေါက်တော့သွားဖို့စီစဉ်တာပေါ့နော်။ ဒါပေမယ့်လို့ ရန်ကုန်တိုင်းက နည်းနည်းပိုလွယ်လို့ ပိုပြီးတော့သွားမယ့် အခြေအနေရှိတာပေါ့။ ကချင်ဘက်ကို သွားဖို့လည်း ရှိပါတယ်။"

**ရာနှုန်းပြည့်ရအောင်ကြိုးစားပြီးတော့**

"ယူဆတယ်၊ ပါတယ် ဆိုတာထက် အလုပ် လုပ်ရမှာပဲ။ အန်တီတို့ အမြင်ကတော့ ရာနှုန်းပြည့် ရမလား၊ မရဘူးလား အဲလိုတော့ မမြင်ဘူး။ ယူဆတာတို့ မျှော်မှန်းတာတို့ ဒါတွေ မရှိဘူး။ ရာနှုန်းပြည့် ရအောင် ကြိုးစားပြီးတော့ အလုပ် လုပ်မယ်။ ဒီလိုပဲ စိတ်ထဲမှာ ထားပါတယ်။"

**ကျန်ရှိ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများလွတ်မြောက်ရေးညှိမှာပါ**

"အစတုန်းကတည်းက အန်တီတို့ စာရင်းရှိတယ်လေ။ နောက်ပြီးတော့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတွေလွှတ်ပေးတဲ့နေ့တုန်းကပြည်ထဲရေးဝန်ကြီးကလည်း ပြောတယ်။ NLD စာရင်းပေါ်မှာ အခြေခံတာဆိုတော့။ အဲဒါနဲ့ ပတ်သက်လို့လည်း အန်တီတို့ ညှိမှာပါ။"

## မြန်မာနိုင်ငံအပေါ်ချမှတ်ထားသော အမေရိကန်၏အရေးယူပိတ်ဆို့မှုများကိုဖယ်ရှားပေးရန် စင်ကာပူတိုက်တွန်း

အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကိုဖယ်ရှားပေးရန် စင်ကာပူကအလေးအနက်တိုက်တွန်းပြောကြားလိုက်ကြောင်း သိရသည်။ အာရှ–ပစိဖိတ်ဆိုင်ရာမဟာဗျူဟာမြောက်ဆောင်ရွက်မှုများနှင့် အပြန်အလှန်သဘောတူဆွေးနွေးညှိနှိုင်းမှုများအတွက် အမေရိကန် နိုင်ငံသို့သွားရောက်ခဲ့သော စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ကေရှန်မူဂမ်က အမေရိကန်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံချိန်တွင် ယင်းကဲ့သို့တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့်တိုးတက်မှုများကြောင့် ယင်းကဲ့သို့ပိတ်ဆို့အရေးယူမှုအပေါ် အမေရိကန်အနေဖြင့်ပြန်လည်သုံးသပ်ပြီးအမြန်ဆုံးဖယ်ရှားပေးရန် ၎င်းကတိုက်တွန်းလိုက်ခြင်းလည်းဖြစ်သည်။

"ကျွန်တော် အမှန်တကယ်ယုံကြည်ပါတယ်။ ဒီအချိန်ဟာ မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့အမေရိကန်ရဲ့ ပိတ်ဆို့အရေးယူမှုတွေကို ပြန်သုံးသပ်စဉ်းစားရတော့မှာပါ။ သူတို့ရဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေ အပေါ် အသိအမှတ်ပြုရတော့မှာပါ။ သူတို့ (မြန်မာနိုင်ငံ)ရဲ့ လက်ရှိအခြေအနေကလည်း ဒါတွေ(ပိတ်ဆို့အရေးယူမှု) ကိုအဆုံးသတ်ဖို့တွန်းအားပေးနေတဲ့ အခြေအနေမှာရှိနေပါပြီ။ မြန်မာပြည်သူတွေအနေနဲ့အားပေးကူညီမှုတွေအပြောင်းအလဲတွေအမှန်တကယ်လိုအပ်နေပါပြီ။ ကျွန်တော့်အမြင်ကတော့ စီးပွားရေးပိတ်ဆို့အရေးယူ မှုတွေက ပြည်သူတွေအပေါ် အကူအညီမဖြစ်စေနိုင်ပါဘူး"ဟု စင်ကာပူနိုင်ငံ၏ဥပဒေရေးရာဝန်ကြီးလည်းဖြစ်သည့် ကေရှန်မူဂန်က ပြောဆိုခဲ့သည်။

ထို့ပြင် စင်ကာပူနိုင်ငံသို့ ဇန်နဝါရီ ၂၉ မှ ဖေဖော်ဝါရီလ ၁ ရက်နေ့ထိ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သော သမ္မတဦးသိန်းစိန်ကလည်း မြန်မာပြည်၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဟုကတိပြုပြောဆိုခဲ့ကြောင်း ကေရှန်မူဂန်ကထပ်လောင်းပြောကြားခဲ့သည်။ စင်ကာပူနိုင်ငံမှာ အာရှနိုင်ငံများထဲတွင် အမေရိကန်၏ အဓိကမိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အမေရိကန်၏အာရှ–ပစိဖိတ်ဒေသအပေါ် ပိုမိုအာရုံစိုက်မည့် မဟာဗျူဟာတွင် အရေးပါသော မိတ်ဖက် နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အဆိုပါမှတ်ချက်ပေးပြောဆိုမှုများကို ကေရှန်မူဂမ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်တွေ့ဆုံပြီးနောက်တွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။




## ဒီမိုကရက်တစ်ပါတီ( မြန်မာ) လွှတ်တော်ကိုယ်စားလှယ်လောင်း ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ဖေဖော်ဝါရီလ ၁၃ ရက်နေ့နောက်ပိုင်းစတင်မည်

ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ လွှတ်တော်ကိုယ်စားလှယ်လောင်းသည်လာမည့်ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကိုဖေဖော်ဝါရီလ ၁၃ ရက်နောက်ပိုင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

ဒီမိုကရက်တစ်ပါတီ(မြန်မာ) သည် ကြားဖြတ်ရွေးကောက်ပွဲတွင် မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်တစ်ခုတည်းတွင်သာ ပါတီဥက္ကဋ္ဌ ဦးသုဝေ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၀ ရက်နောက်ပိုင်းတွင် မဲဆွယ်စည်းရုံးမှုများကိုစတင်နိုင်မည်ဖြစ်သော်လည်း ၁၃ ရက်နောက်ပိုင်းမှသာ စည်းရုံးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၁၂ ရက် ကျွန်တော်တို့မိတ်ဆွေ ၁၀ ပါတီပေါင်းပြီး ဒီရုံးချုပ်မှာပဲ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲ ကျင်းပမယ်။ အဲဒီနောက်ပိုင်းကျမှပဲ မဲဆွယ်စည်းရုံးရေးဆင်းနိုင်မှာ။ ၁၄၊ ၁၅ လောက်ဖြစ်မယ်ထင်တယ်။ အနည်းဆုံးငါးကြိမ်လောက်ဆင်းဖြစ်မှာပါ"ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ပြန်ကြားရေးတာဝန်ခံ ဦးလှမြင့်က ပြောကြားခဲ့သည်။

ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲများတွင် မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ်မှ မဲပေးခွင့်ရသူဦးရေမှာ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ စာရင်းအရ ၉၅၀၀၀ ရှိကြောင်းနှင့် မဲရုံအရေအတွက်မှာ ၆၈ ရုံရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၌ မဲရုံ စုစုပေါင်း ၁၇၄ ရုံ ရှိခဲ့ကြောင်း သိရသည်။

## စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် သွင်းကုန်အပေါ်ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန်များကို သက်သာသောအခွန်နှုန်းထားသို့ ပြင်ဆင်ပေးသွားမည်

စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် ပြည်ပနိုင်ငံများမှတင်သွင်းလာသည့်ကုန်ကြမ်းသွင်းကုန်အပေါ်ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန်များကို သက်သာသောအခွန်နှုန်းထားသို့ ပြင်ဆင်သတ်မှတ်ပေးသွားရန်ရှိကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပထမအကြိမ်ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်တွင် ပြောကြားခဲ့သည်။

"ဥပမာ အိမ်မိုးသွပ်ကုန်ချောကို ပြည်ပမှတင်သွင်းပါက ကုန်သွယ်ခွန်နှစ်ရာခိုင်နှုန်းသာကျသင့်ပြီး သံပြားကုန်ကြမ်းသွင်း၍ သွပ်ပြားထုတ်လုပ်ပါက ကုန်ကြမ်းသွင်းကုန်အတွက် ၂၀ ရာခိုင်နှုန်းကုန်သွယ်လုပ်ငန်းခွန်ကောက်ခံသည့်အပြင် ထုတ်လုပ်ခွန်နှင့်ရောင်းချခွန်ကိုပါ ထုတ်လုပ်သူအနေနဲ့ထပ်မံကျခံရတဲ့အတွက် စက်မှုလုပ်ငန်းထူထောင်ထုတ်လုပ်သူအနေဖြင့် ပစ္စည်းတင်သွင်းရောင်းချသောကုန်သည်ကို ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတာမျိုး တွေ့ရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးညဏ်ဝင်းက ပြောကြားခဲ့သည်။

၎င်းအဆိုအတွက် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် "ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ ကုန်ကြမ်းတင်သွင်းမှုအပေါ်ကျသင့်တဲ့ ကုန်သွယ်လုပ်ငန်းခွန်က ကုန်ချောတင်သွင်းမှုအတွက်ကျသင့်တဲ့ ကုန်သွယ်လုပ်ငန်းခွန်ထက်ပိုမိုနေသည့် ကုန်စည်အချို့ရှိနေပါတယ်။ ကုန်စည်များရဲ့ အသုံးဝင်မှုပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲနေမှုဖြစ်ခြင်း၊ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ Valued Added Tax, Goods and Services Tax အစရှိတဲ့ ထိရောက်ထက်မြက်လွယ်ကူသော အခွန်စနစ်သို့ပြောင်းလဲကျင့်သုံးရန်လိုအပ်နေခြင်းကြောင့် လက်ရှိကုန်သွယ်လုပ်ငန်းခွန်နှုန်းထားများအစား ပြင်ဆင်ထားပြီးဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အညီ အခွန်နှုန်းထားများကိုပြင်ဆင်သတ်မှတ်ဖို့ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပထမအကြိမ်၊ လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပေးထားတဲ့ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပြင်ဆင်ပြီးဖြစ်တဲ့အတွက် အစိုးရအဖွဲ့အနေနဲ့ နည်းဥပဒေလုပ်ထုံးလုပ်နည်းနဲ့ အမိန့်ကြော်ငြာများကို ဆက်လက်ပြင်ဆင်ဆောင်ရွက်ဖို့ရှိပါတယ်။ ဒါ့ကြောင့်မို့ ကုန်သွယ်လုပ်ငန်းခွန်ကိုနိုင်ငံတကာအခွန်စနစ်များနည်းတူ ရှင်းလင်းလွယ်ကူပြီး အခွန်ဝန်ထုပ်ဝန်ပိုးများမဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း သတင်းကောင်းပါးရင်းတင်ပြအပ်ပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့ပါသည်။

## နိုင်ငံတော်အရန်ဆန်ထားရှိရေးကော်မတီ အရန်ဆန်ဝယ်ယူရေးအတွက် ကျပ်သန်း ၃၀ ခွင့်ပြုပေးထားပြီး တောင်သူများဆီမှတိုက်ရိုက်ဝယ်ယူနေပြီ



နိုင်ငံတော်အရန်ဆန်ထားရှိရေးကော်မတီအတွက် နိုင်ငံတော်အစိုးရ၊ အထူးပြုကုမ္ပဏီနှင့် သမဝါယမအသင်းတို့ပူးပေါင်း၍အရန်ဆန်ဝယ်ယူရေးအတွက် ကျပ်သန်း ၃၀ ချထားကာ တောင်သူများဆီမှတိုက်ရိုက်ဝယ်ယူနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းမှရရှိသော သတင်းများအရ သိရှိရသည်။

ယင်းကဲ့သို့ဝယ်ယူရာတွင်ကုန်သည်၊ စက်ပိုင်၊ ပွဲစားများထံမှ ဝယ်ယူခြင်းမဟုတ်ဘဲ တောင်သူလယ်သမားများ၏အကျိုးစီးပွားကိုဖော်ဆောင်ရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ကုန်သည်၊ စက်ပိုင်များမှ ပါဝင်ရောင်းချခြင်းမပြုရန် မေတ္တာရပ်ခံထားကြောင်း နိုင်ငံတော်အရန်ဆန်ထားရှိရေးကော်မတီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

"အခုအချိန်မှာ ပြည်ပဝယ်လိုအားကျဆင်းနေတာက အိန္ဒိယကသူ့ရဲ့ဆန်ကို တန်ချိန်နှစ်သန်းကနေ သုံးသန်းကြားလောက်ထုတ်ရောင်းတယ်။ ဥရောပမှာ စီးပွားရေးကျတော့ အာဖရိကကိုလှူဒါန်းတဲ့ ပမာဏလည်းကျဆင်းသွားတဲ့အခါ အာဖရိကနိုင်ငံတွေကဝယ်လိုအားလည်းကျဆင်းသွားပါတယ်။ အရင်တုန်းက ဆန်တစ်တန်ကိုရောင်းရင် အမေရိကန်ဒေါ်လာ ၃၉၀ နဲ့ ၄၀၀ ဝန်းကျင်လောက်ရပါတယ်။ အခုလောလောဆယ် တစ်တန်ကို ၃၂၀ ဝန်းကျင်လောက်ပဲရှိတယ်။ တစ်ဖက်ကလည်း ငွေလဲနှုန်းက တစ်ဒေါ်လာကို ကျပ် ၁၁၀၀ ဝန်းကျင်လောက်ကနေ ကျပ် ၈၀၀ ကျော်လောက်ကိုကျဆင်းလာပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ တောင်သူလယ်သမားတွေ အထောက်အကူဖြစ်စေဖို့ နိုင်ငံတော်ရယ်၊ အထူးပြုကုမ္ပဏီရယ်၊ ပုဂ္ဂလိကပိုင်းရယ်သုံးခုပေါင်းပြီးတော့ အရန်ဆန်ဝယ်ယူဖို့အတွက် ဆုံးဖြတ်ခဲ့ကြတာပါ"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းဥက္ကဋ္ဌဦးချစ်ခိုင်ကပြောပြခဲ့သည်။

လက်ရှိအချိန်တွင် တောင်သူလယ်သမားများအနေနှင့် စိုက်စရိတ်အလုံအလောက်မထည့်ဝင်နိုင်ခြင်း၊ သွင်းအားစုထည့်ဝင်မှုအပိုင်းတွင် အားနည်းမှုများရှိနေခြင်းယင်းကြောင့် အထွက်နှုန်းကျဆင်းမှုကြုံတွေ့နေရကြောင်း သိရှိနေရသည်။

"အခုလို အနေအထားတွေကို ဖြေရှင်းဖို့ကြိုးစားတဲ့အခါမှာအထွက်နှုန်းတက်အောင်ဆိုပြီးတော့ နောက်ပိုင်းမှာ Hybrid တွေပြောင်းစိုက်ဖို့ကြိုးစားနေပါတယ်။ ရာသီဥတု၊ နေရာဒေသက တစ်နေရာနဲ့တစ်နေရာမတူတော့ အထွက်နှုန်းပြောင်းလဲဖို့အတွက် စမ်းသပ်စိုက်ပျိုးမှုတွေလုပ်နေပါပြီ။ အခိုကကတော့ ဆည်ရေသောက်ဒေသတွေဖြစ်တဲ့ ရွှေဘိုတို့ စစ်ကိုင်းတို့မှာဆိုရင် ပုံစံကတစ်မျိုး၊ ဧရာဝတီတိုင်းတို့၊ ပဲခူးတိုင်းတို့လိုရာသီဥတုကိုမှီနေရတဲ့ပုံစံကတစ်မျိုး၊ တချို့ဒေသတွေကျမိုးကိုအခိုကထားပြီးစိုက်ပျိုးရတာမျိုးလည်းရှိတယ်။ ဒါကြောင့်ပုဂ္ဂလိကကုမ္ပဏီနဲ့တောင်သူတွေနဲ့ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ယခုနှစ်တွင်ပြည်ပသို့ဆန်တင်ပို့မှုတန်ချိန်အထိုက်အလျောက်မြင့်တက်ခဲ့သော်လည်း စပါးဈေးကျဆင်းနေသောကြောင့် တောင်သူများတွက်ခြေကိုက်မှုနည်းပါးနေကြောင်း အချို့နေရာများတွင် စပါးဈေးကျဆင်းသည့်အပြင် တစ်ဧကအထွက်နှုန်း ၅၀ အောက်ထိ ကျဆင်းသွားသောကြောင့် ထုတ်လုပ်မှု၊ ကုန်ကျမှု မကာမိတော့ကြောင်း သိရှိရသည်။ ထို့အတူ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မြန်မာနိုင်ငံဆန်စပါးအသင်းနှင့် အင်ဒိုနီးရှားနိုင်ငံဘူးလော့ကုမ္ပဏီတို့ မြန်မာနိုင်ငံမှ ဆန်တန်ချိန်နှစ်သိန်းဝယ်ယူရန် လက်မှတ်ရေးထိုးခဲ့သည့်အတွက် ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုပိုမိုမြင့်တက်လာသည့်အလားအလာများရှိနေကြောင်း သိရှိရသည်။

ယခုအရန်ဆန်ဝယ်ယူမှုမှာ ၄၆ ပေါင်တင်း ၁၀၀ လျှင် ကျပ် ၃၃၀၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

***အငယ်ထွေး***

***မျက်နှာဖုံးသတင်း "စင်ကာပူနိုင်ငံမှ ဘဏ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများအပါအဝင် . . . "မှ အဆက်***

စင်ကာပူနိုင်ငံမှ ဘဏ်လုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများလုပ်ကိုင်နေသည့် ကုမ္ပဏီများအပါအဝင်ကုမ္ပဏီ ၆၀ ကျော် မြန်မာနိုင်ငံသို့ရင်းနှီးမြှုပ်နှံရန်လာရောက်မည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (RUMFCCI) တာဝန်ရှိသူများထံမှ သတင်းရရှိပါသည်။

စင်ကာပူကုမ္ပဏီ ၆၀ ကျော်အား Singapore Business Federation(SBF)မှ ဥက္ကဋ္ဌ Mr.Tony Chew ဦးဆောင်လာရောက်မည်ဖြစ်ပြီး လုပ်ငန်းရှင် ၁၂၀ ပါဝင်လာမည်ဟု သိရသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ရှိ RUMFCCI အသင်းချုပ် အစည်းအဝေးခန်းမတွင် မြန်မာ–စင်ကာပူ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံကာကုန်သွယ်မှုများအတွက် ဆွေးနွေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ MICC ၌ စင်ကာပူ–မြန်မာရင်းနှီးမြှုပ်နှံမှုညီလာခံ (Singa-pore-Myanmar Investment Con-ference)ကိုကျင်းပကာ ရင်းနှီးမြှုပ်နှံမှုများဆွေးနွေးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းများပြုလုပ်သွားမည်ဟု သိရှိရသည်။

"မကြာသေးခင်က နိုင်ငံတော်သမ္မတကြီး စင်ကာပူခရီးစဉ်သွားရောက်ခဲ့ပါတယ်။ အဲဒီခရီးစဉ်မှာ စင်ကာပူ SBF ကတာဝန်ရှိသူတွေနဲ့တွေ့ဆုံဆွေးနွေးခဲ့တယ်။ စင်ကာပူက မြန်မာနိုင်ငံနဲ့ကုန်သွယ်မှုရော၊ မြှုပ်နှံမှုရောတိုးမြှင့်ချင်တဲ့အတွက် လာရောက်ဆွေးနွေးဖို့ပြောပြီး အခုခရီးစဉ်ဖြစ်ပေါ်လာတာပါ။ အခုလာမယ့် စင်ကာပူစီးပွားရေးအဖွဲ့ဟာ စင်ကာပူနိုင်ငံမှာစီးပွားရေးဆိုင်ရာမှာ အမြင့်ဆုံးအဖွဲ့ဖြစ်ပါတယ်။ လုပ်ငန်းရှင် ၁၂၀ ပါဝင်လာမှာပါ။ မြန်မာနိုင်ငံနဲ့ပိုပြီးကုန်သွယ်ဖို့နဲ့ရင်းနှီးမြှုပ်နှံဖို့လာ ရောက်မှာပါ။ အရင်ကတော့ စင်ကာပူက မြန်မာနိုင်ငံရဲ့ နိုင်ငံခြားမြှုပ်နှံမှုစာရင်းမှာ နံပါတ်တစ်နိုင်ငံဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာတော့ ထိုင်း၊ တရုတ်၊ ကိုရီးယား၊ ဟောင်ကောင်နိုင်ငံတွေက ကျော်တက်သွားတဲ့အတွက် အဆင့်ခြောက်နေရာရောက်သွားပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလျံမြှုပ်နှံထားပါတယ်။ အခုထပ်ပြီး မြှုပ်နှံဖို့အတွက် လာရောက်တာပါ"ဟု RUMFCCI ၏ တွဲဖက်အတွင်းရေးမှူးဦးအေးလွင်ကပြောကြားခဲ့သည်။

စင်ကာပူကုမ္ပဏီ ၆၀ ကျော်တွင် ဘဏ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သယ်ယူပို့ဆောင်ရေး၊ သင်္ဘောလိုင်း၊ သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေး၊ အင်ဂျင်နီယာ၊ ဆေးနှင့်ဆေးပစ္စည်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းများပါဝင်ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ MICC ၌ကျင်းပမည့် Singapore-Myanmar Investment Conference သို့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံမှ ကုမ္ပဏီ ၆၀ ကျော်အနေဖြင့် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် သီလဝါဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်၊ လှိုင်သာယာစက်မှုဇုန်များသို့ပါ သွားရောက်မည်ဖြစ်ကြောင်းလည်း သိရသည်။

စင်ကာပူစီးပွားရေးအဖွဲ့တွင် ကုန်စည်ဖြန့်ဖြူးသည့် ကုမ္ပဏီလေးခု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီ ၁၀ ခု၊ ကုန်ထုတ်လုပ်သည့် ကုမ္ပဏီ ၁၅ ခု၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းကုမ္ပဏီ ၁၆ ခု၊ သယ်ယူပို့ဆောင်ရေးကုမ္ပဏီခြောက်ခု၊ ပညာရေးကုမ္ပဏီငါးခု၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီသုံးခု၊ ဟိုတယ်လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းကုမ္ပဏီများပါဝင်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံတကာမှ လာရောက်မြှုပ်နှံထားသည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလျံ ၄၀ ကျော်အထိရှိကြောင်း၊ တရုတ်နိုင်ငံမှ ၁၄ ဘီလျံနီးပါးမြှုပ်နှံကာ နံပါတ်တစ်မြှုပ်နှံသည့်နိုင်ငံဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

***မာန်သူရှိန်၊ ချမ်းမြေ့သူ***

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့် ထိပ်ဆုံးခြောက်နိုင်ငံ (အမေရိကန်ဒေါ်လာ၊ သန်း)**

| နိုင်ငံအမည် | ပမာဏ | ပမာဏ | ပမာဏ | ပမာဏ |
|---|---|---|---|---|
| | (၃၁-၃-၂၀၁၀၀) | (၃၁-၃-၂၀၁၁) | (၃၀-၄-၂၀၁၁) | (၃၁-၁၂-၂၀၁၁) |
| ၁။ တရုတ် | ၁၀၄၇၊ ၅၆ | ၉၆၀၃၊ ၁၆၇ | ၉၆၀၃၊ ၁၆၇ | ၁၃၉၄၇၊ ၁၄၆ |
| ၂။ ထိုင်း | ၇၄၂၂၊ ၀၉၃ | ၉၅၆၈၊ ၀၉၃ | ၉၅၆၈၊ ၀၉၃ | ၉၅၆၈၊ ၀၉၃ |
| ၃။ ဟောင်ကောင် | ၅၁၀၊ ၂၁၈ | ၆၃၀၈၊ ၄၉၅ | ၆၃၀၈၊ ၄၉၅ | ၆၃၀၈၊ ၄၉၅ |
| ၄။ ကိုရီးယား | ၂၃၉၊ ၃၁၈ | ၂၉၁၅၊ ၇၁၇ | ၂၉၃၀၊ ၂၁၇ | ၂၉၃၈၊ ၈၅၇ |
| ၅။ ဗြိတိန် | ၁၈၆၀၊ ၉၅ | ၂၆၅၉၊ ၉၅၄ | ၂၆၅၉၊ ၉၅၄ | ၂၆၆၀၊ ၅၈၈ |
| ၆။ စင်ကာပူ | ၁၅၉၂၊ ၄၄၃ | ၁၈၀၈၊ ၆၁၃ | ၁၈၀၈၊ ၆၁၃ | ၁၈၀၄၊ ၀၁၃ |

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့် ထိပ်ဆုံးကဏ္ဍငါးမျိုး (အမေရိကန်ဒေါ်လာ-သန်း)**

| အမျိုးအစား | ပမာဏ | ပမာဏ | ပမာဏ |
|---|---|---|---|
| | (၃၁-၃-၂၀၁၀) | (၃၁-၃-၂၀၁၁) | (၃၁-၁၂-၂၀၁၁) |
| ၁။ လျှပ်စစ်စွမ်းအား | ၆၃၁၁၊ ၂၂ | ၁၄၅၂၉၊ ၇၄၂ | ၁၈၈၇၃၊ ၇၂၀ |
| ၁။ ရေနံနှင့် သဘာဝဓာတ်ငွေ့ | ၃၆၃၆၊ ၀၈ | ၁၃၈၁၅၊ ၃၇၅ | ၁၃၈၁၅၊ ၃၇၅ |
| ၁။ သတ္တုတူးဖော်ရေး | ၁၃၉၈၊ ၃၉ | ၂၇၉၄၊ ၄၆၃ | ၂၇၉၄၊ ၄၆၃ |
| ၁။ ကုန်ထုတ်လုပ်မှု | ၁၆၆၂၊ ၁၂၆ | ၁၇၂၈၊ ၄၄၇ | ၁၇၅၃၊ ၉၅၁ |
| ၁။ ဟိုတယ်နှင့်ခရီးသွား | ၁၀၆၄၊ ၈၁၁ | ၁၀၆၄၊ ၈၁၁ | ၁၀၆၄၊ ၈၁၁ |

## ထိုင်းနိုင်ငံမှ မြန်မာ့ကျွဲနွားအရှင်များအား တရားဝင်ဝယ်ယူလိုကြောင်းကမ်းလှမ်း

ထိုင်းနိုင်ငံမှ မြန်မာ့ကျွဲနွား အရှင်များအားတရားဝင်ဝယ်ယူလိုကြောင်း မွေးမြူရေးလုပ်ငန်းရှင်များသို့တိုက်ရိုက်ဆက်သွယ်ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။ ယင်းကဲ့သို့ ဝယ်ယူရာတွင် မြန်မာနိုင်ငံမြဝတီ၊ ဘုရားသုံးဆူနယ်စပ်လမ်းကြောင်းမှတစ်ဆင့် ဝယ်ယူလိုသည်ဟုပြောကြားခဲ့ကြောင်း သိရသည်။

"ထိုင်းဘက်ကတော့ တိုက်ရိုက်ဆက်သွယ်ပြီးလိုချင်တဲ့အကြောင်းပြောပါတယ်။ ဌာနဘက်ကတော့ ကျွဲနွားတွေကိုပထမဆုံးမွေးဦး။ မွေးပြီးမှပို့ဖို့ပြောတယ်။ ခက်တာက ဈေးကွက်ရှိမှ ဒီဈေးကွက်အခြေအနေကိုကြည့်ပြီး တောင်သူကလည်းမွေးချင်ကြမယ်။ မွေးပြီးမှဈေးကွက်မရှိဘူးဆိုဆုံးရှုံးမှုကများမယ်။ ဈေးကွက်မသိဘဲ ကျွဲနွားမွေးဖို့ဆိုတာကလည်း မလွယ်ဘူး။ အဓိကလမ်းကြောင်းဖွင့်ဖို့က ပိုပြီးအရေးကြီးတယ်ထင်တယ်။ ဒီတစ်ခေါက် ထိုင်းဘက်က ကမ်းလှမ်းချက်နဲ့ပတ်သက်ပြီးတော့ ဌာနဘက်က ခွင့်ပြုရင်ပို့ဖြစ်မှာပါ။ ပို့မပို့ဆိုတာက ဌာနပေါ်မှာမူတည်ပါတယ်"ဟု ထိုင်းဘက်မှ ကျွဲနွားအရှင်များတင်ပို့ပါရန်ကမ်းလှမ်းခြင်းခံရသူလုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

"ခုချိန်မှာလည်း မြန်မာကနေထိုင်းကို တစ်နေ့ ကျွဲနွားအရှင်အကောင် ၄၀၀၀ လောက် ဘုရားသုံးဆူလမ်းကြောင်းကနေ နေ့တိုင်းတင်ပို့နေတာရှိတယ်။ တရားဝင်ခွင့်ပြုချက်နဲ့တော့မဟုတ်ဘူး။ ခွင့်ပြုချက်မရှိတဲ့အတွက် ကျွဲနွားတစ်ကောင်ဘတ် ၂၀၀ နဲ့ ဖြတ်သန်းခပေးနေရတယ်လို့ပြောကြတယ်။ ဆိုလိုချင်တာက ဒါတွေတရားဝင်ဖြစ်သွားရင် ဈေးကွက်လည်းပေါ်လာမယ်။ ဈေးနှိမ်ခံရတာ၊ အကျိုးအမြတ်လျော့တာ မရှိတော့ဘူး။ နိုင်ငံတော်ကလည်း ဒီအပေါ်မှာ အခွန်အခရမယ်။ ဈေးကွက်ရှိရင် တောင်သူလည်းမွေးမြူချင်မယ်။ ခွင့်မပြုဘူးဆိုရင်လည်း ကျွဲနွားတွေက မှောင်ခိုလမ်းကြောင်းကနေ နောက်လည်းသွားနေဦးမှာပဲ။ တရားဝင်မဟုတ်တဲ့အတွက် နစ်နာစရာတွေလည်းရှိနေမှာပဲ"ဟု မွေးမြူရေးအစားအစာနှင့်ဆေးဝါးအရောင်းဆိုင်ဖွင့်လှစ်ထားသည့် ဒေါက်တာလှလှသိန်းက ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ်အနည်းငယ် အတွင်း၌လည်း မလေးရှားနိုင်ငံသို့ ကျွဲနွားအရှင်တရားဝင်တင်ပို့ခွင့်ပြုခဲ့ကြောင်း၊ သို့သော် နှစ်ဖက်လုပ်ငန်းရှင်များညှိနှိုင်း၍ ကုန်တင်ပို့ရန်စီစဉ်ပြီး နောက်တွင် ခွင့်ပြုချက်အားပြန်လည်ရုပ်သိမ်းခဲ့မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

## ငွေစက္ကူများထပ်မံထုတ်ဝေပါက အခြေအနေအချိန်အခါနှင့် ဆီလျော်သည့် အကြောင်းအရာများကိုထည့်သွင်းရိုက်နှိပ်သွားမည်

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ ပါရှိသည့် မြန်မာငွေစက္ကူများထုတ်လုပ်ရန် ရှိ၊ မရှိ မေးမြန်းမှုအပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှငွေစက္ကူများ ထပ်မံထုတ်ဝေပါက အခြေအနေအချိန်အခါနှင့်ဆီလျော်သည့်အကြောင်းအရာများကို ထည့်သွင်းရိုက်နှိပ်သွားမည်ဖြစ်ကြောင်းပြန်လည်ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် ၅ မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းအောင်က ဗိုလ်ချုပ်အောင်ဆန်းအား ကြည်ညိုသောအားဖြင့်ဗိုလ်ချုပ်အောင်ဆန်းပုံ ပါရှိသည့် ပိုက်ဆံများ ရိုက်နှိပ်ရန်ရှိမရှိနှင့်မရှိပါကဘယ်လိုအကြောင်းမျိုးကြောင့် မရိုက်ဖြစ်ပါသလဲဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးလှထွန်းက "ကမ္ဘာ့နိုင်ငံအသီးသီးမှာ ထုတ်ဝေသုံးစွဲနေတဲ့ ငွေစက္ကူအမှတ်တံဆိပ်များကိုကြည့်မယ်ဆိုရင် သူတို့နိုင်ငံရဲ့ထင်ရှားတဲ့ခေါင်းဆောင်ရုပ်ပုံတွေနဲ့ထင်ရှားတဲ့အဆောက်အဦပုံတွေနဲ့ ထုတ်ဝေထားတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှလည်းလွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ထုတ်တဲ့ ၁ ကျပ်၊ ၅ ကျပ်၊ ၁၀ ကျပ်၊ ၁၀၀ကျပ်တန်တွေထုတ်ဝေရာမှာ ကဒေါင်းပုံ၊ ခြင်္သေ့ပုံ၊ ရွက်လွှင့်နေတဲ့ပုံ၊ဗိုင်းငင်နေပုံ၊ ဆင်သစ်ဆွဲနေပုံ၊ လယ်ထွန်နေတဲ့ပုံတွေနဲ့တွေ့ရပါတယ်။အဲဒီနောက်မှာတော့ ၁၉၅၇ ခုနှစ်၊ ၁၉၅၈ခုနှစ်တွေမှာ ထုတ်ဝေတဲ့ ၁ ကျပ်၊ ၅ ကျပ်၊ ၁၀ ကျပ် ၂၀ကျပ်၊ ၅၀ ကျပ်နဲ့ ၁၀၀ ကျပ်တန်တွေမှာဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ ထုတ်ဝေတာကို တွေ့ရပါတယ်။ ၁၉၆၅ ခုနှစ်မှာတော့ ၁ ကျပ်၊ ၅ ကျပ်၊ ၁၀ ကျပ် ၂၀ကျပ်တန်တွေကို ထုတ်ဝေရာမှာစစ်ဝတ်စုံဝတ်ဆင်ထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံ ရိုက်နှိပ်ထားပြီး နောက်ကျောဘက်တွင် ရေလုပ်သားငါးဖမ်းနေပုံ၊ လယ်ထွန်နေတဲ့နွားနဲ့ပုံ၊ အမျိုးသမီး ဝါခူးနေပုံ၊ လယ်ထွန်စက်နဲ့ လယ်ထွန်နေပုံများနဲ့ ရိုက်နှိပ်ထုတ်ဝေထားပါတယ်။ . . . မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေငွေစက္ကူများထပ်မံရိုက်နှိပ်ရန်ရှိပါကလည်း အခြေအနေအချိန်အခါနဲ့ ဆီလျော်သည့်အကြောင်းအရာများကို ထည့်သွင်းရိုက်နှိပ်သွားမည်ဖြစ်ကြောင်း"ဟု ဖြေကြားခဲ့သည်။

## ယုံကြည်ချက်အကျဉ်းသားများ ကျန်ရှိနေသေးကြောင်း NLD မှထပ်မံစာရင်းပေးလာပါက ထပ်မံလွှတ်ပေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြောကြား


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်တို့အားတွေ့ရစဉ်

ယုံကြည်ချက်အကျဉ်းသားများ ကျန်ရှိနေသေးကြောင်း NLD မှ ထပ်မံစာရင်းပေးလာပါက သက်ဆိုင်ရာမှ စိစစ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana နှင့်တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက "လူ့အခွင့်အရေးနဲ့ပတ်သက်လို့ သူက UN ကို လာမယ့်မတ်လမှာ အစီရင်ခံစာ တင်မယ်။ အဲလိုတင်နိုင်ဖို့အတွက် မြန်မာနိုင်ငံက သတင်းအချက်အလက်တွေကို လာလေ့လာတာ။ သူပြောတာက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေက အင်မတန်အားရစရာကောင်းပါတယ်။ ကျေနပ်စရာကောင်းပါတယ်။ ဒီအတွက်လည်း သူတို့ဘက်က ဆက်လက်ပြီးတော့ ဒီလိုတိုးတက်အောင်ဆောင်ရွက်ဖို့အတွက်မျှော်လင့်တယ်ဆိုတဲ့အကြောင်းပြောတယ်။ မိမိတို့ဘက်ကလည်း ကိုယ့်နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် ဒီလိုပြုပြင်ပြောင်းလဲမှုတွေ ဆက်ပြီးလုပ်မှာလို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီတော့ သူကဘာထပ်ပြောလဲဆိုရင် လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်တယ် ဆိုလို့ရှိရင် မြန်မာနိုင်ငံအတွက် များစွာအခွင့်အလမ်းတွေကောင်းပါတယ်လို့ ပြောတယ်။ မိမိတို့ကလည်း ကတိပေးလိုက်တယ်။ ရွေးကောက်ပွဲဟာလွတ်လပ်ပြီး မျှတတဲ့ရွေးကောက်ပွဲ ဖြစ်ရမယ်။ စောင့်ကြည့်ပါ။ အပြောမဟုတ်ဘူး။ အလုပ်နဲ့ စောင့်ကြည့်ပါလို့ ပြောလိုက်တယ်။ လူ့အခွင့်အရေးအခြေအနေနဲ့ပတ်သက်ပြီး လောလောဆယ်သူတို့က တို့နိုင်ငံရဲ့ ရပ်တည်ဆောင်ရွက်ချက်တွေက အင်မတန် တိုးတက်ကောင်းမွန်တယ်။ အားရကျေနပ်ပါတယ်လို့ ပြောပါတယ်။ ယုံကြည်ချက်အကျဉ်းသားနဲ့ပတ်သက်လို့ သူတို့က မေးတယ်။ မေးတဲ့အခါမှာ ပြီးခဲ့တဲ့အပတ်တုန်းကလည်းယုံကြည်ချက်အကျဉ်းသားလို့ခေါ်သော သူများကို NLD ဘက်က စာရင်းပေးတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေက စိစစ်ပြီးတော့လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ပြီ။ သို့ရာတွင် အဲဒီအထဲမှာ ကျန်နေသေးတယ်လို့ပြောတယ်။ ပြောတော့ သူတို့ပေးတဲ့ စာရင်းအတိုင်းပဲ ဒီက ခွင့်ပြုပေးလိုက်တာ။ သို့ရာတွင် ကျန်နေသေးတယ်ဆိုတဲ့လူတွေက တခြားပြစ်မှုဆိုင်ရာ ဥပဒေအရအရေးယူခံထားရတဲ့သူတွေ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါပေမယ့်ထပ်ပြီးသူတို့ဘက်ကကျန်နေသေးတယ်လို့စာရင်းပေးတယ်ဆိုရင်သက်ဆိုင်ရာက စိစစ်ပြီးညှိနှိုင်းပြီး ဆောင်ရွက်ပေးပါလိမ့်မယ်။ အဲဒီအတွက်လည်း မိမိတို့က ကတိပြုလိုက်ပါတယ်"ဟု သတင်းထောက်များအား ပြောကြားခဲ့ပါသည်။

## ကြားဖြတ်ရွေးကောက်ပွဲများ၌ ပြည်ခိုင်ဖြိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများအားလုံး တရားသဖြင့်ယှဉ်ပြိုင်ပြီး အနိုင်ရရှိရေးဆောင်ရွက်ရန် ပါတီအထွေထွေအတွင်းရေးမှူးပြောကြား


မြောင်းမြမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါက်တာဖြိုးကိုကိုတင့်ဆန်းအားတွေ့ရစဉ်

ကြားဖြတ်ရွေးကောက်ပွဲ များ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများအားလုံး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသောအမိန့်၊ညွှန်ကြားချက်များ၊ ကြေငြာချက်များနှင့်အညီ တရားသဖြင့် ယှဉ်ပြိုင်ပြီး အနိုင်ရရှိရေးအတွက် ပြည်သူများနှင့် ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် ပါတီအထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ယှဉ်ပြိုင်သွားမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီလွှတ်တော်ကိုယ်စားလှယ်လောင်းမှာ ဒေါက်တာစိုးမင်းဖြစ်သည်။ ထို့ပြင် မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှအနိုင်ရရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဖြစ်လာသူ ဦးတင့်ဆန်း၏ သားဖြစ်သူ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အဆိုပါမဲဆန္ဒနယ်(မြောင်းမြ)မှဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းမှာ ACE ဆောက်လုပ်ရေးကုမ္ပဏီမှ တည်ထောင်ထားသော နေပြည်တော် FCဘောလုံးအသင်း၏ဥက္ကဋ္ဌလည်း ဖြစ်သည်။

တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင်ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီလွှတ်တော်ကိုယ်စားလှယ်လောင်းမှာ ဒေါက်တာဒေါ်ဝေဝေသာဖြစ်ပြီး ၎င်းမှာရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၏ဇနီးဖြစ်သည်။ ဦးအောင်မင်းမှာ တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ အနိုင်ရရှိပြီး ပြည်ထောင်စုဝန်ကြီးဖြစ်လာသူဖြစ်သည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်လျှောက်လွှာများ သုံးသိန်းကျော် ဖြန့်ဖြူးရောင်းချပြီးဖြစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်လျှောက်လွှာပုံစံများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ သုံးသိန်းကျော်ဖြန့်ဖြူးရောင်းချပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် အသိအမှတ်ပြု ကတ်ပြားများ အမြန်ထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်များတွင်လည်းကောင်း၊ ပြည်နယ်၊ တိုင်းဒေသကြီးရုံးများတွင်လည်းကောင်း စုဆောင်းရရှိထားသမျှ အဖွဲ့ဝင်လျှောက်ထားလွှာများကို ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးသို့ ပြန်လည်ပေးပို့ကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနှိုးဆော်ထားသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုလိုက်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်လျှောက်လွှာပုံစံများကို အများပြည်သူသို့ ဇန်နဝါရီလအတွင်း စတင်ဖြန့်ဖြူးရောင်းချခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်၍နောင်လာမည့်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဟု ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့က ပြုလုပ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးက ကန့်ကွက်သူမရှိ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။




***မျက်နှာဖုံးသတင်း "ဂျီအက်စ်အမ် မိုဘိုင်းဖုန်းများတွင် ဗီဒီယိုဖိုင်များ၊ ရုပ်ပုံများ . . . "မှ အဆက်***

ထပ်မံချထားပေးမည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများတွင် MMS စနစ်အားသုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ အဆိုပါ MMS(Multimedia Messaging Service)စနစ်သည် စာသားများ၊ ဗီဒီယိုဖိုင်များ၊ ရုပ်ပုံများ၊ သီချင်းဖိုင်များအား မိုဘိုင်းဖုန်းအချင်းချင်းအပြန်အလှန်ပေးပို့နိုင်သည့်စနစ်ဖြစ်သည်။

"မကြာခင် ချထားပေးတော့မယ့် ဂျီအက်စ်အမ် မိုဘိုင်းဖုန်းတွေမှာ MMS စနစ်ပါလာမှာပါ။ စချထားပေးပေးခြင်း ချက်ချင်းမပါလာနိုင်ရင်တောင်မှ လပိုင်းအတွင်း အသုံးပြုနိုင်အောင်လုပ်ပေးမှာပါ။ ဒီစနစ်က Data ပေါ်ကနေ သွားရမှာဆိုတော့ Infrastructure ပိုင်း ပြီးအောင် နည်းနည်းစောင့်ရဦးမှာပါ" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှဦးဆောင်ညွှန်ကြားရေးမှူးဦးဣန္ဒိလုကပြောကြားသည်။

"ဒီစနစ်သာ အသုံးပြုခွင့်ရမယ်ဆိုရင် တော်တော်အသုံးဝင်မှာပါ။ ပြည်ပနိုင်ငံတွေမှာဆိုဒီစနစ်နဲ့သတင်းစာကြီးတွေကသတင်းတွေကို ဓာတ်ပုံတွေနဲ့တွဲပြီး စာဖတ်သူဆီပေးပို့တာမျိုးတွေမှာလည်း သုံးကြတယ်။ ပေးပို့တဲ့ပမာဏအလိုက် ပိုက်ဆံဖြတ်သွားတာမျိုးပေါ့"ဟု ဝက်ဘ်ဒီဇိုင်းနာတစ်ဦးက ပြောကြားသည်။

***ကေခိုင်ဝင့်***



# ပြည်ပနိုင်ငံများသို့ ဖုန်းခေါ်ဆိုနိုင်သည့် အင်တာနက်ဖုန်း ဝန်ဆောင်မှုစတင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည့်ပြည်ပနိုင်ငံများသို့အင်တာနက်မှတစ်ဆင့်ဖုန်းခေါ်ဆိုနိုင်သည့် Ytalk Calling အင်တာနက်ဖုန်း ဝန်ဆောင်မှုအား ဖေဖော်ဝါရီလ ၇ ရက်နေ့မှ စတင်၍ အသုံးပြုခွင့်ပေးသွားမည်ဟု သိရသည်။

အဆိုပါ Ytalk အင်တာနက်ဖုန်းစနစ်အား အများပြည်သူသုံးအင်တာနက်ဆိုင်များတွင် http://voip.yatanarpon.com.mm မှတစ်ဆင့် ဝင်ရောက်သုံးစွဲနိုင်မည်ဖြစ်ပြီး နိုင်ငံတကာရှိ မည်သည့်ဖုန်းအမျိုးအစားကိုမဆို ဆက်သွယ်ပြောဆိုနိုင်မည်ဟု သိရသည်။

“Ytalk အင်တာနက်ဖုန်းကနေ နိုင်ငံတကာက ဘယ်လိုဖုန်းအမျိုးအစားကိုမဆို ဈေးသက်သက်သာသာနဲ့ ခေါ်နိုင်မှာပါ။ ခေါ်ဆိုတဲ့နိုင်ငံအလိုက် အနည်းဆုံးမြန်မာငွေနဲ့တွက်ရင်ကျပ် ၁၅၀ ကနေ အများဆုံးကျပ် ၃၅၀ ထိပဲကျသင့်မှာပါ။ပထမဦးဆုံး Soft Phone Software တွေကိုလိုင်စင်ရှိတဲ့ PAC တွေကို အရင်ပေးထားမယ်။အဲဒီဆိုင်မှာပဲ အကောင့်ဖြည့်တဲ့ Calling Card ရယ် ငွေဖြည့်တဲ့ကတ်ရယ် တစ်ခါတည်း ဝယ်သုံးနိုင်မှာပါ။ ငွေဖြည့်ကတ်က ပြည်ပကိုခေါ်ရတာဖြစ်တဲ့အတွက် FEC နဲ့ပဲ ရောင်းပေးမှာပါ။ Soft Phone Software တွေကို လောလောဆယ်အိမ်တွေမှာ အသုံးပြုဖို့ပေးဦးမှာမဟုတ်ပါဘူး” ဟု ရတနာပုံတယ်လီပို့မှ ပရောဂျက်မန်နေဂျာ ကိုအောင်စံမြတ်က ပြောကြားသည်။

အဆိုပါ Ytalk Calling စနစ်အသုံးပြုနိုင်ရန်အတွက် Soft Phone ID နံပါတ်တစ်ခုလိုအပ်ပြီး ယင်းနံပါတ်ရရှိရန်အတွက် VoIP Account Cart အား ကျပ်ငွေတစ်သောင်းဖြင့် ဝယ်ယူရန်လိုအပ်ကြောင်း သိရသည်။ ငွေဖြည့်ကတ်များအနေဖြင့် FEC 10, FEC 30, FEC 50 တန်ဟူ၍သတ်မှတ်ထားပြီး ခေါ်ဆိုသည့်နိုင်ငံများအလိုက် တစ်မိနစ်လျှင် FEC 0.15 မှ FEC 0.35 အတွင်း ဖြတ်တောက်သွားမည်ဟုလည်း သိရသည်။

# မြန်မာနိုင်ငံ၌ ဟိုတယ်နှင့် စီးပွားရေးအဆောက်အအုံများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် စင်ကာပူနိုင်ငံက အမေရိကန်ဒေါ်လာ ၅၉၇ ဒသမ ၇၅၆ သန်းဖြင့် ထိပ်ဆုံး၌ရှိနေ



မြန်မာနိုင်ငံ၌ ဟိုတယ်လုပ်ငန်းရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် စင်ကာပူနိုင်ငံက အမေရိကန်ဒေါ်လာ ၅၉၇ ဒသမ ၇၅၆ သန်းဖြင့် ထိပ်ဆုံး၌ ရှိနေကြောင်း သတင်းရရှိပါသည်။

၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှထုတ်ပြန်ချက်များအရ ဟိုတယ်နှင့် စီးပွားရေးအဆောက်အအုံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၁၁၄၄ ဒသမ ၄၁၉ သန်းရှိနေပြီး စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဟောင်ကောင်၊ မလေးရှား၊ ဗြိတိန် နိုင်ငံတို့က ရင်းနှီးမြှုပ်နှံထားသည်။

ယင်းအနက် စင်ကာပူနိုင်ငံသည် အမေရိကန်ဒေါ်လာ ၅၉၇ ဒသမ ၇၅၆ သန်းဖြင့် ဟိုတယ်နှင့် စီးပွားရေးအဆောက်အအုံ ၁၂ ခုတွင် မြှုပ်နှံထားသည်။ စင်ကာပူနိုင်ငံ၏နောက်တွင် ထိုင်းနိုင်ငံသည် ဒုတိယအများဆုံးအဖြစ် ရှိနေပြီး အဆောက်အအုံ ၁၁ ခု၌ ရင်းနှီးမြှုပ်နှံထားမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၃ ဒသမ ၂၅၀ သန်းဖြစ်သည်ဟု သိရှိရသည်။

ဂျပန်နိုင်ငံသည် အဆောက်အအုံအရေအတွက် ခြောက်ခုတွင် အမေရိကန်ဒေါ်လာ ၁၈၃ ဒသမ ၀၁၃ သန်းဖြင့် ရင်းနှီးမြှုပ်နှံထားကာ ဟောင်ကောင်က အဆောက်အအုံလေးခုတွင် အမေရိကန်ဒေါ်လာ ၇၇ သန်း မြှုပ်နှံထားသည်။

မလေးရှားနိုင်ငံသည် အဆောက်အအုံနှစ်ခုတွင် အမေရိကန်ဒေါ်လာ သန်း ၂၀ ရင်းနှီးမြှုပ်နှံထားပြီး ဗြိတိန်နိုင်ငံက အဆောက်အအုံတစ်ခုဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ၄သန်းရင်းနှီးမြှုပ်နှံထား သည်ဟုထုတ်ပြန်မှုများအရ သိရှိရသည်။

ဟိုတယ်နှင့် စီးပွားရေးအဆောက်အအုံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အရေအတွက်အားဖြင့် ၃၆ ခုရှိနေပြီး အဆောက်အအုံ ၃၁ ခုမှာ ဆောက်လုပ်ပြီးစီးပြီးအခန်းအရေအတွက် ၅၁၄၅ ခန်းရှိသည်။ကျန်ရှိသည့်အဆောက်အအုံ ငါးခုမှာဆောက်လုပ်ဆဲဖြစ်ကာ အခန်းအရေအတွက် ၁၄၁၅ ခန်းဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများတွင်ရန်ကုန်မြို့ရှိ ဆီဒိုးနား၊ မန္တလေးမြို့ရှိ ဆီဒိုးနား၊ ရန်ကုန်မြို့ရှိ Parkroyal ဟိုတယ် စသည့်အဆောက်အအုံများ၊ ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတွင် Chatrium ဟိုတယ်၊Mandalay Hill Resort ဟိုတယ်စသည့်အဆောက်အအုံများ၊ ဂျပန်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုတွင် ဆာကူရာတာဝါ၊သီရိပစ္စယာဆာကူရာဟိုတယ်စသည်တို့ပါဝင်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၁၁ ခုနှစ်မှ စတင်တိုးတက်လာပြီး ယခုနှစ်ဦးပိုင်းတွင်လည်း ဆက်လက်တိုးတက်နေကြောင်း သိရသည်။

# ရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ရောင်းချရန် ရေနံဓာတ်ငွေ့ရည်စခန်းအသစ်နှင့် ဆိပ်ကမ်းအသစ်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များတည်ဆောက်လုပ်ကိုင်ခွင့်ရရှိ



ကျောက်ဖြူမြို့နယ် မဒေးကျွန်းရှိ ရေနံသိုလှောင်ရန် ရေနံတိုင်ကီတည်ဆောက်ရေးလုပ်ငန်းခွင်ကို ဒီဇင်ဘာလအတွင်းက တွေ့ရစဉ်

စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရေနံဓာတ်ငွေ့ရည်တင်သွင်း၊သိုလှောင်၊ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်သစ်များ တည်ဆောက်ရန်၊ ရေနံဓါတ်ငွေ့ရည်စခန်းအသစ်များနှင့် ရေနံဓါတ်ငွေ့ရည်ဆိပ်ကမ်းအသစ်များ တည်ဆောက်ဖွင့်လှစ်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်ရရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

ရေနံဓာတ်ငွေ့ရည်လုပ်ငန်းများနှင့်ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာနမှ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်သောကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အဆိုပါမြေနေရာတွင်ရေနံဓာတ်ငွေ့ရည်လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက ပတ်ဝန်းကျင်အားဘေးအန္တရာယ်ကျရောက်စေနိုင်ခြင်းမရှိကြောင်း၊သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရရုံးအဖွဲ့၏ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ရေနံဓာတ်ငွေ့ရည်ရယူမည့်ကုမ္ပဏီ၊အဖွဲ့အစည်းထောက်ခံချက်များဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

အလားတူ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့်ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ငန်းလုပ်ကိုင်ရန် စွမ်းအင်ဝန်ကြီးဌာနပိုင် ဆိပ်ကမ်းများ၊ ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်များအားငှားရမ်းအသုံးပြုရရှိမည်မဟုတ်ဘဲ လုပ်ငန်းလုပ်ကိုင်နေစဉ်၌လည်း ပတ်ဝန်းကျင်အား ဘေးအန္တရာယ်ကျရောက်မှုမရှိစေရန်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

အဆိုပါလုပ်ငန်းများလုပ်ကိုင်လိုသူပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် နေရာဒေသ၏လိပ်စာအတိအကျနှင့် အကျယ်အဝန်းကိုဖော်ပြ၍ စွမ်းအင်ဝန်ကြီးဌာနသို့လျှောက်ထားနိုင်ကြောင်းလည်း သိရှိရသည်။

■

# မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း ဖွဲ့စည်းရန်စီစဉ်

မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ဆေးရုံများအားလုံး စုစည်းပြီး မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများ အသင်းကို ဖွဲ့စည်းရန်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ပုဂ္ဂလိကဆေးရုံများ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းခြင်းဖြစ်ကြောင်းလည်း သိရသည်။

“ပုဂ္ဂလိကဆေးရုံအသင်း(ရန်ကုန်)ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့နဲ့ ပုဂ္ဂလိကဆေးရုံအသင်း(မန္တလေး)ကို နိုဝင်ဘာလ ၁၁ ရက်နေ့မှာ ဖွဲ့စည်းပြီးသားပါ။ လုပ်ငန်းတွေကိုအတူပူးပေါင်းလုပ်ဆောင်ဖို့အတွက် မြို့ကြီးနှစ်မြို့ရဲ့ သဘောတူညီချက်ရရှိခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသင်းဖွဲ့ဖို့စီစဉ်ခဲ့ကြတာပါ။ အသင်းဖွဲ့ဖို့အတွက် လာမယ့် မတ်လ ၂ ရက်နေ့မှာ ရန်ကုန်မြို့မှာ အထွေထွေအစည်းအဝေးတက်ဖို့ ပုဂ္ဂလိကဆေးရုံတွေကို သတင်းစာကတစ်ဆင့် ဖိတ်ခေါ်ထားပါတယ်။ အဲဒီအစည်းအဝေးမှာ အသင်းကြီးရဲ့ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ အခြားအချက်တွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။ အဲဒီကထွက်ပေါ်လာတဲ့ အချက်အလက်တွေကို ဝန်ကြီးဌာနကိုတင်ပြပြီး ခွင့်ပြုမိန့်ရတာနဲ့ ဖွဲ့စည်းသွားမှာဖြစ်ပါတယ်”ဟု ပန်းလှိုင်ဆေးရုံ(ရန်ကုန်)မှ ဒေါက်တာရဲမိုးမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းဖွဲ့စည်းရန်အတွက် အထွေထွေအစည်းအဝေးကို ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။





ELEVEN MEDIA GROUP Co., Ltd.
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄၊ ၄၀၁၄၁၁ ဖက်စ် - ၄၀၀၅၂၈



# ထားဝယ်အထူးစီးပွားရေးဇုန်မှ အသုံးပြုမည့်ရေအတွက် ရေကာတာဆောက်လုပ်ရန်စီစဉ်



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း အကောင်အထည်ဖော်လျက်ရှိသော ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းတွင် အသုံးပြုမည့်ရေအတွက် ယင်းစီမံကိန်း၏အရှေ့ဘက် ၁၀ မိုင်ခန့်အကွာရှိ ကလုံးထာ ချောင်းကို ရေကာတာပြုလုပ်၍ ရေပေးဝေနိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ ထို့ကြောင့် အဆိုပါချောင်းအနီးရှိ ကလုံးထာကျေးရွာမှာ ရေဝပ်ဧရိယာအတွင်း ပါဝင်နေ၍ ရွှေ့ပြောင်းပေးရမည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။

“ဒီနေရာကခေတ်အဆက်ဆက် ပြောင်းရွှေ့ရခြင်းမရှိဘဲ တည်ရှိလာခဲ့တာပါ။ ဒီတောတောင်တွေထဲမှာ ကျားဖြူ၊ ကြံ့သူတော်၊ လိပ်ကြေး၊ တောင်ဆိတ်၊ ချေ၊ စိုင်အစရှိတဲ့ရှားပါးတိရစ္ဆာန်တွေနဲ့ တခြားသတ္တဝါတွေသစ်တောတွေအများကြီးရှိတယ်။ ရေကာတာကြီးသာတည်ဆောက်လိုက်ရင် ရွာကရေနစ်မြုပ်သွားမှာ ရေမယူစေချင်လို့မဟုတ်ဘူး။ ယူလို့ရတယ်။ ဒါပေမယ့် ရေကာတာတစ်ခုတည်း အမြင့်ကြီးမဆောက်ဘဲနဲ့အခုဆောက်မယ့်နေရာကနေတစ်မိုင်ကျော်လောက်မှာရှိတဲ့ ပျဉ်းမအော်ဘက်မှာတစ်ခု၊ အခုလက်ရှိနေရာမှာ တစ်ခုနဲ့ နှစ်ခုဆောက်လိုက်ရင်လည်း ရေလည်းရသွားမယ်။ ရွာလည်းပြောင်းစရာမလိုတော့ဘူး။ ရေဝပ်ဧရိယာနည်းသွားတဲ့အတွက် ပျက်စီးဆုံးရှုံးမှုလည်းနည်းသွားမှာပါ”ဟု ကလုံးထာရွာသားတစ်ဦးက ပြောကြားခဲ့သည်။

*ဖြိုးဇင်(ထားဝယ်)*

# "Singapore Education Roadshow 2012" ၌ စင်ကာပူနိုင်ငံမှ ကျောင်း ၁၂ ကျောင်းပါဝင်ပြသမည်

၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ နံနက် ၁၀ နာရီမှညနေ ၄ နာရီအထိအလုံလမ်းရှိSummit Parkview Hotel၊ Ballroom ခန်းမ၌ကျင်းပမည့် "Singapore Education Roadshow 2012"၌စင်ကာပူအစိုးရမှပြဌာန်းထားသည့်ပညာရေးနှင့်စီမံခန့်ခွဲမှုအရည်အသွေးဆိုင်ရာလက်မှတ် Edu Trust လေးနှစ်ရရှိထားသည့်ကျောင်း ၁၂ ကျောင်းပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲ၌ Auston Institute of Management၊ Curtin Singapore၊ James Cook University၊ Kaplan Higher Education Academy၊ LASALLE College of the Arts၊ Marketing Institute of Singapore၊ Management Development Institute of Singapore၊ PSB Academy၊ SAA Global Education၊ Shelton International College၊ SMa Institute of Higher Learning၊ Tourism Management Institute of Singapore စသည့်ကျောင်းများနှင့်အင်ဂျင်နီယာကျောင်းများ၊ကွန်ပျူတာဘာသာရပ်ကျောင်းများ၊စီးပွားစီမံခန့်ခွဲမှုနှင့်စာရင်းအင်း၊ဈေးကွက်စီးပွားရေး၊သတင်းအချက်အလက်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုကျောင်းများ၊လေယာဉ်မောင်မယ်များအတွက် IATA အသိအမှတ်ပြုလက်မှတ်များပေးအပ်မည့်အစီအစဉ်များပါဝင်မည်ဖြစ်ကြောင်းသိရှိရပါသည်။

ပြပွဲတက်ရောက်လိုသူများ အနေဖြင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက CROWN Education ရုံးချုပ် Summit Parkview Hotel၊ ဖုန်း–၀၉ ၇၃၂၇၃၂၇၇၊ ၀၉ ၇၃၀၄၀၆၈၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်ဟု သိရပါသည်။

# ခရီးသွားဝင်ရောက်မှုနည်းပါးစဉ်က လုပ်ငန်းလည်ပတ်ရန် ခက်ခဲခဲ့သော ပြည်တွင်းဟိုတယ်များအား အဆင့်မြှင့်တင်မည်

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်မှုနည်းပါးစဉ်က လုပ်ငန်းလည်ပတ်ရန် ခက်ခဲသောကြောင့် ဧည့်သည်လက်ခံမှုအနေအထား လမ်းကြောင်းပြောင်းလဲခဲ့သော ပြည်တွင်းဟိုတယ်များအား ညှိနှိုင်း၍ အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အချက်အလက်များအရ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းပေါင်း ၇၃၁ ခုရှိပြီး အခန်း ၂၅၀၀၂ ခန်းရှိနေသည်။

“ရန်ကုန်မှာ အခန်းက ၈၀၀၀ ပဲရှိတယ်။ ဒီအထဲမှာ ၄၀၀၀ နီးပါးလောက်က နိုင်ငံခြားဟိုတယ်တွေရှိတယ်။ ကျန်တာကတော့ ပြည်တွင်းဟိုတယ်တွေပါ”ဟုဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဌေးအောင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းသည် ၂၀၀၇ ခုနှစ်တွင် ကျဆင်းခဲ့ပြီး ၂၀၀၉ ခုနှစ်မှစ၍ ပြန်လည်မြင့်တက်လာကာ ၂၀၁၁ ခုနှစ်တွင်မှ သိသာသော တိုးတက်မှုများကို ကြုံတွေ့လာရသည်။

“နိုင်ငံခြားဟိုတယ်တွေ စောစောတုန်းက downstream မှာရှိနေတုန်းက အခန်းရောင်းရဖို့ကို သူနည်းအမျိုးမျိုးနဲ့ကြံတာပေါ့။ ရုံးခန်းတွေငှားရတယ်။ အခုဒါတွေကို သူတို့ပြန်လုပ်နေကြတယ်။ တော်တော်ကို ပြန်ပြီးသွားနေကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ local တွေ၊ တချို့အခန်းတွေကလည်း standard ရှိပါတယ်။ တကယ်လည်း ထားနိုင်တယ်။ သို့သော်ဧည့်သည်ဝင်ရောက်မှုက သိပ်အဆင်မပြေတဲ့အခါမှာ သူလည်းစဉ်းစားရတယ်။ trend ကိုပြောင်းသွားတယ်။ local တွေကို ဘယ်လိုပုံစံနဲ့ ထည့်လို့ရမလဲဆိုတာ သူဆောင်ရွက်နေရပါတယ်။ ဒါလေးတွေကိုလည်း ညှိနှိုင်းပြီးတော့ ပြန်ပြီး upgrade လုပ်ရမှာပါ။ နိုင်ငံခြားသားထားမယ်ဆိုရင် သူတို့အတွက် ပိုပြီးတော့မှ အဆင်ပြေတယ်၊ image လည်း ကောင်းသွားမယ်။ ဒါတွေကို ပြန်သွားမှာဖြစ်ပါတယ်”ဟု ဒုတိယဝန်ကြီး ဦးဌေးအောင်က ပြောကြားခဲ့သည်။

# ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အလုပ်လုပ်ခွင့်သက်တမ်းကုန်ဆုံးမည့် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားနှစ်သိန်းကျော်မှာ နိုင်ငံသားစိစစ်မှုလုပ်ငန်းတွင်မပါဝင်ပါက ပြည်နှင်ခံရဖွယ်ရှိ

ယခုလ ၂၈ ရက်နေ့တွင် အလုပ်လုပ်ခွင့် (Work Permit)သက်တမ်းကုန်ဆုံးမည့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားနှစ်သိန်းကျော်မှာထိုင်းနိုင်ငံတွင်ပြုလုပ်ပေးနေသည့် နိုင်ငံသားစိစစ်မှုလုပ်ငန်းတွင် မပါဝင်ပါက ပြည်နှင်ခံရဖွယ်ရှိကြောင်း သိရှိရသည်။

“အဲဒီလို အလုပ်လုပ်ခွင့်မရှိဘဲ ဆက်နေမယ်ဆိုဖမ်းဆီးအရေးယူတာတွေ၊ ပြည်နှင်ဒဏ်ပေးခံရတာတွေ လုပ်မယ်လို့သိရတဲ့အတွက် ထိုင်းမှာရှိတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားသုံးသိန်းနီးပါးဟာ ဒီကိုပြန်လာရမယ့် အခြေအနေရှိနေပါတယ်။ ဒါကြောင့်မို့ လက်ရှိထိုင်း–မြန်မာနယ်စပ်ကနေ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ချင်တဲ့သူတွေအနေနဲ့မသွားသင့်ပါဘူး။ တကယ်လို့ သွားရောက်လုပ်ကိုင်ချင်တယ်ဆိုရင်လည်း အလုပ်သမားဝန်ကြီးဌာနနဲ့ချိတ်ဆက်ဆောင်ရွက်ပြီးမှသွားသင့်ပါတယ်”ဟု လူကုန်ကူးမှုနှင့်ရွှေ့ပြောင်းလုပ်သားများရေးရာဆောင်းပါးများရေးသားသည့် စာရေးဆရာဝင်းနိုင်ထွန်းက သုံးသပ်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်ပြီး ထိုင်းအစိုးရ နိုင်ငံသားစိစစ်မှုလုပ်ငန်းများကို ၂၀၀၉ ခုနှစ်ကတည်းက မူဝါဒချမှတ်လုပ်ဆောင်ခဲ့ပြီး ထိုင်းနိုင်ငံရှိ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သားများအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အဲဒီနိုင်ငံသားစိစစ်မှုလုပ်ငန်းက ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်ကပြီးဆုံးခဲ့ပေမယ့် ထပ်တိုးပြီးလုပ်ခဲ့တယ်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလဆို ပြီးတော့မှာဖြစ်ပါတယ်။ ကျန်တဲ့ဦးရေသုံးသိန်းကျော်မှာ မြန်မာအရေအတွက်က ၂၇၀၀၀၀ ကျော်ရှိပါတယ်။ အဲဒီလူတွေဟာ လတ်တလောတော့ အကုန်ပြန်လာရမယ့်သဘောရှိနေတယ်။ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းမှုတွေဘာတွေလုပ်လိုက်ရင်တော့ အခြေအနေက တစ်မျိုးဖြစ်သွားနိုင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

# ထိုင်းနိုင်ငံဒေသငါးခုသို့ မြန်မာရွှေ့ပြောင်းအလုပ်သမားပြဿနာဖြေရှင်းရေး ကြီးကြပ်မှုကော်မတီငါးဖွဲ့ သွားရောက်မည်

မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုရှိရာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၊ မဟာချိုင်ဒေသ၊ စမွတ်ပယာကမ်၊ ဆူရတ်ဌာနီနှင့် ဘန်ကောက်မြို့များသို့ မြန်မာမှအလုပ်သမားပြဿနာဖြေရှင်းရေးကြီးကြပ်မှုကော်မတီများ စုဖွဲ့၍ ဖေဖော်ဝါရီလအတွင်း သွားရောက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သတင်းရရှိသည်။

အလုပ်သမားပြဿနာဖြေရှင်းရေးကြီးကြပ်မှုကော်မတီအဖွဲ့၌ အနည်းဆုံး အဖွဲ့ဝင်ဦးရေ ရှစ်ဦးပါဝင်မည်ဖြစ်ပြီး ထိုင်းနိုင်ငံဒေသငါးခုသို့ အဖွဲ့ငါးဖွဲ့ခွဲ၍သွားရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

“ဒီအဖွဲ့ငါးဖွဲ့ကို ဇန်နဝါရီလပိုင်းကတည်းက သွားဖို့စီစဉ်ထားတာပါ။ ဖြစ်နိုင်သလောက် အမြန်ဆုံးသွားနိုင်အောင်ဆောင်ရွက်နေပါတယ်။ ထိုင်းကိုရောက်နေတဲ့ မြန်မာအလုပ်သမားတွေအနေနဲ့နီးစပ်ရာဒေသမှာအခြေစိုက်ထားတဲ့အဖွဲ့တွေဆီသွားပြီးလိုအပ်တဲ့အကူအညီတောင်းခံနိုင်ပါတယ်။ ဒီအဖွဲ့ငါးဖွဲ့လုံးက ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှာ တွဲဖက်တာဝန်ထမ်းဆောင်နေတဲ့ အလုပ်သမားအရာရှိ (Labour attachy)နဲ့ ချိတ်ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု အလုပ်သမားဝန်ကြီးဌာန အစိုးရပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ အလုပ်သမားပြဿနာဖြေရှင်းရေးကြီးကြပ်မှုကော်မတီအား ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့်အလုပ်သမားဝန်ကြီးဌာနတို့မှဝန်ထမ်းများဖြင့် စုဖွဲ့ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကမ်းရိုးတန်းအတွင်း ကုန်တင်သင်္ဘောများသွားလာနိုင်ရန် ပထမအကြိမ်ညှိနှိုင်းဆွေးနွေး

မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကမ်းရိုးတန်းအတွင်း ကုန်တင်သင်္ဘောများ အပြန်အလှန်သွားလာနိုင်ရန်ပထမအကြိမ်ညှိနှိုင်းဆွေးနွေးပွဲအား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း သတင်းရရှိသည်။အဆိုပါဆွေးနွေးပွဲအား ၂၀၁၂ ခုနှစ်ဇန်နဝါရီလ ၃၀ နှင့် ၃၁ ရက်နေ့များတွင်ရန်ကုန်မြို့ Park Royal ဟိုတယ်တွင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းညှိနှိုင်းဆွေးနွေးပွဲတွင် ကမ်းရိုးတန်းသွားသင်္ဘောများ နှစ်နိုင်ငံအတွင်းလွတ်လပ်စွာသွားလာနိုင်ရန်၊ သင်္ဘောတွင် တာဝန်ထမ်းဆောင်မည့် အမှုထမ်းများ၏ ကျွမ်းကျင်လက်မှတ်များ၊ သင်္ဘောတွင် ရှိထားရမည့် Safety နှင့် ပတ်သက်သည့်လက်မှတ်များ၊ယင်းအပြင်တန် ၅၀၀ အောက်သင်္ဘောများပါ နှစ်နိုင်ငံကမ်းရိုးတန်းအတွင်းသွားလာနိုင်ရန်၊ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းနှင့်အညီ နှစ်နိုင်ငံညှိနှိုင်းမှုဖြင့် သင်္ဘောများပြေးဆွဲရန် စသည့်အချက်များကိုဥပဒေပိုင်းနှင့်နည်းပညာပိုင်းအရဆွေးနွေးခဲ့သည့်အပြင်ယခင်သဘောတူညီချက်ထဲတွင် ပါဝင်ခြင်းမရှိသည့် အချက်များကိုပါထည့်သွင်းဆွေးနွေးခဲ့ကြသည်ဟုသိရသည်။



၂၀၀၃ ခုနှစ်မှစတင်ကာ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရေကြောင်းသွားလာမှုဆိုင်ရာသဘောတူစာချုပ်အား ချုပ်ဆိုခဲ့ပြီး၊ ၂၀၀၄ ခုနှစ်တွင်နည်းပညာနှင့်ပတ်သက်သည့် သဘောတူစာချုပ်အားလည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင်မူ အဆိုပါသဘောတူညီမှုအား ပြန်လည်ပြင်ဆင်သည့် စာချုပ်အား ထပ်မံလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"အခုကအနေနဲ့ နိုင်ငံတကာ သဘောတူညီမှုမှာ မပါဝင်တဲ့အချက်တွေကို နှစ်နိုင်ငံညှိနှိုင်းပြီး ပါဝင်နိုင်အောင်ဆွေးနွေးတာပါ။ ဥပမာ–နိုင်ငံတကာမှာ တန် ၅၀၀ အောက်သင်္ဘောတွေကမ်းရိုးတန်းတွေမှာသွားလာခွင့်မရှိဘူး။ ဒါပေမယ့် နှစ်နိုင်ငံသဘောတူညီမှု ရှိထားရင်သွားလာနိုင်မယ်။ နောက်ပြီးသင်္ဘောအမျိုးအစားတွေပေါ့။ ဘယ်လိုသင်္ဘောအမျိုးအစား တွေသွားလာခွင့်ရှိမယ်။ နှစ်နိုင်ငံကမ်းရိုးတန်းမှာ သင်္ဘောတွေ အပြန်အလှန်သွားလာပြီဆိုရင် ဘယ်မြို့ဆိပ်ကမ်းတွေမှာ ရပ်မှာလဲ၊ ဆီဖြည့်မှာလဲစတဲ့အချက်တွေကိုပါဝင် ဆွေးနွေးခဲ့တာပါ"ဟု မြန်မာနိုင်ငံရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုတွင် မြန်မာဘက်မှ ကုန်ပစ္စည်းတင်ပို့ခြင်းပိုမိုများပြားပြီး ဘင်္ဂလားဒေ့ရှ်မှ ကုန်ပစ္စည်းဝင်ရောက်မှုမှာနည်းပါးသည်ဟုလည်း သိရှိရသည်။

လက်ရှိတွင်မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ကမ်းရိုးတန်းသွားသင်္ဘော ၂၅ စင်း သွားလာနိုင်ရန် အကြမ်းဖျင်းသဘောတူညီမှုရရှိထားသည်ဟုလည်း သိရသည်။

ရွှန်းလဲ့ဝင်း

## ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်နှင့် မုတ္တမပင်လယ်ကွေ့အား Ramsar Site အဖြစ် သတ်မှတ်နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်နှင့်မုတ္တမပင်လယ်ကွေ့အား(Ramsar Site)အဖြစ်သတ်မှတ်နိုင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုဖေဖော်ဝါရီလ ၂ ရက်နေ့ကသစ်တောဦးစီးဌာန(နေပြည်တော်)၊ အင်ကြင်းခန်းမဆောင်တွင်ကျင်းပပြုလုပ်ခဲ့သည်။

ရေညှောင့်နှုတ်သီးဝိုင်းငှက် (Spoon-billed sandpiper) နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိထိန်းသိမ်းနိုင်စေရန် မုတ္တမပင်လယ်ကွေ့အား ရေတိမ်ဒေသသဘာဝထိန်းသိမ်းရေးနယ်မြေမှတစ်ဆင့် (Ramsar Site) အဖြစ် သတ်မှတ်နိုင်ရေး၊ ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ငှက်ပညာရှင်များပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်နိုင်ရန်၊ ကွင်းဆင်းလေ့လာမှုအစီရင်ခံချက်အရ လက်တွေ့ဆောင်ရွက်နိုင်မည့်အစီအစဉ်များ (Action Plan)အားရေးဆွဲ၍ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။

၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်နိုင်ငံ၊ ရမ်ဆာမြို့၌ကျင်းပခဲ့သည့် နိုင်ငံတကာရေပျော်ငှက်များခိုလှုံကျက်စားရာနေရင်းဒေသများအဖြစ်အရေးပါသည့် ကမ္ဘာ့ရေတိမ်ဒေသများထိန်းသိမ်းရေးကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ယင်းနေ့ကိုဂုဏ်ပြု၍ ကမ္ဘာ့ရေတိမ်ဒေသများနေ့(World Wetlands Day)အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်ကာ နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့တိုင်းကျင်းပခဲ့ကြောင်းသိရှိရသည်။

## ကုန်သည်ကြီးများဟိုတယ်တွင် ရရှိနိုင်သောဟင်းလျာများအနက် ငါးမန်းဆူးတောင်ဟင်းချို ပါဝင်ရောင်းချမှုရပ်ဆိုင်း

ရန်ကုန်မြို့ရှိကုန်သည်ကြီးများဟိုတယ်(Traders Hotel)တွင် ဇန်နဝါရီလ ၁၇ ရက်နေ့မှစတင်၍ငါးမန်းဆူးတောင်ဟင်းချိုဟင်းလျာကိုတစ်နေ့တာစားသုံးရရှိနိုင်သောဟင်းလျာများစာရင်းမှပယ်ထုတ်လိုက်ပြီဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ ငါးမန်းဆူးတောင်ဟင်းချိုနှင့်ပတ်သက်၍မန်နေဂျာမလွင်မာအောင်က"ခုနောက်ဆုံးထုတ်ပယ်လိုက်လိုက်တာမှာတော့ ဟိုတယ်တွင်းမှာလည်း ငါးမန်းဆူးတောင်ဟင်းလျာမရရှိနိုင်တော့သလိုဧည့်ခံပွဲတွေ၊ ညစာစားပွဲတွေမှာလည်းထည့်သွင်းစီစဉ်ပေးတော့မှာလည်းမဟုတ်တော့ပါဘူး။ ဇန်နဝါရီလကနေစပြီးဒီဟင်းလျာကိုတကယ်ကိုတရားဝင်ကြေညာချက်နဲ့ရပ်ဆိုင်းလိုက်ပါပြီ"ဟုပြောပြခဲ့သည်။ ယင်းငါးမန်းဆူးတောင်ဟင်းချိုရရှိမှုရပ်ဆိုင်းလိုက်ရခြင်းမှာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ရှားပါးတိရစ္ဆာန်များကာကွယ်စောင့်ရှောက်ရေးအတွက်လှုံ့ဆော်မှုတစ်ရပ်အနေဖြင့် ရပ်ဆိုင်းလိုက်ခြင်းဖြစ်ပြီး ရှားပါးရေနေသတ္တဝါများဖြစ်သည့်ဆူးတောင်ပြာတူနာငါး(Bluefin tuna) ဟင်းလျာနှင့် chilean sea bass ဟင်းလျာနှစ်မျိုးကိုလည်း၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင်ထပ်မံရပ်ဆိုင်းသွားရန် အစီအစဉ်ရှိကြောင်း သိရှိရသည်။

ထို့ပြင်လက်ရှိကမ္ဘာ့ငါးမန်းဆူးတောင်ရောင်းချမှုဈေးကွက်၏ ၅၀ ရာခိုင်နှုန်းမှာဟောင်ကောင်မြို့တွင်ရှိနေပြီး၊ငါးမန်းဆူးတောင်ဟင်းချိုရရှိရန်အတွက်နှစ်စဉ်ငါးမန်းကောင်ရေ ၇၃ သန်းအထိသတ်ဖြတ်ခံနေရပြီး၊ငါးမန်းဆူးတောင်အဓိကရလို၍ ငါးမန်းများဖမ်းဆီးအသတ်ဖြတ်ခံနေရခြင်းသည်အများဆုံးပင်ဖြစ်သည်ဟုလည်းသိရှိရသည်။



# မြန်မာ့လေကြောင်းမှ မော်လမြိုင်၊ ထားဝယ် စသည့်မြို့များကိုဗဟိုပြုကာ ထိုင်းနိုင်ငံနယ်စပ်မြို့များသို့ ပြေးဆွဲရန်စီစဉ်


ထားဝယ်လေဆိပ်ကို တွေ့ရစဉ်

မြန်မာ့လေကြောင်းလိုင်းမှ မော်လမြိုင်၊ ထားဝယ်စသည့် မြို့များကို ဗဟိုပြုကာ ထိုင်းနိုင်ငံရှိ နယ်စပ်မြို့များသို့ ပြေးဆွဲရန်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့စီစဉ်ရခြင်းမှာ မော်လမြိုင်၊ ထားဝယ်စသည့်မြို့များမှ မြဝတီ(မဲဆောက်)၊ ဘန်ကောက်စသည့်မြို့များသို့ ကူးသန်းရောင်းဝယ်လျက်ရှိသည့် ကုန်သည်များနှင့်ခရီးသည်များ နေ့စဉ်ရှိနေသည်ကို သိရှိရသည့်အတွက် ယင်းသို့ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲရန်စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့လေကြောင်းလိုင်း ပြေးဆွဲရန်စီစဉ်ရာတွင် မော်လမြိုင်၊ ထားဝယ်စသည့် မြို့များမှ ဘန်ကောက်၊ မဲဆောက်၊ ဟွာဟင်းစသည့်မြို့များသို့ပြေးဆွဲရန် ကနဦးလျာထားပြီး ယင်းမြို့များမှဒေသခံများအား စစ်တမ်းကောက်ယူမှုများပြုလုပ်ပြီးဖြစ်ကြောင်းသိရသည်။

"မော်လမြိုင်၊ ထားဝယ်စတဲ့ မြို့တွေကနေ ဘန်ကောက်၊ မဲဆောက်လိုမြို့တွေကို ကုန်သည်တွေသွားလာမှုရှိတယ်ဆိုတာ သိရတယ်။ တခြားကိစ္စနဲ့သွားတဲ့ ခရီးသည်တွေလည်းရှိတာကြောင့် တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲဖို့စီစဉ်နေပါတယ်။ လက်ရှိမှာတော့ ခရီးသည်အခြေအနေကိုသိရဖို့ စစ်တမ်းကောက်ယူမှုတွေ ပြုလုပ်ပြီးပါပြီ"ဟုမြန်မာ့လေကြောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

"ကျွန်တော်က မော်လမြိုင်မြို့ကနေပြီး ဘန်ကောက်၊ မဲဆောက်ကို ကုန်ပစ္စည်းတွေ အရောင်းအဝယ်လုပ်နေကျပါ။ ကျွန်တော်တို့ မော်လမြိုင်ကနေပြီး ထိုင်းနိုင်ငံနယ်စပ်မြို့တွေကို လေကြောင်းနဲ့ သွားလာနိုင်မယ်ဆိုရင် အခုထက်အများကြီး ပိုအဆင်ပြေနိုင်မှာပါ"ဟု မော်လမြိုင်မြို့မှ ဒေသခံတစ်ဦးက ပြောပြခဲ့သည်။

# Samsung Galaxy Tab 7.0 Plus နှင့် 7.7 ဈေးကွက်ဝင်လာ

Samsung Galaxy Tab 7.0နှင့် Samsung Galaxy Tab 7.7ဆိုသည့် Galaxy Tab မော်ဒယ်သစ်နှစ်မျိုး ပြည်တွင်းဈေးကွက်သို့ဝင်ရောက်လာကြောင်း သတင်းရရှိပါသည်။

Galaxy Tab 7.0 Plus မှာ Dual Core 1.2 GHz ARM Cortex A9 ပရောဆက်ဆာကိုသုံးထားပြီး RAM 1 GB, စက်တွင်းမှတ်ဉာဏ်မှာ 16 GB, အလေးချိန်မှာ ၃၄၅ ဂရမ်ရှိကာ ဈေးနှုန်းမှာ ကျပ်လေးသိန်းဝန်းကျင်ဖြစ်သည်။

Galaxy Tab 7.7 မှာ Dual Core 1.4 GHz ARM Cortex A9 ပရောဆက်ဆာကိုသုံးထားပြီးRAM 1GB, စက်တွင်းမှတ်ဉာဏ်မှာ 16 GB, အလေးချိန် ၃၄၀ ဂရမ်ရှိကာ ဈေးနှုန်းမှာ ကျပ်ငါးသိန်းခွဲဝန်းကျင်ဖြစ်သည်။ Galaxy Tab နှစ်မျိုးလုံး Android OS ဗားရှင်း 3.2 (Honeycomb)ကိုသုံးထားပြီး 3G လည်း အသုံးပြုနိုင်ကြောင်း၊ ယခင်က ပြည်တွင်းဈေးကွက်၌ Samsung Galaxy Tab သုံးမျိုးရှိပြီး Galaxy Tab 7.0 မှာကျပ်သုံးသိန်းခွဲဝန်းကျင်၊ Galaxy Tab 8.9မှာကျပ်လေးသိန်းဝန်းကျင်နှင့် Galaxy Tab 10.1မှာ ကျပ်လေးသိန်းခွဲဝန်းကျင်ဖြစ်ပြီး မန်မိုရီပမာဏပေါ်မူတည်၍ဈေးနှုန်းကွာခြားကြောင်း သိရသည်။

"လက်ရှိမှာ Galaxy Tab တွေ iPadထက်ပိုရောင်းရတယ်။ ဆော့ဖ်ဝဲနဲ့ဂိမ်းသွင်းရတာပိုလွယ်တာရယ်၊ ပါးလွှာပေါ့ပါးတာရယ်ကြောင့်ဖြစ်မယ်"ဟု New Fone Mart မှတာဝန်ရှိသူတစ်ဦးကပြောပြခဲ့သည်။

# လာမည့်သုံးနှစ်အတွင်း WiMAX အင်တာနက်လိုင်းကို ကနဦးတပ်ဆင်ခ ပေးသွင်းစရာမလိုဘဲအသုံးပြုနိုင်မည်ဟုဆို

WiMAX အင်တာနက်လိုင်းကို ၂၀၁၅ ခုနှစ်တွင် ကနဦးတပ်ဆင်ခ လုံးဝပေးသွင်းစရာမလိုဘဲ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Redlink ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြောကြားသည်။

"၂၀၁၄ ခုနှစ်မှာ WiMAX Subscriber ၂၀၀၀၀ ထိရှိလာအောင် ဆောင်ရွက်သွားမှာပါ။ ၂၀၁၅ ခုနှစ်မှာ ကနဦးတပ်ဆင်ခလုံးဝမယူဘဲ ရောင်းနိုင်အောင်လုပ်ဆောင်သွားမှာပါ။ ရန်ကုန်၊ မန္တလေးအပြင် နေပြည်တော်၊ တောင်ကြီးမြို့တွေမှာလည်း WiMAX အင်တာနက်ကို သုံးစွဲနိုင်အောင်၊ Coverage Area တွေပိုများလာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဈေးကွက်အနေအထားပေါ် မူတည်ပြီးတော့လည်း ဈေးနှုန်းလျှော့ချပေးသွားမှာဖြစ်ပါတယ်"ဟုRedLink ကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားခဲ့ပါသည်။

"ဈေးနှုန်းတွေလျှော့ချပေးနိုင်ဖို့၊ ကနဦးတပ်ဆင်ခမရှိဘဲသုံးစွဲနိုင်ဖို့နဲ့သုံးစွဲသူတွေများလာဖို့ဆိုတာတွေက ပြောရမယ်ဆိုရင် အချက်လေးချက်ပေါ်မှာမူတည်ပါတယ်။ ပထမအချက်အနေနဲ့ တိုင်းပြည်မှာ ဘဏ်စနစ်တွေကောင်းမွန်ဖို့လိုပါတယ်။ ဒုတိယအချက်အနေနဲ့ လူတစ်ဦးချင်းဝင်ငွေကလည်းအရေးပါတယ်။ တတိယအချက်အနေနဲ့ Communication Law သေသေချာချာရှိဖို့လည်းလိုပါတယ်။ နောက်ဆုံးအချက်အနေနဲ့ကတော့ အိုင်တီကုမ္ပဏီတွေ ပူးပေါင်းပြီး လုပ်ဆောင်ကြရမယ့် အပိုင်းတွေလည်းရှိပါတယ်"ဟု ယင်းကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် WiMAX အင်တာနက်လိုင်းချိတ်ဆက်အသုံးပြုသူအရေအတွက်မှာ ရန်ကုန်တွင်အသုံးပြုသူပေါင်း ၅၀၀၀ ခန့်ရှိပြီးမန္တလေးတွင် တပ်ဆင်အသုံးပြုသူ ၄၀၀ ခန့်ရှိကြောင်း သိရသည်။

"အဖွဲ့အစည်း၊ ကုမ္ပဏီတချို့ကပြောကြပါတယ်။ သုံးစွဲသူများလာရင် ဈေးနှုန်းတွေလည်း လျှော့ကျလာနိုင်တယ်လို့ ပြောကြတာတွေရှိတယ်။ အမှန်ဆို ဈေးနှုန်းလျှော့ကျရင် သုံးစွဲသူများလာမှာကကျိန်းသေပါတယ်။ ပြည်တွင်းဈေးကွက်ကိုကြည့်ရင် ပရိုမိုးရှင်းပွဲတွေ၊ ဈေးနှုန်းလျှော့ရောင်းတဲ့ အချိန်တွေကိုပဲစောင့်ဝယ်ကြတာတွေ တော်တော်များပါတယ်"ဟု ကုမ္ပဏီဝန်ထမ်းတစ်ဦးက သုံးသပ်ပြောကြားသည်။

■



# အစ္စရေးက အီရန်ကို နွေဦးတွင်တိုက်ခိုက်နိုင်ကြောင်း လီယွန်ပန်နက်တာပြောကြား

အီရန်ရှိ သံသယဖြစ်ဖွယ်နျူလက်နက် စီမံကိန်းများကို ဖျက်ဆီးရန်အတွက် အစ္စရေးသည် အီရန်ကို လာမည့်နွေဦးတစ်ချိန်ချိန်တွင် တိုက်ခိုက်နိုင်ခြေမြင့်မားလာနေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးလီယွန်ပန်နက်တာက မှတ်ချက်ပြုခဲ့ကြောင်း အမေရိကန်အစိုးရအကြီးတန်းတာဝန်ရှိသူတစ်ဦး က ပြောကြားခဲ့သည်။

အီရန်သည် နျူဗုံးထုတ်လုပ်နိုင်မည့် အဆောက်အအုံကို အကာအကွယ်ပေးနိုင်မည့် ဇုန်တစ်ခုကို မလုပ်ဆောင်နိုင်မီ အစ္စရေးသည် အီရန်ကို ဧပြီ၊ မေ၊ ဇွန်လတွင် တိုက်ခိုက်နိုင်ခြေမြင့်မားလာကြောင်း ပန်နက်တာက ယုံကြည်နေသည့်အမြင်ကို ဝါရှင်တန်ပို့စ်မှ David Ignatius က ပထမဆုံးရေးသားဖော်ပြခဲ့သည်။

ယင်းဖော်ပြမှုနှင့်ပတ်သက်၍ မှတ်ချက်ပေးရန် ပန်နက်တာကငြင်းဆိုခဲ့သော်လည်း အမေရိကန်သည်လည်း အစ္စရေးနည်းတူ စိုးရိမ်မှုရှိကြောင်း ပြောကြားခဲ့သည်ဟုအေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။ အစ္စရေးသည် အီရန်ကိုတိုက်ခိုက်မည်ဟူသော ပြင်းထန်သောစကားလုံးများ၊ သတိပေးချက်များ အကြိမ်ကြိမ်ထုတ်ပြန်ခြင်းဖြင့် အမေရိကန်နှင့်အနောက်နိုင်ငံများအနေဖြင့် အီရန်အပေါ် အရေးယူမှုများပြုလုပ်နိုင်ရန် ဖိအားပေးနေကြောင်း အမေရိကန်အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။




အမေရိကန်ကာကွယ်ရေးဝန်ကြီးလီယွန်ပန်နက်တာ

အီရန်သည် နျူလက်နက်ထုတ်လုပ်နေသည်ဟု အစ္စရေးကခိုင်မာစွာ မှတ်ယူထားကြောင်းကို အမေရိကန်အစိုးရက ယေဘုယျအားဖြင့်နားလည်မှုရှိထားကြောင်း အကြီးတန်းတာဝန်ရှိသူတစ်ဦးက မှတ်ချက်ပြုပြောကြားခဲ့သည်။

ပြီးခဲ့သောသီတင်းပတ်က အစ္စရေးထောက်လှမ်းရေးမှူးဟောင်းက စီအင်န်အင်န်မှ David McKenzie ကိုပြောကြားရာ၌ အီရန်သည် နျူလက်နက်ရရှိနိုင်ရေးအတွက် ကြိုတင်ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ သို့သော် နျူလက်နက်ထုတ်လုပ်ရေးအတွက် အပြည့်အဝမဆုံးဖြတ်ရသေးကြောင်း ပြောကြားခဲ့သည်။

အစ္စရေးခေါင်းဆောင်များနှင့် ထောက်လှမ်းရေးအကြီးအကဲတို့နှင့် ပုံမှန်တွေ့ဆုံနေသော စီအိုင်အေညွှန်ကြားရေးမှူးဒေးဗစ်ပီထရေ့စ်က အီရန်က နျူလက်နက်ရရှိရန် ကြိုးပမ်းနေသည်ဟူသော ဖြစ်နိုင်ခြေသည် ပင် အစ္စရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

*Ref: CNN*

## အီရန်နှင့်စစ်ဖြစ်မည်ကို ဗြိတိန် ဒုတိယဝန်ကြီးချုပ်နစ်ကလက်စိုးရိမ်

အငြင်းပွားဖွယ်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်နှင့်စစ်ရေးပဋိပက္ခဖြစ်ပွားမည်ကို စိုးရိမ်ကြောင်း ဗြိတိန်ဒုတိယဝန်ကြီးချုပ်နစ်ကလက်က ဖေဖော်ဝါရီလ ၂ ရက်နေ့က ပြောကြားခဲ့သည်။

တီဟီရန်သည် နျူကလီးယားလက်နက်များထုတ်လုပ်ရန်လျှို့ဝှက်ကြိုးပမ်းနေသည်ဟု အနောက်နိုင်ငံများသံသယဖြစ်နေချိန် အစ္စရေးက အီရန်ကို လက်ဦးမှုရယူတိုက်ခိုက်နိုင်မှုနှင့်ပတ်သက်၍စိုးရိမ်ကြောင်း နစ်ကလက်၏ပြောကြားချက်ကိုကိုးကား၍ အပတ်စဉ်ထုတ်ဗြိတိန်နိုင်ငံရေးဂျာနယ်တစ်စောင်ဖြစ်သော The House Magazine ကဖော်ပြခဲ့သည်။

အီရန်၏ရည်ရွယ်ချက်နှင့်ပတ်သက်၍ တင်းမာမှုများမြင့်မားနေသည့်အတွက် လိပ်ခဲတည်းလည်းဖြစ်နေမှုကို ငြိမ်းချမ်းစွာဖြေရှင်းရမည်ဖြစ်ကြောင်း ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်ကဖေဖော်ဝါရီလတစ်ရက်နေ့ကအစ္စရေးကိုသတိပေးခဲ့သည်။

အစ္စရေးကအီရန်ကိုတိုက်ခိုက်လာနိုင်ခြင်းအတွက်စိုးရိမ်မှုရှိမရှိမေးမြန်းသောအခါ နစ်ကလက်က "တကယ့်ကိုကျွန်တော်စိုးရိမ်တာကတော့ စစ်ရေးပဋိပက္ခတစ်ခုဖြစ်ပွားလာမှာကိုပါ။ နောက်ပြီး အခြားသူတွေက ဝင်ပြီးမရှင်းနိုင်တော့နိုင်ငံအချို့ဟာကိုယ့်နည်း ကိုယ်ဟန်နဲ့ကိုယ်ဖြေရှင်းဖို့ ကြိုးပမ်းလာနိုင်ပါတယ်" ဟုပြောကြားခဲ့သည်။ ဗြိတိန်သည် အီရန်ကို ဖိအားပေးရန် စစ်ရေးနည်းလမ်းမဟုတ်ဘဲအခြားခက်ခဲသည့်အရာများကိုလုပ်ပြနိုင်ရန်ကြိုးပမ်းနေကြောင်း ကလက်ကပြောကြားခဲ့သည်။

အကယ်၍လိပ်ခဲတည်းလည်းအခြေအနေသည်နောက်ဆုံးတွင် စစ်ရေးတုံ့ပြန်မှုဆီသို့ ဦးတည်ပါက ဗြိတိန်အနေဖြင့် ပါဝင်မှု ရှိ၊မရှိနှင့်ပတ်သက်၍မူ ကလက်က ခန့်မှန်းပြောဆိုခြင်းမပြုခဲ့ပေ။

*Ref: AP*

## အီရန်သာ နျူလက်နက်ထုတ်ရန်ဆုံးဖြတ်ပါက တစ်နှစ်အတွင်း အဏုမြူဗုံးလေးလုံးခန့် ပြုလုပ်နိုင်ကြောင်း အစ္စရေးခန့်မှန်း

အီရန်ကသာ အဏုမြူဗုံးထုတ်လုပ်ရန် ဆုံးဖြတ်လိုက်မည်ဆိုပါက ယူရေနီယမ်သန့်စင်မှုများပြုလုပ်ပြီး တစ်နှစ်အတွင်း အဏုမြူဗုံးလေးလုံးခန့် ထုတ်လုပ်နိုင်မည်ဟု အစ္စရေးစစ်ဘက်အကြီးတန်းတာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန်နျူစီမံကိန်းကြောင့် နိုင်ငံတကာက ပိုမိုပြင်းထန်သောပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် ပြင်ဆင်နေစဉ် အစ္စရေးစစ်ဦးစီးချုပ်ဗိုလ်ချုပ်အဗစ်ကိုချက်ဗီ၏ရှားရှားပါးပါးမှတ်ချက်စကားထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ အီရန်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းသန့်စင်ပြီးယူရေနီယမ်လေးတန်ကျော်နှင့် ၂၀ ရာခိုင်နှုန်းသန့်စင်ပြီး ယူရေနီယမ် ၁၀၀ ကီလိုနီးပါး ပိုင်ဆိုင်ထားကြောင်း ၎င်းကပြောကြားခဲ့ကာ ယင်းပမာဏများမှာ အဏုမြူဗုံးလေးလုံးထုတ်လုပ်နိုင်ရန် လုံလောက်ကြောင်း သိရသည်။ ပြီးခဲ့သောနိုဝင်ဘာလတွင် (IAEA) ကထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် အီရန်၌ အဆင့်နိမ့်ယူရေနီယမ် ငါးတန်နီးပါးရှိပြီး သန့်စင်မှု ၂၀ ရာခိုင်နှုန်းရှိသော ယူရေနီယမ် ၇၃ ဒသမ ၇ ကီလိုဂရမ်ရှိကြောင်း ဖော်ပြခဲ့သည်။

အဏုမြူဗုံးထုတ်လုပ်ရန် ယူရေနီယမ် ၉၀ ရာခိုင်နှုန်းအထိသန့်စင်ရန်လိုအပ်သည်။ တီဟီရန်ကမူ ၎င်းတို့၏ ၂၀ ရာခိုင်နှုန်းသန့်စင်သော ယူရေနီယမ်များကို ကင်ဆာကုသရာတွင်လိုအပ်သော အိုင်ဆိုတုပ်များထုတ်လုပ်မည့်သုတေသနဓာတ်ပေါင်းဖိုတွင် လောင်စာအဖြစ်အသုံးပြုမည်ဟု ကြေညာခဲ့သည်။

အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာခါမေနီကသာ အဏုမြူဗုံးတစ်လုံးထုတ်ရန် အမိန့်ပေးလိုက်ပါက တစ်နှစ်အတွင်း အဏုမြူဗုံးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ကိုချက်ဗီက ပြောကြားခဲ့သည်။ ဒုံးကျည်ထိပ်ဖူးတွင် နျူဗုံးတပ်ဆင်နိုင်ရန်မှာ နှစ်နှစ်အထိ အချိန်ယူရနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

သို့သော် အစ္စရေးကာကွယ်ရေးဝန်ကြီးအီဟွတ်ဘာရက်ကမူ အီရန်နျူလက်နက်ရရှိရန်ကြိုးပမ်းမှုကို တားဆီးနိုင်ရန် သံတမန်ရေးနှင့် ပိတ်ဆို့အရေးယူမှုများဖြင့်အတိုင်းအတာတစ်ခုထိပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင် အဏုမြူလက်နက်ပိုင်ဆိုင်သည်ဟု ယုံကြည်ရသော တစ်နိုင်ငံတည်းသော နိုင်ငံဖြစ်သည့် အစ္စရေးကအီရန်ကိုနျူလက်နက်များ မရရှိစေရန်အတွက် လိုအပ်လျှင် အင်အားသုံးမည်ဟု အကြိမ်ကြိမ်ထုတ်ပြန်ခဲ့သည်။

*Ref: Reuters*

## ဆီးရီးယားအတွက် လက်နက်ရောင်းချမှုများကို ရပ်တန့်သွားမည်မဟုတ်ဟု ရုရှားထုတ်ပြန်

ဆီးရီးယားနိုင်ငံအတွင်း ၁၀ လကြာဖြစ်ပွားနေသည့် အုံကြွမှုအပေါ် အစိုးရ၏သွေးထွက် သံယိုနှိမ်နင်းမှုနှင့်ပတ်သက်ပြီး နိုင်ငံတကာမှ ပြစ်တင်ဝေဖန်မှုများ မြင့်တက်လာသော်လည်း မော်စကိုအနေဖြင့် ၎င်း၏ကာလကြာ မဟာမိတ်နိုင်ငံဘက်မှရပ်တည်သည့်အနေဖြင့် ဆီးရီးယားအတွက်လက်နက်များရောင်းချပေးမှုကို ရပ်တန့်သွားမည် မဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဒမတ်စကတ်အတွက် ရုရှားမှ လက်နက်တင်ပို့ရောင်းချပေးခြင်းသည် နိုင်ငံတကာဆိုင်ရာဝတ္တရားတစ်စုံတစ်ခုကိုမျှ ချိုးဖောက်ခြင်းမရှိကြောင်း ရုရှားနိုင်ငံ၏ ဒုတိယကာကွယ်ဝန်ရေးဝန်ကြီး အနာတိုလီအန်တာနော့ဗ်က ပြောကြားခဲ့သည်။

သမ္မတဘတ်ရှား အယ်အာဆတ်ကို ဆန့်ကျင်သည့် ပုန်ကန်မှုကို ဆီးရီးယားအစိုးရက နှိမ်နင်းဖို့ ကြိုးစားစေကာမူ မော်စကိုသည် ဆီးရီးယား၏ အင်အားကြီးမဟာမိတ်နိုင်ငံများထဲမှတစ်ခုအဖြစ်ရပ်တည်ခဲ့သည်။ သမ္မတအာဆက်ကို ဆန့်ကျင်သည့် ပုန်ကန်မှုများကို အစိုးရအဖွဲ့က နှိမ်နင်းရာတွင် လူ ၅၄၀၀ ကျော် သေဆုံးခဲ့ကြောင်းကုလသမဂ္ဂကခန့်မှန်းခဲ့သည်။

ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်မူကြမ်းတွင် ဆီးရီးယားအတွက်လက်နက်ရောင်းချမှုကို ပိတ်ပင်ရန် အရိပ်အမြွက်ထည့်သွင်းထားမှုကို ရုရှားက ကန့်ကွက်ထားသည်။ ဆီးရီးယားနိုင်ငံအတွက် တိုက်လေယာဉ် များရောင်းချမည့် ဒေါ်လာသန်း ၅၅၀ တန်အရောင်းအဝယ်အတွက် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

လုံခြုံရေးကောင်စီတွင် သမ္မတအာဆက်ကို အာဏာ စွန့်လွှတ်ရန်တိုက်တွန်းသည့် ဆုံးဖြတ်ချက်မူကြမ်းမှာမော်စကို၏ဟန့်တားမှုနှင့်ရင်ဆိုင်နေရသည်။ *Ref:AP*



ဇန်နဝါရီလ ၈ ရက်နေ့က ဆီးရီးယားဆိပ်ကမ်းမြို့တာတပ်စ်သို့ ရောက်ရှိလာခဲ့သော ရုရှားလေယာဉ်တင်သင်္ဘော

## ရုရှားလက်နက်တင်ပို့မှု ၂၀၁၂ ခုနှစ်တွင် ဒေါ်လာ ၁၀ ဒသမ ၇ ဘီလျံထိ မြင့်တက်ခဲ့

ရုရှား၏ လက်နက်တင်ပို့ရောင်းချမှုမှ ရရှိသည့်ဝင်ငွေသည် ၂၀၁၁ ခုနှစ်တွင် ဒေါ်လာ ၁၀ ဒသမ ၇ ဘီလျံထိ မြင့်တက်ခဲ့ကြောင်း နိုင်ငံပိုင်လက်နက်ပို့ကုန်လုပ်ငန်း Rosoboronexport က ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

ရုရှား၏ လက်နက်များကို အဓိကတင်သွင်းနေသည့် လစ်ဗျားကို လက်နက်ရောင်းချရန်ပိတ်ပင်ခဲ့သော်လည်း လက်နက်တင်ပို့မှုမှာ ဆက်လက်မြင့်တက်ခဲ့သည်။လစ်ဗျားကို လက်နက်ရောင်းချမှုပိတ်ပင်ချက်ကြောင့် ရုရှားသည် ဒေါ်လာလေးဘီလျံခန့် ဆုံးရှုံးနစ်နာခဲ့ကြောင်း Rosoboronexport ၏ အမှုဆောင်အရာရှိချုပ်နာတိုလီအီဆာကင်ကပြောကြားခဲ့ကြောင်း အင်တာဖက်သတင်း အေဂျင်စီက ဖော်ပြခဲ့သည်။ ရုရှားလက်နက်တင်ပို့ရောင်းချမှုသည် ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာ ၈ ဒသမ ၇ ဘီလျံထိ ရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ရုရှားလက်နက်များအတွက် အဓိကဈေးကွက်များတွင် အိန္ဒိယ၊ ဗင်နီဇွဲလားနှင့် အာရှပစိဖိတ်နိုင်ငံများပါဝင်သည်။ လေကြောင်းကာကွယ်ရေးနည်းပညာများ တင်ပို့ရောင်းချမှုမှာ လက်နက်အားလုံး တင်ပို့ရောင်းချမှု၏ ထက်ဝက်ကျော်ရှိခဲ့သည်။

*Ref: AFP*

# အာဖရိကတိုက်သားတစ်ဦးတီထွင်သည့် သင်ပုန်းကွန်ပျူတာစတင်ရောင်းချ



အက်ပဲလ်၏ အိုင်ပက်နှင့် အခြားအနောက်တိုင်းမှ သင်ပုန်းကွန်ပျူတာများကို ယှဉ်ပြိုင်မည့် အာဖရိကတိုက်သားတစ်ဦးတီထွင်သည့် ပထမဆုံးသင်ပုန်းကွန်ပျူတာကို ကွန်ဂိုနိုင်ငံသားတစ်ဦးက တီထွင်ခဲ့ပြီး စတင်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီသင်ပုန်းကွန်ပျူတာကိုစတင်ရောင်းချဖို့အဖွဲ့ဖွဲ့ပြီး လိုအပ်တာတွေလုပ်ပြီးပါပြီ။ ဒီကနေ့ ပဲစတင်ဝယ်ယူနိုင်ပါပြီ"ဟု အသက် ၂၆ နှစ်သာရှိသေးသည့် တီထွင်သူ ဗီရိုနီမန်ကိုက ပြောကြားခဲ့သည်။ ကွန်ဂိုမြောက်ပိုင်းသုံးဘာသာစကားအရ ကြယ်များ၏အလင်းရောင်ဟု အဓိပ္ပာယ်ရသော စကားလုံး၏အသံထွက်အတိုင်းWay-C ဟု အမည်ပေးထားသော သင်ပုန်းကွန်ပျူတာကို ကွန်ဂိုသမ္မတနိုင်ငံမြို့တော် ဘရက်ဇာဗီးလ်နှင့် အခြားမြို့ကြီးများတွင် စတင်ရောင်းချနေပြီဟုသိရသည်။

Way-C ကို ပြီးခဲ့သည့်နှစ်၊ စက်တင်ဘာလကတည်းက ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီလကုန်တွင်မှ စတင်ရောင်းချခဲ့ခြင်းဖြစ်သည်။ စက်ပစ္စည်းအခက်အခဲနှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်ရေးအတွက် တရုတ်နိုင်ငံတွင် တပ်ဆင်ထုတ်လုပ်ခြင်းဖြစ်သည်ဟုသိရသည်။

အလျား ၇ ဒသမ ၄ လက်မ၊ အနံ ၆ ဒသမ ၇ လက်မ၊ အထူ လက်မဝက်သာရှိသည့် ယင်းသင်ပုန်းကွန်ပျူတာမှာ အင်တာနက်ကို Wi-Fi စနစ်ဖြင့် သုံးနိုင်မည်ဖြစ်ပြီး အချက်အလက် သိုမှီးနိုင်စွမ်းမှာ ၄ ဂီဂါဘိုက်ရှိသည်ဟုသိရသည်။

ဈေးနှုန်းမှာ ကွန်ဂိုဖရန့်ငွေ အရ တစ်သိန်းခွဲကျသင့်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာဖြင့် တွက်ပါက ၃၀၀ မျှကျသင့်မည်ဖြစ်သည်။ ယင်းသင်ပုန်းကွန်ပျူတာကို အနောက်အာဖရိက ၁၀ နိုင်ငံတွင် ရောင်းချသွားမည်ဖြစ်သလိုဘယ်လ်ဂျီယမ်၊ အိန္ဒိယနှင့် ပြင်သစ်တို့ကိုပါ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဖြန့်ဖြူးကာအနောက်တိုင်းမှထုတ်လုပ်သည့် သင်ပုန်းကွန်ပျူတာများနှင့်ယှဉ်ပြိုင်စေမည်ဖြစ်သည်။ *Ref: AFP*

# ကမ္ဘာ့အကြီးဆုံး ခါချဉ်သိုက်ဟောင်းကို ဘရာဇီးတွင်တွေ့ရှိ

ပိုးမွှားတိရစ္ဆာန်တို့တွင် ကြီးကျယ်သောအုပ်ဖွဲ့နေထိုင်မှုရှိသည်ဟု ဆိုနိုင်သော ခါချဉ်တို့ နေထိုင်ခဲ့သော ကမ္ဘာ့အကြီးဆုံးခါချဉ်သိုက်ဟောင်းတစ်ခုကို ဘရာဇီးနိုင်ငံတွင် တွေ့ရှိခဲ့ရကြောင်းသိရသည်။ ခါချဉ်မျိုးစိတ်တစ်မျိုး နေထိုင်ခဲ့သည်ဟုယူဆရသော မြေအောက်အသိုက်ကြီးမှာ စတုရန်းပေ ၅၀၀ အထိအကျယ်ရှိပြီး မြေမျက်နှာပြင်မှ အောက်အထိ ၂၆ ပေနက်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်ဟုဆိုသည်။ တူးဖော်မှုကိုဦးဆောင်ခဲ့သည့် ပါမောက္ခ လူးဝစ်ဖော်ဂီက ခါချဉ်များ ယင်းအသိုက်ကြီးကိုမည်သို့သောအကြောင်းကြောင့် စွန့်လွှတ်သွားခဲ့ကြသည်ကိုမူ မသိရသေးကြောင်းပြောကြားခဲ့သည်။

သစ်ရွက်စားပုရွက်အနွယ်ဝင် ယင်းခါချဉ်မျိုးစိတ်၏ အသိုက်ကြီးမှာ ဥမင်ပုံလမ်းကြောင်းများဖြင့် ချိတ်ဆက်ထားပြီး တစ်ချိန်က ခါချဉ် သန်းချီနေထိုင်ခဲ့သည့်နေရာဖြစ်ဖွယ် ရှိသည်ဟု သိရသည်။ *Ref: Daily Mail*




# Widnows Phone 8 နှင့် ပတ်သက်သည့်အချက်အလက်များပေါက်ကြား

မိုက်ခရိုဆော့ဖ်၏ မိုဘိုင်း OS အသစ် Windows Phone 8 နှင့် ပတ်သက်သောအချက်အလက်များ ပေါက်ကြားခဲ့ကြောင်း သိရသည်။

မိုက်ခရိုဆော့ဖ်သည် ကွန်ပျူတာ မောင်းနှင်လည်ပတ်စနစ် (Operating System-OS) တွင် လက်ရှိအချိန်အထိ ကမ္ဘာပေါ်တွင် လူသုံးအများဆုံးဖြစ်နေသော်လည်း စမတ်ဖုန်းများနှင့်သင်ပုန်းကွန်ပျူတာများကဲ့သို့သော မိုဘိုင်းများတွင် နောက်ကောက်ကျကျန်ခဲ့သည်။

နောက်ဆုံးထွက်ရှိထားသည့် Windows Phone 7 မှာလည်း နိုကီယာစမတ်ဖုန်းများတွင်သာသုံးစွဲနေပြီး လူသုံးနည်းခဲ့သည်။

ယခုအခါ ကွန်ပျူတာအတွက် Windows 8 ထုတ်လုပ်ရန်စီစဉ်နေချိန်တွင် ယင်းနှင့် အဓိကအစိတ်အပိုင်းများ တူညီသော Windows Phone 8 ကိုပါ ထုတ်လုပ်ရန်ဆောင်ရွက်နေကြောင်း ပေါက်ကြားခဲ့သည့် ဗီဒီယိုမှတ်တမ်းတစ်ခုကို ကိုးကားပြီး သတင်းများက ဖော်ပြသည်။

ယင်းဖုန်းOS သည် ကွန်ပျူတာနှင့် မိုဘိုင်းစက်ကိရိယာများ အကြားချိတ်ဆက်ရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေမည်ဖြစ်သလို အချက်အချက်အလက်သယ်ယူကူးပြောင်းရာတွင်လည်း အားသာချက်ရှိစေရေး အဓိကထားဖန်တီးထားသည်ဟု ဆိုသည်။

*Ref: CNET*



# လူသားလှုပ်ရှားမှုဖြင့် ထိန်းချုပ်နိုင်မည့် ခြေခြောက်ချောင်းစက်ရုပ် နာဆာဖန်တီး

အင်္ဂါဂြိုဟ်၊လကမ္ဘာနှင့် ဂြိုဟ်သိမ်များကဲ့သို့သော မညီညာကြမ်းတမ်းသည့် မျက်နှာပြင်ရှိသော နေရာများတွင် စူးစမ်းလေ့လာမှုများပြုလုပ်နိုင်ရန်အတွက် အမေရိကန်အာကာသအေဂျင်စီ(နာဆာ)က လူသားလှုပ်ရှားမှုဖြင့်အဝေးမှထိန်းချုပ်နိုင်သော ခြေခြောက်ချောင်းစက်ရုပ်တစ်မျိုးကို တီထွင်လိုက်ကြောင်းသိရသည်။

Star Wars ရုပ်ရှင်ကားထဲမှလိုပင် ယင်းစက်ရုပ်များသည် လမ်းလျှောက်နိုင်၊ ခုန်နိုင်ရုံသာမကဘဲ ခန္ဓာကိုယ်လှုပ်ရှားမှုဖြင့်ကစားနိုင်သော ဂိမ်းစက်များဖြစ်သည့် Xbox Kinect နှင့် Nintendo Wii တို့ကို သုံးကာ လူသားလှုပ်ရှားမှုဖြင့်ပါ ထိန်းချုပ်နိုင်သည်ဟု သိရသည်။

မျက်နှာပြင်မျိုးစုံသုံး ခြေခြောက်ချောင်း ပြင်ပဂြိုဟ်ကမ္ဘာရှာဖွေရေးယာဉ် (All-Terrain Hex- Limbed Extra-Terrestrial Explorer) ဟု အမည်ပေးထားသော ယင်းယာဉ်သည် ၁၃ ပေမြင့်ပြီး ပေါင် ၅၀၀၀ မျှလေးသည်ဟုသိရသည်။ ပေါင် ၃၂၀၀၀ အလေးချိန်အထိလည်း တင်ဆောင်ထားနိုင်သည်။

အတိုကောက်အနေဖြင့် Athlete (အားကစားသမား)ဟု အမည်ပေးထားသော ယာဉ်သည် စမ်း သပ်ဆဲ အဆင့်သာရှိသေးပြီးထိန်းချုပ်လှုပ်ရှားမှုကို တုံ့ပြန်မှုမှာနှေးကွေးနေသေးသော်လည်းထိန်းချုပ်ရသည်မှာ အဆင်ပြေနေပြီဟု သိရသည်။

ခြေခြောက်ချောင်းပါသည့် အပြင် ယင်းခြေများတွင်ဘီးပါသောကြောင့် မည်သည့်လမ်းကြမ်းမဆိုမောင်းနိုင်မည်ဖြစ်သလို သဲထူသော၊ ပျော့ပြောင်းသော မျက်နှာပြင်များ၊ကျောက်တုံးကြီးများခံနေသောနေရာများတွင်လည်း ခြေထောက်အသွင်သုံးကာ ခုန်ပြီးသွားနိုင်မည်ဖြစ်သည်။ *Ref: Daily Mail*



# နေမှုပုံစံပြောင်းလဲခြင်းဖြင့် ကင်ဆာအမျိုးအစားအားလုံး၏ ၃၀ ရာခိုင်နှုန်း မဖြစ်ပွားစေရန်ကာကွယ်နိုင်

နေမှုပုံစံ ပြောင်းလဲလိုက်ခြင်းဖြင့်ဖြစ်ပေါ်တတ်သောကင်ဆာအမျိုးအစားအားလုံး၏ ၃၀ ရာခိုင်နှုန်းကို မဖြစ်ပွားစေရန်ကာကွယ်ရာရောက်ကြောင်း ကမ္ဘာ့ကင်ဆာရောဂါနေ့ဖြစ်သော ဖေဖော်ဝါရီလ ၄ ရက်နေ့ မတိုင်မီတစ်ရက်အလိုတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကထုတ်ပြန်ခဲ့သည်။

ကင်ဆာဖြစ်ပွားစေသည့် အဓိကအချက်များတွင် ဆေးရွက်ကြီးသုံးခြင်း၊ အရက်သောက်ခြင်း၊ အစားအသောက်တွင် အသီးအရွက်ပါဝင်မှုနည်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းတို့ပါဝင်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသည် ကမ္ဘာတစ်ဝန်းကင်ဆာဖြစ်ပွားမှုအားလုံး၏ ၂၂ ရာခိုင်နှုန်းကို ဖြစ်ပေါ်စေပြီး ကင်ဆာကြောင့်သေဆုံးရမှုအားလုံး၏ ၇၁ ရာခိုင်နှုန်းမှာလည်း ဆေးရွက်ကြီးကြောင့်ကင်ဆာဖြစ်သူများဖြစ်သည်ဟုကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သည်။

အဆုတ်၊ အစာအိမ်၊ အသည်း၊ အူမကြီးနှင့် ရင်သားကင်ဆာများသည် သေဆုံးမှုအဖြစ် အများဆုံးကင်ဆာရောဂါများဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ခန့်မှန်းမှုအရ ကင်ဆာကြောင့် သေဆုံးသူဦးရေသည် ဆက်လက်တိုးပွားလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။ *Ref: AFP*



# ခမာနီအစိုးရလက်ထက် ထောင်မှူးကို ထောင်ဒဏ် ၃၅ နှစ်မှ တစ်သက်တစ်ကျွန်းသို့ ပြင်ဆင်ချမှတ်



ဖနွမ်းပင်ရှိ Choeung Ek လူသတ်ကွင်းတွင် ခမာနီတို့သတ်ဖြတ်ခဲ့မှုကြောင့် သေဆုံးခဲ့သူများ၏ အရိုးများပြသထားသောအောက်မေ့ဖွယ်ခန်းမ(ဝဲပုံ) ခမာနီအကျဉ်းထောင်မှူး Duch တရားရင်ဆိုင်နေစဉ်(ယာပုံ)

ကမ္ဘောဒီးယား ခမာနီအစိုးရလက်ထက်က စစ်ရာဇဝတ်မှု၊ လူသတ်မှု၊ နှိပ်စက်ညှဉ်းပန်းမှုအပါအဝင် စွဲချက်များစွာ စွဲဆိုခံရသော ထောင်မှူး Duch က ၎င်းအပေါ်ချမှတ်ထားသည့် ထောင်ဒဏ် ၃၅ နှစ်အပေါ် အယူခံဝင်ခဲ့ရာ ကမ္ဘောဒီးယားစစ်ရာဇဝတ်မှုဆိုင်ရာတရားရုံးက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပယ်ချခဲ့ပြီး ယင်းပြစ်ဒဏ်အစား ထောင်ဒဏ်တစ်သက်တစ်ကျွန်းသို့ ပြင်ဆင်ချမှတ်ခဲ့ကြောင်း သိရသည်။

အမည်ရင်း Kaing Guek Eav ဟုခေါ်သော Duch က မိမိသည် ခမာနီအစိုးရခေါင်းဆောင်များ၏အမိန့်ကို လိုက်နာခဲ့ခြင်းသာဖြစ်ကြောင်း ခုခံချေပထားပြီး ၂၀၁၀ ပြည့်နှစ်တွင် ထောင်ဒဏ် ၃၅ နှစ်ချမှတ်ခံရခြင်းဖြစ်သည်။ ထောင်ဒဏ်ချမှတ်ခံရချိန်တွင် အသက် ၆၇ နှစ်ရှိသော Duch သည် လူ ၁၄၀၀၀ သေဆုံးစေခဲ့သည့် S-21 ထောင်မှူးအဖြစ် ထမ်းဆောင်ခဲ့သူဖြစ်သည်။

၂၀၁၀ ပြည့်နှစ်တွင် ထောင်ဒဏ်ချမှတ်စဉ်က တရားသူကြီးက ပြောကြားရာ၌ Duch သည် ၎င်း၏လုပ်ရပ်အတွက် တာဝန်ရှိကြောင်း ဝန်ခံခြင်း၊ တရားရုံးနှင့်ပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်ခဲ့သည့်အတွက် ထည့်သွင်းစဉ်းစားမှုပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ Duch က ၎င်း၏အပြစ်အတွက် ဝန်ခံခဲ့ပြီး ခွင့်လွှတ်ပေးရန် တောင်းခံခဲ့သည်။

တရားခွင်တွင် ပြောကြားရာ၌ မိမိ သည် ခေါင်းဆောင်တို့ ၏ အမိန့်ကို နာခံခြင်းသာဖြစ်သဖြင့် အပြည်ပြည် ဆိုင်ရာဥပဒေအရ မိမိကို ပြစ်ဒဏ် မချမှတ်သင့်ကြောင်း တောင်းဆိုခဲ့သည်။

၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း ခမာနီအစိုးရအုပ်ချုပ်စဉ်အတွင်း နိုင်ငံလူဦးရေ၏လေးပုံတစ်ပုံဖြစ်သော အနည်းဆုံးလူ ၁ ဒသမ ၇ သန်းသေဆုံးစေခဲ့မှုနှင့်ပတ်သက်၍ ရုံးတင်စစ်ဆေးရန်အတွက် ကုလသမဂ္ဂနှင့် ကမ္ဘောဒီးယားတို့အကြား ဆယ်စုနှစ်တစ်ခုကြာ ဆွေးနွေးခဲ့သည်။

*Ref: CNN*

# ခမာနီတရားရုံးတွင် ငွေကြေးပြတ်လပ်မှုကြောင့် ကမ္ဘောဒီးယားဝန်ထမ်းများကို လစာမပေးနိုင်

အလှူရှင်နိုင်ငံများထံမှ အလှူငွေမရရှိမှုကြောင့် ကုလသမဂ္ဂကျောထောက်နောက်ခံပြုခမာနီတရားရုံးတွင် ပိုက်ဆံပြတ်လပ်နေသဖြင့် ကမ္ဘောဒီးယားဝန်ထမ်း ရာကျော်အတွက် လစာငွေပေးအပ်နိုင်ခြင်း မရှိကြောင်း တရားရုံးပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

ခမာနီတရားရုံးတွင် တရားသူကြီးများအဆင့်မှ ယာဉ်မောင်းဝန်ထမ်းအဆင့်အထိ ဝန်ထမ်း ၃၀၀ ကျော်ရှိပြီး ၎င်းတို့သည် ယခုလအတွက်လစာရမည်မဟုတ်ကြောင်းနှင့်ဖေဖော်ဝါရီနှင့်မတ်လတွင်လည်း လစာငွေမရရှိနိုင်ကြောင်း တရားရုံးပြောခွင့်ရပုဂ္ဂိုလ် Neth Pheaktra က ပြောကြားခဲ့သည်။

"ကျွန်တော်တို့မှာ ပိုက်ဆံ မရှိပါဘူး။ တရားသူကြီးနဲ့ အစိုးရရှေ့နေတွေဆိုရင် အောက်တိုဘာလကတည်းကလစာမရတာပါ"ဟု ၎င်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ရန်ပုံငွေလိုငွေပြခြင်းက စစ်ရာဇဝတ်ခုံရုံးရှိနိုင်ငံတကာဆိုင်ရာဝန်ထမ်း ၁၃၀ ကျော်ကို ထိခိုက်မှုမရှိခဲ့ပေ။၎င်းတို့လစာကို ကုလ သမဂ္ဂနိုင်ငံများမှပေးအပ်ခြင်း ဖြစ် သည်။

တရားရုံးရှိ ကမ္ဘောဒီးယားနိုင်ငံသားများအတွက် လစာကိုမူ ဂျပန်၊ ပြင်သစ်နှင့် ဩစတြေးလျနိုင်ငံအစရှိသည့် အလှူရှင်နိုင်ငံများထံမှရရှိသည့် ငွေဖြင့် ပေးခြင်းဖြစ်သည်။

တရားရုံး၏ ၂၀၁၂-၂၀၁၃ ခုနှစ်ဘဏ္ဍာရေးနှစ် ဘတ်ဂျက်အတွက် ဆွေးနွေးရန်အတွက် တရားရုံးမှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီလအတွင်းတွင် နယူးယောက်သို့ သွားရောက်ပြီး အလှူရှင်နိုင်ငံများနှင့်တွေ့ဆုံမည်ဖြစ်သည်။ *Ref:AFP*

# အငြင်းပွားရေပိုင်နက်တွင် တရုတ်က ပင်လယ်အောက် ဓာတ်ငွေ့ တူးဖော်ခြင်းကို ဂျပန်ဆန့်ကျင်

နှစ်နိုင်ငံအငြင်းပွား ရေပိုင်နက်တွင် နှစ်နိုင်ငံ ပူးပေါင်းပြီး ဓာတ်ငွေ့တူးဖော်မှုပြုသွားမည်ဆိုသည့် သဘောတူညီမှုတစ်ခုကို တရုတ်နိုင်ငံက ချိုးဖောက်ခဲ့ပြီး အရှေ့တရုတ်ပင်လယ်ရှိဓာတ်ငွေ့သိုက်ကို တစ်ဖက်သတ်တူးဖော်မှုပြုသည်ဟု ဂျပန်နိုင်ငံက စွပ်စွဲပြောကြားခဲ့သည်။

ပင်လယ်အောက်ဓာတ်ငွေ့သိုက်တစ်ခုအနီးရှိ တရုတ်အဆောက်အအုံတစ်ခုတွင် အချက်ပြမီးအလင်းရောင်ကိုမြင်တွေ့ခဲ့ပြီးနောက် တရုတ်နိုင်ငံ၏လုပ်ရပ်ကိုဂျပန်နိုင်ငံက ဆန့်ကျင်ခဲ့ခြင်းဖြစ်ကြောင်းအစိုးရအဖွဲ့အတွင်းဝန် Osamu Fujimura က ဖေဖော်ဝါရီ ၁ ရက်နေ့တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

"မီးအလင်းရောင်ကို ကျွန်တော်တို့တွေ့ရှိခဲ့တယ်။ အဲဒီမီးဟာ ဓာတ်ငွေ့တူးဖော်မှုလုပ်နေဖွယ်ရှိတဲ့သင်္ကေတတစ်ခုပါပဲ။ ဘယ်လိုတစ်ဖက်သတ်ရေနံတူးဖော်မှုကိုမှ လက်မခံပါဘူး"ဟု Fujimura က ပြောကြားခဲ့သည်။

ဂျပန်အမည်Kashi နှင့် တရုတ်အမည် Tianwaitian ဟု သိရှိထားသည့်ဓာတ်ငွေ့သိုက်သည် နှစ်နိုင်ငံစီးပွားရေးဇုန်ဗဟိုအနီးတွင်တည်ရှိခြင်းဖြစ်သည်။ *Ref: AP*

# သမ္မတအကွီနို တောင်ကိုရီးယားသူနှင့် မေတ္တာမျှနေ



အကွီနိုနှင့် ဂရေ့စ်လီ

ဖိလစ်ပိုင်သမ္မတ လူပျိုကြီးဘင်နစ်နိုအကွီနိုသည် သူ့ထက်အသက် ၂၀ ကျော်ငယ်သည့် တောင်ကိုရီးယားသူနှင့်မေတ္တာမျှနေကြောင်း အတည်ပြုခဲ့သည်။

လာမည့် သီတင်းပတ်တွင် အသက် ၅၂ နှစ်ပြည့်မည့် သမ္မတအကွီနိုက အစီအစဉ်တင်ဆက်သူ တောင်ကိုရီးယားသူဂရေ့စ်လီနှင့် မေတ္တာမျှနေသည်ဟု သတင်းများထွက်ပေါ်နေခြင်းနှင့်ပတ်သက်ပြီး "ကျွန်တော်တို့ နှစ်ယောက်ချိန်းဆိုမှုတွေလုပ်ခဲ့ကြတယ်"ဟု အတည်ပြုကြားခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိဂရေ့စ်လီသည် ကလေးဘဝကတည်းက ဖိလစ်ပိုင်သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုအခါတွင် မနီလာရှိ နာမည်ကျော် ဂီတရေဒီယိုအစီအစဉ်တစ်ခုတွင် ပူးတွဲအစီအစဉ်တင်ဆက်သူအဖြစ် လုပ်ကိုင်နေသည်။ ဂရေ့စ်သည် ရုပ်သံရှိုးပေါင်းများစွာတွင်လည်း အစီအစဉ်တင်ဆက်သူ ပြုလုပ်ခဲ့သူဖြစ်ပြီး ၎င်း၏ twitter စာ မျက်နှာတွင် ပရိသတ် ၆၀၀၀၀ နီးပါး ရရှိထားသူဖြစ်သည်။ ဂရေ့စ်သည် အမျိုးသားမဂ္ဂဇင်း FHM (ဖိလစ်ပိုင်ဘာသာဖြင့်ထုတ်ဝေသည့်မူ)တွင် ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီး ၁၀၀ စာရင်းတွင် ဖော်ပြခံခဲ့ရသည်။

ယခင်ချစ်သူနှင့် မေတ္တာရေးအခြေများမှာ ပြီးဆုံးခဲ့ပြီဟု ၂၀၁၁ ခုနှစ်တွင် ပြောကြားခဲ့သည့် နဖူးပြောင်ပြီး မျက်မှန်တပ်ဆင်ထားရသူ သမ္မတအကွီနိုက ကိုရီးယားသူနှင့် မေတ္တာမျှနေမှု အကြောင်းကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

မိမိ၏လုပ်ငန်းတာဝန်များ ကြီးလေးလွန်းမှုကြောင့် ၂၀၁၆ ခုနှစ် သမ္မတသက်တမ်း မကုန်ခင်အထိ တစ်ကိုယ်တည်းနေထိုင်မည်ဆိုသည့် စိတ်ကူးထားမှုကို စွန့်လွှတ်တော့မည်ဟုလည်းအကွီနိုက ပြောကြားခဲ့သည်။ အကွီနို၏ ညီမတစ်ဦး ပြောပြချက်အရ အကွီနိုသည် ၎င်းထက်ငယ်ရွယ်သည့်အမျိုးသမီးသုံးဦးထက်မနည်းနှင့်ချစ်ကြိုက်ခဲ့ဖူးသည်ဟုဆိုသည်။ *Ref: AFP*

# FBI မှအလိုရှိသော ထိပ်တန်းအကြမ်းဖက်သမားအချို့အား ဖိလစ်ပိုင်လေကြောင်း စစ်ဆင်ရေးဖြင့်နှိမ်နင်း

ဖိလစ်ပိုင်စစ်တပ်သည် အကြမ်းသမားများအား လေကြောင်းမှ ဖေဖော်ရီလ ၂ ရက်နေ့က စစ်ဆင်ရေးပြုလုပ်ရာ FBI မှအလိုရှိဆုံးအကြမ်းဖက်သမားများစာရင်းတွင် ထိပ်ဆုံး၌ပါဝင်သောအကြမ်းဖက်သမားတစ်ဦးနှင့် အခြားထိပ်တန်းအကြမ်းဖက်သမားနှစ်ဦးအားနှိမ်နင်းနိုင်ခဲ့ကြောင်း ဗိုလ်မှူးကြီး Arnulfo Marcelo Bugos မှပြောကြားခဲ့ပါသည်။

နိုင်ငံတောင်ဘက်စွန်းရှိ ဆူလူပြည်နယ် မင်ဒါနာအိုကျွန်းစုအတွင်းရှိ မွတ်စလင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုအား နံနက်စောစောပိုင်းအချိန်တွင် လေကြောင်းမှနေ၍တိုက်ခိုက်မှုပြုခဲ့ခြင်းဖြစ်သည်။ စစ်ဆင်ရေးတွင် ထိပ်တန်းအကြမ်းဖက်သမားများအပါအဝင် အခြားလက်နက်ကိုင် ၁၅ ဦးအား နှိမ်နင်းနိုင်ခဲ့သည်။

FBI မှ အလိုရှိဆုံးအကြမ်းဖက်သူများစာရင်းတွင် ထိပ်ဆုံးမှ ပါဝင်နေသော Jemaah Islamiyah အဖွဲ့ခေါင်းဆောင် Zulkifli bin Abdul Hir သည် FBI ဝက်ဘ်ဆိုက်၌ ဒေါ်လာငါးသန်း ဆုကြေးထုတ်ခံထားရသူဖြစ်သည်။ အခြားနှိမ်နင်းနိုင်ခဲ့သည့်အကြမ်းဖက်သမားနှစ်ဦးအနက် တစ်ဦးမှာ မလေးရှားလူမျိုးတစ်ဦးဖြစ်၍အကြမ်းသမားများအား လက်နက်များ ပံ့ပိုးပေးသူတစ်ဦးဖြစ်၍ ကျန်တစ်ဦးမှာJemaah Islamiyah အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်းစစ်ဘက်မှ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးမှပြောကြားခဲ့ပါသည်။

မင်ဒါနာအို ကျွန်းစုသည် ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်သော မွတ်စလင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်တွင်ပါဝင်ပြီး ခရစ်ယာန်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လွတ်လပ်သောမွတ်စလင်နယ်မြေအဖြစ်ခွဲထွက်ရန် ကြိုးပမ်းလျက်ရှိသည်။ Jemmaah Islamiyah အကြမ်းဖက်အဖွဲ့သည် ၂၀၀၂ ခုနှစ် အောက်တိုဘာ၌ဘာလီတွင်ဗုံးဖောက်ခွဲခဲ့မှုမှစတင်ထင်ရှားလာ၍အိုစမာဘင်လာဒင်နှင့်နီးကပ်စွာဆက်ဆံမှုရှိခဲ့သည့်အဖွဲ့ဖြစ်သည်။ *Ref:CNN*

# ဂျပန်တွင် နှင်းများထူထပ်စွာကျဆင်းမှုကြောင့် လူ ၆၀ နီးပါးသေဆုံး

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် နှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် လူပေါင်းအနည်းဆုံး ၅၆ ဦးခန့် သေဆုံးပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ဖေဖော်ရီလ ၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ ရက်သတ္တပတ်ပေါင်းများစွာ နှင်းများထူထဲစွာ ကျဆင်းနေမှုကြောင့် နှင်းတောင်များ ပြိုကျနိုင်မည့် အန္တရာယ်နှင့်ကြုံတွေ့နေရပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်များစွာ ထိခိုက်မှုရှိခဲ့ကြောင်းသိရသည်။

အမိုးများနှင့် လမ်းများပေါ်ရှိ နှင်းများဖယ်ရှားရှင်းလင်းရာမှ သေဆုံးသူ ၄၃ ဦးအားတွေ့ရှိခဲ့ပြီး အဆောက်အဦးများပေါ်မှ နှင်းများပြိုကျလာမှုကြောင့်နောက်ထပ်လူခုနစ်ဦးသေဆုံးခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်များစီစဉ်ကြီးကြပ်ရေးအေဂျင်စီကထုတ်ပြန်သည်။ ဂျပန်နိုင်ငံ၏ ဆောင်းရာသီသည်လွန်ခဲ့သည့်နှစ်အနည်းငယ်မှစတင်၍ ကမ္ဘာ့အအေးဆုံး ဆောင်းရာသီများထဲတွင် ပါဝင်လာခဲ့သည်။

နှင်းတောင်ပြိုကျမှုများကြောင့် မြောက်ပိုင်းAkita စီရင်စုအတွင်းရှိ သဘာဝအလျောက်ဖြစ်ပေါ်လာသော ရေပူစမ်းများရှိသည့် တောင်ပေါ်အပန်းဖြေစခန်းတစ်ခုတွင် လူလေးဦးသေဆုံးခဲ့၍ တောင်ခြေရှိအပန်းဖြေရွက်ဖျင်တဲသုံးခုပျက်စီးခဲ့ရသည်။

ဒေသခံရဲတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးဝန်ထမ်းများမှ နှင်းများအောက်တွင်ပိတ်မိနေသူမကျန်ရှိတော့ဟုအတည်ပြုလိုက်ကြောင်း ဒေသခံရဲတပ်ဖွဲ့မှပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

မြောက်ပိုင်းကျွန်းစုများဖြစ်သော ဟော့ကိုင်းဒိုးနှင့် ဟွန်ရှူးကျွန်းတို့တွင်နှင်းများထူထပ်စွာကျရောက်လျက်ရှိသည်။ *Ref: AFP*



ဂျပန်မြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းရှိ အဆာဟိကာဝမြို့ အဆာရှိယာမာတိရစ္ဆာန်ရုံတွင် နှင်းဖုံးသောလမ်းပေါ်တွင် ပင်ဂွင်းများလမ်းလျှောက်နေကြသည်ကို ကြည့်ရှုနေကြစဉ်

# ရုံးတော်ကိုမထီမဲ့မြင်ပြုမှုဖြင့် ဝန်ကြီးချုပ်ဂီလာနီတရားစွဲခံရ



ပါကစ္စတန်ဝန်ကြီးချုပ်ဂီလာနီ(ဝဲပုံ)၊ တရားရုံးချုပ်ရှေ့တွင် စောင့်ကြပ်နေသော အစောင့်စစ်သားတစ်ဦး

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့်တရားစွဲမှုခံယူရန် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တရားရုံးသို့လာရောက်ရန် ဝန်ကြီးချုပ်ဂီလာနီအား ပါကစ္စတန်တရားရုံးချုပ်က ဆင့်ခေါ်ထားကြောင်း ၎င်း၏ရှေ့နေကဖေဖော်ဝါရီလ ၂ ရက်နေ့တွင်ပြောကြားခဲ့သည်။

သံသယဖြစ်ဖွယ်ခြစားမှုတွင် သမ္မတဇာ ဒါရီအပါအဝင်လူအချို့ကို ဝန်ကြီးချုပ်ဂီလာနီက စုံစမ်းစစ်ဆေးပေးရန်တရားရုံးက တောင်းဆိုမှုတွင် ဇာဒါရီက ငြင်းဆန်ခဲ့ခြင်းကြောင့် ဂီလာနီကို ရုံးတော်မထီမဲ့မြင်ပြုမှုဖြင့် စွဲဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် တရားစွဲဆိုခံရခြင်းမှကင်းလွတ်ခွင့်ရသည်ဆိုကာ တရားရုံး၏တောင်းဆိုမှုကို ဂီလာနီက ငြင်းဆိုထားခဲ့သည်။

ဂီလာနီကို ဇန်နဝါရီလ ၁၉ ရက်နေ့ကလည်း ယင်းကဲ့သို့စုံစမ်းစစ်ဆေးရန်ပျက်ကွက်မှုနှင့်ပတ်သက်ပြီးဖြေရှင်းချက်ပေးရန် တရားရုံးချုပ်ကဆင့်ခေါ်ခဲ့သည်။

အကယ်၍ တရားရုံးကို မထီမဲ့မြင်ပြုမှုတွင်အပြစ်ရှိကြောင်းတွေ့ရှိရပါက ဂီလာနီသည် ရာထူးမှထုတ်ပယ်ခံရနိုင်သော်လည်း ရွေးကောက်ပွဲအရာရှိများက အရည်အချင်းမပြည့်မီကြောင်း မဆုံးဖြတ်မခြင်း ရာထူးတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ၎င်း၏ ရှေ့နေအိုက်ဇက်အာဆန်က ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်ပြောကြားခဲ့သည်။ ဂီလာနီအားတရားစွဲဆိုမည့် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန်ဝန်ကြီးချုပ်ကို အကြံပြုမည်ဟု အာဆန်က ပြောကြားခဲ့သည်။

"အဖွဲ့အစည်းကြီး နှစ်ခုကြားတင်းမာမှုနဲ့ပတ်သက်လို့စိုးရိမ်မိပါတယ်"ဟုအာဆန်ကသတင်းထောက်များကို ပြောကြားခဲ့သည်။ လောလောဆယ်ဝန်ကြီးချုပ်၏အမှုကို တရားရုံးချုပ်တရားသူကြီး ခုနစ်ဦးက ကိုင်တွယ်နေသည်။

မထီမဲ့မြင်ပြုမှုစွဲချက်များသည်ဂီလာနီအတွက်အဆုံး၏အစဖြစ်လာနိုင်ကြောင်း Pakistan's Institute for Legislative Development and Transparency ပညာရှင်အကြံပေးအဖွဲ့အကြီးအကဲ အာမက်ဘီလားလ်မက်ဘွတ်ခ်က ပြောကြားခဲ့သည်။

လိုအပ်ပါကထောင်ထဲသို့သွားမည်ဟုလွန်ခဲ့သည့်လကဂီလာနီက စီအင်အင်သို့ပြောကြားခဲ့သည်။"တရားရုံးက ဒီလိုမျိုးဆန္ဒရှိနေတယ်ဆိုရင် ကျွန်တော့်ဘက်ကလည်း ကန့်ကွက်စရာမရှိပါဘူး"ဟု ဂီလာနီက ပြောကြားခဲ့သည်။ *Ref: CNN*

# ဘင်္ဂလားဒေ့ရှ်ရွှေ့ပြောင်းအခြေချအလုပ်သမားများ၏ အိမ်ပြန်ပို့ငွေ ဇန်နဝါရီလက စံချိန်တင်

ဘင်္ဂလားဒေ့ရှ်ရွှေ့ပြောင်းအခြေချအလုပ်သမားများ၏ အိမ်ပြန်လွှဲငွေသည် ယခုနှစ်ဇန်နဝါရီလတွင် ဒေါ်လာ ၁ ဒသမ ၂၂ ဘီလျံအထိ စံချိန်တင်ခဲ့ပြီး နိုင်ငံ၏ နိုင်ငံခြားအရန်ငွေကြေးကျဆင်းလာမှုကိုသက်သာရာရစေခဲ့ကြောင်း ဗဟိုဘဏ်တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဇန်နဝါရီလ အိမ်ပြန်လွှဲငွေသည် ယမန်တစ်နှစ်ကထက် ၂၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဒီဇင်ဘာလကထက် ၆ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့သည်။ ဒီဇင်ဘာလက ဘင်္ဂလားဒေ့ရှ်ရွှေ့ပြောင်းအခြေချအလုပ်သမားများသည် ဒေါ်လာ ၁ ဒသမ ၁၅ ဘီလျံထိစံချိန်တင်ပြန်ပို့ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်တာကာ ငွေကြေး သည်ယမန်နှစ် နှောင်း ပိုင်းမှစပြီး တန်ဖိုးကျဆင်း နေရာ အစိုးရဘတ်ဂျက်လိုငွေ ပြမှုကြီးမား စေခဲ့သည်။ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရွှေ့ပြောင်းအခြေချအလုပ်သမား ခုနစ်သန်းကျော်၏ အိမ်ပြန်ပို့ငွေသည် ဘင်္ဂလားဒေ့ရှ် အတွက် ပို့ကုန်ကဏ္ဍပြီးလျှင် ဒုတိယမြောက်နိုင်ငံခြားငွေအမြင့် ဆုံးရှာပေးသည့် ကဏ္ဍဖြစ်သည်။ *Ref:AFP*

# အကျပ်ရိုက်နေသည့် တောင်ကိုရီးယားအာဏာရပါတီအမည်ပြောင်း

အဓိကကျသည့်ရွေးကောက်ပွဲ နှစ်တစ်နှစ်တွင် ထောက်ခံမှုတိုးမြင့် စေရန်ကြိုးပမ်းသည့်အနေဖြင့်တောင်ကိုရီးယားကွန်ဆာဗေးတစ်အာဏာရပါတီသည် ဖေဖော်ဝါရီလ ၂ ရက်နေ့ကပါတီ၏အမည်ကိုပြောင်းလဲခဲ့သည်။ သို့သော်လည်းယင်းသို့အမည်ပြောင်းခြင်းမှာ အပေါ်ယံခြယ်သမှုတစ်ခုသာဖြစ်ပြီး မဲဆန္ဒရှင်များ၏အထင်ကြီးလေးစားမှုကိုရရှိနိုင်မည်မဟုတ်ကြောင်းဝေဖန် မှုများလည်းရှိနေသည်။အင်တာနက်မှရရှိသည့်အကြံပြုချက် ၁၀၀၀၀ ကိုအခြေပြု၍ Sae nuri (ကမ္ဘာသစ်)ဆိုသည့်အမည်သစ်ကိုရွေးချယ်လိုက်ကြောင်းGrand National Party ( GNP)ပါတီက ကြေညာခဲ့သည်။ ပါလီမန်တွင်အမတ်နေရာ ၂၉၉ နေရာရှိသည့်အနက် ၁၆၆ နေရာရ ရှိထားသည့် အာဏာပါတီသည် သမ္မတရာထူးကိုလည်းရယူထားသည်။မဲဆန္ဒရှင်များ၏ ယုံကြည်မှု သိသိသာသာကျဆင်းလာချိန် တွင် ဧပြီလ ၌ ကျင်းပမည့်အထွေထွေရွေးကောက်ပွဲနှင့်ဒီဇင်ဘာလ၌ကျင်းပမည့် သမ္မတ ရွေးကောက်ပွဲတို့တွင်ရှုံးနိမ့်နိုင်သည်ဟုမျှော်လင့်ထားသည်။ Ref:AFP

# အရှေ့တီမောသမ္မတ ရာမို့စ်ဟော်တာ ဒုတိယ သက်တမ်းထပ်မံယှဉ်ပြိုင်မည်



ရာမို့စ်ဟော်တာ

နိုဘယ်ငြိမ်းချမ်းရေးဆုရှင် အရှေ့တီမောသမ္မတ ရာမို့စ်ဟော်တာသည် နောက်ထပ်ငါးနှစ်သက်တမ်းအတွက်ရွေးကောက်ပွဲဝင်ပြိုင်မည်ဖြစ်ကြောင်းသမ္မတဝက်ဘ်ဆိုက်မှ ကြေညာခဲ့သည်။

ပြီးခဲ့သည့်နှစ်ကမူ ရာမို့စ်ဟော်တာသည်သူနှင့်အတူ ငြိမ်းချမ်းရေးနိုဗယ်ဆုပူးတွဲရရှိခဲ့သူဘုန်းတော်ကြီးဘီလိုနှင့်တွေ့ဆုံခဲ့စဉ်ကရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု ငြင်းဆန်ခဲ့ဖူးသည်။

မတ်လ ၁၇ ရက်တွင်ပြုလုပ်မည့် သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်းနေရာအတွက် ၁၀ ဦး ခန့်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး သမ္မတလောင်းနေရာအတွက် လက်ရှိသမ္မတ ရာမို့စ်ဟော်တာ၊ ယခင်ရွေးကောက်ပွဲတွင် အဓိကပြိုင်ဘက်ဖြစ်ခဲ့သူ လူအိုလာနှင့် စစ်တပ်အကြီးအကဲဟောင်း ဗိုလ်ချုပ်မာတာရောက်ခ်တို့သုံးဦးသာ အဓိက ယှဉ်ပြိုင်ရဖွယ်ရှိသည်။

၂၀၀၇ ခုနှစ် ရွေးကောက်ပွဲကာလက ရာမို့စ်ဟော်တာသည် တစ်သီးပုဂ္ဂလအနေဖြင့်ဝင်ပြိုင်ခဲ့ပြီး ဝန်ကြီးချုပ် ဂုစ်မာအိုနှင့် ၎င်း၏ အရှေ့တီမောပြန်လည်တည်ထောင်ရေးကွန်ဂရက်ပါတီတို့၏ ထောက်ခံမှုဖြင့်ရွေးကောက်ပွဲဒုတိယအကျော့တွင်အနိုင်ရခဲ့သည်။ ယခုတစ်ကြိမ်တွင်မူ ရာမို့စ်ဟော်တာသည် လူအိုလာထက် ဝန်ကြီးချုပ်ဂုစ်မာအိုနှင့် ရင်းနှီးသောဆက်ဆံရေးရှိသူဗိုလ်ချုပ်မာတာရောက်ခ်နှင့်သာ အဓိကယှဉ်ပြိုင်ရဖွယ်ရှိသည်။

အရှေ့တီမောနိုင်ငံသည် လူဦးရေ ၁ ဒသမ ၁ သန်းသာရှိသော ကျွန်းတစ်ဝက်နိုင်ငံငယ်လေးဖြစ်သည်။ ပေါ်တူဂီကိုလိုနီအဖြစ် နှစ်ပေါင်း ၄၀၀ ကျော်နေခဲ့ရပြီး နောက် ၁၉၇၅ ခုနှစ်တွင်အင်ဒိုနီးရှား၏ အုပ်ချုပ်မှုအောက်သို့ရောက်ရှိခဲ့သည်။ ၂၄ နှစ်အကြာ ၁၉၉၉ ခုနှစ်တွင်မှ ခွဲထွက်ရေးလူထုဆန္ဒခံယူနိုင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် လွတ်လပ်ရေးတရားဝင်ရခဲ့ပြီး လက်ရှိဝန်ကြီးချုပ်ဂုစ်မာအိုသည် နိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် သက်တမ်းတစ်ကြိမ် ထမ်းဆောင်ခဲ့သည်။ *Ref: AFP*

# ဘင်လာဒင်ကိုနှိမ်နင်းရာတွင် အမေရိကန်ကို သတင်းပေးခဲ့သည့် ဆရာဝန်အား တရားစွဲဆိုရန် သင့်၊ မသင့် မဆုံးဖြတ်ရသေးကြောင်း ပါကစ္စတန်အစိုးရပြောကြား

အိုစမာဘင်လာဒင်အား ဖမ်းဆီးမှုမပြုလုပ်ခင် အမေရိကန်သို့ ထောက်လှမ်းရေးအချက်အလက်များ ရှာဖွေစုဆောင်းပေးခဲ့သည့် ပါကစ္စတန်ဆရာဝန်တစ်ဦးအား နိုင်ငံတော်သစ္စာဖောက်မှုဖြင့်တရားစွဲဆိုရန် သင့်၊ မသင့် မဆုံးဖြတ်ရသေးကြောင်း ပါကစ္စတန်အစိုးရအရာရှိတစ်ဦးက ပြောကြားလိုက်သည်။

ဘင်လာဒင်၏နေအိမ်ခြံဝင်းအတွင်းမှလူများ၏ ဒီအင်န်အေနမူနာများကိုရရှိရန်အတွက် စီအိုင်အေကစီစဉ်ခဲ့မှုတွင် ဒေါက်တာရှာကယ်အာဖရီဒီက ကူညီဆောင်ရွက်ခဲ့မှုကြောင့် ဘင်လာဒင်ရှိကြောင်းကို အမေရိကန်တပ်ဖွဲ့များက အတည်ပြုနိုင်ခဲ့သည်။

ဂါးဒီးယန်းသတင်းစာတွင် ဖော်ပြချက်အရ ဘင်လာဒင်၏နေအိမ်အားဝင်ရောက်စီးနင်းမည့် ကာလမတိုင်မီ ယင်းဒေသအတွင်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အတွက် စီအိုင်အေက ဒေါက်တာအာဖရီဒီကိုငှားရမ်းခဲ့ကြောင်း၊ ခြံဝင်းအတွင်းရှိ ဘင်လာဒင်မိသားစုဝင်များထံမှ ဒီအင်န်အေနမူနာများရယူပြီး ၂၀၁၀ ပြည့်နှစ်အတွင်း အမေရိကန်နိုင်ငံ၊ ဘော်စတွန်မြို့၌သေဆုံးခဲ့သည့် ဘင်လာဒင်၏ညီမဖြစ်သူ၏ ဒီအင်န်အေနှင့် တိုက်စစ်ရန်ဖြစ်ကြောင်းသိရသည်။ အိမ်နီးချင်းများ၏ ပြောကြားချက်အရ မိမိတို့အိမ်သို့လည်း သူနာပြုပုံစံအမျိုးသမီး နှစ်ဦးရောက်ရှိလာပြီး ကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

*Ref: CNN*

# အာဏာပိုင်တို့ကိုဆန္ဒပြခဲ့သည့် တရုတ်ရွာတစ်ရွာတွင် ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းကျမဲပေးခွင့်ရ

ပြီးခဲ့သောနှစ်တွင် ဒေသ အာဏာပိုင်များကို ဆန္ဒပြခဲ့သော တရုတ်ရှိ ရွာတစ်ရွာတွင် ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းကျ လွတ်လပ်သောရွေးကောက်ပွဲတစ်ရပ်ကို ဖေဖော်ဝါရီလ ၁ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်းရှိချမ်းသာ ကြွယ်ဝသူများသော ကွမ်တုံပြည်နယ်ရှိ ဂူကန်ရွာမှဒေသခံများသည် မြေသိမ်းခံရမှု၊ ခြစားမှုကိစ္စတို့နှင့်ပတ်သက်၍ ဒေသအာဏာပိုင်တို့ကို ပြီးခဲ့သော ဒီဇင်ဘာလက သီတင်းပတ်တစ်ပတ်ကျော်ကြာ ဆန္ဒပြခဲ့ပြီး လွတ်လပ်သော ရွာကော်မတီ ရွေးကောက်ပွဲပြုလုပ်ပေးရန်လည်း တောင်းဆိုခဲ့သည်။

တစ်ပါတီစနစ်ကျင့်သုံးသော တရုတ်တွင် ထိပ်ပိုင်းခေါင်းဆောင်များကို ပြည်သူများက ရွေးချယ်ခွင့်မရှိဘဲ ရွာများတွင်လည်း ရွာသားများကိုကိုယ်စားပြုမည့်ကော်မတီကိုသာ မဲပေးရွေးချယ်ခွင့်ရှိသည်။

သို့ရာတွင် ဂူကန်ရွာသားများမှာမူ ကျေးရွာကော်မတီကိုပင်ကိုယ်တိုင်ရွေးခွင့်မရှိခဲ့ဖူးကြောင်း၊ လွတ်လပ်ပွင့်လင်းစွာ မဲပေးခွင့်မရရှိခဲ့ဖူးကြောင်း၊ ကြိုတင်ရွေးချယ်ထားပြီးဖြစ်သော ရွာကော်မတီအဖွဲ့ဝင်များကိုသာ လက်ခံနေရကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ပြီးခဲ့သော ဒီဇင်ဘာလတွင် ဂူကန်ရွာရှိ ကွန်မြူနစ်ခေါင်းဆောင် Xue Jinbo သည် ထိန်းသိမ်းခံထားရစဉ်ရိုက်နှက်ခံရပြီးသေဆုံးခဲ့သဖြင့် လာဘ်စားပြီး မြေသိမ်းနေသော ရွာကော်မတီခေါင်းဆောင်များအပေါ် ယခင်ကတည်းက အမြင်မကြည်ဖြစ်နေသော ရွာသားများသည် ဆန္ဒပြခဲ့ကြပြီး ရဲများ၊ အာဏာပိုင်များနှင့် ထိပ်တိုက်တွေ့မှုဖြစ်ခဲ့သည်။

ယင်းဆန္ဒပြမှုမှာ အာရုံစိုက်ခြင်းခံရပြီး ကွမ်တုံပြည်နယ်အစိုးရကိုယ်တိုင် နောက်ဆုံးတွင် ရွာသားများကိုယ်စား ဝင်ရောက်ဖြေရှင်းပေးခဲ့ရသည်။ ခြစားမှုများကို စုံစမ်းစစ်ဆေးခဲ့ပြီးနောက်ရွာသားများ၏လုပ်ဆောင်ချက်မှာ လက်သင့်ခံစရာကောင်းပြီး ကြိုတင်ရွေးချယ်ထားသော ရွာကော်မတီခေါင်းဆောင်များမှာ တရားမဝင်ကြောင်း ပြည်နယ်အစိုးရကဆုံးဖြတ်ချက်ချခဲ့သည်။ *Ref: AFP*



ဖေဖော်ဝါရီလ ၁ ရက်နေ့ ဂူကန်ကျေးရွာတွင် ကျေးရွာကော်မတီရွေးကောက်ပွဲပြုလုပ်နေစဉ်

# အီဂျစ်ဘောလုံးပွဲ၌ လူ ၇၉ ဦးသေဆုံးမှုနှင့်ပတ်သက်၍ လွှတ်တော်အတွင်းတွင်ပါ ပဋိပက္ခများဖြစ်ပွား

အီဂျစ်နိုင်ငံ၌ ဘောလုံးပွဲအတွင်း အချင်းများ၍အဓိကရုဏ်းဖြစ်မှုကြောင့်လူ ၇၉ ဦးသေဆုံးမှုနှင့်ပတ်သက်၍ ဖေဖော်ဝါရီလ ၂ ရက်နေ့ကနိုင်ငံ၏ သက်တမ်းနုနယ်သေးသော လွှတ်တော်အတွင်းအချင်းများမှုများ ဖြစ်ပွားခဲ့ပါသည်။

လွှတ်တော်အတွင်း ဆွေးနွေးမှုများကို ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသရာ အချင်းများမှုများ ပြင်းထန်လာသဖြင့် လွှတ်တော်ဥက္ကဋ္ဌက တိုက်ရိုက်ထုတ်လွှင့်ပြသမှုအား ရပ်တန့်ရန် ညွှန်ကြားခဲ့သည်။ သို့ရာတွင် အမတ်များက ကန့်ကွက်သောကြောင့် ပြန်လည်ရုတ်သိမ်းပေးခဲ့ရသည်။

မွတ်စလင်ဘရားသားဟုဒ်အဖွဲ့၏ Freedom and Justice ပါတီမှ လွှတ်တော်အမတ်တစ်ဦးက ယခုမငြိမ်မသက်မှုကိုကိုင်တွယ်ရာတွင်ညံ့ဖျင်းခဲ့သော ပြည်ထဲရေးဝန်ကြီးနုတ်ထွက်ပေးရန် တောင်းဆိုခဲ့သည်။အခြားလွှတ်တော်အမတ်တစ်ဦးကလည်း ဘောလုံးကွင်းအတွင်းသို့ ပရိသတ်များလက်နက်ယူလာခြင်းကို လုံခြုံရေးများကခွင့်ပြုပေးခဲ့ကြောင်း စွပ်စွဲခဲ့သည်။

အီဂျစ်တို့၏အာဏာရှင် Hosni Mubarak အား ရာထူးမှဖယ်ရှားနိုင်ခဲ့သည့်တစ်နှစ်ပြည့်အထိမ်းအမှတ်ပြီးနောက်များမကြာမီ၌ ဤကဲ့သို့ အဓိကရုဏ်းများဖြစ်ပွားခဲ့ဖြင်းဖြစ်သည်။ Cairo's Al Ahly ဘောလုံးအသင်းနှင့် Al-Masry ဘောလုံးအသင်းတို့အကြား၌ စတင်ဖြစ်ပွားခဲ့သောအချင်းများမှုများသည်ပြီးဆုံးသွားသော်လည်း မရှင်းလင်းမှုများကျန်ရှိနေသေးသဖြင့် စုံစမ်းစစ်ဆေးရေးကော်မတီမှ စုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။ နှစ်ဖက်ပရိသတ်များပဋိပက္ခဖြစ်ပွားစဉ် ရဲများက ဟန့်တားခဲ့ခြင်းမရှိဟု စွပ်စွဲမှုများရှိနေသည်။ *Ref: CNN*



ဖေဖော်ဝါရီလ ၃ ရက်နေ့က ဘောလုံးပွဲပဋိပက္ခဖြစ်ခဲ့ပြီးနောက် ကိုင်ရိုမြို့လယ်ရှိ ပြည်ထဲရေးရုံးရှေ့တွင် စောင့်ကြပ်နေကြသော လုံထိန်းများ

# ဆော်ဒီအာရေဗျတွင် တာလီဘန်နှင့်ဆွေးနွေးရန် အာဖဂန်အစိုးရမျှော်မှန်း

ဆော်ဒီအာရေဗျတွင် လာမည့်သီတင်းပတ်များအတွင်း၌တာလီဘန်ကိုယ်စားလှယ်များနှင့်ဆွေးနွေးရန်အာဖဂန်အစိုးရအဖွဲ့က မျှော်မှန်းထားကြောင်းအာဖဂန်နစ္စတန်နိုင်ငံမှအကြီးတန်းအရာရှိတစ်ဦးကပြောကြားခဲ့သည်။

ရှုပ်ထွေးလှသည့် သံတမန်အကြောင်းအရာများအတွက် ဆွေးနွေးမှုများပြုလုပ်နေကြောင်းနှင့် တာလီဘန်များနှင့်အာဖဂန်နစ္စတန်အစိုးရအဖွဲ့ကြားဆွေးနွေးမှုကို ဆော်ဒီနိုင်ငံတွင် ကျင်းပနိုင်ရန်အတွက် စီစဉ်ခဲ့ကြောင်းအမည်မဖော်သည့်အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လအတွင်း ကာတာတွင် တာလီဘန်ရုံးဖွင့်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို အမေရိကန်ကလက်ခံခဲ့သည်။ အာဖဂန်ရင်ကြားစေ့ရေးကြိုးပမ်းမှုကို အမေရိကန် အထောက်အပံ့ပြုမှုအဖြစ် ဂွမ်တာနာမိုအကျဉ်းစခန်းရှိ တာလီဘန်အကျဉ်းသားအချို့ကို လွှဲပြောင်းနိုင်ခြေရှိမှုများအတွက်လည်း ဆွေးနွေးခဲ့ကြသည်။

အာဖဂန်အစိုးရအဖွဲ့နှင့် တာလီဘန်တို့ ဆွေးနွေးမှုပြုလုပ်မည့်ရက်နှင့်ဆွေးနွေးပွဲသို့တက်ရောက်မည့်သူများကို စီစဉ်နေဆဲဖြစ်ကြောင်း၊ ယင်းဆွေးနွေးပွဲသည် ကာတာလုပ်ငန်းစဉ်ကိုဆန့်ကျင်မှုမဟုတ်ကြောင်းအမည်မဖော်သည့်အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျတွင် ကျင်းပမည့် ဆွေးနွေးပွဲတွင် အမေရိကန်ပါဝင်မည်၊ မပါဝင်မည်ကို မပြောကြားနိုင်သေးပေ။ *Ref: CNN*

# အခြေခံဥပဒေပြင်သော ဆီနီဂေါသမ္မတ တတိယမြောက်သက်တမ်းယှဉ်ပြိုင်ခွင့်ရသဖြင့် ဆန္ဒပြမှုဖြစ်ပွား

ဆီနီဂေါသမ္မတ Abdoulaye Wade တတိယမြောက်သမ္မတသက်တမ်းအတွက် ရွေးကောက်ပွဲယှဉ်ပြိုင်ခွင့်ကို တရားရုံးက ခွင့်ပြုခဲ့သောကြောင့် ဆန္ဒပြမှုဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဆန္ဒပြမှုထပ်မံပြုလုပ်ရန်စီစဉ်နေကြောင်းသိရသည်။

အသက် ၈၅ နှစ်ရှိ Wade သည် ၂၀၀၀ ပြည့်နှစ်မှစ၍ သမ္မတရာထူးရယူခဲ့ပြီး သမ္မတသက်တမ်းနှစ်ကြိမ်အထိသာ ယှဉ်ပြိုင်ခွင့်ပြုထားသောအခြေခံဥပဒေကိုပြင်ဆင်ပြီး သုံးကြိမ်ဆက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သက်တမ်းနှစ်ကြိမ်ဆက်သာယှဉ်ပြိုင်ခွင့်ပြုသော အခြေခံဥပဒေ အာဏာမသက်ရောက်မီ သမ္မတဖြစ်ခဲ့သဖြင့် မိမိသည် ကင်းလွတ်ခွင့်ရရှိကြောင်း ခုခံချေပထားပြီး တရားရုံးကလည်း တတိယမြောက်သက်တမ်းအတွက် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

မြို့တော်ဒါကာတွင် အတိုက်အခံတို့က ဇန်နဝါရီလ ၃၁ ရက်ညက ဆန္ဒပြခဲ့ပြီး သမ္မတနန်းတော်အထိ ချီတက်ကြရန် တိုက်တွန်းခဲ့သည်။ ရဲများနှင့် ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် ဆန္ဒပြသူတစ်ဦးသေဆုံးကာ လူဒါဇင်များစွာ ဒဏ်ရာရခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ထုတ်လွှင့်ခဲ့သည်။

ရဲကားတစ်စီးက လူငယ်တစ်ဦးကိုဝင်တိုက်ခဲ့သဖြင့်သေဆုံးခဲ့ကြောင်း သတင်းများမှာ မှန်ကန်မှုမရှိဟု ရဲတပ်ဖွဲ့က ငြင်းဆိုခဲ့သော်လည်း ဆန္ဒပြသူတစ်ဦးသေဆုံးကြောင်းကိုမူ အတည်ပြုခဲ့သည်။

အတိုက်အခံတို့ က ဆန္ဒပြခဲ့ပြီး ဖမ်းခံထားရသောအတိုက်အခံခေါင်းဆောင်နှင့်အခြား အဖွဲ့ဝင်များကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ *Ref: CNN*



ဇန်နဝါရီလ ၃၁ ရက်နေ့က မြို့တော်ဒါကာတွင် ရဲများနှင့် ကန့်ကွက်သူများ ထိပ်တိုက်တိုးနေစဉ်

# ဆိုင်နိုင်းတွင် ဖမ်းခံထားရသော တရုတ်လုပ်သား ၂၅ ဦး ပြန်လည်လွတ်မြောက်

အီဂျစ်နိုင်ငံ၊ ဆိုင်နိုင်းတွင် လက်နက်ကိုင်အဖွဲ့ Bedouins ၏ပြန်ပေးဆွဲခြင်းခံထားရသော တရုတ်လုပ်သား ၂၅ ဦးပြန်လည်လွတ်မြောက်ရေးအတွက် အီဂျစ်ထောက်လှမ်းရေးအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးတို့က စေ့စပ်ညှိနှိုင်းခဲ့ပြီးနောက် ပြန်လည်လွတ်မြောက်လာခဲ့သည်ဟု တရုတ်နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။



ဆိုင်းနိုင်းတွင် ပြန်လွတ်လာသည့် တရုတ်လုပ်သားများ

ယင်းအလုပ်သမား ၂၄ ဦးနှင့် ဘာသာပြန်တစ်ဦးသည် ဘတ်စကားဖြင့် အီဂျစ်စစ်တပ်ပိုင်သောဘိလပ်မြေစက်ရုံသို့သွားရောက်စဉ် ဒေသခံများ၏တားဆီးခြင်းခံရပြီး အနီးရှိတဲများသို့ခေါ်ဆောင်ခြင်းခံရကြောင်း ကိုင်ရိုရှိ တရုတ်သံရုံးမှတာဝန်ရှိသူတစ်ဦးဖြစ်သူ Ma Jianchun ၏ပြောကြားချက်ကိုကိုးကား၍ ဆင်ဟွာကဖော်ပြခဲ့သည်။ ပြန်လည်လွတ်မြောက်လာသူတို့မှာ အခြေအနေကောင်းမွန်ကြောင်း ပြန်လွတ်လာသူများကို ဆိုင်နိုင်းတွင် တွေ့ဆုံခဲ့သောတရုတ်သံရုံးတာဝန်ရှိသူကို ကိုးကား၍ ဆင်ဟွာက ဖော်ပြခဲ့သည်။

ဆိုင်နိုင်းတောင်ပိုင်းနှင့် Sharm El Sheikh တွင် ၂၀၀၄–၂၀၀၆ ခုနှစ်ဗုံးခွဲမှုများနှင့်ပတ်သက်၍ ဖမ်းဆီးခံထားရသော မိမိတို့အဖွဲ့ဝင်များကိုပြန်လွှတ်ပေးရန် Bedouin အဖွဲ့က တောင်းဆိုခဲ့ကြောင်း ဆိုင်နိုင်းမြောက်ပိုင်းလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး ဆာလက်ဟ်အယ်လ်မာဆရီက ပြောကြားခဲ့သည်။ ဆိုင်နိုင်းမှာ အီဂျစ်အရှေ့မြောက်ပိုင်းဒေသတစ်ခုဖြစ်ပြီး အစ္စရေး၊ ဂါဇာတို့နှင့် ထိစပ်နေသည်။ *Ref: CNN*

# ဆူဒန်သူပုန်များဖမ်းဆီးထားသည့် လုပ်သားများကို လွှတ်ပေးရန် တရုတ်တောင်းဆို

အခြေအနေတင်းမာမှုများကို ကူညီရန်အတွက် တရုတ်ကိုယ်စားလှယ်အဖွဲ့အား စေလွှတ်ခဲ့ပြီး ဆူဒန် သူပုန်များဖမ်းဆီးထားသည့် တရုတ်လုပ်သား ၂၉ ဦးကို ချက်ချင်းလွှတ်ပေးရန် တရုတ်တာဝန်ရှိသူများက ဇန်နဝါရီ ၃၁ ရက်နေ့တွင် တောင်းဆိုခဲ့သည်။

မဆုတ်သာ မတိုးသာဖြစ်နေမှုများကို ဖြေရှင်းပေးရန်အတွက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဆူဒန်သို့ စေလွှတ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

Kordofan တောင်ပိုင်းရှိ တရုတ်လုပ်သားများနေထိုင်ရာ စခန်းကို ဇန်နဝါရီ ၂၈ ရက်နေ့တွင် ဆူဒန်သူပုန်များတိုက်ခိုက်ခဲ့ပြီးနောက် တရုတ်အလုပ်သမားများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အလုပ်သမားများကို ဓားစာခံများအဖြစ်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု အစိုးရက ထုတ်ပြန်ခဲ့သော်လည်း အစိုးရတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများဖြစ်ရာတွင် အလုပ်သမားများသည် ဘေးဒုက္ခများ ကြုံတွေ့နေရကြောင်း သူပုန်များက ပြောကြားခဲ့သည်။

တရုတ်သည် ဆူဒန်၏ အဓိက ကုန်သွယ်မှုမိတ်ဆွေဖြစ်သည်။တရုတ်နိုင်ငံသည် ဆူဒန်မှ ရေနံကို အဓိကဝယ်ယူသည့် နိုင်ငံဖြစ်ပြီး ဆူဒန်အတွက် အဓိက စစ်ရေးလက်နက်များထောက်ပံ့ပေးသည့် နိုင်ငံဖြစ်သည်။ *Ref:AFP*

# ယီမင်သမ္မတဆာလက်ဟ်ကို စစ်ဆေးမေးမြန်းခွင့်ပေးရန် ဂွမ်တာနာမိုအကျဉ်းသား၏ရှေ့နေ တောင်းဆို

၂၀၀၀ ပြည့်နှစ်က အမေရိကန်လေယာဉ်တင်သင်္ဘော USS Cole တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ စွဲချက်တင်ခံထားရသော ဂွမ်တာနာမိုအကျဉ်းသားတစ်ဦး၏ ရှေ့နေက အမေရိကန်သို့ ဆေးကုရန်ရောက်နေသောယီမင်သမ္မတအလီ အဗ္ဗဒူလာ ဆာလက်ဟ်ကို ယင်းတိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခွင့်ပေးရန် တရားရုံးထံ တောင်းဆိုခဲ့ကြောင်းသိရသည်။

ဂွမ်တာနာမိုအကျဉ်းသား Abd al-Nashiri အတွက် ပင်တဂွန်ကခန့်ထားသောရှေ့နေ ရေတပ်ဒုတိယတပ်မှူးစတီဖင်ရီယက်စ်က ဆာလက်ဟ်သည် အမေရိကန်လေယာဉ်တင်သင်္ဘောတိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ သိရှိထားသည့်အချက်အလက်များရှိမည်ဟု ယုံကြည်ကြောင်း ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

သင်္ဘောသား ၁၇ ဦးသေဆုံးစေခဲ့သော ယီမင်အေဒင်ဆိပ်ကမ်းတွင် တိုက်ခိုက်မှုဖြစ်ပွားချိန်က ဆာလက်ဟ်သည် သမ္မတအဖြစ်ရှိနေချိန်ဖြစ်ပြီး ယခုအခါ ဆေးကုရန် အမေရိကန်သို့ရောက်ရှိနေသည်။

အမေရိကန်သို့ရောက်နေစဉ် ဆာလက်ဟ်ကို တရားရုံးလာရောက်ရန် ညွှန်ကြားချက်ထုတ်နိုင်သည့် အခွင့်အရေးရှိကြောင်း ရီယက်စ်က ပြောကြားခဲ့သည်။ ရီယက်စ်သည် ဆာလက်ဟ်ကို စစ်မေးခွင့်ပြုရန် ဇန်နဝါရီလ ၃၁ ရက်တွင် စစ်ဘက်တရားရုံးထံ စာတင်ခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်လည်း ရီယက်စ်ကအမေရိကန်မှ ဆာလက်ဟ် မထွက်ခွာမီ တားဆီးနိုင်မည့်အဆိုတစ်ခုကိုလည်း တင်သွင်းခဲ့သည်။

ပင်တဂွန်က လုံခြုံရေးဆိုင်ရာသုံးသပ်မှုပြုလုပ်ပြီးသည်အထိ ယင်းအဆိုနှစ်ခုကို အရေးယူဆောင်ရွက်မည်မဟုတ်ကြောင်း သိရပြီး ယင်းရှေ့နေကိုလည်း ယင်းအဆိုများနှင့်ပတ်သက်၍ ဆွေးနွေးခြင်းတို့ကို တားမြစ်ထားသည်။

အကယ်၍ ယင်းအဆိုများကို အတည်ပြုလိုက်ပါက ဖေဖော်ဝါရီလ ၂၁ ရက်ရွေးကောက်ပွဲတွင် ယီမင်သို့ပြန်ဖွယ်ရှိသည့် ဆာလက်ဟ်ကို တရားရုံးသို့လာရောက်ရန် ဆင့်ခေါ်နိုင်ဖွယ်ရှိသည်။ *Ref: AP*

# အမှောင်မှမလွန်မြောက်မီ

မြတ်သစ်

ပစ္စက္ခတည်ရှိမှုကို အတိတ်တည်ရှိမှုလက်မခံဘဲ မသိနားလည်နိုင်။ အမှောင်မရှိဘဲ အလင်းမရှိနိုင်။ အလင်းထဲမှာပင် အမှောင်တည်ရှိနေသည်။ ယင်းသည်ပင်ဆန့်ကျင်ဘက် အစုံဖြစ်သည်။ ဤသို့ဆန့်ကျင်ဘက်နှစ်ခု၊ အစွန်းနှစ်ခုတည်ရှိနေမှုကိုလည်းကောင်း၊ အလယ်ဗဟိုမှရပ်တည်ခြင်းကိုလည်းကောင်းမဟာဇျူဟာဆက်နွယ်မှုဟုဒရိုင်ဒါကသွန်းဆိုခဲ့သည်။

(Buddhisms and Deconstructions)

ဆောင်းညနေခင်းတစ်ခုတွင် ဆီဒင်ကားတစ်စီးသည် နိုင်းမြစ်ကမ်းနံဘေးရှိ တောမြို့လေး၏လမ်းကျဉ်းလေးထဲဝင်ရောက်လာသည်။ သစ်သီးလှည်းတွေ၊ မြည်းတွေ၊ အမဲသားဆိုင်တွေနှင့်ရှုပ်ထွေးနေသည့် လမ်း။ ထိုလမ်းကျဉ်းလေးရှိ အိမ်နံရံ၊ ဆိုင်နံရံတွေမှာ ရွေးကောက်ပွဲပိုစတာတွေကပ်ထားကြသည်။ ထိုအရပ်တွင် နေသော ဆင်းရဲသားတောင်သူလယ်သမားများ၏နှလုံးသားထဲမှာ ယုံကြည်ထားတာတစ်ခုရှိသည်။ တရားမျှတမှုသည် မိမိတို့နေထိုင်ရာအရပ်ဒေသသို့ပြန်လည်ရောက်ရှိတော့မည်။ တော်လှန်ရေးကြီးက လူသားတွေအားလုံးသာတူညီမျှရှိသည်ဆိုသောအချက်ကို သင်ကြားပေးလိုက်ပေပြီ။

ဆီဒင်ကားပေါ်မှလူတစ်ယောက်ထွက်လာသည်နှင့် လူအုပ်ကြီးက သောင်းသောင်းဖျဖျကြိုဆိုကြသည်။ တော်လှန်ရေးသူရဲကောင်းကြီးလာပြီဟော့ဟု အော်ဟစ်ကြသည်။ ကြိုဆိုနှုတ်ဆက်ခံရသော ပုဂ္ဂိုလ်က လူအုပ်ကြီးကိုလွတ်လပ်ရေးနဲ့ တရားမျှတရေးရှိရမည်။ မနက်ဖြန်ဆိုရင် ကျုပ်တို့ ပိုအင်အားကောင်းလာတော့မယ်ဟု ပြောလိုက်သည်။

ထိုပုဂ္ဂိုလ်၏အမည်က မိုဟာမက်အယ်တာဂီ။ အီဂျစ်တော်လှန်ရေး၏ထင်ရှားသည့်ခေါင်းဆောင်။ တက်ကြွသောနိုင်ငံရေးသမား။ မွတ်စလင်ဘရားသားဟုဒ်တွင် ထင်ရှားသည့် ခေါင်းဆောင်ဖြစ်ပေမယ့် သူ့ကိုတော့ လစ်ဘရယ်အယူဆရှိသူတွေကလည်း လက်ခံကြိုဆိုကြသည်။ တဟီရာရင်ပြင်တွင်ဖြစ်ပွားခဲ့သော လူထုဆန္ဒပြပွဲတွေကို သူက ထောက်ခံကြိုဆိုခဲ့သည်။

အီဂျစ်နိုင်ငံမှာ ဘာသာရေး အယူသီးသမားတွေ၊ လောကီသီးသန့်ဝါဒီတွေကအင်အားကောင်းနေသည်။ တစ်ဘက်မှာ လစ်ဘရယ်အယူအဆရှိသူတွေ၊ ကျန်တစ်ဘက်မှာက စစ်တပ်။ ပြည်သူအများစုကတော့ လွတ်လပ်ရေး၊ တရားမျှတရေးနှင့် လူနေမှုဘဝတိုးတက်ရေးတို့ကို မျှော်လင့်စောင့်စားနေကြရသည်။ ပြည်သူလူထုလိုလားသည်က မှန်ကန်သော၊ အဓိပ္ပာယ်ပြည့်ဝသောပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။ ပြောင်းလဲမှုတစ်ရပ်ဖြစ်ပေါ်စေရန်လည်း လူထုဆန္ဒပြပွဲကြီးဖြင့် အုပ်ချုပ်ရေးယန္တရားကိုပြိုပျက်ခဲ့ပြီးပြီ။ သို့ပေမယ့် နိုင်ငံရေးအခြေအနေမှာ မတည်ငြိမ်သေး။

အယ်တာဂီက သူ့ကို ကြိုဆိုထောက်ခံနေသော လူထုကြီးအား သမ္မတရွေးကောက်ပွဲချက်ချင်းပြုလုပ်ရေးကိုတောင်းဆိုလိုက်၏။ အီဂျစ်တပ်မတော်သည် မိမိတို့စစ်တန်းလျားသို့ပြန်သွားရမည်။ စစ်မှန်သောသမ္မတ၊ စစ်မှန်သောပါလီမန်ကို မိမိတို့လိုလားကြောင်း ပြောလိုက်သည်။ စစ်အုပ်ချုပ်ရေးကောင်စီအပါအဝင်အခြားမည်သည့်ထိန်းကွပ်ကြိုးကိုင်မှုမှမလိုချင်ကြောင်းလည်း

**ပြည်သူအများစုကတော့ လွတ်လပ်ရေး၊ တရားမျှတရေးနှင့် လူနေမှုဘဝတိုးတက်ရေးတို့ကို မျှော်လင့်စောင့်စားနေကြရသည်။ ပြည်သူလူထုလိုလားသည်က မှန်ကန်သော၊ အဓိပ္ပာယ်ပြည့်ဝသောပြောင်းလဲမှုတစ်ရပ်ဖြစ်သည်…**

၎င်းကပြောသည်။ ဤကဲ့သို့ ရဲဝံ့စွာပြောကြားလိုက်သည့်အတွက် စစ်ဘက်မှ ငြင်းပြင်းမှုအပြင် ဘာသာရေးအယူသီးသမားများရှိနေသည့် မွတ်စလင်ဘရားသားဟုဒ်အဖွဲ့ဝင် အချို့ကလည်း နှစ်သက်မည်မဟုတ်ပေ။ မွတ်စလင်ဘရားသားဟုဒ် ခေါင်းဆောင်အများစုက စစ်ဘက်ယိမ်းနေသလို လစ်ဘရယ်အယူဆရှိသူများကိုလည်း မလိုလားကြ။

အယ်တာဂီသည် ၂၀၀၅ ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲကိုဘရားသားဟုဒ်အဖွဲ့ဝင်အဖြစ် ရွေးကောက်ခံခဲ့သည်။ သူက ထက်မြက်ထူးချွန်သူဖြစ်သလို လက်ဝဲယိမ်းအယူဆရှိသူလည်းဖြစ်နေသည်။ ခြစားမှုတိုက်ဖျက်ရေး၊ ချမ်းသာမှုများကို အကာအကွယ်ပေးသည့် အခွန်ဥပဒေများကို ပြင်ဆင်ရေးကိုစွမ်းစွမ်းတမံလုပ်ဆောင်ခဲ့သည်။ အီဂျစ်တော်လှန်ရေးတွင် အယ်တာဂီ၏အခန်းကဏ္ဍသည် ပို၍တောက်ပလာသည်။ အစဉ်လာအယူဆကိုင်စွဲထားသည့် ဘရားသားဟုဒ်မှလူကြီးများနှင့်ပဋိပက္ခပိုကြီးမားလာသည်။ ဆန္ဒပြပွဲတွေဖြစ်လာသည့် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဘရားသားဟုဒ်အဖွဲ့ဝင်လူငယ်များက ဆန္ဒပြပွဲပါဝင်ရန်အတွက် ခေါင်းဆောင်ရာကြသည့်အခါ အယ်တာဂီက တက်ကြွစွာပင်ပါဝင်ခဲ့သည်။ အယ်တာဂီသည် ဆန္ဒပြပွဲတွင်ပါဝင်သည့် လူငယ်များနှင့်အတူနေထိုင်စားသောက်ပြီး တိုက်ပွဲဝင်ခဲ့သည်မှာ မူဘာရက်ပြုတ်ကျသည့်နေ့ရက် ဖေဖော်ဝါရီလ ၁၁ ရက်နေ့အထိဖြစ်သည်။ ထို့နောက်တွင်တော့ အယ်တာဂီသည် လူငယ်များနှင့်အတူ လွတ်လပ်ရေး၊ တရားမျှတမှုရှိရေးကို ပါဝင်ခဲ့သည်။

နိုဝင်ဘာလ ၂၈ ရက်နေ့။ အီဂျစ်နိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲစတင်သည့်နေ့ဖြစ်သည်။ လူထုဆန္ဒပြပွဲများ၊ တော်လှန်ရေးများပြီးဆုံးသွားပြီ။ ရပ်တန့်သွားပြီ။ နောက်တစ်ကြိမ် ပေါ်ပေါက်ရန်အကြောင်းမရှိတော့။ အီဂျစ်ပြည်သူများသည် ငြိမ်းချမ်းစွာဖြင့် မဲရုံသို့သွား၍ဆန္ဒမဲများပေးခဲ့ကြသည်။ သို့သော် ရွေးကောက်ပွဲရလဒ်ကြေညာချိန်မှာတော့ ပြည်သူတွေကမကျေနပ်မှုတွေခံစားခဲ့ကြရသည်။ သဘောထားတင်းမာသည့် ဆာလာဖီပါတီက ၂၅ ရာခိုင်နှုန်းရသွားသည်။ လစ်ဘရယ်အယူဆရှိသူများအတွက်ကတော့ဤအနေအထားသည် မကောင်းမှန်းရိပ်စားမိလာကြသည်။ စစ်အုပ်ချုပ်ရေးကောင်စီကလည်း အခြေအနေကို တွက်ပြီး ရွေးကောက်ပွဲပြီးသည့် နောက်တွင် အခြေခံဥပဒေရေးဆွဲရေးနှင့် တိုင်းပြည်ငြိမ်သက်စေရေးအတွက် ဆက်လက်တည်ရှိနေမည်ဟု ကြေညာလိုက်၏။ ဤသို့ဖြင့် ၂၀၁၁ ဒီဇင်ဘာလလယ်ပိုင်းတွင် တဟီရာရင်ပြင်သို့ ဆန္ဒပြသူများ တစ်ကျော့ပြန်ရောက်ရှိလာကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆန္ဒပြမှုများကိုနှိမ်နင်းခဲ့ရာ လူ ၁၀ ယောက်ခန့် အသက်ဆုံးရှုံးခဲ့ရပြီးရာပေါင်းများစွာဒဏ်ရာရရှိခဲ့ကြသည်။

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် အီဂျစ်တော်လှန်ရေးတစ်နှစ်ပြည့်ခဲ့ပြီ။ ပြည်သူများကတော့ ပါလီမန်အမြန်ဆုံးခေါ်ရေး၊ စစ်အုပ်ချုပ်မှုကောင်စီ အာဏာယူထားမှုလျှော့ချရေးတို့ကို လိုလားနေကြသည်။ ပါလီမန်ထဲမှာ မွတ်ဆလင်ဘရားသားဟုဒ်နှင့်အစွန်းရောက်များတည်ရှိနေမှုကလည်း အီဂျစ်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက်ပြဿနာတစ်ရပ်ဖြစ်နေသည်။

"ကျွန်တော်တို့ကတော့ အီဂျစ်နိုင်ငံကို နေရောင်အောက်မှာရှိနေတာမြင်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ အီဂျစ်နိုင်ငံဟာ အမှောင်ထုထဲမှာ နှစ်ပေါင်းများစွာနေခဲ့ရလို့ပဲဖြစ်ပါတယ်။ လစ်ဗျား၊ တူနီးရှား၊ ယီမင်နှင့် ဆီးရီးယားနိုင်ငံတွေမှာ စစ်မှန်တဲ့ပြောင်းလဲမှုတွေ၊ ငြိမ်းချမ်းတဲ့ပြောင်းလဲမှုတွေမြင်တွေ့နေရပါပြီ။ သူတို့ဟာ ကျွန်တော်တို့ကြောင့်စိတ်အနှောင့်အယှက်မကြုံတွေ့စေချင်ပါဘူး"ဟု အယ်တာဂီကသူ့ကိုထောက်ခံသောလူထုကြီးအား အထက်ပါအတိုင်းပြောကြားလိုက်သည်။

အမှောင်မှ လွန်မြောက်ရန်အတွက် စိတ်ရှည်သည်းခံမှုနှင့်စွန့်လွှတ်မှုများစွာပြုလုပ်ရပေဦးမည်။

*Ref: 1/ Edited by Jin Y.Park; Buddhims and Deconstructions*
*2/ Roberth F Worth; A Voice of reconciliation in Egypt, under threat.*



ဖေဖော်ဝါရီလ ၃ ရက်နေ့က ကိုင်ရိုမြို့လယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာနရုံးချုပ်အနီးတွင် ဖြစ်ပေါ်ခဲ့သော မငြိမ်သက်မှုတွင် လုံထိန်းများပစ်ခတ်မှုကြောင့် ကျန်ရှိခဲ့သည့် ကျည်ခွံများနှင့် မျက်ရည်ယိုဗုံးခွံတစ်ခုကို ပြသနေသော လူငယ်တစ်ဦး

## ဂျာမနီဝန်ကြီးချုပ်မာကယ်နှင့် တရုတ်သမ္မတဟူကျင်တောင် တွေ့ဆုံ

ကြွေးမြီအကျပ်အတည်းကြုံနေရသော ဥရောပအပေါ် ပေကျင်းက ယုံကြည်မှုပိုမိုမြင့်တက်စေရေးအတွက် ဂျာမနီဝန်ကြီးချုပ်မာကယ်သည် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တရုတ်သမ္မတဟူကျင်တောင်နှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ယူရိုငွေကြေးအသုံးပြုသော စီးပွားရေးများ အခြေအနေဆိုးရွားနေမှုအပေါ် ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးဖြစ်သော တရုတ်ကစိုးရိမ်တကြီးစောင့်ကြည့်နေပြီး ဥရောပသမဂ္ဂခေါင်းဆောင်များအနေဖြင့် ယင်းပြဿနာကို လျင်မြန်စွာဖြေရှင်းရန် ထပ်ခါတလဲလဲတိုက်တွန်းခဲ့သည်။

မာကယ်သည် သမ္မတဟူကျင်တောင်နှင့်မတွေ့ဆုံမီ ဖေဖော်ဝါရီလ ၂ ရက်တွင် တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်နှင့်တွေ့ဆုံခဲ့ပြီး ဥရောပဇုန်အတွက် လိုအပ်သောအရေးပေါ်ချေးငွေများ ပေးအပ်နိုင်မည့်နည်းလမ်းများကို ရှာဖွေနေကြောင်း ဝမ်ကျားပေါင်က ပြောကြားခဲ့သည်။

တရုတ်သည် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှတစ်ဆင့် ဥရောပဇုန်ကြွေးမြီပြဿနာကို ဖြေရှင်းရာတွင် ထဲထဲဝင်ဝင်ပါဝင်နိုင်ရန် နည်းလမ်းရှာနေကြောင်း ဝမ်ကျားပေါင်က မာကယ်နှင့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဟူကျင်တောင်နှင့်တွေ့ဆုံပြီးနောက် မာကယ်သည် ဂျာမနီကုမ္ပဏီအများအပြားရှိနေသော တရုတ်ကုန်ထုတ်လုပ်ရေးအချက်အချာ ကွမ်တုံပြည်နယ်သို့ သွားရောက်ခဲ့သည်။ ၎င်းနှင့်အတူ ဝမ်ကျားပေါင်အပါအဝင် စွမ်းအင်၊ ဓာတု၊ အင်ဂျင်နီယာ၊ ဘဏ်၊ လျှပ်စစ်ကဏ္ဍများမှ အမှုဆောင်များလည်း လိုက်ပါခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီလ ၄ ရက်တွင် ဂျာမနီသို့ပြန်မည့်မာကယ်သည် တရုတ်လူ့အခွင့်အရေးဆိုင်ရာကိစ္စကိုလည်း အလေးပေးပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

*Ref:AFP*

## ဒိုက်ထိုးပြိုင်ရာတွင် အမေရိကန်သမ္မတကတော် အနိုင်ရ

လော့စ်အိန်ဂျလိစ်တွင် ကျင်းပခဲ့သည့် ဟာသသရုပ်ဆောင် Ellen DeGeneres ၏ ရုပ်သံ အစီအစဉ်တွင် အမေရိကန်သမ္မတကတော် မီရှယ်အိုဘားမားနှင့် Ellenတို့ဒိုက်ထိုးပြိုင်ခဲ့ရာတွင် သမ္မတကတော်က အနိုင်ရခဲ့သည်။

ဒိုက်ထိုးပြိုင်ရန်အတွက် Ellen ၏ ဖိတ်ခေါ်မှုကို သမ္မတကတော်က လက်ခံခဲ့ပြီး စတူဒီယိုရှိပရိသတ်ရှေ့တွင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ သမ္မတကတော်နှင့် Ellen တို့သည် ၎င်းတို့ဝတ်ဆင်ထားသည့် ကုတ်အင်္ကျီများကိုချွတ်ပြီး ဘေးချင်းယှဉ်ကာဒိုက်ထိုးပြိုင်ခဲ့ခြင်းဖြစ်သည်။

ယှဉ်ပြိုင်မှုကို ရပ်နားပြီးချိန်တွင် သမ္မတကတော် ဘယ်နှစ်ကြိမ်ဒိုက်ထိုးခဲ့လဲဟု ပရိသတ်များကို မေးမြန်းခဲ့ရာတွင် ၂၅ ကြိမ်ဟု ပြန်လည်ဖြေဆိုခဲ့သည်။

"သမ္မတကတော်တစ်ယောက်အနေနဲ့ ဒီလိုလုပ်တာ မကောင်းဘူးလို့ ကျွန်မထင်တယ်။ကျွန်မ Ellen ကို နိုင်တော့မယ့်အချိန်မှာ ဒီလိုလုပ်တာ မကောင်းဘူးလို့ထင်တဲ့အတွက် ဒိုက်ထိုးတာကို ရပ်လိုက်တာပါ။ ကျွန်မအသက် ၅၄ နှစ်ရှိပါပြီ။သူ့အသက်က ၄၈ နှစ်ပဲရှိပါသေးတယ်" ဟု မီရှယ်က ပြောကြားခဲ့သည်။

*Ref: AFP*

SATIRE





# ပြည်သူ့အသံနှင့် ပြည်သူ့ဝန်ထမ်း

နန္ဒဝင်း (ဆေး-၁)

ကျွန်တော်ဟာ ငယ်ငယ်ထဲက ဆရာဝန်တစ်ယောက် သိပ်ဖြစ်ချင်ခဲ့တာပါ။ ရည်ရွယ်ထားတဲ့အတိုင်းလည်းဖြစ်အောင်ကြိုးစားနိုင်ခဲ့ပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်ခဲ့ပေမယ့် ဘဝရဲ့အခြေအနေအရ (အဓိက က ကျွန်တော်ရဲ့ညံ့ဖျင်းမှုဖြစ်ပါလိမ့်မယ်) ဘာဘွဲ့လွန်အထူးကုမှမရခဲ့ပါဘူး။ လုပ်သက် ၁၀ နှစ်ကျော်လာတဲ့အခါမှာ ကျွန်တော် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး တစ်နည်း မြို့နယ်ဆရာဝန်ဘဝကိုရောက်ခဲ့ပါတယ်။ တွေ့ဖူးတဲ့ဆရာဝန်အငယ်တစ်ယောက်ပြောသလိုဆိုရရင် မြို့နယ်ဆရာဝန်ဆိုတာလက်ထောက်ဆရာဝန်အကြီးစားပါပဲတဲ့။ အရည်အချင်းကြောင့်ရတယ်လို့ သူမှတ်ထင်အသိအမှတ်ပြုပုံမရပါဘူး။ အမြဲတမ်းကြက်ခေါင်းဆိတ်မခံတဲ့ ကျွန်တော်နှုတ်ဆိတ်စွာနှင့်နေခဲ့ရပါတယ်။ အဲဒါကိုကြားသိသွားတဲ့ ကျွန်တော့်ထက်လုပ်သက်ရော၊ အသက်ပါကြီးတဲ့မြို့နယ်ဆရာဝန်အစ်ကိုကြီးတစ်ယောက်ကတော့ ဒီလိုဖြေပါတယ်။ သူက မျှစ်တစ်ချောင်းနှင့်ဝါးတစ်လုံးမတူပါဘူးတဲ့။ ဝါးဆိုတာမျှစ်ကဖြစ်လာပေမယ့် မျှစ်နှင့်အိမ်ဆောက်လို့မရသေးပါဘူး။ ဝါးဖြစ်မှအိမ်ဆောက်လို့ရပါတယ်တဲ့။ ကျွန်တော်ကတော့ ကိုယ်လည်းအငယ်ဘဝကကြီးလာခဲ့တာကြောင့် ကျွန်တော့်ငယ်ဘဝကျွန်တော့်အထက်မြို့နယ်ဆရာဝန်ကြီးတွေ၊ ဆေးရုံအုပ်၊ ဆေးရုံအုပ်ကြီးတွေနှင့်ဆက်ဆံခဲ့တုန်းက သူတို့တွေရဲ့ကောင်းမွန်တဲ့လုပ်ရပ်တွေကို အတုခိုးပြီး ခုမြို့နယ်ဆရာဝန်ဘဝမှာ လိုက်နာဆောင်ရွက်ပေးခဲ့ပါတယ်။ ကိုယ်မနှစ်သက်ခဲ့တဲ့ သူတို့ရဲ့ အပြုအမူတွေကို လုံးဝရှောင်ကျဉ်ပေးနိုင်ခဲ့ပါတယ်။ အားလုံးက ဆရာကြီး၊ ဆရာကြီးလို့ ခေါ်ဆိုနေကြတဲ့ ရေကန်သေးသေးလေးထဲက ငါးကြီးကြီးလေးဘဝကိုလည်း ကျေနပ်အားရနေမိခဲ့ပါတယ်။

မြို့နယ်ဆရာဝန်တစ်ယောက်မှာ ကုသရေး၊ ပြည်သူ့ကျန်းမာရေးအတွက်စီမံခန့်ခွဲရေး၊ ကွင်းဆင်းကြီးကြပ်ရေး၊ နေရာချထားရေးနှင့်အခြားဌာနများနှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ကိုမဖြစ်မနေလုပ်ဆောင်ရပါတယ်။ တာဝန်ယူတတ်ရင် အလုပ်တွေချည်းပါပဲ။ ဒီကြားထဲမှာ အရေးပါတာရော၊ မပါတာပါရောထွေးနေတဲ့ အစည်းအဝေးပေါင်းစုံကလည်း လစဉ်ခြိမ်းခြောက်နေပါတယ်။ (တစ်ခါတလေဆို လူနာတွေရော အလုပ်တွေကိုပါပစ်ထားခဲ့ရပြီးအစည်းအဝေးသွားတက်ရာမှာအစည်းအဝေးက အိမ်ဖြည့်ရုံသက်သက်အရေးလည်းမပါ အရာလည်းမရောက်ဆိုရင် တက်ရောက်မိတာကို အမြဲနောင်တရမိခဲ့ပါတယ်။)ခုနင်ကဆိုခဲ့တဲ့လက်ထောက်ဆရာဝန်ကလေးပြောသလိုကြီးလာလို့ဖြစ်စေ၊ အရည်အသွေးကြောင့်ဖြစ်စေရရှိလာခဲ့တဲ့မြို့နယ်ဆရာဝန်ဘဝမှာ အဲဒီလိုလုပ်ငန်းတွေများပြားနေပေမယ့် ကျွန်တော်ကတော့ ကျေနပ်နေပါတယ်။ တစ်နိုင်ငံလုံးအတွက် မစွမ်းဆောင်နိုင်ပေမယ့် ကိုယ်တာဝန်ယူရတဲ့ နိုင်ငံရဲ့ အပုံသုံးရာပုံတစ်ပုံကိုတော့ အကောင်းဆုံးတတ်စွမ်းသရွေ့ပြည်သူအားလုံးစိတ်၏ ချမ်းသာရေး၊ ကိုယ်၏ကျန်းမာရေးရရှိသွားအောင်ဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားခဲ့ပါတယ်။

ကျွန်တော်မြို့နယ်ဆရာဝန်ဖြစ်လာတဲ့ လွန်ခဲ့သော ၁၀ လကျော်တစ်နှစ်နီးပါးကာလကိုပြန်သုံးသပ်တဲ့အခါ အဓိက ကျွန်တော်လုံးပန်းခဲ့ရတဲ့အလုပ်တွေကတော့ တိုင်ကြားမှုတွေကို ဖြေရှင်းပေးနေရတာပါပဲ။ ကျွန်တော်ကတော့ တိုင်ကြားမှုတွေကို ကြိုဆိုပါတယ်။ ကြီးတဲ့အမှုသေးအောင် သေးတဲ့အမှုပပျောက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သလို တကယ်လို့အပြစ်တွေ့ခဲ့ရင်လည်း ခွင့်လွှတ်နားလည်နိုင်လောက်တဲ့အမှုဆိုနောက်နောင်မလုပ်တော့အောင်သတိပေးစည်းရုံးဖို့ကြိုးစားခဲ့ပါတယ်။ အတွေ့အကြုံအရဆိုရရင် တချို့တွေဟာ ပြုပြင်လာပြီး အင်မတန်အားကိုးရတဲ့သူတွေဖြစ်လာကြပါတယ်။ ဘယ်လိုမှပြင်လို့မရ လက်တွဲလို့မရတဲ့စုန်းပြူးတွေရှိကောင်းရှိနိုင်ပေမယ့် ကျွန်တော်ကတော့ ကံကောင်းစွာမတွေ့ခဲ့သေးပါဘူး။ အခုခေတ်မှာလည်း ဝန်ထမ်းတစ်ယောက်ကို အပြစ်ပေးလို့လွယ်သလို ပြန်ခန့်ဖို့ မလွယ်လှပါဘူး။ အထူးသဖြင့် နယ်မြေတစ်ခုအတွက် မရှိမဖြစ်လိုအပ်တဲ့ သားဖွားဆရာမတွေ၊ သူနာပြုတွေဆိုပိုလို့ ဆိုးပါတယ်။ အမှားဆိုတာ လူတိုင်းမကင်းနိုင်ကြပါဘူး။ ခွင့်လွှတ်ညှိနှိုင်းပေးနိုင်တဲ့အမှားမျိုးဆို ကျွန်တော်တို့အမြဲအဆင်ပြေအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့တချို့သောလူ၊ အဖွဲ့အစည်းတွေဟာ ပုဂ္ဂိုလ်ရေးမုန်းတီးမှုတွေကိုအခြေခံပြီး အမြစ်ပြတ်သုတ်သင်ရေး၊ လက်ဝေခံဖြစ်ရေး၊ လက်ဝါးကြီးအုပ်ခြယ်လှယ်ရေးဆိုတဲ့ ပြည်သူ့အကျိုးကိုအခြေမခံတဲ့အချက်တွေကို အခြေခံပြီးတိုင်ကြားနေကြတာကိုစိတ်ညစ်ဖွယ်ရာတွေ့မြင်နေရပါတယ်။ အဲဒီလိုလူ၊ အဖွဲ့အစည်းတွေနှင့်ဆို ကျွန်တော်တို့ လုပ်ရကိုင်ရမလွယ်တော့ပါဘူး။ သူတို့လိုချင်တဲ့ရည်ရွယ်ချက်မရောက်မချင်း ထပ်ခါတလဲလဲ အပြစ်ရှာတိုင်ကြားနေတတ်ကြပါတယ်။ ပြည်သူတွေရဲ့ခံစားချက်ပါလို့ဆိုပေမယ့် သူတို့ဆိုလိုတဲ့ ပြည်သူတွေ၊ သူတို့ဖော်ပြတဲ့နစ်နာနေပါတယ်ဆိုတဲ့ ပြည်သူတွေဆိုတာ ခေတ်အဆက်ဆက်အခွင့်အလမ်းပေါ်တိုင်းပေးနိုင်သူနားရောက်လာတတ်တဲ့ လူတွင်ကျယ်တွေ၊ အခွင့်ထူးခံတွေဖြစ်နေတတ်ပါတယ်။ အမှန်ကိုအမှားဖြစ်အောင်တစ်ဆိတ်ကို တစ်အိတ်ချဲ့ကြတဲ့အခါ နစ်နာသူတွေက ကျွန်တော်တို့ကို ကျွန်တော်၊ ကျွန်မတို့မှန်ကန်မှုအတွက်ရောဘာများတုံ့ပြန်ပေးမှာလဲလို့ဆိုကြပါတယ်။ လီဆယ်တိုင်တန်းသူတွေကိုရောအရေးမယူတော့ဘူးလားလို့ မေးကြပါတယ်။ တိုင်ကြားတယ်ဆိုရင် အောက်ခြေထိဆင်းပြီးစစ်ဆေးတဲ့ ကျွန်တော်တို့ဟာ တရားသူကြီးတွေမဟုတ်ဘဲ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးသူတွေသာဖြစ်ပါတယ်။ အပြစ်ပေးပိုင်ခွင့်၊ ပြန်လှန်အရေးယူပိုင်ခွင့်မရှိပါဘူး။ အထက်အဆင့်အသီးသီးကိုသာ ကျွန်တော်တို့တွေ့ရှိသမျှတွေကို ပြန်လှန်တင်ပြပေးရတာပါ။ အထက်အဆင့်ကပဲ နောက်ဆုံး ဆုံးဖြတ်ချက်ကိုချပေးတာပါ။ နောက်ပြီးတော့ ကျွန်တော်တို့တစ်ခါတလေစစ်ဆေးတဲ့အခါ ညောင်မြစ်တူးပုတ်သင်ဥပေါ်သလို ကိစ္စတွေလည်းတွေ့ရတတ်ပါတယ်။ ကျွန်တော်ကတော့ သေးတဲ့အမှု ပပျောက်စေဆိုတဲ့ ရည်ရွယ်ရင်းရှိတဲ့အတွက် မဆိုင်ဘဲတွေ့လာရတဲ့ ပြစ်ချက်အားနည်းချက်ကလေးတွေကို သက်ဆိုင်သူတွေကို တိုးတိုးတိတ်တိတ်ပဲခေါ်ယူသတိပေးလိုက်ပါတယ်။ တချို့စစ်ဆေးသူတွေကတော့ အဲဒီအပြစ်တွေကိုပါ တိုင်စာနှင့် ဆိုင်ဆိုင်မဆိုင်ဆိုင် အစီရင်ခံစာမှာထည့်သွင်းဖော်ပြတတ်လို့ တိုင်စာထဲကကိစ္စကြောင့် အလုပ်မထိခိုက်ဘဲ စစ်ဆေးရေးအဖွဲ့ရဲ့သေချာစွာဖော်ထုတ်မှုကြောင့် ဒုက္ခရောက်ရသူတွေလည်းရှိတတ်ပါတယ်။ ရှာတတ်ရင်အပြစ်ဆိုတာဘယ်သူမှကင်းမယ်မထင်ပါဘူး။ တစ်ခါတလေကိုယ်လုပ်နေတာ အမှန်လို့တောင် ထင်ပြီးလုပ်နေတတ်ကြပါတယ်။ ဘာကြောင့်ပါလဲ။

**ပြည်သူတွေဘာလိုလိုလုပ်ပေးရမယ်လည်း မဟုတ်ပါဘူး။ ကျင့်ဝတ်၊ နီတိ၊ စည်းကမ်းအတိုင်းသာတစ်လမ်းထဲထားမှန်မှန်ကန်ကန်ဆောင်ရွက်သွားဖို့လိုပါတယ်။ လူခင်လို့ မူပြင်တယ်၊ လူမုန်းလို့ မူသုံးတယ်ဆိုတာကို အတိတ်မှာထားခဲ့ပြီး မူမှန်လူမှန်ဆောင်ရွက်သွားရမည့်အချိန်လို့ ထင်မြင်မိပါတော့တယ် ...**

ကျွန်တော့်ရဲ့လွတ်လပ်တဲ့အမြင်နှင့်ဖော်ပြရရင် ကျွန်တော်တို့ဝန်ထမ်းတွေမှာခံယူချက်တွေဝေဝါးနေတယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံရဲ့ခေတ်စနစ်အခြေအနေတွေကြောင့် နှစ်ပေါင်းများစွာအမိန့်အာဏာအောက်ကပဲ ဆောင်ရွက်တတ်ခဲ့ကြပါတယ်။ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းဆိုတာထက်အစိုးရဝန်ထမ်းပီသဖို့သာကြိုးစားတတ်အောင်လေ့ကျင့်သင်ကြားခံခဲ့ရပါတယ်။ သူ့ဆန်စားရဲ့ရမယ်ဆိုပြီး နိုင်ငံတော်နှင့်ပြည်သူတို့၏သစ္စာကိုစောင့်သိရိုသေပါမယ်ဆိုတာထက် အထက်အဆင့်သောအစိုးရအုပ်ချုပ်သူတွေရဲ့အလိုကိုလိုက်ဆောင်ရွက်တတ်ခဲ့တာကြာပါပြီ။ (တစ်ခါတလေလမ်းကြောင်းအမှားပေါ်တောင်ရောက်၊ ရည်ရွယ်ချက်ပျောက်ပြီး လုပ်ငန်းတွေထိခိုက်ခဲ့ရပါတယ်) အဲဒီကာလတွေတုန်းက ဝန်ထမ်းတွေမှာ ဝန်ထမ်းကျင့်ဝတ်စည်းကမ်းအတိုင်းပဲဆောင်ရွက်ရမှာလား အုပ်ချုပ်သူတွေရဲ့အမြင်နှင့်ချမှတ်လာတဲ့လမ်းညွှန်ချက်တွေအတိုင်းလုပ်ရမှာလားဆိုတဲ့ ဝေဝါးတဲ့အတွေးတွေကို ခံစားကြရပါတယ်။ နောက်ဆုံးကျင့်ဝတ်အတိုင်းလည်းမဟုတ်၊ ညွှန်ကြားချက်အတိုင်းလည်းမဟုတ်တဲ့ ဟိုလိုလို ဒီလိုလိုလမ်းကြောင်းကိုသာရွေးချယ်ပြီး စမ်းတဝါးဝါးလုပ်ကိုင်ခဲ့ကြရပါတော့တယ်။ အမှားကြာလာတော့အမှန်လို့ထင်လာတတ်ပါတယ်။ အဲဒီအချိန်မှာစစ်ဆေးမှုတွေလုပ်လိုက်တော့အပြစ်တွေတွေ့ရတော့တာပေါ့။ ရင်နာစရာကောင်းတာကတော့တချို့သောနေရာတွေမှာ မကြာသေးခင်ကမှ သွေဖည်လာတဲ့လမ်းကြောင်းတစ်ခုကို အတုတကွလုပ်ကိုင်ခဲ့၊ အဲဒီလိုလုပ်ပါလို့ညွှန်ကြားချက်ပေးခဲ့သူတွေက ခုချိန်မှာအဲဒီလမ်းကြောင်းရဲ့အားနည်းချက်ကိုထောက်ပြတိုင်ကြားစေပြီး ခါတော်မီပြည်သူ့သူရဲကောင်းဘွဲ့ခံယူချင်တာပါပဲ။ ဘယ်လိုပဲဖြစ်ပါစေ ယနေ့ခေတ်ရဲ့အနေအထားအရ ကျွန်တော်တို့အားလုံးဟာ ပြည်သူ့ဝန်ထမ်းတွေဖြစ်ပါတယ်။ အစိုးရကိုယ်၌သည်ပင် ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ပြည်သူ့အစိုးရဖြစ်နေပါပြီ။ ပြည်သူ့ကိုပဲ တာဝန်ခံဆောင်ရွက်ရတော့မှာပါ။ ပြည်သူ့အတွက်ဆိုတော့ ထွေထွေထူးထူးမဟုတ်တော့ပါဘူး။ ပြည်သူတွေဘာလိုလိုလုပ်ပေးရမယ်လည်း မဟုတ်ပါဘူး။ ကျင့်ဝတ်၊ နီတိ၊ စည်းကမ်းအတိုင်းသာတစ်လမ်းထဲထားမှန်မှန်ကန်ကန်ဆောင်ရွက်သွားဖို့ လိုပါတယ်။ လူခင်လို့ မူပြင်တယ်၊ လူမုန်းလို့ မူသုံးတယ်ဆိုတာကို အတိတ်မှာထားခဲ့ပြီး မူမှန်လူမှန်ဆောင်ရွက်သွားရမည့် အချိန်လို့ ထင်မြင်မိပါတော့တယ်။



# ဇွတ်မညှိနဲ့ မတူတာကို လက်ခံနိုင်အောင်ကြိုးစား

လူထုစိန်ဝင်း



**ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းမှာအရောင်အသွေးအမျိုးအစားစုံ ပန်းတိုင်းပွင့်စေရမယ်။ အတွေးအခေါ်အယူအဆပေါင်းစုံလွတ်လွတ် လပ်လပ်ထွန်းကားစေရမယ်။ အားလုံးလွတ်လွတ်လပ်လပ်ငြင်းခုန် ဆွေးနွေးဖို့ အားပေးရမယ်။ ငြင်းခုန်ခြင်းဟာ ရန်ဖြစ်တာမဟုတ် ဘူး။ မတူတဲ့အယူအဆတစ်ခုကို ထုတ်ဖော်တင်ပြတာဖြစ်တယ်။**

ညီညွတ်ရင် အလုပ်တွင်တယ်။ ကောင်းတယ်။ မညီညွတ်ရင် အလုပ် မတွင်ဘူး။ ဖင့်နှေးတယ်။ ဒါပေမဲ့ မညီညွတ်တာမကောင်းဘူးလို့တော့ တထစ်ချပြောလို့မရဘူး။ ညီညွတ်တိုင်းကောင်းတယ်လို့ပြောမရနိုင်တာမျိုးရှိသလို မညီညွတ်လို့ကောင်းသွားတာမျိုးလည်းရှိတယ်။

## ကျွန်အဖြစ်တော့မနေဘူး

အင်္ဂလိပ်လက်အောက်မှာနေရတာကောင်းတယ်။ အဘက်ဘက်က တိုးတက်တယ်လို့ လူတိုင်း တညီတညွတ်တည်းသဘောထားနေကြရင် လွတ်လပ်ရေးဆိုတာရှိခဲ့မှာတောင် မဟုတ်ဘူး။ မျက်နှာဖြူတွေကို သခင်ခေါ်၊ ရှိခိုးဦးတင်လုပ်ပြီး သူတို့စားကြွင်းစားကျန်အရိုးအရင်းကိုက်ရတဲ့ ကျွန်အဖြစ်နဲ့တော့မနေဘူး။ ကိုယ့်မင်းကိုယ့်ချင်း သခင်ဘဝနဲ့ ထမင်းကြမ်းပဲ ယပ်ခတ်စားနေမယ်ဆိုတဲ့ သဘောကွဲသူတွေကြောင့်သာ အခုလို လွတ်လပ်တဲ့ နိုင်ငံအဖြစ်ရပ်တည်နိုင်ခဲ့တာဖြစ်တယ်။ အင်္ဂလိပ်လက်အောက်နေရတာကောင်းတယ်ဆိုသူတွေက လွတ်လပ်ရေးရပြီးမှ ဘယ်မှာ ကောင်းကောင်းနေရတာရှိလို့လဲလို့ အပြစ်ပြောကြတယ်။

## ဒုက္ခတွေများကြ

မှန်တယ်။ လွတ်လပ်ရေးရပြီးနောက်ဖြစ်လာတဲ့ ပြည်တွင်းစစ်ကြောင့် အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရနဲ့ ဒုက္ခတွေများကြရတယ်။ တောသူတောင်သားတွေ လယ်တွေယာတွေစွန့်ပစ်ပြေးကြရပြီး မြို့မှာ ကြုံရာကျပန်းအလုပ်ကြမ်းတွေလုပ်ကြရတယ်။ အာရှတိုက်ရဲ့ အချမ်းသာဆုံးနိုင်ငံအဖြစ်ကနေအဆင်းရဲဆုံးနိုင်ငံအဖြစ်လျှောကျသွားခဲ့ရတယ်။ ဒါပေမဲ့ ဒါတွေဟာ လွတ်လပ်ရေးကြောင့်ဖြစ်ရတာမဟုတ်ဘူး။အများပြောနေကြသလို မညီညွတ်လို့ဖြစ်ရတာ မဟုတ်ဘူး။ ညီညွတ်ရေးဆိုတဲ့စကားကိုအဓိပ္ပာယ်ကောက်လွဲလို့ ဒီမိုကရေစီရဲ့ အနှစ်သာရလိုမျက်ကွယ်ပြုကြလို့ဖြစ်တယ်။

## လူ ၁၀ ယောက်၊ အကြိုက် ၂၀

ညီညွတ်ရေးအကြောင်းပြောကြတဲ့အခါမှာ 'ရေကိုသားလို့အကြားမထင်' ဆိုတဲ့စကားနဲ့တင်စားပြောဆိုလေ့ရှိတယ်။ ဒါက စကားအဖြစ်သာပြောတာ။ လက်တွေ့လူ့လောကမှာ ဖြစ်နိုင်တာမျိုးမဟုတ်ဘူး။ လူတစ်ကိုယ်အကြိုက်တစ်မျိုးရှိခြင်းဟာ ဓမ္မတာတရားဖြစ်တယ်။ လူ ၁၀ ယောက်ရှိရင် စိတ် ၁၀ မျိုးနဲ့ အကြိုက် ၂၀ တောင်ရှိနိုင်သေးတယ်။ တစ်မိတည်းဖွားတဲ့ ညီအစ်ကိုမောင်နှမများတောင် စိတ်သဘောထားချင်တစ်ထပ်တည်းကျတယ်လို့ မရှိနိုင်ဘူး။ တစ်ယောက်အကြိုက်တစ်မျိုးရှိကြမှာပဲ။ ဒါပေမဲ့အိမ်ဆိုတဲ့ အမိုးတစ်ခုတည်းအောက်မှာအတူနေနိုင်ကြတယ်။ အတူနေရင်းကိုယ်နှစ်သက်ရာဝါသနာပါရာလုပ်ကြမြဲဖြစ်တယ်။

## စိတ်ကြိုက်ရွေးချယ်ခွင့်

တင်းနစ်ရိုက်ဝါသနာပါတဲ့ အစ်ကိုအကြီးဆုံးက တခြားညီတွေ၊ နှမတွေကိုတင်းနစ်မကစားလို့ဆိုပြီးရန်လုပ်လို့ဘယ်ဖြစ်မှာလဲ။ ဘောလုံးကန်ချင်သူကန်ပါစေ၊ ဘတ်စကက်ဘောကစားချင်သူကစားပါစေ၊ ကရာတေးကစားချင်သူ ကစားပါစေလို့ သဘောထားရမှာပဲ။ ဘာ အားကစားမှဝါသနာမပါဘူးဆိုပြီး ဘာမှမလုပ်ချင်သူလည်းနေပါစေပေါ့။ လူတစ်ကိုယ်အကြိုက်တစ်မျိုးမို့လူတိုင်းလုပ်ချင်တာကိုလွတ်လွတ်လပ်လပ်လုပ်ခွင့်ရှိတာကို အသိအမှတ်ပြုရမှာပါ။ လူတိုင်း လူတိုင်း ကိုယ်လုပ်ချင်တာကို လွတ်လွတ်လပ်လပ်၊ စိတ်ကြိုက်ရွေးချယ်လုပ်ပိုင်ခွင့်ရှိခြင်းဟာ လွတ်လပ်ခြင်းရဲ့သဘောသဘာဝဖြစ်တယ်။ ဒါမှ မရှိရင် လွတ်လပ်ခြင်းဆိုတာ အဓိပ္ပာယ်မရှိတော့ဘူး။

## ဇွတ်အတင်းဆွဲသွင်းလို့

ညီညွတ်ချင်းဆိုတာ တစ်ဦးချင်းလွတ်လပ်မှုတွေကို နားလည်လက်ခံပြီး တည်ဆောက်ရတာဖြစ်တယ်။ မညီမညွတ်ဖြစ်ပြီး ကွဲကြ၊ ပြဲကြတယ်ဆိုတာဟာ တစ်ဦးချင်းရဲ့ လွတ်လပ်မှုကိုအသိအမှတ်မပြုလို့ဖြစ်တယ်။ ဂျီစီဘီအေလည်းကွဲတယ်။ တို့ဗမာအစည်းအရုံးလည်းကွဲတယ်။ ဖဆပလလည်းကွဲ၊ ကွန်မြူနစ်လည်းကွဲတယ်၊ ဆိုရှယ်လစ်လည်းကွဲ၊ ပြည်သူ့ရဲဘော်လည်းကွဲ၊ တည်မြဲသန့်ရှင်းလည်းကွဲဆိုတဲ့ အကွဲအပြဲဇာတ်လမ်းတွေဟာ တစ်ဦးချင်းလွတ်လပ်ခွင့်ကိုအသိအမှတ်မပြုဘဲ တစ်သွေးတစ်သံတစ်မိန့်အောက်ကို ဇွတ်အတင်းဆွဲသွင်းလို့ပေါ်ပေါက်လာရတာဖြစ်တယ်။ ဖဆပလအဖွဲ့ကြီးဆိုတာဟာ ကွန်မြူနစ်တွေ၊ ဆိုရှယ်လစ်တွေ တပ်မတော်သားတွေ၊ ပြည်သူ့ရဲဘော်တွေအပြင် ဘယ်ပါတီမှမပါတဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေလည်းပူးပေါင်းပါဝင်ဖွဲ့စည်းထားတဲ့တပ်ပေါင်းစုကြီးဖြစ်တယ်။

## ဂျပန်ကပါတီကြီး

တပ်ပေါင်းစုရဲ့သဘောက ရည်ရွယ်ချက်တူတာတွေကို အတူလက်တွဲလုပ်ဆောင်ပြီး မတူတာတွေကို ကိုယ့်ပါတီနဲ့ကိုယ်သီးခြားလွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်းဖြစ်တယ်။ ဒီအတိုင်း လက်တွေ့မကျင့်သုံးနိုင်ခဲ့လို့ ကွဲကြခွဲကြရတာဖြစ်တယ်။ ဂျပန်နိုင်ငံက 'အယ်လ်ဒီပီ' ဆိုတဲ့ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဟာ စစ်ပြီးကတည်းက အာဏာကိုအကြာကြီးဆုပ်ကိုင်ထားနိုင်တဲ့ သက်တမ်းအရှည်ဆုံးပါတီကြီးဖြစ်တယ်။ အဲဒီပါတီကြီးအတွင်းမှာ ဂိုဏ်းဂဏအုပ်စုပေါင်းတစ်ဒါဇင်လောက် အတိအလင်းတည်ရှိနေခဲ့တယ်။ပါတီတွင်းကအာဏာလုပွဲတွေ ခဏ ခဏဖြစ်ပြီး ပါတီဥက္ကဋ္ဌတွေ တစ်နှစ်တစ်ယောက်လောက်ပြောင်းလေ့ရှိတယ်။ ဒါပေမဲ့ ပါတီထဲက တစ်ယောက်စ၊ နှစ်ယောက်စထွက်သွားပြီး သီးခြားပါတီထောင်တာမျိုးရှိပေမယ့် ပါတီအကြီးအကျယ်ကွဲသွားတယ်ဆိုတာမျိုးတော့မရှိခဲ့ဘူး။ ဂိုဏ်းအုပ်စုအားလုံးကအယ်လ်ဒီပါတီကို စွဲစွဲမြဲမြဲဖက်တွယ်ထားကြတယ်။

## မတူသူများရဲ့ ပေါင်းစည်းမှု

အယ်လ်ဒီပီစိတ်ဓာတ်ဟာ ဒီမိုကရေစီစိတ်ဓာတ်၊ ဒီမိုကရေစီကျင့်စဉ်ဖြစ်တယ်။ အမြင်မတူသူများရဲ့ ပေါင်းစည်းညီညွတ်မှုဖြစ်တယ်။ တစ်သွေးတစ်သံတစ်မိန့်ကို နာခံဖို့ အတင်းအကြပ်မတောင်းဆိုဘူး။ လူတိုင်းကိုယ့်သီးခြားအမြင်၊ မတူတဲ့ အယူအဆကိုဆုပ်ကိုင်ထားပြီး ပါတီတွင်းမှာ လွတ်လွတ်လပ်လပ်ပြောဆိုခွင့်ရှိတယ်။ စည်းရုံးတာလည်း လုပ်နိုင်တယ်။ ပါတီဝင်အများစုက ထောက်ခံရင် ပါတီခေါင်းဆောင်ဖြစ်လာနိုင်တယ်။ ပါတီခေါင်းဆောင်ဆိုတာ ဂျပန်နိုင်ငံရဲ့ဝန်ကြီးချုပ်လည်းဖြစ်တယ်။ ပါတီဝင်အများစုက မကြိုက်တော့ဘူးဆိုရင်လည်း လပိုင်းနဲ့ပြုတ်ကျသွားနိုင်တယ်။

## ကြောက်လို့ ငြိမ်နေရတာ

နိုင်ငံရေးစကားပြောကြတဲ့အခါတွေမှာ လူတိုင်းညီညွတ်ရေးစကားပြောမြဲဖြစ်တယ်။ ညီညွတ်တာကောင်းတယ်။ ဒါပေမဲ့ ဘယ်လိုညီညွတ်ရေးမျိုးဖြစ်သင့်တယ်ဆိုတာကိုလည်း ရှင်းလင်းပြောကြားသင့်တယ်။ အာဏာရှင်စနစ်အောက်မှာ ကြောက်လို့ငြိမ်နေရတဲ့တစ်သွေးတစ်သံတစ်မိန့်ညီညွတ်ရေးမျိုးမဖြစ်ဖို့ တော့လိုပါတယ်။ ဝါသနာချင်း၊ အကြိုက်ချင်း၊ စရိုက်ချင်းမတူကြတဲ့ ညီအစ်ကိုမောင်နှမတွေတစ်အိမ်တည်းမှာ ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ပါးပါး နေထိုင်ကြတဲ့ညီညွတ်ရေးမျိုးသာဖြစ်သင့်တယ်။ တစ်အူထုံ့ဆင်းမောင်နှမရင်းချာတွေဖြစ်ပေမယ့် စိတ်ချင်းတစ်ထပ်တည်းကျတယ်ဆိုတာမျိုးမရှိနိုင်တာကို အားလုံးနားလည်လက်ခံပြီး နေထိုင်ကြတဲ့ညီညွတ်ရေးမျိုးသာဖြစ်သင့်တယ်။

## ပန်းတိုင်းပွင့်စေရမယ်

အတင်းအကြပ်ပေါင်းစည်းခိုင်းရင် ပိုပြီးဝေးကွာသွားမှာသေချာတယ်။ မတူတာကိုတူအောင်ဇွတ်ညှိရင် နှစ်ဦးနှစ်ဖက်ထိခိုက်မှာသေချာတယ်။ မတူတဲ့အတိုင်းပေါင်းစည်းနေထိုင်ခြင်းဟာ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တယ်။ ငါနဲ့မတူ ငါ့ရန်သူလို့ သဘောထားခြင်းဟာ နိုင်ငံရေးအရ ရင့်ကျက်မှုမရှိတဲ့သဘောဖြစ်တယ်။ ဒီမိုကရက်တစ်လူ့အဖွဲ့ အစည်းမှာအရောင်အသွေးအမျိုးအစားစုံပန်းတိုင်းပွင့်စေရမယ်။ အတွေးအခေါ်အယူအဆပေါင်းစုံ လွတ်လွတ်လပ်လပ်ထွန်းကားစေရမယ်။ အားလုံးလွတ်လွတ်လပ်လပ်ငြင်းခုန်ဆွေးနွေးဖို့အားပေးရမယ်။ ငြင်းခုန်ခြင်းဟာ ရန်ဖြစ်တာမဟုတ်ဘူး။ မတူတဲ့အယူအဆတစ်ခုကိုထုတ်ဖော်တင်ပြတာဖြစ်တယ်။ ရှေးခေါ်မခေတ် လူသားတွေအပြန်အလှန်ဆွေးနွေးငြင်းခုန်လုပ်ကြရာက ဒီမိုကရေစီသဘောတရားတွေပေါ်ထွန်းလာရတာမဟုတ်လား။



# ပြတိုက်မှသည် နောင်အနာဂတ်ဆီသို့

ကလျာ (စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်)



British Museum-2

ပြတိုက်ဟုဆိုလျှင် အဆောက်အအုံတစ်ခုအတွင်း၌ အများပြည်သူကြည့်ရှုလေ့လာနိုင်ရန်အတွက် ပြသထားသော အနုပညာ၊ ယဉ်ကျေးမှု၊ သမိုင်းအထောက်အထားများ (သို့မဟုတ်) သိပ္ပံဆိုင်ရာသိကောင်းစရာအဖြာဖြာတို့ကို ရှုထောင့်ပေါင်းစုံ၊ အချက်အလက်ပေါင်းစုံဖြင့် စုဆောင်းတင်ပြထားသော နေရာတစ်ခုဟု နားလည်ကြသည်။

အထူးသဖြင့် ပြတိုက်များသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ လူသားတို့၏ တီထွင်ကြံဆနိုင်မှုစွမ်းရည်များ၊ ကမ္ဘာကြီး၏ ထူးခြားအံ့ဩဖွယ်ရာများကို သိမြင်လေ့လာနိုင်သဖြင့် လူသားတို့အတွက် အဖိုးမဖြတ်နိုင်သော ရတနာသိုက်များဟု တင်စားပါက မှားအံ့မထင်ပေ။

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တစ်မြို့ထဲတွင်ပင် ပြတိုက်ပေါင်း ၂၄၀ ကျော်ရှိကြောင်း ဖတ်ရှုရသည့်အခါ အံ့ဩမိ၏။ ၎င်းနိုင်ငံအစိုးရမှ ၂၀၀၁ ခုနှစ်မှစတင်၍ ပြတိုက်ဝင်ကြေးများ မယူဟု ဆုံးဖြတ်ကာ အခမဲ့ခွင့်ပြုသည့် အစီအစဉ်ကို စတင်ပြုလုပ်သည့်အချိန်တွင် အင်္ဂလန်နိုင်ငံအတွက် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့ရသည်ဟု မှတ်သားရ၏။ သို့သော် ထိုဆုံးဖြတ်ချက်၏ အောင်မြင်မှုရလဒ်အဖြစ် ပြတိုက်သို့ ကြည့်ရှုလေ့လာရန်လာရောက်သောသူများမှာ ယခုအခါ တစ်နှစ်လျှင် ၄၂ သန်းသို့ တိုးတက်ရောက်ရှိခဲ့သည်ကို ကြည့်ခြင်းဖြင့် သိနိုင်၏။

စာရေးသူ လန်ဒန်မြို့သို့ အလည်အပတ်သွားခွင့်ကြုံသည့်အချိန်တွင် အထက်ဖော်ပြပါများပြားလှသည့် ပြတိုက်ပေါင်းများစွာထဲမှ ပြတိုက်တချို့သို့ သွားရောက်လေ့လာဖြစ်ခဲ့၏။ ဗြိတိသျှပြတိုက် (British Museum)သို့သွားရောက်ခဲ့ရာ ပြတိုက်သည် ကမ္ဘာ့အကြီးဆုံးလူသားသမိုင်းနှင့် ယဉ်ကျေးမှုပြတိုက်အဖြစ်ကျော်ကြား၏။ စုဆောင်းပြသထားသော ပစ္စည်းပေါင်းရှစ်သန်းကျော်ရှိကြောင်းလည်း မှတ်သားရပြီး ၁၇၅၃ ခုနှစ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ ဆက်လက်စုဆောင်းလျက်ရှိသော ပြတိုက်ဖြစ်ကြောင်းလည်း ဖတ်ရှုရ၏။

ဗြိတိသျှပြတိုက်သည် အထပ်ငါးထပ်ဖြင့် ဖွဲ့စည်းထားပြီး ထိုမျှများပြားလှသော ပစ္စည်းပေါင်းရှစ်သန်းကျော်ကို စနစ်တကျထားရှိနိုင်သည့်အပြင် ပြခန်းတိုင်း၌ တင်ပြပုံကောင်းမွန်မှု၊ သတင်းအချက်အလက်ပေးနိုင်မှုနှင့် ပြသလိုသောအကြောင်းအချက်များကို စုစည်းထားရှိမှုများတို့သည်အတုယူဖွယ်ကောင်းလှပေ၏။ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်သည်ဟု ဆိုသော်လည်း သန့်ရှင်းသန့်ပြန့်မှုမှာ ထိပ်တန်းအဆင့်၌ ရှိနေကြောင်း တွေ့ရ၏။ အဝင်ဝ၌ ကျောင်းသားအဖွဲ့များသည် ကြီးကြပ်သူဆရာ၊ ဆရာမသုံးဦးခန့်နှင့် လုပ်အားပေးလိုသော မိဘအချို့လိုက်ပါ၍ ဗြိတိသျှပြတိုက်သို့ အဖွဲ့လိုက်လာကြသည်ကို တွေ့မြင်ရ၏။ ထိုကျောင်းသားအဖွဲ့များသည်ပြတိုက်သို့မဝင်ခင်ကြီးကြပ်သူ ဆရာ၊ ဆရာမများထံမှ လက်ကမ်းစာတမ်းငယ်များကို အသီးသီးလက်ခံရယူနေသည်ကို တွေ့ရပြီး နောင်တစ်ချိန်ပြတိုက်အတွင်း၌ စာရေးသူနှင့် ပြန်ဆုံကြချိန်၌ မိမိတို့လက်ထဲတွင်ရှိသော စာရွက်စာတမ်းငယ်များကို ပြတိုက်ရှိ မိမိလေ့လာလိုသောသတင်းအချက်အလက်များနှင့်တိုက်ဆိုင်စစ်ဆေးပြီး ရေးခြစ်မှတ်သားနေကြကြောင်း တွေ့ရ၏။

ပြတိုက်၏ ဖွဲ့စည်းပုံများထဲမှ မြေအောက်ခန်းတွင် ထားရှိပေးသော ဖွဲ့စည်းပုံသည် အတုယူဖွယ်ကောင်းလှ၏။ကျောင်းအသီးသီးမှ ကျောင်းသားများအသုံးပြုရန်အတွက် စားပွဲငယ်များခုံငယ်များကို ခန်းမအတွင်း စီစဉ်ထားရှိပေးပြီး သက်ဆိုင်ရာကျောင်းအသီးသီးမှ ပြတိုက်သို့ ကြိုတင်ရက်ချိန်းယူ၍ နေရာထိုင်ခင်းကို ရယူပေးထားသည်ကိုလည်း လေ့လာရ၏။ စားပွဲဝိုင်းတစ်အုပ်စုစီအတွက် သက်ဆိုင်ရာကျောင်း၏ အမှတ်အသားကိုမြင်သာစေရန် စားပွဲတိုင်း၌ တင်ထားပေး၏။ အစားအသောက်စားနိုင်ရန်နှင့် မှတ်စုများပြန်လည်ရေးမှတ်နိုင်ရန်အတွက် စီစဉ်ထားရှိပေးခြင်းဖြစ်ကြောင်း သိရ၏။ အဘယ်ကြောင့်ပြတိုက်များသည် ပြည်သူများအတွက် ဤမျှအရေးပါသနည်းဟု စာရေးသူလည်း မတွေးဘဲ မနေနိုင်ဖြစ်မိ၏။

တကယ်ဆိုတော့ အင်္ဂလိပ်လူမျိုးများသာမဟုတ်၊ ဂျာမန်လူမျိုးများသည်လည်း ပြတိုက်များကို အလွန်စိတ်ဝင်စားကြကြောင်း သိမြင်ရသည်။ ရာသီဥတုမကောင်းသည့် အပတ်တိုင်းပြတိုက်များသို့ အနည်းဆုံးနေ့တစ်ဝက်အချိန်ပေးလည်ပတ်လေ့ရှိကြ၏။ ဂျာမနီ၌မူ ပြတိုက်တိုင်းဝင်ကြေးပေးရ၏။ မကြာခဏလာကြည့်ချင်လောက်အောင်လည်း ပြတိုက်များ၌ ပြသထားမှုများစုံလင်လှ၏။ ကျောင်းများမှစီစဉ်မှုဖြင့်လည်း တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ်လေ့လာရေးသွားရောက်ရ၏။ ထိုသို့သွားရောက်ရာတွင် ကြည့်ရုံ၊ လေ့လာရုံဖြင့် မပြီးဘဲ သက်ဆိုင်ရာ

> **အတိတ်အတွက် နောင်းသွားပြီဆိုနိုင်သော်လည်း အနာဂတ်အတွက်မူ ယနေ့သည် မျှော်လင့်ချက်အပြည့်ထားနိုင်သေးသည်။ မိမိတို့လူမျိုးများ အသိ၊ အမြင်၊ ဗဟုသုတနှင့်ပြည့်စုံပါမှ အောင်မြင်သောနိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်မည် ...**

ဆရာ၊ ဆရာမများ၏ ကြီးကြပ်မှုဖြင့် အထူးပြုကဏ္ဍတစ်ခုကို ထည့်သွင်းလေ့လာပြီး ကျောင်း၌ ပြန်လည်တင်ပြရ၏။ စာရေးသူသိသလောက်ဆိုလျှင် ဂျာမန်လူမျိုးများသည် ပျမ်းမျှတစ်လလျှင် တစ်ကြိမ်တော့ပြတိုက်သို့ သွားရောက်ကြ၏။

ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့ (Munich) တွင် ပြတိုက်ပေါင်း ၂၆ ခုရှိကြောင်း မှတ်သားရ၏။ ပြတိုက်၏ ဖွဲ့စည်းပုံများတွင် စားသောက်ခန်းမ၊ ပစ္စည်းအပ်နှံရန်အခန်းနှင့် အမှတ်တရပစ္စည်းများရောင်းချသည့်အခန်းများအပြင်အထပ်တိုင်း၌ အမျိုးသား၊ အမျိုးသမီးအိမ်သာများကို ကိုယ်အင်္ဂါချို့တဲ့သူများအသုံးပြုနိုင်သည့်အဆင့်ရှိအိမ်သာများနှင့်တကွ ပါဝင်ဖွဲ့စည်းတည်ဆောက်ပေးထားသဖြင့် ပြတိုက်တွင် တစ်နေကုန်နေနိုင်အောင်စီမံထားကြောင်းတွေ့ရ၏။

အထူးသဖြင့် ရှေးဟောင်းပန်းချီပြတိုက်နှင့် မော်ဒန်ပန်းချီပြတိုက်တို့သည် ထင်ရှားလှ၏။ လွန်ခဲ့သောနှစ်နှစ်က စာရေးသူ၏ ဂျာမန်လူမျိုးမိတ်ဆွေမှ ၎င်း၏ မိသားစုအမည်ဖြင့် ပန်းချီပြတိုက်သစ်တစ်လုံးထပ်မံဖွင့်လှစ်ခဲ့၏။ မော်ဒန်ပန်းချီကားပေါင်း ၂၀၀ ကျော်ကို ပြသနိုင်ရန်နှင့် ၎င်းထံမှ ထိုပန်းချီကားများ လှူဒါန်းမှုကိုလက်ခံနိုင်ရန် ဘာဗေးရီးယန်းအစိုးရမှ ပြတိုက်အသစ်တစ်လုံးဆောက်လုပ်ပေးခဲ့၏။

ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့တွင် တစ်နှစ်ပတ်လုံးပြသထားသော ပြခန်းများရှိသကဲ့သို့ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရသုံးလမှ ခြောက်လအထိလာရောက်ပြသကြသော ပြခန်းများတွင်လူများကြိတ်ကြိတ်တိုးအားပေးကြည့်ရှုခြင်းခံရသဖြင့် ပြတိုက်ဝင်ငွေတိုးတက်ရရှိစေကြောင်း တွေ့ရှိရပါ၏။

မြူးနစ်မြို့မှ တိုင်းရင်းသားပြတိုက်သည် ထိုသို့ပြပွဲများစီစဉ်လေ့ရှိသော ပြတိုက်တစ်ခုဖြစ်ပြီး ပြတိုက်မှတာဝန်ရှိသူများသည် မြန်မာ့ယဉ်ကျေးမှုကိုအထူးစိတ်ဝင်စားကြောင်း စာရေးသူသတိပြုမိ၏။ မြန်မာနိုင်ငံရှိ အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုဖလှယ်၍ ပြသလိုကြောင်း ပြောဆိုကြသည်ကိုလည်း ကြားနာမိသဖြင့် တာဝန်ရှိသူများမှဆက်သွယ်ဆောင်ရွက်နိုင်လျှင် ထိုနိုင်ငံ၏ နည်းပညာအယူအဆနှင့် တင်ပြပုံကိုလေ့လာနိုင်မည်ဖြစ်သဖြင့် အကျိုးရှိနိုင်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုကို မိတ်ဆက်တင်ပြနိုင်သဖြင့် တိုင်းပြည်အတွက် ရလဒ်ကောင်းတစ်ခုရရှိနိုင်ပါကြောင်း ထင်မြင်မိပါ၏။

အီတလီနိုင်ငံ၊ ဂျီနိုအာ(Genoa) မြို့မှ အဏ္ဏဝါပြတိုက်သည် လှပဆန်းကြယ်၏။ ရှေးဟောင်းပင်လယ်ဓားပြသင်္ဘောကြီးကို ဆယ်ယူ၍ ပြတိုက်အဖြစ်ပြုပြင်ကာ ဆိပ်ကမ်း၌ ပြသထားသဖြင့် ယခုအခါမြို့ကျက်သရေဆောင်အထင်ကရ နေရာတစ်ခုဖြစ်လာခဲ့၏။

ဂရိနိုင်ငံ၊ အေသင်မြို့(Athens)ရှိပြတိုက်များမှAcropolic Museum ၏ တင်ပြပုံကိုဗဟုသုတအဖြစ်ရေးလိုပါသေးသည်။ Acropolis ပြတိုက်သည် ရှေးဟောင်းယဉ်ကျေးမှုပြတိုက်တစ်ခုဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း၌တည်ဆောက်ထား၏။ ယင်းပြတိုက်သည် ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ပြီး အများပြည်သူပြသနိုင်ရန် ၂၀၀၉ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ခဲ့၏။ ပြခန်းအကျယ်အဝန်းမှာ ၁၄၀၀၀ စတုရန်းမီတာကျော်ရှိပြီး စုဆောင်းထားရှိသော ပစ္စည်းအမျိုးပေါင်း၄၂၅၀ကျော်ကို ခင်းကျင်းပြသထားသည်ကိုလည်းလေ့လာရပါ၏။

ဂရိနိုင်ငံ၏ ကြေးခေတ်မှ ရိုမန်အင်ပါယာအထိ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာတွေ့ရှိနိုင်၏။ ထူးခြားချက်မှာ တူးဖော်တွေ့ရှိထားသော ရှေးဟောင်းမြို့ရိုးနှင့် အခန်းဖွဲ့များကို အများပြည်သူလေ့လာနိုင်ရန်အတွက် တစ်စိတ်တစ်ပိုင်းကို အပေါ်မှငုံ၍ အဆောက်အအုံဆောက်လုပ်ထားခြင်းဖြစ်ပြီး ကြမ်းခင်းများနှင့် အမိုးအကာများမှာ မှန်ချပ်များကိုသာ အသုံးပြုထားပြီး ခေတ်မီအဆောက်အအုံတစ်ခုအဖြစ်တည်ဆောက်ထားသည်။ ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းတွင် ပြတိုက်ကို ခေတ်မီစွာဆောက်လုပ်ထားသော်လည်း ပတ်ဝန်းကျင်ရှုခင်းနှင့် သဟဇာတဖြစ်အောင်ဖန်တီးတည်ဆောက်ထားခြင်းဖြစ်သည့်အပြင် အဓိကတင်ပြလိုသော ရှေးဟောင်းမြို့၏ ပြကွက်များကို ထိမိသေသပ်စွာ တင်ပြနိုင်သဖြင့် အောင်မြင်ကျော်ကြားသော ပြတိုက်တစ်ခုအဖြစ်စာရင်းသွင်းခြင်း ခံရသည်။ အလင်းရောင်လုံလောက်စွာရရှိသည့်အပြင်လေ့လာသူများအတွက် အလွယ်တကူ ကြည့်ရှုနိုင်ရန် မှန်ချပ်များခင်း၍သာမန်မျက်စိဖြင့် ဖောက်ထွင်းမြင်သာအောင်ပြုလုပ်ပြသထားခြင်းဖြစ်ပေရာ မိမိတို့နိုင်ငံအတွက် အတုယူစရာပြကွက်တစ်ခုဖြစ်ကြောင်း စာရေးသူထင်မြင်မိ၏။ ထိုပြခန်းဖြင့် ရှေးဟောင်းမြို့တော်အတွင်းမှ အခန်းအတွင်းသို့ ကိုယ်တိုင်ဝင်ရောက်လေ့လာရသကဲ့သို့ ခံစားရသဖြင့် ထိထိမိမိရှိလှပေ၏။

မိမိတို့နိုင်ငံ၏ ပြတိုက်များထဲမှ အမျိုးသားပြတိုက်သည် ရန်ကုန်မြို့တွင်တည်ရှိပြီးအကြီးဆုံးပြတိုက်ကြီးလည်းဖြစ်၏။ မိမိတို့နိုင်ငံမှတစ်နေ့လျှင်နိုင်ငံသားပေါင်းမည်မျှလာရောက်လေ့လာကြသနည်း။ မြန်မာနိုင်ငံ၏ အခြားမြို့ရွာများမှ ကျောင်းသူ၊ ကျောင်းသားများရောအမျိုးသားပြတိုက်သို့ ရောက်ရှိလေ့လာဖူးကြပါသလား။

စာသင်ကျောင်းများမှ စာသင်နှစ်တစ်နှစ်လျှင် ပြတိုက်သို့ လေ့လာစေရန် မည်သို့မည်ပုံ စီစဉ်ထားရှိကြပါသနည်း။

အခြားနိုင်ငံများ၌ အဘယ်ကြောင့်မိမိတို့၏ ရင်သွေးငယ်များကို ပြတိုက်များသို့ ပို့ဆောင်လေ့လာခိုင်းကြပါသနည်း။ ပြတိုက်များမှ နိုင်ငံသားများနှင့်တကွ အခြားလေ့လာလိုသူခရီးသွားများအတွက် မည်သို့မည်ပုံ ပြင်ဆင်ထားကြပါသနည်း။ တင်ပြပုံများကောင်းမွန်မှု ရှိ၊ မရှိ မည်သည့်စံပေတံဖြင့် တိုင်းတာကြပါသနည်း။ မိမိတို့ပြတိုက်များတိုးတက်မှုရှိစေရန်နှင့် အောင်မြင်သော ပြတိုက်အဖြစ်ရောက်ရှိစေရန် မည်သို့ မည်ပုံပြုလုပ်နိုင်ကြပါမည်နည်း။

မိမိတို့အားလုံးတွေးဖို့လို၏။ ထို့နောက် မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်လို၏။

အဆောက်အအုံကြီးကျယ်ခန်းနားရုံဖြင့် ပြတိုက်ကောင်းတစ်ခုမည်ပေ။ ယဉ်ကျေးမှုပြူတင်းပေါက်ဖွင့်လှစ်နိုင်ရန်လည်းတင်ပြပုံကောင်းမွန်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များစုဆောင်းထားရှိရန်လိုပေသည်။ ပြတိုက်များသည် ယဉ်ကျေးမှုများကို လေ့လာရန်အတွက် အကောင်းဆုံးပြတင်းပေါက်များဖြစ်သည့်အပြင် လေ့လာနိုင်သလောက်အကျိုးရှိသော ဗဟုသုတဟင်းလေးအိုးကြီးလည်းဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်သတင်းကျော်ဇော၏။ ထိုဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ပြတိုက်များအတွက် ပြန်လည်ရင်းနှီးမြှုပ်နှံဖို့လို၏။ ထိုမှသာ နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်းပေးအပ်စရာ သမိုင်းအမွေအနှစ်များချန်ထားနိုင်ခဲ့ပေမည်။ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းသည်ဟုဆိုရာတွင် အမျိုးချစ်ယုံနှင့်မပြီး၊ တန်ဖိုးသိဖို့နှင့် ဗဟုသုတအတွေးအမြင်ပြည့်စုံရန်လည်း အထူးလိုအပ်လှပေသည်။ မိမိတို့လူကြီးများသေလွန်ခဲ့သော် မိမိတို့နိုင်ငံ၏ ရင်သွေးလူသစ်တန်းများသည် အနာဂတ်တွင် အခြားနိုင်ငံအသီးသီးမှ ရင်သွေးလူသစ်တန်းများနှင့် ရင်ပေါင်တန်းရပေတော့မည်။ မိမိတို့နိုင်ငံအနာဂတ်အတွက် မိမိတို့ဘာတွေပြင်ဆင်ထားပြီးခဲ့ပြီနည်း။

အမှားသိလျှင် အမှန်ပြင်လို့ရသည်။ အတိတ်အတွက်နောင်းသွားပြီဆိုနိုင်သော်လည်းအနာဂတ်အတွက်မူ ယနေ့သည်မျှော်လင့်ချက်အပြည့်ထားနိုင်သေးသည်။ မိမိတို့လူမျိုးများအသိ၊ အမြင်၊ ဗဟုသုတနှင့်ပြည့်စုံပါမှ အောင်မြင်သောနိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်မည်ကို သတိမူသင့်လှပေသည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံတစ်နိုင်ငံ၏ ပြယုဂ်လည်းဖြစ်၊ ယဉ်ကျေးမှုဖလှယ်ရာပြူတင်းတံခါးများလည်းဖြစ်၊ တိုင်းပြည်၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စုဆောင်းပြသနိုင်သဖြင့် ဂုဏ်ယူရာနေရာ တစ်နေရာလည်းဖြစ်သော ပြတိုက်များဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုက်တွန်းတင်ပြလိုက်ရပေသည်။


**TRADE MARK CAUTION**

**BAYER AKTIENGESELLSCHAFT,** a Company incorporated in Germany, of Leverkusen, Germany, is the Owner and Sole Proprietor of the following Trademark:-

**BAYGENAL**

**Reg. No. 461/1956**

in respect of " Dyestuffs."

Any fraudulent imitation or unauthorized use of the said Trademark will be dealt with according to law.

**U Nyunt Tin Associates,** Intellectual Property Law Firm
P.O. Box 952, Yangon, Myanmar.
Tel: 951 375754, Fax: 951 254321, Email: info@untlaw.com
For **BAYER AKTIENGESELLSCHAFT**
Dated: 8 February, 2012.

# ကျွန်တော်ကြားခဲ့ရသည့် ငြိမ်းချမ်းရေးဖားစည်သံ

အောင်မျိုး



ဒီဇင်ဘာလ၏ညချမ်းချမ်းမှာ ကွေးကာအိပ်မောကျနေသည့် ကျွန်တော်သည် အခန်းအပြင်ဘက်မှဆူညံဆူညံနှင့်စကားပြောသံများကြောင့် လန့်နိုးခဲ့ရသည်။ နာရီကိုကြည့်လိုက်တော့ မနက်လင်းအားကြီး ၂း၀၀ နာရီကျော်ကျော်သာရှိသေးသည့်အချိန်မှာ ဒီလိုဆူဆူညံညံဘာကြောင့်ဖြစ်ရသလဲဆိုသည့်အတွေးကြောင့် ဟိုတယ်အခန်းတံခါးဝကိုအသာလှပ်ကြည့်လိုက်ရာ . . . လား . . . လား။ ပြောက်ကျားဝတ်စုံတွေနှင့်လက်နက်အပြည့်အစုံတပ်ဆင်ထားသည့်အဖွဲ့တွေကိုတွေ့လိုက်ရ၍ ထိတ်ကနဲဖြစ်သွားသည်။ မြိုင်ကြီးငူဘက်ကို အလုပ်တာဝန်အရရောက်စဉ်ကတွေ့ခဲ့ဖူးသည့် DKBA ဝတ်စုံနှင့်မျိုးမို့ DKBA အဖွဲ့တွေဖြစ်မည်ဟုခန့်မှန်းတွေးရင်း တံခါးကိုအသာပြန်ပိတ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ကရင်ပြည်နယ်၏ မြို့တော်ဘားအံရှိ ဟိုတယ်တစ်ခုသို့ အခုလိုရောက်လာကြခြင်းမှာ ငြိမ်းချမ်းရေးအတွက်သာဖြစ်လိမ့်မည်ဟုမှတ်ယူပြီး အိပ်ရာပြန်ဝင်ခဲ့ပေမယ့် အိပ်လို့မပျော်တော့။

အခန်းနံရံသာခြားသော အပြင်ဘက်မှာ လက်နက်ကိုင်အဖွဲ့တွေရှိနေပေမယ့် သူတို့တွေသည်လည်း ငြိမ်းချမ်းရေးခရီးသည်များသာဖြစ်ပါစေဟုဆုတောင်းရင်း မျက်စိနှစ်လုံးကို အသာအယာ ပိတ်လိုက်သည်။ ထိုအခါမှပင် နှလုံးသားမှာ စွဲထင်နေသောကရင်ပြည်နယ်၏မြင်ကွင်းများက ရုပ်ရှင်အနေးပြသလို တစ်ခုပြီးတစ်ခုအတွေးပုံရိပ်များအဖြစ် ထင်ဟပ်လာလေတော့သည်။

ကရင်ပြည်နယ်၏ကော့ကရိတ်မြို့သည် နယ်စပ်မြို့ မြဝတီနှင့်ဆက်သွယ်ထားသည့် ကားလမ်းမပေါ်မှတည်ရှိ၍ အရောင်းအဝယ်စည်ကားသောမြို့ဖြစ်ပြီး စိမ်းညိုသောသစ်ပင်များရောယှက်နေသည့်ဆိတ်ငြိမ်သည့်အသွင်ဆောင်သောမြို့တစ်မြို့ဖြစ်သည်။ ဒါပေမဲ့ ဒေါနတောင်တန်းနှင့် လက်နက်ကြီးတစ်ကမ်းမှာရှိသည့်အတွက် မကြာခဏဆိုသလို လက်နက်ကြီးများ ကျည်များကျရောက်ပေါက်ကွဲလေ့ရှိသည့်အတွက် အေးချမ်းလုံခြုံသည်ဟုပြောရန်ခက်ခဲသည်။ ထို့ကြောင့်လည်း ကော့ကရိတ်မြို့နယ်အတွင်းရှိကျေးရွာများအတွက်ဒေသဖွံ့ဖြိုးရေးမှာ အတော်အတန်နောက်ကျနေခဲ့ခြင်းလည်းဖြစ်သည်။ ဒေသတွင်းရှိ ခနိမ်းဖော်၊ ဝဲကင်အန်၊ ကော့ပလံ၊ နောင်ဟိန်စသောကျေးရွာများမှဆရာတော်များက ဘာသာရေးတာဝန်တစ်ဖက်နှင့် မိမိဒေသအတွင်း လုံခြုံရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးကိုပါ တစ်တပ်တစ်အားအဖြစ်သာမက မရပ်မနားပါဝင်ကြိုးစားတော်မူခဲ့ကြသည်မှာ ဆယ်စုနှစ် နှစ်ခုပင်နီးခဲ့ပြီဖြစ်သည်။ ထိုဆရာတော်များအနက်ကော့ပလံဆရာတော်သည်သက်တော်အငယ်ဆုံးဖြစ်ပြီး ကိုယ်တော်၏ ကြိုးစားမှုဖြင့် ကရင်ပြည်နယ်ဒေသအသီးသီးမှကျောင်းသားကျောင်းသူ ၂၂၂ ဦးကို ပညာဒါနဖြင့်ဝေပေးလျက်ရှိသည်။

ကျောင်းသားကျောင်းသူ ၂၀၀ ကျော်အတွက် ပညာဒါနဟု ရှေ့ထားပြောရသည်ဖြစ်ပေမယ့်တကယ်တမ်းမှာတော့ ပညာသာမက နေ့စဉ်စားသောက်နေထိုင်ခြင်း၊ ကျောင်းသုံးစာအုပ်စာရေးကိရိယာများထောက်ပံ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဆရာဆရာမများခန့်အပ်ခြင်းစသည့်တာဝန်များကိုပါ ကြိုးစားထမ်းဆောင်နေရခြင်းဖြစ်ပါသည်။ ဆရာတော်၏ကျောင်းဝင်းအတွင်းရှိဆွမ်းစားဆောင်သည် ဆွမ်းဘုန်းချိန်မှအပ ကျန်သည့်အချိန်မှာ ကျောင်းစာသင်ခန်းဖြစ်ရသလို ဓမ္မာရုံ၊ သိမ်၊ ဇရပ်စသည်တို့သည်လည်း စာသင်သားတို့အတွက် စာသင်ခန်းများအဖြစ် အသုံးပြုကြရပါသည်။ ဆရာတော်ကိုယ်တိုင် နံနက် ၄း၀၀ နာရီမှ ည ၁၁း၀၀ နာရီအထိအောင် ပညာသင်ကြားပေးခြင်းကို ကြပ်မတ်ပေးသည့်အတွက် ထူးချွန်ကျောင်းသားများနှစ်စဉ်ထွက်ပေါ်နိုင်ခဲ့သည်မှာလည်းများစွာ ချီးကျူးစရာဖြစ်ပါသည်။ မူလတန်းမှ အထက်တန်းအထိ ကျောင်းသားများအားအတန်းအလိုက် စနစ်တကျသင်ကြားပေးသည့် ဆရာ၊ ဆရာမများပင် ၂၀ ကျော်ခန့်ထားရသည်ဖြစ်ရာ ကော့ပလံဘုန်းတော်ကြီးကျောင်းမှာ စာသင်သံများနှင့် အမြဲစည်ကားနေသလို ရတတ်ရာအဆောက်အဦများတွင် ပညာသင်နေသည့်အတွက် နေထိုင်ရေးအခက်အခဲရှိသည်ကလည်း အမှန်ပင်။

ထို့ကြောင့် ဒေသခံနယ်ခြားစောင့်တပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးစောမြတ်ခိုင်က ဆရာတော်နှင့်တိုင်ပင်ဆွေးနွေးကာအဖြေရှာသည်။ ရသည့်အဖြေကား ကော့ကရိတ်မြို့နယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော်အား ကော့ပလံကျေးရွာသို့ ဖိတ်ကြားကာ ကျောင်းသားများပညာသင်ကြားရေးအခြေအနေကိုကိုယ်တိုင်မြင်တွေ့စေခြင်းဖြင့် လိုအပ်သည်များကို ဆက်လက်ပံ့ပိုးထောက်ပံ့ပေးနိုင်ရန်ဖြစ်သည်။ သို့နှင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြကာ လမ်းညွှန်မှုရယူခဲ့သည်။

သို့နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ကာဆောင်ရွက်နိုင်ရန် လမ်းညွှန်ခွင့်ပြုခဲ့ခြင်းကြောင့် ကရင်ပြည်နယ်တိုးတက်ရေးအတွက်ပါဝင်ဆောင်ရွက်လိုသည့်နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် NRC ခေါ် နော်ဝေနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့သည်ကော့ပလံကျေးရွာ၌ ကျောင်းဆောင်တစ်ခုဆောက်လုပ်လှူဒါန်းပေးရန်ဖြစ်လာခဲ့တော့သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် NRC အဖွဲ့သည် ကရင်ပြည်

> **“ရွှံစရာမုန်းစရာစစ်ရန်မီးတားဆီးဖို့ပြင် အိုးကြီးအိုးငယ်သယ်ဆောင်ကာ ယူငင်၊ လက်ခုပ်နဲ့ဖြစ်စေ ကိုယ်တိုင်ပါဝင်ဖျန်းပက်ကြကိုယ်စီ ညီညီပင် ငြိမ်းချမ်းရေးအေးမြသော ရေစင်” ရေးတတ်လိုက်သည့် ဆရာမြို့မငြိမ်းပင်။ ဆရာရေးခဲ့သည့် လွန်ခဲ့သောနှစ် ၆၀ နီးပါးက သီချင်းကအခုထိ နှလုံးသားကို ရိုက်ခတ်စေနိုင်တုန်းဖြစ်သည်။**

နယ်ဝန်ကြီးချုပ်ဦးဆောင်သည့်အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်မနှစ်ကအောက်တိုဘာမှာလုပ်ငန်းစတင်ခဲ့လေသည်။ ကရင်ပြည်နယ်၏ပညာရေးကိုအရှိန်နှင့်မြှင့်တင်ရန်ကြိုးစားနေသည့် ဝန်ကြီးချုပ်၏ အစီအစဉ်အရ ကော့ပလံကျောင်းသာမက ဘားအံမြို့နယ်ရှိ တောင်သူကုန်းကျေးရွာ၌ပါ မူလတန်းကျောင်းတစ်ကျောင်းဆောက်လုပ်ပေးနိုင်ခဲ့သည်။

“ကျွန်တော်တို့တာဝန်ကျတာ နန့်ဆန်လစ်ရွာထိပ်မှာရှိတဲ့ BGF ကင်းစခန်းကို KNU က ဝင်ချတာနဲ့ လန့်ဖျပ်ပြီး ပြေးရသေးတယ်။ ဘယ်ပြေးလို့ပြေးရမှန်းမသိအောင်ကြောက်ခဲ့ရတာ အခုထိမမေ့ဘူး။ ဒါပေမဲ့ KNU ရော DKBA ကရော ခင်ဗျားတို့အဖွဲ့ကကျွန်တော်တို့ဒေသအတွက် ကျောင်းလာဆောက်ပေးတာမို့ ဘာမှအန္တရာယ်မဖြစ်စေရပါဘူး” လို့ပြောတယ်။တကယ်လည်းကျောင်းဆောက်ပြီးတဲ့အထိ ဘာမှဒုက္ခမရှာခဲ့ကြဘူး” ဟု နန့်ဆန်လစ်ရွာမူလတန်းကျောင်းဆောက်ရာတွင် တာဝန်ယူကြီးကြပ်ခဲ့ရသည့် အင်ဂျင်နီယာဦးခင်မောင်ဇော်က ပြန်ပြောပြခြင်းပါ။

တကယ်တမ်းမှာလည်း ငြိမ်းချမ်းခြင်းလောက်အေးမြတာဘာမှ ရှိမှာမဟုတ်ဆိုတာ အားလုံးသိကြပြီးဖြစ်သည်။ တကယ်တမ်းတစ်ဦးနှင့်တစ်ဦးအမုန်းတရားတွေဖယ်ခွာကာ ရင်းနီးပွင့်လင်းစွာ မျက်နှာချင်းဆိုင်ဆွေးနွေးခဲ့ကြသည့်နောက်တွင် စောစောကဆုပ်ကိုင်ခဲ့ကြသည့် လက်တွေနွေးထွေးစွာဖြင့်တစ်ဦးကိုတစ်ဦးဖက်လဲတကင်းရှိခဲ့ကြပြီ မဟုတ်ပါလား။ အရင်ကရှိခဲ့သည့်ကန့်သတ်တင်းကျပ်မှုတွေလျော့ပါးသွားသည့်အတွက် စီးပွားရေး၊ လူမှုရေးစတာတွေအများကြီးပို၍ အဆင်ပြေလာခဲ့သည်။

အတွေးများနှင့် အိပ်တစ်လှည့် နိုးတစ်လှည့်ဖြစ်ခဲ့ရသည့်ညတာကုန်ပြီး မနက်လင်းချိန်မှာတော့ အခန်းအပြင်ဘက်မှာရှိနေသည့် DKBA အဖွဲ့သားတွေကိုနှုတ်ဆက်ရင်းစကားစမြည်ပြောဖြစ်သည်တွင် “အေး အခုလိုအေးဆေးဖြစ်သွားတာကောင်းတာပေါ့။ ငါလည်း အိမ်မပြန်ရတာကြာပြီ။ အခု ဟိုတယ်မှာနေရတာ ငါ့ဘဝမှာ ပထမဆုံးပဲ။ ကောင်းတယ်။ ဝမ်းသာတယ်” ဟုဂျင်းအဖွဲ့မှ အသက်ခပ်ရွယ်ရွယ်တစ်ယောက်က ပြောကြားခြင်းပင်။သူတို့တွေ၏ခေါင်းဆောင်များသည်ကရင်ပြည်နယ်အစိုးရ၏လက်ကမ်းမှုကိုသံသယကင်းစွာလက်ခံပြီး အခုလိုဘားအံမြို့ပေါ်သို့နောက်ဆုံးအဆင့်ဆွေးနွေးအပြီးသတ်ရန်လာရောက်ခြင်းဖြစ်ကြောင်း သိခဲ့ရသည်။

DKBA အဖွဲ့နှင့် နိုင်ငံတော်အစိုးရကြား အခုလိုငြိမ်းချမ်းရေးပေါ်ပေါက်လာအောင်ဝိုင်းဝန်းကြိုးပမ်းကြသူများအနက် အငြိမ်းစားဗိုလ်မှူးကြီးစောခင်စိုးသည် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သူဖြစ်သည်။ အများက ‘အဘ’ ဟုချစ်ခင်လေးစားစွာခေါ်ကြသည့် ဦးစောခင်စိုးနှင့်တွေ့ဆုံခဲ့ရာတွင် “သူတို့ဆီရောက်တော့ စစ်သားတွေနဲ့ သူတို့တွေသေနတ်ဘေးချပြီး ဒုံးယိမ်းကနေကြတာမြင်လိုက်တော့ (အဘချက်ချင်းစကားမဆက်နိုင်၊ သူ့ရင်ထဲမှာရှိနေဆဲဖြစ်သည့် ပီတိက စကားဆက်မပြောနိုင်အောင်ရန်းထွက်လာပုံရသည်။) ဒါမျိုးမြင်ရတာဘယ်လိုပြောရမှန်းတောင်မသိဘူး” ကြားရသူကျွန်တော်လည်း ကြက်သီးဖြန်းဖြန်းပင်ထမိအောင်ငြိမ်းချမ်းရေးဆိုသည့်အသိကလွှမ်းခြုံသွားတော့သည်။

‘ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့အစဉ် တမာပင်၊ သရက်ပင် ဘာပင်စွဲစွဲချိုမြဲအရသာ မစွန့်သည့်သာပင် ကမ္ဘာ့လူသားများမျက်နှာထားချို့ရွှင်၊ ပျော်စေသည်ထာဝစဉ်စစ်ရန်မီးကွင်းရှောင်မလောင်ခင်ကြိုတင်’ ကားပေါ်ရောက်တော့ကွယ်လွန်သူ ဂီတစာဆိုမြို့မငြိမ်း၏ ‘ကမ္ဘာ့ငြိမ်းချမ်းရေး’ သီချင်းကိုအရင်ဆုံးရွေးဖွင့်လိုက်သည်။ တေးသံရှင်မီမီဝင်းဖေ၏ ကြည်လင်ပီသသော အသံက ဒီတစ်ကြိမ် ဒီသီချင်းနားထောင်ရတာပိုကောင်းနေသလိုတောင်ခံစားမိသည်။

‘ရွှံစရာ မုန်းစရာစစ်ရန်မီးတားဆီးဖို့ပြင် အိုးကြီးအိုးငယ်သယ်ဆောင်ကာယူငင်၊ လက်ခုပ်နဲ့ဖြစ်စေကိုယ်တိုင်ပါဝင်ဖျန်းပက်ကြကိုယ်စီ ညီညီပင် ငြိမ်းချမ်းရေးအေးမြသော ရေစင်’ ရေးတတ်လိုက်သည့် ဆရာမြို့မငြိမ်းပင်။ ဆရာရေးခဲ့သည့် လွန်ခဲ့သောနှစ် ၆၀ နီးပါးက သီချင်းက အခုထိ နှလုံးသားကို ရိုက်ခတ်စေနိုင်တုန်းဖြစ်သည်။ ၁၉၅၃ ခုနှစ်က ပီကင်း၌ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့အားရေးပေးခဲ့သည့် ဆရာမြို့မငြိမ်း၏ ‘ကမ္ဘာ့ငြိမ်းချမ်းရေး’ သီချင်းသည် ကရင်ပြည်နယ်၏ ထူးခြားလှသောအချိန်မှာ ကရင်ပြည်နယ်သို့ တိုက်တိုက်ဆိုင်ဆိုင်ရောက်နေသော ကျွန်တော်တို့ကို ကြက်သီးဖြန်းဖြန်းထစေခဲ့တော့သည်။

‘ကမ္ဘာလူသားတွေ တွေးပူကြိုတင်၊ ရန်သူမိတ်ဆွေမရွေးသူငါပင် ရန်စစ်မီးကို မလောင်စေချင်၊ အနုယဉ် အမွန်အမြတ်တွေသုဉ်းဆိတ်မှာမြင်၊ ငြိမ်းချမ်းရေးမြတ်နိုး အိုးအိမ်သာယာ သူငါပျော်ရွှင်’ သီချင်းအဆုံးပိုဒ်နားထောင်ချိန်မှာ ရင်ထဲတွင် တကယ်ကိုနင့်ပြီးကျန်ခဲ့စေသည့် ထိုသီချင်းကအခုလိုအခါသမယနှင့်နားထောင်မဝဖြစ်ခဲ့တော့သည်။ ကော့ကရိတ်အစွန်အဖျားမှာရောက်နေသည့် ကျွန်တော်တို့တွေ ဘာမှပူပင်စရာမရှိ လုပ်နိုင်ကိုင်နိုင်ပြီဆိုသည့်အသိထက် ဘာများပို၍ စိတ်ချမ်းသာစရာကောင်းတာ ဘာမှမရှိတော့။

ခရီးသွားရင်းရေးလက်စစာမပြတ်သည့် ဤဆောင်းပါး နိဂုံး မရောက်ခင်မှာ နိုင်ငံတော်အစိုးရနှင့် KNU တို့ နှစ်ပေါင်း ၆၃ နှစ်ကြာပဋိပက္ခအဆုံးသတ်ဖို့ ပဏာမဆွေးနွေးတာအောင်မြင်ခဲ့လေပြီဆိုသည့် သတင်းက ကျွန်တော့်ရင်ကိုလာမှန်သည်။ ကရင်ပြည်နယ်အစိုးရနှင့် KNU တို့အကြား လုံးဝအပစ်အခတ်ရပ်စဲဖို့လက်မှတ်ထိုးခဲ့ကြသည့်သတင်းက မျက်ရည်ဝိုင်းစေသည်။ ထိုသို့လက်မှတ်ထိုးရာမှာ ပါဝင်ခဲ့သည့် အဓိကပုဂ္ဂိုလ်ဖြစ်သည့် ကရင်ပြည်နယ်ဝန်ကြီးချုပ်ကိုဘယ်အချက်က ငြိမ်းချမ်းရေးအတွက်အပြီးသတ်ဖြစ်စေခဲ့တာပါလဲဟုမေးရာ “ဖထီးတို့လာတုန်းကလက်မှတ်ထိုးဖို့ မဟုတ်သေးဘူး။ ဒါပေမဲ့ ဘားအံရောက်တော့ ကြုံလိုက်ရတဲ့ကြိုဆိုမှု၊ အကြာကြီးကွဲကွာနေသူတွေနဲ့ ပြန်ဆုံဆည်းမှုက သူတို့တွေကို မယုံနိုင်အောင်ခံစားပြောင်းလဲသွားစေခဲ့တာ။ ပြီးတော့ ဒီဘက်ဆွေးနွေးကြတဲ့ပုဂ္ဂိုလ်တွေရဲ့ရင်းနီးပွင့်လင်းမှုကို ယုံကြည်မှုအပြည့်ရှိလို့ အခုလိုငြိမ်းချမ်းရေးလက်မှတ်ထိုးဖြစ်သွားတာ။ သူတို့ကိုမြင်ရတဲ့ ကျွန်တော်တို့တောင် မျက်ရည်ဝဲတယ်” ဟု ရင်ထဲမှခံစားရသည်ကို ပွင့်လင်းစွာဖြေရာ ကြားလိုက်ရသူတို့ပါငြိမ်းချမ်းရေးဆိုသည့်အရှိန်အဟုန်ကဒုံးယိမ်းအကမှာကြားရသည့် ဖားစည်သံမမြည်ဟိန်းလေတော့သည်။

(ငြိမ်းချမ်းရေးဆောင်ကျိုးပေးခဲ့သည့် ပုဂ္ဂိုလ်များအား လေးစားဦးညွှတ်လျက်။)



## ပါလီမန်ခေတ် မှတ်တမ်းများ

# ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်ပြည်သူ့လွှတ်တော်ဒုတိယညီလာခံ

တင်နိုင်တိုး

ပါလီမန်ပြည်သူ့လွှတ်တော် ဒုတိယညီလာခံကို ၁၈ ဩဂုတ် ၁၉၅၂ မှ ၂၉ စက်တင်ဘာ ၁၉၅၂ အထိ တစ်လခွဲနီးပါးကြာမျှကျင်းပခဲ့သည်။ ညီလာခံဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတသစ်ဦးဘဦးက နှုတ်ခွန်းဆက်သကာမိန့်ခွန်းပြောကြားခဲ့သည်။ နောက်တစ်နေ့တွင် ပြည်သူ့လွှတ်တော်၌ သမ္မတမိန့်ခွန်းနှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေးခဲ့သည်။

### ကျေးဇူးတင်ကြောင်းအဆို

၁၉ ဩဂုတ် ၁၉၅၂ နံနက် ၁၁ နာရီတွင် အခမ်းအနားစတင်စဉ် နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းနှင့်ပတ်သက်၍ ကျေးဇူးတင်ရှိကြောင်း အဆိုကို ကျိုက်လတ်မဲဆန္ဒနယ်မှ အမတ်ဦးအောင်ကြည်က တင်သွင်းခဲ့သည်။ သူကနှစ်ပေါင်းများစွာအတွင်း တိုင်းပြည်အထွတ်အထိပ် သမ္မတမိန့်ခွန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ချီးကျူးခွင့်ရ၍ ကျေးဇူးတင်ကြောင်း၊ လွတ်လပ်သောပြည်ထောင်စုကြီး၏ အင်္ဂါရပ်နှင့်အညီအခြေခံဥပဒေရေးဆွဲပြီးဖြစ်သော်လည်း ဥပဒေကို ပရိတ်ရွတ်သလို ရွတ်နေရုံမျှဖြင့် အကျိုးမဖြစ်နိုင်ကြောင်း၊ ခေတ်မီအုပ်ချုပ်ရေးစက်ယန္တယားတည်ဆောက်ရန် စီမံကိန်းကြီး ၁၀ ခုကို နိုင်ငံတော်အစိုးရ၏ လုပ်ငန်းများအဖြစ်သတ်မှတ်ပုံအား မိန့်ကြားသွားသဖြင့်ကျေးဇူးတင်ကြောင်း၊ ကျဆုံးလေပြီးသော အာဇာနည်ရဲဘော်များက ဤမိန့်ခွန်းကို ကြားရာအရပ်မှ ဝမ်းပမ်းတသာကျေးဇူးတင်နေမည်ဟု ရဲဝံ့စွာပြောလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဦးအောင်ကြည်၏ အဆိုကို မန်းတင်အောင်သန်း(ပုသိမ်အနောက်ကရင်အမတ်)၊ ဒူးဝါးဇော်ရစ်(ကချင်)၊ ဦးဘရှိန်(တစ်သီးပုဂ္ဂလ)၊ သခင်ချစ်(ညောင်တုန်း)၊ ဦးစိန်(ကယား)၊ ဦးဆံနိန်း (ချင်းဝိသေသတိုင်း)နှင့် ဦးကိုကိုကြီး(တစ်သီးပုဂ္ဂလ)တို့က ထောက်ခံခဲ့ကြ၏။

### ဝေဖန်ကန့်ကွက်သူ

နိုင်ငံတော်သမ္မတ၏မိန့်ခွန်းအား ဝေဖန်ကန့်ကွက်သူအမတ်တစ်ဦးလည်း ရှိခဲ့သည်။ထိုသူမှာ အတိုက်အခံဆိုရှယ်နီအမတ် ဗိုလ်မြသွေး ဖြစ်သည်။ ဗိုလ်မြသွေးက သမ္မတကြီးမိန့်ခွန်းတွင် မြန်မာနိုင်ငံတော်ကြီးသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သော နိုင်ငံတော်ကြီးဖြစ်ကြောင်း ပါရှိရာ အမှန်တရားနှင့်ဆန့်ကျင်နေကြောင်း၊ စင်စစ်မလွတ်လပ်မီကပင် မြေပေါ်မြေအောက်ပစ္စည်းများကို နိုင်ငံခြားကုမ္ပဏီများက သွေးစုပ်ခဲ့ကြရာ နှစ်စဉ် ၂၄.၂၆ ကုဋေခန့်ရှိကြောင်း၊ လွတ်လပ်ပြီးဆိုသောကာလ၌လည်း နယ်ချဲ့အရင်းရှင်ကုမ္ပဏီများက နှစ်စဉ်ကုဋေ ၂၀ ဖိုးခန့်သွေးစုပ်နေသေးသည့်အပြင် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင်လုံးဝမလွတ်လပ်အောင် ပြုနေခြင်းတို့ကြောင့် အချုပ်အခြာအာဏာပိုင်သည်ဆိုခြင်းကို ကန့်ကွက်ကြောင်းစသည်ဖြင့်ပြောကြားခဲ့သည်။

### နောက်တစ်နေ့သို့

သမ္မတမိန့်ခွန်းကို ထောက်ခံသောအဆိုက ညနေ ၄ နာရီအထိ မပြီးပြတ်သေးသဖြင့် နောက်တစ်နေ့သို့တိုင် ကူးသွားသည်။၂၁ ဩဂုတ် ၁၉၅၂တွင် အမတ်ဦးကိုကိုကြီး(မိုးညို)က သမ္မတမိန့်ခွန်းကို ထောက်ခံပြီး ဗိုလ်မြသွေးအားကန့်ကွက်ခဲ့၏။ သူက ဗိုလ်မြသွေးသည်ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ခြင်းမရှိဘဲ ဆရာများ၏ လေသံအတိုင်းတစ်ဖက်သတ်လိုက်၍ပြောဆိုခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့သည်။သခင်အေးချို(သာယာဝတီ) ကမူဗိုလ်မြသွေးကိုထောက်ခံခဲ့သည်။

### ဘတ်ဂျက်စာရင်း

၂၂ ဩဂုတ် ၁၉၅၂ ညီလာခံအစည်းအဝေးတွင် စစ်တွေအမတ်ဦးကျော်မင်းက ဘဏ္ဍာရေးဝန်ကြီး၏ ဘတ်ဂျက်နှင့်ပတ်သက်၍ ဝေဖန်ပြောကြားခဲ့သည်။ဦးကျော်မင်းက အဆင့်အတန်းနိမ့်ကျလှသည့် အစိုးရအမှုထမ်းများအတွက် လစာပိုငွေပေးသည့်စာရင်းမျိုးမတွေ့ရဘဲ ဘတ်ဂျက်လိုငွေမှာလည်း ၂၉ကုဋေဟု ပြသထားရာ ၅နှစ်တာ စုဆောင်းလာခဲ့သည့်ငွေကို အကြောင်းအမျိုးမျိုးပြပြီး တစ်နှစ်တည်းသုံးပစ်လိုက်သည်နှင့်တူနေသည်ဟု ဝေဖန်ခဲ့၏။

ထို့ပြင် ဘတ်ဂျက်တွင် ဆောက်လုပ်ရေးအတွက် ၃ကုဋေပြထားသော်လည်း ယမန်နှစ်ဘတ်ဂျက်၃ကုဋေသည်ပင် ၅သန်းမျှသာ သုံးခဲ့ကြောင်း ဆိုပါသည်။ကာကွယ်ရေးအသုံးစရိတ်ကို ၃၉ကုဋေပြထားသည်မှာလည်း အဆမတန်များလွန်းနေကြောင်း ဆို၏။

### ဆန်စပါးရောင်းဝယ်ရေး

ဦးကျော်မင်းက ဆက်လက်ပြောကြားရာတွင် နိုင်ငံခြားအရင်းရှင်များလုပ်သွားသည့် ဆန်စပါးရောင်းဝယ်ရေးအဖွဲ့မှာယခုအခါကောက်ပဲသီးနှံအဖွဲ့ဖြစ်နေပြီဖြစ်ရာ မိမိ၏မိတ်ဆွေတစ်ဦးမှာ ငွေရရန် ဘီလ်တစ်စောင်ကျရေးအတွက် စားပွဲ ၂၁ခုမျှကို တစ်လခန့်ကြာအောင် ရွှေ့သွားနေရကြောင်း ဝေဖန်ခဲ့သည်။ယင်းသို့မဟုတ်ဘဲ စားပွဲခုနစ်ခုခန့်နှင့်ပြီးလျှင် ကုန်သည်သဘောသက်ဝင်လာကာ ပိုမိုတွင်ကျယ်မည်ဖြစ်ကြောင်းကိုလည်း ထောက်ပြခဲ့သည်။

### ဘဏ္ဍာရေးဝန်ကြီး၏ ရှင်းလင်းချက်

ဘဏ္ဍာရေးဝန်ကြီးသခင်တင်က ၂၅ဩဂုတ်၁၉၅၂တွင် ဘတ်ဂျက်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်း လင်းပြောကြားရာ၌ လိုငွေ ၂၉ကုဋေ ၆၃ သိန်းမှာ မများပါကြောင်း၊ပြာပုံနှင့် သုညမှ စ၍တည်ဆောက်ရသောအလုပ်ဖြစ်၍ ကုန်ကျမည်သာဖြစ်ကြောင်း ဆိုခဲ့သည်။ ဗိုလ်ထွန်းစိန်ကလည်း ကာကွယ်ရေးအသုံးစရိတ် အလွန်မြင့်မားနေကြောင်း ဝေဖန်ခဲ့ခြင်းအပေါ် ကာကွယ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် မသုံးမဖြစ် သုံးစွဲရမည်ဖြစ်သည်ဟု ပြန်ကြားခဲ့၏။

### သတင်းစာလွတ်လပ်ခွင့်

ကျောက်တော်အမတ်ဦးလှထွန်းဖြူက သတင်းစာများကို လွတ်လပ်ခွင့်ပေးသင့်ကြောင်း၊အစိုးရ၏ မကြာခဏချုပ်ချယ်မှုများကြောင့် မကျေနပ်ကြောင်း ဆွေးနွေးခဲ့သည်။ဦးလှထွန်းဖြူက အင်္ဂလိပ်လက်ထက်ကျွန်ဘဝတွင်ရှိစဉ်ကပင် သတင်းစာအချို့မှာ အစိုးရကို ဝေဖန်သုံးသပ်ခဲ့သော်လည်း လူကိုဖမ်းချုပ်ခြင်း၊စာခုံမှောက်ပစ်ခြင်း စသည့် ပြင်းထန်သောအရေးယူမှုမျိုးမရှိခဲ့ကြောင်း ထောက်ပြခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဗိုလ်ခင်မောင်ကလေးကရှင်းလင်းဖြေကြားရာတွင် နယ်ချဲ့သမားတို့သည် သွေးခွဲအုပ်ချုပ်ကြရာ လူမျိုးရေးအဓိကရုဏ်းများကို လွှတ်ပေးခြင်းသာဖြစ်ကြောင်း၊ ယခုနိုင်ငံတော်အစိုးရသည် ဗလာသက်သက်စွပ်စွဲချက်များကို လက်မခံနိုင်ကြောင်း ပြန်ကြားခဲ့၏။

ဗိုလ်ခင်မောင်ကလေးက ဆက်လက်ပြောကြားရာတွင် ဗန်းမော်တင်အောင်၏ကိစ္စ၌ ၎င်းသည် ဝတ္ထုတစ်ပုဒ်တွင် ပြည်မြို့ထောင်မှာ ဗမာပြည်၏စံပြထောင်ဖြစ်ပြီး ဂျပန်ကင်ပေတိုင်တို့၏ စနစ်ကို အတုယူထားသည်ဟု ရေးထားသည့်အပြင် ဤကဲ့သို့သော စနစ်ဆိုးများကို တာဝန်ရှိသူ အစိုးရအဖွဲ့အစည်းကလည်း သဘောတူသည်ဟု စွပ်စွဲရေးသားထားကြောင်း၊အစိုးရက သတင်းစာများကို အရေးယူနေရခြင်းမှာ အိုးထိန်းသည်က အိုးကိုထုရိုက်ရင်းကောင်းသည်ထက်ကောင်းအောင် ပြုပြင်ပေးခြင်းသာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

### မျိုးချစ်သူရဲကောင်း

၅ စက်တင်ဘာ ၁၉၅၂ တွင် ညီလာခံဆက်လက်ကျင်းပစဉ်ချောင်းဆုံအမတ်ဗိုလ်ကျော်သန့်ကဗမာနိုင်ငံရေးရာဇဝင်တစ်လျှောက်တွင် အထူးတောက်ပြောင်စွာ နယ်ချဲ့တို့ကို ဒူးမထောက်လက်မမြှောက်ဘဲ နောင်လာနောက်သားများအား ပန်းတိုင်သို့ရောက်အောင် မျိုးချစ်စိတ်ဓာတ်သွင်းပေးခဲ့သူ အရှင်ဦးဝိစာရကိုယ်တော်အား ၂၃ကြိမ်မြောက် သတိရလေးစားသောအားဖြင့် လွှတ်တော်က ၂မိနစ်ငြိမ်ကြရန် အဆိုတင်ခဲ့ရာ အားလုံးသဘောတူညီပြီး ၂မိနစ် ငြိမ်သက်စွာ မတ်တပ်ရပ်ကြသည်။

### တစ်ခုတည်းသောတပ်မတော်

ကာကွယ်ရေးဝန်ကြီးဦးဗဆွေက ကာကွယ်ရေးအသုံးစရိတ် ၂၅ကုဋေခွင့်ပြုရန်တောင်းခံစဉ် ဗိုလ်ထွန်းစိန်က အမြဲတမ်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများကို ဖျက်သိမ်း၍ တစ်ခုတည်းသော အမျိုးသားတပ်မတော်ဖြစ်ပေါ်ရေးကို ဆွေးနွေးခဲ့သည်။သူက လက်ရှိစစ်တပ်သည် အင်္ဂလိပ်လက်ထက်က သွေးခွဲစနစ်အရ ဗြိတိသျှ စစ်မစ်ရှင်အဖွဲ့၏ အကြံပေးချက်ကို လိုက်နာဖွဲ့စည်းခဲ့ခြင်းသာဖြစ်သည်ဆို၏။ ချင်းတပ်၊ ကချင်တပ်များဖွဲ့ပေးခဲ့ရာ ယနေ့ထက်တိုင်ရှိနေသဖြင့် လက်ရှိတိုက်ခိုက်နေမှုများကို ရပ်စဲပြီး အမျိုးသားတပ်မတော်ကြီးဖွဲ့စည်းသင့်ကြောင်း အကြံပြုခဲ့သည်။

### ဝန်ကြီး၏ ပြန်ကြားချက်

နိုင်ငံခြားရေးဝန်ကြီးစဝ်ခွန်ချိုက ပညာတော်သင်များကိစ္စကို ဦးစွာရှင်းလင်းပြောကြားရာတွင် ၁၉၄၈ ခုနှစ်ဇူလိုင်လတွင်တစ်ကြိမ်၊ ၁၉၅၁ ခုနှစ်တွင် တစ်ကြိမ်ရုရှားပြည်သို့ ပညာတော်သင်စေလွှတ်လျှင်ခွင့်ပြုပါရန် စာရေးအကြောင်းကြားခဲ့ရာ ပထမတွင် လုံးဝပြန်ကြားခြင်းမရှိခဲ့ကြောင်း၊ ဒုတိယစာတွင်စေလွှတ်ခြင်းအတွက် မလိုက်လျောနိုင်သည်ကိုခွင့်လွှတ်ပါရန်ပြန်ကြားခဲ့ကြောင်း၊ အစ္စရေးကအကြောင်းအချက်ပြည့်စုံလျှင် လက်ခံမည်ဟုဆိုပြီး ယူဂိုစလပ်ကမူ လက်ခံမည်ဟု ပြန်ကြားခဲ့ကြောင်း၊ သံရုံးများကိစ္စမှာလည်း ဗမာနှင့် ကူးသန်းရောင်းဝယ်ရေးအရ ဆက်ဆံနေရကြောင်း ပြန်ကြားခဲ့သည်။



ပါလီမန်ပြည်သူ့လွှတ်တော် ဒုတိယညီလာခံစတင်ကျင်းပစဉ်

### *ကျမ်းကိုး*


၁။မြန်မာ့ရက်စဉ်သမိုင်း(၁၉၄၅–၂၀၀၈)ဒုတိယတွဲ

၂။သတင်းစာမှတ်တမ်းများ(ဗမာ့ခေတ်၊၁၉၅၂ဩဂုတ်၊စက်တင်ဘာ)



MAI မဟာဘိုး ပုဂ္ဂိုလ် ဘုရားဖူး ရန်ကုန် နှင့် မန္တလေး မှ တိုက်ရိုက်ပို့ပေးမည် UMTA

Mar - 7,14,21 Apr- 4,11,12

Mar - 7,14,21,28 Apr - 18,19 May - 2

ဦးမောင်မောင်အေး မဟာဘိုး ဘုရားဖူးခရီးစဉ်များ စီစဉ်ပေးပါမည်။

it Family

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

အလယ်တန်း အထက်တန်း ဘွဲ့ကြို ဘွဲ့ရများ အားလုံး အတွက်

ဂုဏ်ထူး ဦးအောင်ခိုင်

Basic Grammar စာအုပ်အသစ် (ထွက်ပါပြီ)

Grammar & Essay နွေသင်တန်း (မတ်-၁၄)

၂၇၂–ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ Tel : 01-252 919, 09-430 85263




## မကွေးတိုင်းဒေသကြီးထွက် ကုလားပဲ ရာသီပေါ်ဈေးလျော့ကျခဲ့

မကွေးတိုင်းဒေသကြီး စလင်း၊ ပွင့်ဖြူ၊ မင်းဘူးနှင့် မင်းလှမြို့နယ်များအတွင်းတွင် ကုလားပဲများစတင်ရိတ်သိမ်းလျက်ရှိပြီး ယခုနှစ်ရာသီပေါ်ဈေးမှာ ယခင်နှစ်ထက်လျော့ကျခဲ့ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့နယ်မှာတော့ ကုလားပဲကို လယ်ထဲမှာမိုးလယ်နဲ့နွေအကူး ကြားသီးနှံအဖြစ် စိုက်ကြပါတယ်။ အထွက်နှုန်းကတော့ အရင်နှစ်က စံချိန်တင်ထွက်ခဲ့ပေမယ့် အခုနှစ်အဧ့တစ်တင်းခွဲစိုက်တာကို ပြန်ရတော့ ၁၅ တင်းလောက်ပဲရတယ်။ ကုလားပဲသိမ်းပြီးတာနဲ့ နွေလယ်အတွက်ပြင်ဆင်ကြရမှာပါ"ဟု မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းတွင် ဟော်လန်ခေါ်သိပ္ပံကုလားပဲမျိုးကိုအဓိကစိုက်ပျိုးလေ့ရှိပြီး $V_2$ မျိုးကိုလည်း စိုက်ပျိုးကြောင်း၊ ကုလားပဲရာသီပေါ်ဈေးမှာယခင်နှစ်ကတစ်တင်း ကျပ် ၁၉၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ယခုနှစ်တွင် ကျပ် ၁၄၀၀၀ ဝန်းကျင်သာရှိကြောင်းသိရသည်။

*အောင်သူငြိမ်း*

## ဝက်ထီးကန်တိုက်နယ် လယ်ဘဲ့ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

ပြည်ခရိုင် ဝက်ထီးကန် တိုက်နယ်အတွင်းရှိလယ်ဘဲ့ကျေးရွာတွင် ဇန်နဝါရီလ ၃၀ရက်နေ့ကမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ အိမ်ထောင်စု ၁၂စု၊လူဦးရေ၄၀ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အဆိုပါနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အချိန်ခန့်က လယ်ဘဲ့ကျေးရွာ ကုန်းပေါ်စုနေ ဦးသန်းမြင့်၏ နေအိမ်တွင် လူကြီးများမရှိခိုက် မြေးဖြစ်သူ ငါးနှစ်သားအရွယ် မောင်-----က ဂက်စ်မီးခြစ်ဖြင့်ဆော့ကစားရာမှတစ်ဆင့် နေအိမ်ခေါင်းရင်းထရံကို မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကာ အိမ် ၁၁ လုံးနှင့် နေအိမ်များတွင်သိုလှောင်ထားသည့် စပါး၊ ဆန်၊ မြေ ပဲ၊ နှမ်းသီးနှံများ ပျက်စီးဆုံးရှုံးကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဝက်ထီးကန်ရဲစခန်းမှ ဦး---(၅၂) နှစ်အား (ပ)၉/ ၂၀၁၂ ပုဒ်မ၂၈၅ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

*ကိုနေ(ပြည်)*

## ၁၃၀၀ ပြည့်အရေးတော်ပုံတွင်ကျဆုံးခဲ့သော အာဇာနည် ၁၇ ဦး၏ အထိမ်းအမှတ်ဗိမာန်အား ပြန်လည်သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်မည်



မန္တလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ၁၃၀၀ ပြည့်အရေးတော်ပုံတွင် ကျဆုံးခဲ့သော အာဇာနည် ၁၇ဦး၏အထိမ်းအမှတ်ဗိမာန်ကို ပြန်လည်သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေး ၁၃၀၀ ပြည့်အရေးတော်ပုံမှာ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကို အလံမလှဲစတမ်းငြိမ်းချမ်းစွာတိုက်ပွဲဝင်ရင်း အာဇာနည်ရဟန်းရှင်လူ ၁၇ ဦးကျဆုံးခဲ့ပါတယ်။ အဲဒီအာဇာနည် ၁၇ ဦးကို တမွဝတီသူကြွယ်ကုန်းရပ်မှာ မြို့လူထုနှစ်သိန်းလောက် လိုက်ပါသင်္ဂြိုဟ်ပြီး အာဇာနည်ဗိမာန် တည်ဆောက်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအာဇာနည်ဗိမာန်ကို နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းမှုမရှိတဲ့အတွက် အခုဆိုရင်အပင်တွေ၊ အညစ်အကြေးတွေနဲ့ မြင်မကောင်းအောင်ဖြစ်နေခဲ့ပါတယ်။ ဒါ့ကြောင့် အာဇာနည် ၁၇ ဦးရဲ့ အထိမ်းအမှတ်ဗိမာန်ကို ပြန်လည်သန့်ရှင်းသပ်ရပ်မှုရှိဖို့ ကျွန်တော်တို့လူမှုရေးအသင်းအဖွဲ့တွေ ဝိုင်းဝန်းဆောင်ရွက်ဖို့ စီစဉ်နေကြတာပါ"ဟု မန္တလေးမြို့ရှိလူမှုရေးအသင်းအဖွဲ့ဝင်တစ်ဦးကပြောကြားသည်။

အဆိုပါ ၁၃၀၀ပြည့် အရေးတော်ပုံတွင်ကျဆုံးခဲ့သောအာဇာနည် ၁၇ ဦး၏အထိမ်းအမှတ်ဗိမာန်အား ပြန်လည်သန့်ရှင်းသပ်ရပ်မှုရှိစေရန် အကြိုညှိနှိုင်းအစည်းအဝေးကို ချမ်းမြသုခ လူမှုကူညီရေးအသင်းတွင် ဇန်နဝါရီလ ၁၉ ရက်နေ့က ကျင်းပရာ လူမှုရေးအသင်းအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ လူငယ်အသင်းအဖွဲ့များစသည့် အသင်းအဖွဲ့ပေါင်း ၂၀ သင်းခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

*သန်းနိုင်စိုး*

## သံတောင်ကြီးဒေသမှကော်ဖီစေ့များထွက်ရှိသော်လည်း ဈေးနှုန်းတည်ငြိမ်မှုမရှိ

ကရင်ပြည်နယ် သံတောင်ကြီးဒေသနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းတို့မှကော်ဖီစေ့များထွက်ရှိရောင်းချလျက်ရှိပြီး ဈေးနှုန်းအတက်အကျတည်ငြိမ်မှုမရှိဘဲ လတ်တလောဒေသပေါက်ဈေး တစ်ပိဿာ ၂၀၀၀ ကျပ်ဝန်းကျင်ခန့်သာရရှိပြီး ယခင်နှစ်ဈေးနှုန်းများထက် ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

ကော်ဖီကို နိုဝင်ဘာနောက်ဆုံးအပတ်နှင့်ဒီဇင်ဘာလများတွင်အသီးစတင်ခူးရပြီး ဈေးကွက်ဝင်ကော်ဖီစေ့ရရှိသည်အထိ အသီးအခြောက်လှန်းခြင်း၊ အခွံမာချွတ်ခြင်းများကို အဆင့်ဆင့်လုပ်ဆောင်ရပြီး ကော်ဖီတစ်ပင်မှ ကော်ဖီစေ့ ၃၀ ကျပ်သားဝန်းကျင်ခန့်ထွက်ရှိကာ တစ်ဧကလျှင် ပိဿာ ၃၅၀ မှ ၄၀၀ ဝန်းကျင်ထွက်ရှိကြောင်း သိရှိရသည်။

ကော်ဖီတစ်ဧကလျှင် ကော်ဖီပင် ၁၃၀၀ ကျော်စိုက်ပျိုးနိုင်ပြီး တောင်စောင်းများတွင် ကွန်တိုနည်းဖြင့် စိုက်ပျိုးပါက အပင် ၁၀၀၀ ထိ စိုက်ပျိုးနိုင်ကြောင်း၊ ကော်ဖီပင်သည် သက်တမ်းနှစ် ၇၀ နီးပါးထိ အသီးခူးနိုင်သော နှစ်ရှည်ပင်မျိုးဖြစ်ပြီး



အသီးခူးရန် အကောင်းဆုံးအနေအထားတွင်ရှိသော ကော်ဖီသီးများအားတွေ့ရစဉ်

အပင်အမြင့် ခုနစ်၊ရှစ်ပေ အထိသာ အမြင့်ထား၍ခေါင်နှိမ်ပေးကာ ကိုင်းဖြာထွက်အောင်ပြုလုပ်ခြင်းဖြင့်အသီးတင်အောင်လုပ်ဆောင်ရကြောင်း သိရသည်။

"ကော်ဖီကောင်းတယ်၊ မကောင်းဘူးဆိုတာ အသီးခူးတဲ့အချိန်ပေါ်မူတည်တယ်။ ကော်ဖီကောင်းဖို့ဆိုရင်ချယ်ရီသီးကို ခူးရတယ်။ အသီးသီးပြီး မစောလွန်း၊ မရင့်လွန်းသောအချိန်ချယ်ရီရောင်လို မှည့်နေတဲ့ အသီးကိုပြောတာပါ"ဟုသံတောင်ကြီးဒေသမှ ကော်ဖီစိုက်တောင်သူတစ်ဦးက ပြောပါသည်။

"စိုက်ပျိုးသီးနှံတော်တော်များများကဈေးနှုန်းအတက်အကျမငြိမ်ဘူး။အကျများတယ်။ဒီနေ့ဈေးအမြင့်နဲ့ဝယ်ရင်မနက်ဖြန်ဈေးကျသွားတာမျိုးတွေပေါ့။ စိုက်ပျိုးတဲ့သူတွေနဲ့ကုန်သည်တွေအထိနာတယ်။ ဒီလိုဖြစ်နေတာနှစ်နှစ်လောက်ရှိပြီ"ဟု ကုန်သည်ပွဲစားတစ်ဦးကပြောသည်။

ကရင်ပြည်နယ်သံတောင်ကြီးဒေသတွင်ကော်ဖီ ၉၄၇၅ ဧကနှင့်ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းတွင် ၇၅၃ ဧက စိုက်ပျိုးထားကြောင်း၊ ထွက်ရှိသော ကော်ဖီစေ့များကို ဒေသတွင်းသုံးစွဲရန်နှင့် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များသို့လည်းကောင်း၊ နိုင်ငံခြားပို့ကုန်အဖြစ်လည်းကောင်း ထုတ်လုပ်ရောင်းချကြောင်း သိရှိရသည်။

*ဇော်ဝင်းချစ် (တောင်ငူ)*

## ပခုက္ကူမြို့၏ နှမ်းမနဲ့တောင်ဘုရားပွဲတော်တွင် ယနေ့တိုင် အိုးဈေးသည်များအားထားရောင်းဝယ်

ပခုက္ကူမြို့၏ နှမ်းမနဲ့တောင်ပွဲတော်သည် နှစ်စဉ်တပို့တွဲလပြည့်နေ့တိုင်းကျင်းပပြီး၊ ပခန်းကြီးဒေသမှ အိုးသည်အများအပြားလာရောက်ရောင်းချကြောင်း သိရသည်။ နှမ်းမနဲ့တောင်ဘုရားပွဲသည်အိုးအရောင်းအဝယ်ကောင်းသောကြောင့် ပခန်းကြီးဒေသမှ အိုးလုပ်ငန်းရှင်များ၊ အိုးဈေးသည်များ ပြာသိုလဆန်းရက်ကပင်လာရောက်ခင်းကျင်းရောင်းချကြသည်။

နှမ်းမနဲ့ပွဲတော်သို့၊ မြိုင်၊ ကမ္ဗမြစ်ခြေ၊ အရာတော်၊ ပေါက်၊ ယောဒေသများမှလည်းလာရောက်၍တစ်ဆင့်ဝယ်ယူရောင်းချကြသည်ဟုလည်း သိရသည်။ "ကုန်ကြမ်းဈေးက တက်လာပေမယ့် အိုးဈေးကတက်ရောင်းလို့ မရပါဘူး။ ရွှံ့၊ သဲ တောင် အလကားမရတော့ဘူး။ ရွှံ့တစ်ပွဲ ကျပ် ၁၀၀၊ သဲတစ်ခွဲကျပ် ၁၀၀၊ ကောက်ရိုးလှည်းတစ်စီးကျပ် ၄၀၀၀၊ နွားချေးတစ်တင်းကျပ် ၅၀၀၊ ထနောင်းထင်းခြင်းကြား တောင်းတစ်တောင်းကျပ် ၅၀၀ နှုန်းပေးဝယ်လုပ်ကိုင်နေရတယ်"ဟုမြောက်ပြင်ရွာမှ ဒေသခံတစ်ဦးက ပြောပါသည်။

အိုးဖုတ်ရာတွင် အိုး ၅၀၊ တစ်ခါဖုတ်လျှင် သုံးရက်၊ မြူအိုး၊ ဟင်းချက်အိုးဖုတ်ပါက ၂၀၀ အထိ ဖုတ်နိုင်ကြောင်းလည်း သိရသည်။ ပခုက္ကူနယ်ပခန်းကြီးမှ ကလေးကစားစရာ၊အိုးပုတ်ချိုးရုပ်များ၊မြောက်ပြင်ရွာမှစုဘူးနှင့်ဘုရားညောင်ရေအိုးများ၊ မြူအိုး၊ ဟင်းချက်အိုးများ၊ ပေါင် လောင်ကန်ရွာမှ နတ်အိုးနှင့် ညောင်ရေအိုးများ၊ သက်ရွာမှ ရေအိုးနှင့်အင်တုံများ၊ ကိုယ့်ဒေသနှင့် ကိုယ်လုပ်ကိုင်ကြကြောင်းလည်း သိရပါသည်။

နှမ်းမနဲ့တောင်ပွဲတော်အား သက်ရွာ၊ မြောက်ပြင်ရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူအကုန်နီးပါးလာရောက်ရောင်းချကြကြောင်း၊ ယနေ့တိုင် အိုးနှင့်မြေထည်ပစ္စည်းလုပ်ကိုင်သူ သက်ရွာ၊ မြောက်ပြင်ရွာနှစ်ရွာပေါင်းပါက ဦးရေ ၁၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

*နေဦးမောင်(ပခုက္ကူ)*


**ကားကောင်းကားသန့်များရောင်းမည်**

အမှန်တကယ်ကားဝယ်စီးမည့်သူများအတွက် လတ်တလော
တင်သွင်းထားသော ဂျပန်ကားကောင်း ကားသန့်များကို
အဖိုးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန်

ရောင်နီဦး

အမှတ်(V-38/39)မြကန်သာလမ်းမကြီး၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၇၃၀၆၀၆၀၅၊ ၀၉၇၃၀၉၈၆၉၆

ဆရာကြီး ဒေါက်တာသန်းထွန်း
B.A ,H.G.P , R.L,D.I.L , DMA, D.B.A( USA ), Ph.D(Law)(USA)
ဖြိုင်စံမပေါ် နိုင်ငံကျော်
ကံ့ကော်ရွှေမြည်
ပညာ့အောင်မြေရိပ်သာ
၈တန်း၊ ၉တန်း၊ ၁၀တန်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက်ကြိုတင်အပ်နှံနိုင်ပြီ။
မတ်လအလယ်တွင် ဖွင့်လှစ်မည်
- အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
- အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ ဗိုလ်ချုပ်ဘ မွေစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။
- ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၄၃၊ ၀၉ ၅၀၇၇၇၇၅၊ ၀၉ ၅၁၁၁၆၀၂

## မန္တလေးဘူတာကြီးရှိ မီးရထားတွဲဟောင်းအတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွား

ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏ မဟီရပ် ရထားရပ်ဝန်းရှိ မီးရထားတွဲဟောင်းတွင်ဇန်နဝါရီလ ၃၁ ရက်နေ့က မီးလောင်ကျွမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

၃၁ လမ်းနှင့် ၃၂ လမ်းကြား မီးရထားသံလမ်းအမှတ်(၉)ရှိအထက်တန်းအိပ်စင် မီးရထားတွဲဟောင်း BMUEZ /0807 မှ နံနက် ၁ နာရီ ၅၀ မိနစ်ခန့်တွင် စတင်လောင်ကျွမ်းခဲ့ပြီး ၂နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ “လက်ရှိအသုံးပြုနေတဲ့မီးရထားတွဲလောင်တာတော့ မဟုတ်ပါဘူး။ ပြုပြင်ဖို့လုပ်ထားတဲ့အထက်တန်းအိပ်စင်တွဲဟောင်းတွေမှာလေလွင့်သူတွေဝင်အိပ်ပြီးကျန်ခဲ့တဲ့ဖယောင်းတိုင်မီးကနေ စလောင်တာပါ”ဟု မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကရှင်းပြပါသည်။

အဆိုပါမီးလောင်မှုကြောင့် အလျား ၅၂ ပေ၊ အနံ ၉ လက်မရှိ အထက်တန်းအိပ်စင်တွဲဟောင်း မီးလောင်ဆုံးရှုံးခဲ့ရပြီး မီးသတ်ယာဉ် ၁၉ စီး၊ သန္နေအင်အား ၂၀ ဦးနှင့် အရန်အင်အား ၅၀ ဦးတို့မှဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုကို မီးရထားရဲစခန်းမှ (ပ) အမှတ် ၃၈/၂၀၁၂၊ ဥပဒေပုဒ်မ ၂၈၅ ဖြင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**အောင်သူ**

## မြစ်သားကြက်သွန်နီအထွက်နှုန်းလျော့ကျမှုကြောင့် တောင်သူများအရှုံးပေါ်



မြစ်သားကြက်သွန်နီအထွက်နှုန်းလျော့ကျမှုကြောင့်တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း မြစ်သားမြို့နယ်အတွင်းရှိကြက်သွန်နီတောင်သူများထံမှစုံစမ်းသိရှိရသည်။

“ဒီနှစ်ကမိုးကောင်းတော့ တောင်သူတွေမှာ နှစ်ပြန်သုံးပြန်ပြန်စိုက်ရတယ်။ ဒီလိုစိုက်ရတဲ့အတွက်စိုက်ပျိုးစရိတ်လည်းတော်တော်ကုန်သွားတယ်။ ဒါပေမယ့်ကြက်သွန်ပေါ်ချိန်ရောက်ပြန်တော့လည်း မိုးကရွာချပြန်တော့ စိုက်ခင်းတော်တော်များများပျက်ဆီးသွားတယ်။ ရတဲ့ကြက်သွန်ကျတော့လည်း အရည်အသွေးကညံ့နေတယ်။ ဒီနှစ်ဟာ တောင်သူရှုံးတဲ့နှစ်ပါ”ဟု မြစ်သားမြို့နယ်အတွင်းရှိကြက်သွန်နီစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

မြစ်သားမြို့နယ်အတွင်း ရာသီဥတုမကောင်းသောကြောင့် ကြက်သွန်စိုက်ခင်းများ ရေလွှမ်းမိုးခြင်း၊ ကြက်သွန်စိုက်ခင်းများပျက်ဆီးခြင်း၊ ကြက်သွန်အထွက်နှုန်း လျော့ကျခြင်းတို့ဖြစ်ပေါ်ခဲ့သည့်အပြင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းခြင်းကြောင့် တောင်သူများမှာ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

“ဒီနှစ်အထွက်နှုန်းက ထက်ဝက်အောက်ကို လျော့သွားတယ်။ နောက်ပြီး အရင်ကမြေပြင်ပေါ်တင်လက်ညှိုးထိုးရောင်းခဲ့ရပေမယ့် အခုဖော်ပြီးမှပဲဝယ်တော့တယ်။ အမြဲဝယ်နေကြလက္ကားကုန်သည်ကြီးတွေလည်းကြက်သွန်နီအရည်အသွေးညံ့လို့ဒီနှစ်လာမဝယ်ကြဘူး။ လာတဲ့ကုန်သည်လေးတွေကို ခယရောင်းနေရတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလတုန်းက ကြက်သွန်နီဈေးက တစ်ပိဿာ ၂၅၀ ကျပ် လောက်ပဲရတယ်။ အခုတစ်ပိဿာ ၃၅၀၊ ၄၀၀၊ ၄၂၅ ကျပ်အထိတက်လာပေမယ့် မနှစ်ကအောက်ဆုံးဈေးကို မမီသေးဘူး”ဟု ကြက်သွန်နီ တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် ဇန်နဝါရီလမှစတင်က ကြက်သွန်နီဈေးနှုန်းများ ပြန်လည်မြင့်တက်လာသော်လည်း ယမန်နှစ်ကြက်သွန်နီရာသီအနိမ့်ဆုံးဈေးသို့ပင် မရောက်ရှိသေးကြောင်း သိရသည်။

“မနှစ်က တစ်ပိဿာကို အနိမ့်ဆုံးဈေး ၄၅၀ ကျပ်ရှိပြီး အမြင့်ဆုံးဈေး ၁၃၀၀ ကျပ်အထိရောက်ခဲ့တယ်။ ဒီနှစ်ကြက်သွန်နီစပေါ်ချိန်တုန်းက ၂၅၀ ကျပ်ပဲရှိတယ်။ ဒီရက်ပိုင်း ဈေးပြန်တက်လာတယ်ဆိုပေမယ့် မနှစ်ကအနိမ့်ဆုံးဈေးကို မရောက်သေးဘူး။ နောက်ပြီး ပုံမှန်တစ်ဧကအထွက်နှုန်းက ပိဿာ ၂၅၀၀ ကနေ ၃၀၀၀ အထိထွက်ပေမယ့် ဒီနှစ်မှာကျွန်တော်စိုက်တဲ့ လေးဧကမှာ ပိဿာ ၂၇၀၀ ပဲထွက်တဲ့အတွက် ဒီနှစ်ဈေးနှုန်းအတိုင်းဆိုရင် တော်တော်လေးကို ရှုံးပါတယ်”ဟု ကသည်းကုန်းရွာသားတစ်ဦးက ပြောသည်။

မြစ်သားမြို့နယ်အတွင်းရှိ ကြက်သွန်နီစိုက်ပျိုးသောတောင်သူများအနေဖြင့်မျိုးစေ့စိုက်ပျိုးထုတ်လုပ်ရန်ခက်ခဲလာပြီးအခြားမြို့နယ်များသို့သွားရောက်စိုက်ပျိုးထုတ်လုပ်ရခြင်းကြောင့် မျိုးစေ့အတွက် ပိုမိုကုန်ကျကာ ရေရှည်တွင် မြစ်သားမြို့နယ်၏ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှုကို သက်ရောက်လာနိုင်သည်ဟု သုံးသပ်မှုများရှိနေသည်။ **သန်းနိုင်စိုး**




# တစ်ပတ်အတွင်း ရန်ကုန်ဈေးနှုန်းများ

ဖော်ပြပါဈေးနှုန်းများသည် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ၅% မှ ၁၀% အထိ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

## မီးဖိုဆောင်သုံး ကုန်စည်များဈေးနှုန်း (ကျပ်)

ဆန်မျိုးစုံဈေးနှုန်းများ

| | | |
|---|---|---|
| ရွှေဘိုပေါ်ဆန်းမွှေး | ၁ ပြည် | ၁၆၀၀ |
| ပုသိမ်ပေါ်ဆန်းမွှေး(ရှယ်) | ၁ ပြည် | ၁၁၀၀ |
| ပုသိမ်ပေါ်ဆန်းမွှေး(ထူးထူးရှယ်) | ၁ ပြည် | ၁၃၀၀ |
| ဖျာပုံပေါ်ဆန်းမွှေး(ထူးရှယ်) | ၁ ပြည် | ၁၄၀၀ |
| ဖျာပုံပေါ်ဆန်းမွှေး(ထူးထူးရှယ်) | ၁ ပြည် | ၁၅၀၀ |
| မိုးဇီယာ(ရှယ်) | ၁ ပြည် | ၇၅၀ |
| ဒေးဒရဲပေါ်ဆန်းမွှေး(ရှယ်) | ၁ ပြည် | ၁၀၀၀ |
| ဧည့်ကြား(ရိုးရိုး) | ၁ ပြည် | ၁၀၀၀ |
| ဧည့်ကြား(သစ်) | ၁ ပြည် | ၈၀၀ |
| ပေါ်ဆန်းမွှေး(လတ်) | ၁ ပြည် | ၈၀၀ |
| တောင်ပျံ(ထူးထူးရှယ်) | ၁ ပြည် | ၁၃၀၀ |
| တောင်ပျံ(သစ်) | ၁ ပြည် | ၁၀၀၀ |
| ဘိုကလေးပေါ်ဆန်းမွှေး(ရှယ်) | ၁ ပြည် | ၁၁၅၀ |
| ပေါ်ကျွဲ(ရိုးရိုး) | ၁ ပြည် | ၈၀၀ |
| ဒေးဒရဲတောင်ပျံ(သစ်) | ၁ ပြည် | ၁၁၀၀ |
| တောင်ပျံကြီး(ရိုးရိုး) | ၁ ပြည် | ၁၀၀၀ |
| တောင်ပျံ(ရှယ်) | ၁ ပြည် | ၁၂၀၀ |
| မနောသုခအသစ်(ရှယ်) | ၁ ပြည် | ၆၀၀ |
| ညှော့မထ(ထူးထူးရှယ်) | ၁ ပြည် | ၇၅၀ |
| ကျွန်းရွှေဝါ(ရှယ်) | ၁ ပြည် | ၇၀၀ |
| ရွှေဝါထွန်း(ရှယ်) | ၁ ပြည် | ၈၀၀ |
| ရွှေဝါထွန်း(လတ်) | ၁ ပြည် | ၇၅၀ |
| ရာကျော်(ရှယ်) | ၁ ပြည် | ၆၅၀ |
| ငစိန် | ၁ ပြည် | ၆၅၀ |
| ဆင်းသွယ်လတ် | ၁ ပြည် | ၉၀၀ |
| နွေဇီယာ(ထူးရှယ်) | ၁ ပြည် | ၇၅၀ |
| ရောမွှေး | ၁ ပြည် | ၁၂၀၀ |
| ရွှေဝါထွန်း(အသစ်) | ၁ ပြည် | ၆၀၀ |
| ရာကျော်(ရိုးရိုး) | ၁ ပြည် | ၆၅၀ |
| ဧည့်ကြား | ၁ ပြည် | ၁၀၀၀ |
| ဖျာပုံပေါ်ဆန်းမွှေး(ရိုးရိုး) | ၁ ပြည် | ၁၂၀၀ |
| ပုသိမ်ပေါ်ဆန်းမွှေး(ရိုးရိုး) | ၁ ပြည် | ၁၁၀၀ |
| ကောက်ညှင်းဆန်(ရိုးရိုး) | ၁ ပြည် | ၁၁၀၀ |
| ကောက်ညှင်းဆန်(ရှယ်) | ၁ ပြည် | ၁၅၀၀ |

## စားသုံးဆီဈေးနှုန်းများ (ကျပ်)

| | | |
|---|---|---|
| မြေပဲဆီသန့် | ၁ ပိဿာ | ၄၀၀၀ |
| မြေပဲဆီ(ရိုးရိုး) | ၁ ပိဿာ | ၃၀၀၀-၃၂၀၀ |
| ပဲပိစပ်ဆီ | ၁ ပိဿာ | ၃၅၀၀ |
| နှမ်းဆီ | ၁ပိဿာ | ၃၀၀၀ |
| အကြော်ခံဆီ | ၁ ပိဿာ | ၁၉၀၀ |

## သစ်သီးပျံမ်းမျှဈေးနှုန်းများ(ကျပ်)

| | | |
|---|---|---|
| ပန်းသီး | ၁ လုံး | ၂၅၀-၄၀၀ |
| ပျားလိမ္မော် | ၁ ပိဿာ | ၂၀၀၀-၃၀၀၀ |
| ပန်းဇီးသီး | ၁၀ လုံး | ၂၀၀-၁၅၀၀ |
| ဖီးကြမ်းငှက်ပျော | ၁ ဖီး | ၆၀၀-၈၀၀ |
| သီးမွှေးငှက်ပျော | ၁ ဖီး | ၇၀၀-၁၀၀၀ |
| သင်္ဘောသီး | ၁ လုံး | ၃၀၀-၇၀၀ |

## နိုင်ငံတကာကုန်စည်ဈေးများ

| နိုင်ငံတကာကုန်စည်ဈေးနှုန်းများ (အမေရိကန်ဒေါ်လာ) | ၂၈-၁-၂၀၁၂ | ၄-၂-၂၀၁၂ |
|---|---|---|
| ရေနံစိမ်း(တစ်စည်) | ၉၉.၇၆ | ၉၇.၇၇ |
| ရွှေ(အောင်စ) | ၁၇၃၉.၀၉ | ၁၇၂၆.၃၀ |
| ငွေ(အောင်စ) | ၃၃.၉၇ | ၃၃.၆၃ |
| ဓာတ်ငွေ့(mmbtu) | ၂.၇၇ | ၂.၅၁ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂.၉၃ | ၂.၉၂ |
| ဂျုံ(ပေါင် ၆၀ အိတ်) | ၇.၀၀ | ၇.၁၂ |

| အာရှဈေးကွက် ဆန်ဈေးနှုန်း (တစ်တန်၊ အမေရိကန်ဒေါ်လာ) | ထိုင်း | ဗီယက်နမ် |
|---|---|---|
| ၁၀၀%ဆန်ဖြူ | ၅၆၀ | - |
| ၅%ဆန်ကျိုးပါ | ၅၄၄ | ၄၅၀ |
| ၁၀%ဆန်ကျိုးပါ | - | ၄၄၅ |
| ၁၅%ဆန်ကျိုးပါ | - | ၄၃၅ |
| ၂၅%ဆန်ကျိုးပါ | ၅၃၉ | ၄၂၅ |
| ပေါင်းဆန် | ၅၆၀ | - |

## ရန်ကုန်ရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဈေးနှုန်းများ (ကျပ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ဈေးများ)

| ဆိုင်အမည် | အရေအတွက် | ဓာတ်ဆီ | ဒီဇယ် | အောက်တိန်း |
|---|---|---|---|---|
| Petro K | တစ်ဂါလန် | - | ၃၅၅၅ | ၃၆၄၅ |
| မက်(စ်)မြန်မာ | တစ်ဂါလန် | ၃၃၅၀ | ၃၅၅၀ | ၃၇၀၀ |
| ST Oil | တစ်ဂါလန် | ၃၃၅၀ | ၃၅၅၀ | ၃၇၀၀ |
| KZH | တစ်ဂါလန် | ၃၃၅၀ | ၃၆၀၀ | ၃၆၅၀ |
| NEW DAY | တစ်ဂါလန် | ၃၃၅၀ | ၃၅၅၀ | ၃၇၀၀ |
| 2000 | တစ်ဂါလန် | ၃၃၅၀ | ၃၅၀၀ | ၃၆၀၀ |
| မြဝတီ | တစ်ဂါလန် | ၃၃၅၀ | ၃၅၅၀ | ၃၆၅၀ |

## တစ်ပတ်အတွင်း နိုင်ငံခြားငွေနှင့် ကျပ်ငွေလဲနှုန်းများ

| ရက်စွဲ | အမေရိကန်ဒေါ်လာ | | စင်ကာပူဒေါ်လာ | | ယူရို | |
|---|---|---|---|---|---|---|
| | ဝယ်ဈေး | ရောင်းဈေး | ဝယ်ဈေး | ရောင်းဈေး | ဝယ်ဈေး | ရောင်းဈေး |
| ၃၀-၁-၂၀၁၂ | ၈၂၅ | ၈၄၀ | ၆၂၀ | ၆၃၅ | ၁၀၁၅ | ၁၀၃၀ |
| ၃၁-၁-၂၀၁၂ | ၈၂၅ | ၈၄၀ | ၆၂၀ | ၆၃၅ | ၁၀၁၅ | ၁၀၃၀ |
| ၁-၂-၂၀၁၂ | ၈၂၃ | ၈၃၈ | ၆၂၅ | ၆၄၀ | ၁၀၂၅ | ၁၀၄၀ |
| ၂-၂-၂၀၁၂ | ၈၂၃ | ၈၃၈ | ၆၂၅ | ၆၄၀ | ၁၀၂၅ | ၁၀၄၀ |
| ၃-၂-၂၀၁၂ | ၈၁၈ | ၈၃၃ | ၆၃၀ | ၆၄၅ | ၁၀၂၅ | ၁၀၄၀ |

မှတ်ချက်။ ။ဝယ်ဈေးဆိုသည်မှာ ငွေလဲကောင်တာမှ ဝယ်ယူသည့်ဈေးဖြစ်ပြီး ရောင်းဈေးမှာ ငွေလဲကောင်တာမှ ပြန်လည်ရောင်းချသည့်ဈေးနှုန်းများဖြစ်ပါသည်။ သိမ်ဖြူနိုင်ငံခြားငွေလဲစင်တာမှ ကောက်ယူထားသည်။

## ပဲမျိုးစုံ FOB ဈေးနှုန်းများ(တစ်တန်၊ အမေရိကန်ဒေါ်လာ)

| | | | | | |
|---|---|---|---|---|---|
| မတ်ပဲ | FAQ | ၅၃၀-၅၅၀ | ပဲစဥ်းငုံ | အသစ်အဖြူ | ၄၈၀-၅၀၀ |
| မတ်ပဲ | SQ | ၅၇၀-၅၉၀ | ပဲစင်းငုံ | အသစ်ဖြူနီ | ၄၈၀-၅၀၀ |
| မတ်ပဲ | အခွံချွတ်အလုံး | ၇၆၀-၇၉၀ | ကုလားပဲဖြူလုံးကြီး | အခွံချွတ်အခြမ်း | ၉၃၅-၉၆၀ |
| မတ်ပဲ | အခွံပါအလုံး | ၆၆၅-၆၉၀ | ကုလားပဲဖြူလုံးကြီး | FAQ | ၇၀၀-၇၂၀ |
| မတ်ပဲ | အခွံချွတ်အခြမ်း | ၇၆၀-၇၉၀ | မြေထောက်ပဲ | FAQ | ၆၈၀-၇၀၀ |
| ပဲတီစိမ်း(အညာ) | FAQ | ၆၉၀-၇၁၀ | မြေထောက်ပဲ | အခွံချွတ်အခြမ်း | ၈၅၀-၈၇၅ |
| ပဲတီစိမ်း(ပခုက္ကူ) | FAQ | ၆၇၀-၆၉၀ | မြေထောက်ပဲ | အခွံပါအခြမ်း | ၇၂၀-၇၄၀ |
| ပဲတီစိမ်း | ရွှေဝါအသေး | ၇၇၀-၇၉၀ | ပဲထောပတ် | အခွံပါအခြမ်း | ၇၇၀-၇၉၀ |
| ပဲတီစိမ်း | ရွှေဝါအကြီး | ၈၂၀-၈၄၀ | ပဲထောပတ် | FAQ | ၇၃၀-၇၅၀ |
| ပဲတီစိမ်း(အခွံပါအလုံးသေးခြမ်း) | အညာ | ၈၆၅-၈၉၀ | ပဲလွန်းဖြူ | SQ | ၇၈၀-၈၀၀ |
| ပဲစင်းငုံ | အသစ်အနီ | ၆၀၀-၆၂၀ | ပဲလွန်းဖြူ | FAQ | ၆၁၀-၆၅၀ |

## အခြေခံအိမ်ဆောက်ပစ္စည်းဈေးနှုန်းများ(ကျပ်)

| | | | | | |
|---|---|---|---|---|---|
| တိုက်ကြီးအုတ် | တစ်လုံး | ၇၅(အရောက်ပို့) | စိန်တံဆိပ်ဘိလပ်မြေ | တစ်အိတ် | ၄၈၀၀(အထိုင်) |
| ဒါးပိန်အုတ် | တစ်လုံး | ၉၅(အရောက်ပို့) | ကျောက်စရစ် | တစ်ကျင်း | ၅၅၀၀၀(အထိုင်) |
| ဆင်တံဆိပ်ဘိလပ်မြေ | တစ်အိတ် | ၄၉၀၀(အထိုင်) | သဲကြမ်း | တစ်ကျင်း | ၁၀၀၀၀(အထိုင်) |

## အသားနှင့် ဥဈေးနှုန်းများ (ကျပ်)

| | | | | | |
|---|---|---|---|---|---|
| အမဲသား | ၁ ပိဿာ | ၄၅၀၀-၅၀၀၀ | ဝက်ကလီစာ | ၁ ပိဿာ | ၄၀၀၀-၅၀၀၀ |
| ဝက်သား(သုံးထပ်သား) | ၁ ပိဿာ | ၄၅၀၀-၅၀၀၀ | ဘဲဥ | ၁ လုံး | ၉၀-၁၂၀ |
| ဝက်သား(ပေါင်သား) | ၁ ပိဿာ | ၆၀၀၀-၇၀၀၀ | ကြက်ဥ | ၁ လုံး | ၈၀-၁၁၀ |

## နိုင်ငံတကာငွေကြေးလဲလှယ်မှုနှုန်းများ

(အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသောဈေးနှုန်းဖြစ်သည်)

| နိုင်ငံအမည် | ငွေအမျိုးအစား | ၂၈-၁-၂၀၁၂ | ၄-၂-၂၀၁၂ |
|---|---|---|---|
| ဥရောပသမဂ္ဂ | ယူရို | ၀.၇၅၆ | ၀.၇၆၀ |
| ဗြိတိန် | ပေါင် | ၀.၆၃၆ | ၀.၆၃၂ |
| ဩစတြေးလျ | ဒေါ်လာ | ၀.၉၄၀ | ၀.၉၂၉ |
| ကနေဒါ | ဒေါ်လာ | ၁.၀၀၂ | ၀.၉၉၄ |
| တောင်အာဖရိက | ရန်း | ၇.၇၅၈ | ၇.၅၂၃ |
| ဂျပန် | ယန်း | ၇၆.၆၉၅ | ၇၆.၆၀၅ |
| ယူအေအီး | Dirham | ၃.၆၇၃ | ၃.၆၇၃ |
| တရုတ် | ယွမ် | ၆.၃၃၃ | ၆.၃၀၆ |
| ဟောင်ကောင် | ဒေါ်လာ | ၇.၇၅၅ | ၇.၇၅၄ |
| စင်ကာပူ | ဒေါ်လာ | ၁.၂၅၀ | ၁.၂၄၂ |
| မလေးရှား | ရင်းဂစ် | ၃.၀၄၁ | ၃.၀၁၀ |
| အိန္ဒိယ | ရူပီး | ၄၉.၂၂၅ | ၄၈.၆၀၅ |
| ထိုင်း | ဘတ် | ၃၁.၀၄၀ | ၃၀.၈၇၀ |
| တရုတ်(တိုင်ပေ) | ဒေါ်လာ | ၂၉.၇၅၀ | ၂၉.၄၈၀ |
| တောင်ကိုရီးယား | ဝမ် | ၁၁၂၀.၀၀၀ | ၁၁၁၂.၄၅၀ |
| ဖိလစ်ပိုင် | Pesos | ၄၂.၈၅၀ | ၄၂.၅၇၀ |
| ရုရှား | ရူဘယ် | ၃၀.၂၂၀ | ၃၀.၂၁၀ |
| နယူးဇီလန် | ဒေါ်လာ | ၁.၂၁၃ | ၁.၁၉၆ |
| ဘင်္ဂလားဒေ့ရှ် | တာကာ | ၈၄.၄၀၀ | ၈၄.၃၀၀ |

## တစ်ပတ်အတွင်းရွှေဈေးနှုန်းများ(တစ်ကျပ်သား၊ ကျပ်)

| ရက်စွဲ | ၁၅ပဲရည် | အခေါက် |
|---|---|---|
| ၃၀-၁-၂၀၁၂ | ၆၈၀၀၀၀ | ၇၂၅၀၀၀ |
| ၃၁-၁-၂၀၁၂ | ၆၈၂၀၀၀ | ၇၂၉၀၀၀ |
| ၁-၂-၂၀၁၂ | ၆၈၅၀၀၀ | ၇၃၀၀၀၀ |
| ၂-၂-၂၀၁၂ | ၆၈၇၀၀၀ | ၇၃၁၀၀ |
| ၃-၂-၂၀၁၂ | ၆၉၃၀၀၀ | ၇၃၄၅၀၀ |

CARTOON




**USED CAR EXPORT FROM JAPAN**

We export all kinds of Japanese vehicles as passenger cars, trucks and buses. We send vehicles from all auctions directly. Please contact us.

**ARK USED CAR CENTER LTD**
Tel: 813-3447-2325, Fax: 813-3447-2433
**e-mail:** alal@ac.auone-net.jp
Higashi Gotanda 1-25-104, Shinagawa-ku, Tokyo, 141-0022 Japan.

ZENITH
Air - con Service 's Anniversary Promotion
Last Date 29.02.2012
(1) Zenith မှ Air-con ဝယ်ယူ တပ်ဆင်လိုသူများအတွက် - Safeguard + Frame FREE
(2) Zenith နှင့် Air-con Servicing ပြုလုပ်လိုသူများအတွက် - 40% Discount
Zenith's Customer ဟောင်းများအတွက် - အထက်ပါအခွင့်အရေးများ + Cash Discount များပါထပ်မံခံစားရမည် ဖြစ်ပါသည်။
Sales & Service Centre
Building No.B-3, Room No.4, Malikha Shopping Complex, Yadanar Road, Thingangyun Tsp.
Hot Line : 09-73240434, 09-73042580
Mobile Ph : 09-5169931, 09-5130855, 09-5087938, 09-49223868, 09-49223870

## ဆောင်းခိုငှက်များဝင်ရောက်ချိန် ဖမ်းဆီးခြင်းကို တားမြစ်ထားသော်လည်းရေစစ္စလီများဖမ်းဆီးရောင်းချခြင်းရှိနေ

ရခိုင်ပြည်နယ်တွင်းသို့ ဆောင်းခိုငှက်များ ဝင်ရောက်လာချိန်ဖြစ်ပြီး ဆောင်းခိုငှက်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ် ရောင်းချခြင်းများအား တားမြစ်ထားသော်လည်း ရေစစ္စလီ အပါအဝင် အခြားငှက်များဖမ်းဆီး ရောင်းချခြင်းများရှိနေဆဲဖြစ်ကြောင်း သိရှိရသည်။

မြောက်ဦးမြို့နယ်အတွင်းရှိ အင်းအိုင်များသို့လာရောက် ကျက်စားကြလေ့ရှိသော ဆောင်းခိုငှက်များအနက် အချို့သောငှက်များသည်ရှားပါးငှက်များဖြစ်ပြီး တချို့သောငှက်များသည် ရှားပါးငှက်မဟုတ်ကြောင်းလည်း သိရသည်။ ယင်းသို့ ရှားပါးဆောင်းခိုငှက်များအနက် ဖမ်းဆီးရောင်းချခံရသောငှက်များလည်းရှိနေကြောင်းလည်း သိရှိရသည်။

ယင်းနှင့်ပတ်သက်ပြီး မြောက်ဦး မြို့ခံသားတစ်ဦးက "ဆောင်းခိုငှက်တွေရောက်လာချိန်ဆိုတော့ ငှက်ဖမ်းသမားတွေအလုပ်ဖြစ်တာပေါ့ဗျာ။ အခြားငှက်တွေကိုဖမ်းတာတော့ စားဝတ်နေရေးအရမို့ မပြောချင်ဘူး။ ဒါပေမယ့် ရေစစ္စလီလိုမျိုးတွေ၊ ရေဘဲတွေလိုမျိုးတွေပါတာလည်းတွေ့ရတယ်။ ပြီးတော့ သိပ်လှတဲ့နှုတ်သီး အနီရောင် ဟင်္သာငှက်တွေတောင်ပါတာတွေ့တယ်။ ဒါကြောင့် ငှက်ဖမ်းတယ်ဆိုရင်လည်း စည်းနဲ့ကမ်းနဲ့ ဖမ်းဖို့လိုတယ်လို့ထင်တယ်။ ရှားပါးငှက်တွေကို မစားကြဖို့လိုတယ်။ မြောက်ဦးမှာက နိုင်ငံခြားသားတွေလည်းအဆက်မပြတ်ရောက်လာနေတော့ သူတို့လည်းစားကြတယ်။ဒါကြောင့်ငှက်တွေဈေးကောင်းရတယ်။ အဓိက,က နိုင်ငံခြားသားတချို့ဟာ ငှက်သားကိုကြိုက်ကြတာလည်းတွေ့ရတယ်ဆိုတော့ငှက်တွေကို ဖမ်းဆီးတာကိုဟန့်တားတဲ့ပုံရှိတယ်။ ဒါပေမယ့် ခိုးဝှက်ပြီးရောင်းကြတာပါပဲ" ဟု ပြောကြားခဲ့ပါသည်။

ဆောင်းခိုငှက်များအနက် ရှားပါးငှက်များအပေါ်ထားရှိသောစိတ်သဘောထားများပြင်ဆင်ရန်လိုအပ်နေပြီဖြစ်ကြောင်းမြောက်ဦးမြို့ဒေသခံတစ်ဦးက ပြောကြားခဲ့ပါသည်။

## စတုတ္ထအကြိမ်မြောက် ရခိုင်ရိုးရာ ရထားဆွဲပွဲတော် ငါးရက်တိုင်တိုင်ကျင်းပ



စတုတ္ထအကြိမ်မြောက် ရခိုင်ရိုးရာ ရထားဆွဲပွဲတော်အား စစ်တွေမြို့ ဝက်ဘာကွင်း၌ ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိငါးရက်တိုင်ကျင်းပခဲ့ကြောင်း သိရှိရသည်။

အဆိုပါရထားပွဲတော်အား စစ်တွေမြို့တွင်ကျင်းပလာခဲ့သည်မှာ သုံးကြိမ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ပြီး နေရပ်တစ်ခုတွင်သုံးကြိမ်သာကျင်းပလေ့ရှိကြောင်း၊ ယခင်နှစ်က မိဇ္ဈရပ်ကွက်ကမ်းနားလမ်းတွင်ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင် ရွာကြီးတောင်ရပ်မှအိမ်ရှင်အဖြစ်ဦးဆောင်ကျင်းပခြင်းဖြစ်သည်။ ရထားဆွဲပွဲကျင်းပရခြင်းသည်ဒေသတွင်း စားဝတ်နေရေးအဆင်ပြေစေရန်နှင့်သားငါးသယံဇာတပေါကြွယ်ဝစေရန်ဆုတောင်းကာကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ မြို့ပေါ်ရပ်ကွက်အသီးသီးမှ လာရောက်ယှဉ်ပြိုင်လေ့ရှိကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်များကပါဝင်ခြင်းမရှိသောရပ်ကွက်များကပင် လာရောက်ယှဉ်ပြိုင်ရာ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၃ သင်းထိရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ယခုနှစ်ရထားဆွဲပွဲတွင် ဆုကြေးအမြောက်အမြားပေးအပ်မည်ဖြစ်ကြောင်း၊ ရထားဆွဲပွဲတွင်ရပ်ကွက်အလိုက်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အပြင်သံချပ်ပြိုင်ပွဲများကိုပါဝင်သဖြင့် ပိုမိုစည်ကားခဲ့ကြောင်း ဒေသခံများထံမှ သိရှိရသည်။

"ဝက်ဘာကွင်းကြီးမှာလုပ်တာဆိုတော့ နေရာလည်းကျယ်ပြန့်တယ်လေ။ ပြီးတော့ ဆုကြေးတွေလည်းအများကြီးပေးမယ်လို့ကြေညာထားတယ်။ ရထားဆွဲပွဲမှာ ရပ်ကွက် ၂၃ ခုက ပါဝင်ယှဉ်ပြိုင်ကြတာဖြစ်ပြီး သံချပ်တွေကိုလည်း ပိုမိုယဉ်ကျေးစွာဆိုပြသွားကြတာကိုတွေ့ရတယ်" ဟု ပွဲကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောကြားခဲ့သည်။

ပြိုင်ပွဲပထမနေ့အဖြစ် ၁၀ သင်းပြိုင်ကြရာ ဘောင်းတွတ်သားစုရပ်ကွက်၊ ကုန်တန်းရပ်ကွက်၊ အုန်းတစ်ပင်ရပ်ကွက်၊ ဘောက်သီးစုရပ်ကွက်နှင့်ရှုပတောင်ရပ်ကွက်တို့မှအနိုင်ရရှိခဲ့ကြောင်း၊ ရှုံးထွက်ပြိုင်ပွဲဖြစ်သဖြင့်နေ့အလိုက်အခြားသောအသင်းများကိုလည်းယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့်ယခင်နှစ်က ရွှေပြားရပ်ကွက်မှ ပထမဆုရရှိခဲ့ကြောင်း သိရသည်။

ဆုကြေးများအဖြစ်ရထားဆွဲပွဲနှင့်အတူသံချပ်ပြိုင်ပွဲများလည်း ပါဝင်ရာသံချပ်ဆုများလည်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ရခိုင်ရိုးရာရထားဆွဲပွဲတော်သို့ လာရောက်ကြည့်ရှုသူများပြားခဲ့ကြောင်း သိရ သည်။

*သားကြီးမြတ်(စစ်တွေ)*

## တောင်ငူမြို့ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွား



တောင်ငူမြို့ (၂၃)ရပ်ကွက်၊ ရန်ကုန်-မန္တလေး(ပုံမှန်)လမ်းမကြီးဘေး စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ရှိ ဦး---နေအိမ်တွင် ဇန်နဝါရီ ၃၁ ရက်နံနက် ၁၁ နာရီ ၅၀ မိနစ်တွင် ဆီပေပါအတွင်းသို့ဆီဖြည့်ရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး နှစ်နာရီနီးပါးကြာမြင့်ခဲ့ကြောင်းသိရသည်။

"မီးလောင်တဲ့အိမ်ရဲ့ညာဘက်ဘေးမှာ ဆီဂိုဒေါင်တစ်လုံးရှိတယ်၊ ဆီမရှိတာတွေရော ဆီရှိတာတွေရော ပီပါ အလုံး ၁၀၀ နီးပါးလောက်ရှိမယ်ထင်တယ်၊ အိမ်ရဲ့ဘယ်ဘက်ဘေးမှာလည်း ဆီဂိုဒေါင်အသေးတစ်လုံးရှိသေးတယ်။ အဲဒါတွေလောင်မသွားဘူး။ အိမ်တစ်လုံးထဲကွက်ပြီးလောင်သွားတာ။ ဒါတောင် အိမ်ထဲမှာထားတဲ့ဆီပေပါတွေထဲက ဆီပေပါနှစ်လုံးလောက်တော့ပေါက်ကွဲသံကြားရပြီး မီးညွန့်တွေမြင့်တက်လာသေးတယ်။ ပတ်ဝန်းကျင်ကို မကူးလို့တော်သေးတာပေါ့။ ဆီဂိုဒေါင်တွေပါ မီးလောင်မယ်ဆိုရင်တော့ မလွယ်ဘူး" ဟု မီးလောင်အိမ်အား မီးငြိမ်းသတ်ရာတွင် ပါဝင်ကူညီခဲ့သူတစ်ဦးကပြောပြသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ တောင်ငူမြို့ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တောင်ငူမြို့နယ်မီးသတ်ကား ငါးစီး၊ ရေသယ်ယာဉ် နှစ်စီး၊ ရေတာရှည်မြို့နယ် မီးသတ်ကား နှစ်စီး၊ အုတ်တွင်းမြို့နယ်မီးသတ်ကား တစ်စီးလာရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

တောင်ငူမြို့ အမှတ်(၁)ရဲစခန်းက စက်သုံးဆီအရောင်းဆိုင်မှဦး-- အားပြစ်မှုပုဒ်မ-၂၈၅ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ *ဇော်ဝင်းချစ် (တောင်ငူ)*

## ကယားနှင့်ရှမ်းပြည်နယ်တို့တွင် နှင်းခါးများကျဆင်းမှုကြောင့် ကောက်ပဲသီးနှံအချို့ပျက်စီးဆုံးရှုံး

ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့်ရှမ်းပြည်နယ်၊ ပင်လောင်း၊ ဖယ်ခုံ၊မိုးဗြဲ စသည့်ဒေသဝန်းကျင်တွင် နှင်းခါးများကျဆင်းလျက် ပဲစင်းငုံနှင့် အခြားကောက်ပဲသီးနှံအချို့ပျက်စီးဆုံးရှုံးလျက်ရှိပြီး နှင်းခါးရိုက်ပါက ကောက်ပဲသီးနှံများမှ မီးလောင်သကဲ့သို့ အရွက်များခြောက်သွေ့ကာ သေဆုံးလေ့ရှိကြောင်း သိရသည်။

"နှစ်စဉ် ဒီအချိန်လောက်ဆိုရင်တော့ နှင်းခါးအမြဲရိုက်တယ်။ ဒီဇင်ဘာလ ၁၄၊ ၁၅ ရက်မှာ တစ်ခါ၊ ၂၃ ၊ ၂၄ ရက်လောက်မှာတစ်ခါ နှစ်ခါရိုက်တယ်။ တစ်နေရာနဲ့တစ်နေရာ နှင်းခါးရိုက်တာချင်းတော့ မတူဘူး။ ကွက်ကျားမိုးလိုပဲ ကျတဲ့နေရာ ကျတယ်။ မကျတဲ့နေရာ မကျဘူး။ နှင်းခါးရိုက်ရင် အပင်တွေခြောက်သွေ့ပြီးသေကုန်ရော။ နှစ်ရှည်ပင်တွေဆိုရင် တစ်နှစ်သားအောက် အကုန်သေတယ်။တစ်နှစ်သားအထက်ဆိုရင်တော့ မသေဘူး။ အရွက်တွေခြောက်ကုန်တယ်။ တောင်သူတွေလည်း နှင်းခါးရိုက်မယ့်အချိန်ကို မခန့်မှန်းနိုင်ဘူး။ နှင်းခါးရိုက်နိုင်မယ့်အချိန်ကို ရုပ်မြင်သံကြားသတင်း၊ သတင်းစာတွေနဲ့စာစောင်တွေမှာ ဖော်ပြပေးနိုင်ရင်တော့ကောင်းမယ်"ဟုစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကဆိုသည်။

## ပဲခူးတွင် ကားနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိရာမှ ဆိုင်ကယ်စီးနင်းသူနှစ်ဦးစလုံးသေဆုံး

ပဲခူးမြို့(မြောက်ဘက်) ကလိကျေးရွာစစ်ဆေးရေးဂိတ်အနီး ရန်ကုန်-မန္တလေးအဝေးပြေးကားလမ်းမ မိုင်တိုင်အမှတ် (၅၃)နှင့်(၅၄)အကြားတွင် ဇန်နဝါရီလ ၂၉ရက်နေ့ မွန်းလွဲ ၁နာရီခွဲအချိန်ခန့်၌ကားနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိရာမှဆိုင်ကယ်ပေါ်တွင်အတူစီးနင်းလာသူသားအဖနှစ်ဦးစလုံး သေဆုံးသွားခဲ့သည်။

အခင်းဖြစ်ပွားပုံမှာ ပဲခူးမြို့တွင်းဘက်မှ ဘုရားကြီးကျေးရွာဘက်သို့ ယာဉ်မောင်း---၂၂ နှစ် ပဲခူးမြို့တွင်နေထိုင်သူ မောင်းနှင်လာသည့် (အ/---)Hino အမျိုးအစားယာဉ်က ဘုရားကြီး ကျေးရွာဘက်မှ ပဲခူးမြို့တွင်းဘက်သို့ ယာဉ်မောင်းစိုးသီဟ (၂၆)နှစ်မောင်းနှင်လာသော မော်တော်ဆိုင်ကယ်နှင့် အခင်းဖြစ်နေရာအရောက်တွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုင်ကယ်မောင်းနှင်သူစိုးသီဟ (၂၆) နှစ်နှင့်အတူစီးနင်းလိုက်ပါလာသည့် ၎င်း၏ဖခင်ဦးငွေဝင်း (၅၁)နှစ်တို့နှစ်ဦးစလုံးရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း၊ မဆင်မခြင်မောင်းနှင်သူယာဉ်မောင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၀၄-က)ဖြင့် ပဲခူးမြို့အမှတ်(၁) ရဲတပ်ဖွဲ့ စခန်းမှ (ပ)၅၃/၂၀၁၂ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။







## လားရှိုးမြို့နယ်တွင် လူပျောက်တိုင်တန်းသဖြင့် စစ်ဆေးရာမှလူသတ်မှုဖြစ်နေကြောင်းဖော်ထုတ်အရေးယူ

ဇန်နဝါရီလ ၁၈ ရက်နေ့က လားရှိုးလူကုန်ကူးအထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် လားရှိုးမြို့နယ် ----ကျေးရွာမှ အသက်(၁၁)နှစ်အရွယ် ကလေးငယ်တစ်ဦး နေအိမ်မှ ပျောက်ဆုံးနေကြောင်း စုံစမ်းစစ်ဆေးရာမှ လူသတ်မှုဖြစ်နေကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

အခင်းဖြစ်ပွားပုံမှာ ဇန်နဝါရီလ ၁၆ ရက်နေ့က အသက်(၁၁)နှစ်နှင့်အသက်(၈)နှစ်အရွယ် ညီအစ်ကိုနှစ်ဦးတို့သည် ရွာဘုန်းကြီးကျောင်း၌ ဗီဒီယိုကြည့်နေကြစဉ် လားရှိုးမြို့၊ ဟိုနားကုန်းဆာကျေးရွာ အုပ်စု၊ နားအော်ကျေးရွာနေ ---(ခ) --(၁၉) နှစ်ဆိုသူက ညီအစ်ကိုနှစ်ဦးအား အပြင်ခေါ်ထုတ်သွားပြီး ညီဖြစ်သူကို အိမ်ပြန်ပို့ပေးကာ အစ်ကိုဖြစ်သူကို မုန့်ဝယ်ကျွေးမည်ဟုဆို ကာ ပျောက်ဆုံးနေကြောင်း သိရှိရသည်။

ထို့ကြောင့် ---အား ခေါ်ယူစစ်ဆေးရာ (၁၁)နှစ်အရွယ် ကလေးကို ရွာရှိဘုန်းကြီးကျောင်း ဇရပ်သို့ ခေါ်သွား၍ တရုတ်နိုင်ငံသား --ထံသို့ ဇရပ်အလွန်သစ်သားတံတားတွင် လွှဲပြောင်းပေးခဲ့ရကြောင်း၊ အဆိုပါကလေးငယ်ကို တရုတ်နိုင်ငံ၊ မိန်းတိမ်မြို့အနီး ဝမ်ခမ်းရွာသို့ ခေါ်ဆောင်သွားခဲ့ကြောင်းနှင့် လားရှိုးမြို့တွင် --တည်းခိုသည့် လိပ်စာမသိရှိကြောင်း ထွက်ဆိုခဲ့သည်။

လူကုန်ကူးအထူးတပ်ဖွဲ့အနေဖြင့် --------- ၏ ထွက်ဆိုချက်နှင့် အခြားသတင်းအချက်အလက်များကို စိစစ်ခဲ့ရာ မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ထပ်မံစစ်ဆေးခဲ့ရာ ---က အသက်(၁၁)နှစ်အရွယ် ကလေးငယ်ကို တုတ်ဖြင့်ရိုက်သတ်၍ တံတားအနီး ချုံပုတ်ထဲတွင် ဝှက်ထားခဲ့ကြောင်း ဖော်ထုတ်သိရှိသဖြင့် လားရှိုး အမှတ်(၁)ရဲစခန်းက ---(ခ)-- အား (ပ)၁၉/ ၂၀၁၂၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူထားသည်။

*နေပြည်တော်သတင်းအဖွဲ့*

## နေပြည်တော်ရှိအမျိုးသားပြတိုက်နှင့်အမျိုးသားစာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော်ပြီးစီး



ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဦးစီးတည်ဆောက်လျက်ရှိသော အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တို့၏ တည်ဆောက်ရေးလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဟု သိရှိရသည်။

အမျိုးသားပြတိုက် (နေပြည်တော်)အား သတ်မှတ်ကာလအတွင်း ဖွင့်လှစ်ပြသနိုင်ရေးအတွက် မြန်မာ့သမိုင်းမတင်မီခေတ်ကာလမှ မျက်မှောက်ကာလအထိ ခေတ်ကာလအသီးသီး၏ ယဉ်ကျေးမှုများကို ကြည့်ရှုနိုင်ရန် ပြသရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အား ခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အမျိုးသားပြတိုက်(နေပြည်တော်)ပြီးစီးသွားရင် ပြည်တွင်း၊ပြည်ပကလေ့လာသူတွေ ကြည့်ရှုလေ့လာနိုင်အောင် ဖွင့်လှစ်ပြသသွားမှာဖြစ်သလို ကျောင်းသား၊ ကျောင်းသူတွေကို အခမဲ့လေ့လာခွင့်ပြုဖို့စီစဉ်ထားပါတယ်။ ဒါ့အပြင်အခြေခံပညာသင်ကျောင်းတွေနဲ့ ချိတ်ဆက်ပြီး (Museum Education Programme) များရေးဆွဲကာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေကို သိရှိနားလည်သဘောပေါက်စေရန်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် ပြသဆောင်ရွက်သွားပါမယ်" ဟု အမျိုးသားစာကြည့်တိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါသည်။

အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အဆောက်အဦးတို့ကို ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းအဝိုင်းအနီးတွင် တည်ဆောက်လျက်ရှိရာ အမျိုးသားပြတိုက်ကို မြေဧက ၃၄ ဒသမ ၇၉ ဧကပေါ်တွင် အဝင်ခန်းမဆောင်နှင့် တစ်ထပ်ဆောင်လေးဆောင်အပါအဝင် စုစုပေါင်း ငါးဆောင်ကို ၂၀၁၀ ပြည့်နှစ် ဖွန်လဆန်းပိုင်းက ပန္နက်ချတည်ဆောက်ခဲ့ရာ ယခုအခါ အကြမ်းထည် ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ မြေဧက ၂၃ ဒသမ ၂၂ ဧကပေါ်တွင် အဆောက်အအုံသုံးလုံးတည်ဆောက်လျက်ရှိသော အမျိုးသားစာကြည့်တိုက်မှာ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

*နေပြည်တော်သတင်းအဖွဲ့*

## ရှမ်းပြည်နယ်တောင်ပိုင်းတွင် ယခုနှစ်သကြားဈေးကျသဖြင့် ကြံစိုက်တောင်သူများ ဈေးကောင်းမရဖြစ်ခဲ့



စက်ရုံသို့ ကြံစိုက်ပျိုးသူများလာရောက်ပို့ဆောင်ရောင်းချစဉ်

ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့တွင် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ကြံစိုက်ပျိုးဧကများတိုးချဲ့လုပ်ကိုင်ခဲ့၍ကြံများ လှိုင်လှိုင်ပေါ် ထွက်ခဲ့သော်လည်း ယခုနှစ်သကြားဈေးကျသဖြင့် ကြံစိုက်တောင်သူများ ဈေးကောင်း မရဖြစ်ခဲ့ကြောင်း ဒေသခံကြံစိုက်ပျိုးသူများထံမှ သိရသည်။

"အရင်နှစ်က စက်ရုံသွင်းဈေး ကြံတစ်တန်ကို ကျပ် ၅၀၀၀၀ ရခဲ့ပေမယ့် ဒီနှစ်သကြားပြည်ပပို့ကုန်မှာ ယူတာနည်းလို့ဈေးကျပြီး ဒီနှစ်ကြံရာသီမှာ တစ်တန်ကို သွင်းဈေးကျပ်လေးသောင်းပဲရတယ်။ ကြံတစ်တန်ကိုကြံခုတ်ခကျပ် ၄၀၀၀ ၊လှည်းတင်ခံကကျပ် ၃၀၀၀ ၊လှည်းပေါ်ကားပေါ်၊ ထော်လာဂျီပေါ်တင်ခ၊ချခ အလုပ်သမားခက ကျပ်သုံးထောင်၊ ရွှေညောင်၊ ညောင်ရွှေကနေစက်ရုံအထိကား၊ထော်လာဂျီနဲ့သယ်ဆောင်ခတစ်တန်ကို ငါးထောင်ကျပ်၊နောက်ဖြတ်ခဆိုတဲ့ အထွေထွေစရိတ်တွေက ကျပ်သုံးထောင်ကနေ ငါးထောင်ဆိုတော့၊ စိုက်ခင်းကနေ စက်ရုံအထိ သယ်သယ်ယူပို့ဆောင်စရိတ်က တစ်တန်ကိုကျပ်နှစ်သောင်းလောက်ကုန်ကျနေပြီဆိုတော့ စိုက်ပျိုးစရိတ်က ကျပ်နှစ်သောင်းပဲ ကျန်တော့တယ်။ စိုက်ပျိုးတဲ့ကုန်ကျငွေတွေနှုတ်လိုက်ရင်၊ အမြတ်ဘာမှသိပ်မကျန်တော့ဘူး။ တချို့ဆို အရှုံးတောင်ပေါ်လို့ စိတ်ဓာတ်ကျနေကြတယ်"ဟု ရွှေညောင်မြို့မှ ကြံတောင်သူကိုမျိုးကရှင်းပြသည်။

*စိုင်းအောင်မြတ်(တောင်ကြီး)*

## အမြင့်ဆုံးထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးအား မြဝတီမြို့တွင် တည်ထားကိုးကွယ်မည်

ကရင်ပြည်နယ် မြဝတီမြို့တွင် ပလ္လင်တော်အပါအဝင် ဉာဏ်တော်အမြင့် ၁၃၃ ပေရှိ မဟာဗောဓိ ပြည်လုံးချမ်းသာဘုရားကြီးထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်အားတည်ထားကိုးကွယ်ရန်မွန်ကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဆရာတော်ဘဒ္ဒန္တသောဘိတဦးစီးပြီး၁၃၇၃ ခုနှစ်ပြာသိုလပြည့်နေ့ နံနက် ၈ နာရီ ၂၄ မိနစ်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်၍ စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မွန်ကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်သည် ယခင်နှစ်က ဒေသခံ လုပ်အားကုသိုလ်ရှင်၊အလှူရှင်များဖြင့်ဉာဏ်တော်အမြင့် ၈၁ ပေရှိ သုခချမ်းသာကြီးရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကိုလည်းယခင်နှစ်ပြာသိုလမှစပြီးတည်ထားခဲ့ရာ ၉၉ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

"အခု မဟာဗောဓိပြည်လုံးချမ်းသာဘုရားကြီးကို အောက်ခြေပလ္လင်အမြင့် ၂၅ ပေ ပေါ်မှာတည်ထားမှာဖြစ်တယ်။ ပလ္လင်တော်အလျား ၁၂၀ ပေ၊ အကျယ် ၇၂ ပေ၊ နှစ်ဆင့်အတွင်းလိုဏ်ဂူအတွင်းမှာ ဗုဒ္ဓဖြစ်စဉ်ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များထားရှိမှာဖြစ်ပြီး ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များလိုဏ်ဂူအတွင်းဝင်ရောက်လေ့လာနိုင်ရန်မြန်မာအနုပညာလက်ရာများနဲ့ ပေါင်းစပ်ထုဆစ်သွားမှာဖြစ်ပါတယ်"ဟုဆရာတော်က မိန့်ကြားသည်။ *ကိုရွှေသိန်း(မြဝတီ)*

## ကျောက်ချောင်း-ကျောက်နီမော်လမ်းကို ယခုနှစ်တွင်သုံးမိုင်ထိအပြီးသတ်ဆောင်ရွက်မည်ဟုသိရ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်အတွင်းရှိ ကျောက်ချောင်း-ကျောက်နီမော် ကျောက်ချောခင်းလမ်းကို ကျောက်ချောင်းကျေးရွာမှစတင်၍ သုံးမိုင်အထိကို ယခုနှစ်တွင် အပြီးသတ်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါလမ်းမှာ ကျောက်ချောင်းတိုက်နယ်မှ ကျောက်နီမော်တိုက်နယ်သို့ သွားသည့်လမ်းဖြစ်ပြီး ရမ်းဗြဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ချောင်း-ကျောက်နီမော်လမ်းအရှည် ၁၈ မိုင် ၄ ဖာလုံရှိသည့်အနက် ၃ မိုင်အား ၂၀၁၀-၂၀၁၂ ခုနှစ်ဘဏ္ဍာရေးနှစ်နယ်စပ်ရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနထောက်ပံ့ငွေဖြင့် အပြီးသတ် ဖောက်လုပ်သွားမည်ဖြစ်ရာ ကျပ်သိန်း ၉၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ယခုဖောက်လုပ်နေသည့်ကျောက်ချောလမ်းသည် ကျောက်နီမော်၊ ကုန်ဘောင်ထက်၊ သိမ်ပြင်၊ မင်းသားပြင်၊ ကျောက်ဖြူချောင်း၊ မြေပြားတောင်၊ ပြင်ကြီး၊ ဦးဂ၊ ဇီးတော၊ တောင်ပြို၊ သင်းပေါင်းချောင်း၊ ကြီးအိုး၊ တကွေ၁၊ ချောင်ဖျားကြီး၊ ကျောက်ချောင်း၊ဒေသအတွင်းအရေးပါသည့်လမ်းဖြစ်ကြောင်းသိရသည်။

"မိုးတွင်းဆိုလမ်းကသွားရတာအဆင်မပြေဘူး၊နွားလှည်းတို့သွားလို့မရဘူး၊ အခုလို ကျောက်ချောခင်းလိုက်တော့ ဒေသခံတွေအတွက်အဆင်ပြေသွားတာပေါ့"ဟုကျောက်ချောင်းဒေသခံတစ်ဦးကပြောသည်။

လမ်းဖောက်လုပ်ရာတွင် နေ့စားအလုပ်သမားတစ်ဦးလျှင်ကျပ်၃၀၀၀နှုန်းဖြင့်ဖောက်လုပ်နေခြင်းဖြစ်ရာ နောက်ပိုင်းကာလတွင် စက်များဖြင့် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။*အောင်ရမ္မာ( ကျောက်ဖြူ)*




**TRADE MARK CAUTION**

**HOYA CORPORATION,** a company incorporated in Japan, of 2-7-5 Naka-Ochiai, Shinjuku-ku, Tokyo, 174-8639 Japan, is the Owner and Sole Proprietor of the following Trademarks:-

**OPTIO**

**Reg. No. 4513/2004**

in respect of "**Int'l Class 9**: Binoculars."

**PENTAX**

**Reg. No. 2630/1998**

in respect of "**Int'l Class 1**: Chemicals used in photography. **Int'l Class 3**: Dentifrices, soaps, deodorants for personal use. **Int'l Class 5**: Deodorants other than for personal use, plasters, materials for dressings, material for stopping teeth, dental wax. **Int'l Class 7**: Pumps. **Int'l Class 9**: Surveying, photographic, cinematographic, optical apparatus and instruments, apparatus for recording, transmission or reproduction of sound or images, magnetic data carriers, recording discs, data processing equipment and computers, spectacles. **Int'l Class 10**: Surgical, medical, dental apparatus and instruments, artificial teeth, artificial bone, artificial teeth roots, special furniture for medical use, supportive bandages. **Int'l Class 16**: Printed matter, photographs, stationery, typewriters and office requisites. **Int'l Class 37**: Repair of photographic apparatus and instruments, repair of medical apparatus and instruments."

Any fraudulent imitation or unauthorized use of the said Trademarks will be dealt with according to law.

**U Nyunt Tin Associates,** Intellectual Property Law Firm
Tel: 951 375754, Fax: 951 254321, Email: info@untlaw.com
For **HOYA CORPORATION** Dated: 8 February, 2012.

# ဆင္ဆမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၁) စာပေဆု ချီးမြှင့်ပွဲအခမ်းအနား



ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း(ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)က သမိုင်း(အင်္ဂလိပ်)ဘာသာရပ်တွင် စာပေဆုရ ဦးသော်ကောင်းကို ဆုချီးမြှင့်စဉ်



ဦးသိန်းထွန်း(ဥက္ကဋ္ဌ၊ထွန်းဖောင်ဒေးရှင်းဘဏ်)



ဦးမြင့်ဆွေ(ဝန်ကြီးချုပ်၊ရန်ကုန်တိုင်းဒေသကြီး)

ဆင္ဆမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၁) စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့က ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ်များအသင်းအဆောက်အအုံတွင်ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဆုရရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

# Dumex ၏ တရုတ်နှစ်သစ်ကူးပွဲတော်



မစုစန္ဒာမင်း(Senior Marketing Manager, Mo Asia Co.,Ltd)



ဦးရော့ဒ်နေမိုးဒင်(Deputy General Manager, Sales)




မော်ဒယ်များက Products Show ပြသစဉ်

Dumex ၏ တရုတ်နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီလ ၄ ရက်နေ့က မော်တင်တာဝါရှိ Junction Mawtin Shopping Mall တွင် ကျင်းပခဲ့ရာတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ပြီးကလေးများအတွက် ကစားပွဲများ၊ Dumex မှ အာဟာရဆိုင်ရာကျွမ်းကျင်ပညာရှင်များက အကြံပေးဆွေးနွေးခဲ့သည်။

# Traders Hotel ၏ 15th Annual Staff Party



Mr.Craig Powell (General Manager,Traders Hotel)



ဒေါ်မမနိုင်(Director of HR, Traders Hotel)



ဖြူဖြူကျော်သိန်း



နီနီခင်ဇော်

Traders Hotel ၏ 15th Annual Staff Party ကို ဖေဖော်ဝါရီလ ၂ ရက်နေ့ ည ၇ နာရီအချိန်က Traders Hotel ရှိ Ballroom တွင် ပြုလုပ်ခဲ့ရာ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

# SEALS အင်္ဂလိပ်ဘာသာစကား သင်တန်းကျောင်းဖွင့်ပွဲ



ကိုသိန်းတိုးဝင်း
(Managing Director, SEALS)



မခိုင်ဝါအောင်
(General Manager, SEALS)



မပြည့်ဖြိုးခင်ချို
(Principal, Academic)

SEALS အင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်းကို ဖေဖော်ဝါရီလ ၃ ရက်နေ့၌ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊အမှတ်(၁၃၆)၊ဒုထပ်(က၊ခ)၌ နံနက် ၉ နာရီမှ ၁၀ နာရီခွဲထိပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

အဆိုပါ SEALS အင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်း ဖွင့်လှစ်ရခြင်းမှာ မှန်ကန်သောအင်္ဂလိပ်ဘာသာစကားသင်ကြားမှုပုံစံနှင့်အညီ မြန်မာကျောင်းသား၊ ကျောင်းသူ လူငယ်များအင်္ဂလိပ်စာအရည်အချင်းများ ဘက်စုံကျွမ်းကျင်တက်မြောက်စေလိုသောရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရှိရသည်။

ထို့အပြင် နိုင်ငံခြားသားများအတွက် မြန်မာဘာသာ စကားသင်ကြားမှုအစီအစဉ်များကိုပါ ထည့်သွင်းသင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။






## ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားရန်ပုံငွေ နှင်းဆီအငြိမ့်အဖွဲ့ကပြမှုအား မတ်လတွင်ပြုလုပ်မည်

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားရန်ပုံငွေနှင်းဆီအငြိမ့်အဖွဲ့ ကပြမှုအားမတ်လတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါအငြိမ့်ကပြမှုမှ ရရှိငွေများအားလုံးကို ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိဇာတ်ကားရိုက်ကူးမှုအတွက်ပါဝင်လှူဒါန်းသွားမည်ဟု သိရှိရသည်။

"ဒီပွဲမှာပြက်လုံးအားလုံးကို အသစ်အဆန်းတွေချည်းပဲကပြမှာဖြစ်တဲ့အပြင် ဗိုလ်ချုပ်ဇာတ်ကားရန်ပုံငွေဖြစ်တဲ့အတွက် အရင်ပွဲတွေထက်လေးနက်တဲ့ အပြုသဘောဆောင်တဲ့ပြက်လုံးလေးတွေ ထည့်သွင်းသွားပါမယ်။ မတ်လ ၂၃ သို့မဟုတ် ၂၄ တစ်ရက်ရက်ဖြစ်ပါမယ်"ဟု ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်) ကရှင်းပြခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားရန်ပုံငွေကပြမည့် နှင်းဆီအငြိမ့်အား ဒါရိုက်တာမောင်မျိုးမင်းတင်ဆက်၍ မင်းသမီးမေကဗျာ၊ မိုးယုစံ၊ ဖူးစုံ၊ လူရွှင်တော်များအဖြစ် သရုပ်ဆောင်နေတိုး၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ မိုးမိုး၊ ရဲလေးတို့ပါဝင်ကပြဖျော်ဖြေသွားမည်ဟုသိရှိရသည်။

## မြန်မာလူမှုဓလေ့များကိုပုံဖော်မည့် "ရွာဦးကျောင်းကအုန်းမောင်းသံ" ဇာတ်ကားရိုက်ကူးမည်

မြန်မာ့လူမှုဓလေ့စရိုက်များအားအဓိကပုံဖော်မည့် 'ရွာဦးကျောင်းကအုန်းမောင်းသံ'ရုပ်ရှင်ဇာတ်ကားအား ၂၀၁၂ ခုနှစ်မေလအတွင်း ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကိုနိုင်ငံတကာမှာပြသနိုင်ဖို့ရည်ရွယ်ပြီးရိုက်ကူးမှာပါ။ ဒါကြောင့် မြန်မာလူမှုဘဝဓလေ့တွေကိုပေါ်လွင်အောင်ဖော်ကျူးနိုင်မယ့် ဇာတ်လမ်းမျိုးတည်ထားပါတယ်။ နောက်ပြီး လက်ရှိရုပ်ရှင်လောကမှာ ပရိသတ်ကြိုက်မင်းသား၊ မင်းသမီးတွေသုံးပေမယ့်လည်း ပိုက်ဆံမရတဲ့ရုပ်ရှင်ဇာတ်ကားတွေရှိနေတဲ့အတွက် မင်းသား၊မင်းသမီးရွေးချယ်မှုအပိုင်းမှာ လူသစ်တန်းတွေထဲကဖြစ်နိုင်ခြေရှိမယ့်လူမျိုးသုံးပြီးရုပ်ရှင်ရိုက်ကူးမှုရဲ့ စက်ပိုင်းဆိုင်ရာနဲ့ အသံပိုင်းဆိုင်ရာတွေမှာ နိုင်ငံတကာအဆင့်မီဖြစ်အောင်လုပ်ဖို့စဉ်းစားထားပါတယ်"ဟု ဒါရိုက်တာ အဏ်ထော်ဏီ(မော်လမြိုင်)က ဆိုပါသည်။

အဆိုပါဇာတ်ကားသည်မြန်မာနိုင်ငံ၏အညာကျေးလက်ဒေသရှိရွာတစ်ရွာကိုအခြေတည်ကာ ရိုက်ကူးမည်ဖြစ်သည်။ ဇာတ်ကားတွင်ရှင်ပြုပွဲ၊ ဆွမ်းသိမ်းပွဲအပါအဝင်ကျေးရွာဓလေ့များအတိုင်းကျင်းပလေ့ရှိသည့်ပွဲအချို့ကိုထည့်သွင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

## အိပ်ချ်အိုင်ဗွီကာကွယ်ကုသရေးနှင့်ပြုစုစောင့်ရှောက်ရေးရန်ပုံငွေဖျော်ဖြေပွဲတွင် အလှူငွေကျပ်သိန်းနှစ်ရာကျော်ရရှိခဲ့






အိပ်ချ်အိုင်ဗွီကာကွယ်ရေး၊ ကုသရေးနှင့်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများအတွက်ရန်ပုံငွေဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့မျှော်စင်ကျွန်း၌ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်ပြုလုပ်ခဲ့ရာအလှူငွေစုစုပေါင်းငွေကျပ်သိန်း ၂၁၀ ရရှိခဲ့သည်ဟု သတင်းရရှိသည်။ အဆိုပါဖျော်ဖြေပွဲကိုအခမဲ့တင်ဆက်ခဲ့ခြင်းဖြစ်ပြီး ပါဝင်သည့်အနုပညာရှင်များမှလည်းအနုပညာဖြင့်ပါဝင်လှူဒါန်းခဲ့ခြင်းဖြစ်ကာ လာရောက်အားပေးသူများကလည်း တတ်စွမ်းသမျှထည့်ဝင်လှူဒါန်းခဲ့ကြသည်။

ဖျော်ဖြေပွဲတွင် 21st Century Play Boy, Vertical Vibration, The Tree, Heaven Born, Knights In Armor, The Mask, The River ၊ ရွှေသံစဉ်၊နိုင်ဇော်နှင့်သူငယ်ချင်းများ တီးဝိုင်းနှင့်အတူ ဘိုဘိုဟန်၊ ခိုင်ထူး၊ ချစ်ကောင်း၊ ဂျေမောင်မောင်၊ ဂျေညီညီ၊ ရင်ဂို၊ စည်သူလွင်၊ တာရာ၊ ရဲသွင်၊ ဘန်နီဖြိုး၊ ညဏ်လင်းအောင်၊ ချောစုခင်၊ အိမ့်ချစ်၊ ခင်ဘုဏ်း၊ ရတနာ၊ ခင်မြတ်မွန်၊ Acid၊ Cyclone ၊ နေမျိုး၊ ဆိုတေး၊ ဇမ်နူး၊ သံသာဝင်း၊ ရှင်းရှင်း၊ ကာကာ၊ ME&MA Girls Band စသည့်အဆိုရှင်များသီဆိုဖျော်ဖြေပေးခဲ့သည်။

ရန်ပုံငွေဂီတဖျော်ဖြေပွဲသို့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်၊သုခရိပ်မြုံဖောင်ဒေးရှင်းမှမဖြူဖြူသင်းတို့တက်ရောက်ခဲ့ကြပြီး လူငယ်ကာတွန်းများမှ ကယ်ရီကေးချားရေးဆွဲပေးခြင်း၊ တီရှပ်ရောင်းချခြင်းများဖြင့်လည်း ရန်ပုံငွေရှာဖွေပေးခဲ့ပြီး အလှူငွေသိန်း ၂၁၀ ရရှိခဲ့ကြောင်း သိရှိရသည်။

## မေဓလာဦးဆောင်သည့် မြန်မာအနုပညာရှင်များအဖွဲ့ အမေရိကန်နိုင်ငံသို့ သုံးလကြာဖျော်ဖြေရေးခရီးသွားရောက်မည်

မေဓလာဦးဆောင်သည့်မြန်မာအနုပညာရှင်များပါဝင်သည့် အဖွဲ့သည်အမေရိကန်နိုင်ငံသို့သုံးလကြာဖျော်ဖြေရေးခရီးသွားရောက်ရန်စီစဉ်ထားပြီး အဆိုပါခရီးစဉ်တွင်အမေရိကန်နိုင်ငံရှိမြို့အသီးသီးသို့ဖျော်ဖြေရေးခရီးစဉ်များပါဝင်မည်ဟုသိရသည်။

အဆိုပါခရီးစဉ်တွင်အဆိုတော်မေဓလာနှင့်အတူ နီတာ၊ ရင်ဂို၊ ခွန်းဆင့်နေခြည်၊ ပုလဲဝင်းတို့ပါဝင်မည်ဖြစ်ပြီး The Trees တေးဂီတဝိုင်းကပါဝင်တီးခတ်ပေးသွားမည်ဟု သိရှိရသည်။

"ချစ်ငယ်တို့မေဓလာအနုပညာဝန်ဆောင်မှုလုပ်ငန်းအနေနဲ့ ပြည်ပဖျော်ဖြေရေးတွေကို စီစဉ်ဖြစ်ပါတယ်။ အခုအမေရိကားခရီးစဉ်ကတော့ပြောထားတာကြာပါပြီ။ အနုပညာရှင်တွေအားမယ့်ရက်ကိုစောင့်နေတာနဲ့ပဲအခုမှရက်သေချာသွားတာပါ" ဟု အဆိုတော်မေဓလာကရှင်းပြခဲ့ သည်။

မေဓလာစီစဉ်သည့်အမေရိကန်နိုင်ငံသို့သုံးလကြာခရီးစဉ်ကို ဇွန်လ ၁ ရက်နေ့တွင်စတင်ထွက်ခွာမည်ဖြစ်ပြီး ပထမဆုံးဖျော်ဖြေရေးအဖြစ် နယူးရော့ခ်မြို့တွင် စတင်ဖျော်ဖြေမည်ဟုသိရှိရသည်။



## ကချင်တိုင်းရင်းသားအနုပညာရှင်များ၏ "မနောအလှ ဂီတည" ဖျော်ဖြေပွဲကျင်းပမည်

ကချင်တိုင်းရင်းသားအနုပညာရှင်များ၏ 'မနောအလှ ဂီတည' ဖျော်ဖြေပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင်မျှော်စင်ကျွန်း၌ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဖျော်ဖြေပွဲသည် ကချင်ပြည်နယ်အတွင်းရှိ အကူအညီလိုအပ်နေသည့် လူမျိုး၊ဘာသာမရွေးဒေသခံတိုင်းရင်းသားများအား ကူညီထောက်ပံ့ရန်အတွက်ကျင်းပခြင်းဖြစ်သည်။

ယင်းဂီတဖျော်ဖြေပွဲတွင် L လွန်းဝါ၊ နောနော်၊ ဂျက်ဆန်ထွန်း၊ JZ ဒေါင်လွဏ်း၊ အောင်းလာ၊ အန်းနော်၊ N ဆိုင်းလီ၊ နော်ဒင့်၊ အဓဲ၊ အော်လီရာ၊ ကေဂျာနူး၊Lခွန်းရီ၊ ကော့မိုင်၊ ရေဗက္ကဝင်း၊ Lဆိုင်းဇီ၊ N ကိုင်ရာ၊ ဆူဇီ၊ Tခမ်းဆိုင်၊ Mဆိုင်းလာ၊ ခေါန်နူး စသူတို့ပါဝင်သီဆိုမည်ဖြစ်သည်။

Essential Music Band၏ တီးခတ်မှုနှင့်အတူ ဝန်ပေါင်နိန်ဂျာအဖွဲ့(ကချင်ရိုးရာအက)၊ဝန်ဇွပ်အဖွဲ့များကပါဝင်မည်ဖြစ်သည်။ ထို့ပြင် Zအဘောက်၊ ခင်လေးနွယ်၊ အောန်ဆိုင်း၊ မိုင်းလုံနှင့် Mဆိုင်းလူတို့က ယင်းဖျော်ဖြေပွဲကိုပါဝင်ကူညီပံ့ပိုးကြမည်ဖြစ်သည်။

## တေးသီချင်းထုတ်လွှင့်မှုနှင့်ပတ်သက်၍ FM ရေဒီယိုလိုင်းများနှင့် ဂီတအစည်းအရုံးတို့ သုံးနှစ်စာချုပ်ချုပ်ဆို

FM ရေဒီယိုလိုင်းများအားလုံးတွင်တေးသီချင်းထုတ်လွှင့်မှုနှင့်ပတ်သက်၍တစ်ပုဒ်လျှင် ကျပ် ၇၅၀ နှုန်းဖြင့် ထုတ်လွှင့်နိုင်ရန် သုံးနှစ်စာချုပ်ကို ၂၀၁၂ခုနှစ်ဇန်နဝါရီလမှစတင်၍ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် စာချုပ်ချုပ်ဆိုခဲ့သည်ဟု သတင်းရရှိသည်။ အဆိုပါစာချုပ်ချုပ်ဆိုမှုမှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ ခံစားအသက်ဝင်မည်ဖြစ်ပြီး ရရှိငွေများအားလုံးကို ဂီတအလှူငါးလှူဖြစ်သည့် အဆိုတော်၊ တေးရေး၊ အတီး၊ အသံဖမ်းနှင့်ဖြန့်ချိရေးတို့ကို အချိုးကျခွဲဝေပေးသွားရန်စီစဉ်ထားသည်ဟု သိရှိရသည်။

"FM တွေမှာထုတ်လွှင့်နေတဲ့ တေးသီချင်းတွေနဲ့ပတ်သက်လို့ခံစားခွင့်တွေကို ဂီတအစည်းအရုံးအနေနဲ့ ကြားခံညှိနှိုင်းပေးရာမှာ တစ်ပုဒ်ကို ၇၅၀ နှုန်းနဲ့ထုတ်လွှင့်ဖို့စာချုပ် ချုပ်ပြီးသွားပါပြီ။ သုံးနှစ်သက်တမ်းစာချုပ်ပါ။ စာချုပ်သက်တမ်းကာလအတွင်းမှာထုတ်လွှင့်တဲ့သီချင်းတိုင်းကို တစ်ကြိမ်ထုတ်လွှင့်တိုင်း ကျပ် ၇၅၀ နှုန်းနဲ့သတ်မှတ်တာဖြစ်ပါတယ်။ ဒီလိုရရှိလာတဲ့ငွေကြေးကို ဂီတအစည်းအရုံးအနေနဲ့ အလှူငါးလှူလုံးကို အချိုးကျခွဲဝေပေးသွားမှာပါ။ FM တွေကလာရောက်ပေးဆောင်စဉ်မှာ အဆိုတော်နဲ့သီချင်းနာမည်ကိုပဲ ရေးသားပေးဆောင်တာဖြစ်တဲ့အတွက် ကျန်တဲ့အလှူတွေကိုပါပေးနိုင်ဖို့ဆိုတာတော်တော်လေးကိုရှာဖွေရပါတယ်။ အမြန်ဆုံးအချိန်အတိုင်းအတာအတွင်းမှာ ခွဲဝေပေးနိုင်အောင်တော့ကြိုးစားနေပါတယ်" ဟု မြန်မာနိုင်ငံဂီတအစည်းအရုံးမှတာဝန်ရှိသူတစ်ဦးကရှင်းပြခဲ့သည်။

ထို့အပြင်ဝါရင့်အဆိုရှင်တစ်ဦးကလည်း "နိုင်ငံတကာမှာလည်းFM လိုင်းတွေအများကြီးရှိတာပါပဲ။ သူတို့ဆီမှာလည်းထုတ်လွှင့်ခွင့်အတွက် အခကြေးငွေပေးဆောင်ရတာရှိတာပါပဲ။ အခုလို စနစ်တကျနဲ့ပေးဆောင်လာကြပြီဆိုတော့ ကောင်းတဲ့အလားအလာလို့ဆိုရမှာပါ။ ဒါပေမယ့်သီချင်းတစ်ပုဒ်ဖြစ်ပေါ်ဖို့ဆိုတာ အဆိုတော်တစ်ယောက်တည်းနဲ့ပြီးတဲ့ ကိစ္စလည်းမဟုတ်ပါဘူး။ ဒါကြောင့်အလှူငါးလှူလုံးကို ညီညီမျှမျှခွဲဝေပေးနိုင်ဖို့က အရေးကြီးပါတယ်"ဟု သူ၏အမြင်အား သုံးသပ်ပြခဲ့သည်။

FM ရေဒီယိုလိုင်းများတွင် တေးသီချင်းထုတ်လွှင့်မှုနှုန်းထားကို ယခင်ကတစ်ကြိမ်ထုတ်လွှင့်လျှင် ကျပ်လေးရာနှုန်းသတ်မှတ်ခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီလမှစတင်၍ ကျပ် ၇၅၀ နှုန်းထားသစ်ဖြင့်တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

## ရဲမြန်မာ

ဦးသိမ်းမောင်



စာမူခွင့်ပြုချက် - ၅၀၁၁၅၅၀၉၁၁ တန်ဖိုး -၁၅၀၀ ကျပ်
ဖြန့်ချိရေး - နဒီမဂ်လာစာအုပ်တိုက်

သူရိယမဂ္ဂဇင်းအယ်ဒီတာ ဦးသိမ်းမောင်၏"ရဲမြန်မာ"ဝတ္ထုမှာပဥ္စမအကြိမ် ထုတ်ဝေခြင်းဖြစ်ပါသည်။

"ကျွန်စိတ်ပျောက်၍သခင်စိတ်ပေါက်နိုင်ခြင်း၊"မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်သည်" ဟူသော မြန်မာဘုရင်မင်းမှုထမ်း ကွယ်လွန်သူ ဒီပဲရင်းဝန်ထောက်မင်း ဦးမြဲ၏ မိန့်ကြားချက်ကို ကွက်ကွက်ကွင်းကွင်း အမြင်းရှင်းနိုင်ခြင်း စသောအကျိုးနှစ်ရပ်ကို တပ်အပ်သေချာစွာ သိရှိလာစေနိုင်သော ဤ "ရဲမြန်မာ"ဝတ္ထုမှာ ပထမအကြိမ်ထုတ်ဝေအပြီးလေးလအတွင်း အင်္ဂလိပ်-မြန်မာနှစ်ဘာသာသင် ၁၀ တန်း၌သင်ကြားခဲ့ရပြီး ၁၉၃၄ ခုနှစ်စာမေးပွဲတွင်ဖြေဆိုရန်၊ ထို့နောက်ခုနစ်တန်းနှင့်ဥပစာတန်းတို့၌လည်းကောင်း သင်ကြားရန်ပြဋ္ဌာန်းခဲ့သော ဝတ္ထုဖြစ်ပါသည်။

၁၉၃၀ ခုနှစ်ပတ်ဝန်းကျင်ကာလ မြန်မာတို့၏ အမျိုးသားလှုပ်ရှားမှုများ အရှိန်ယူစကာလတွင် ပေါ်ပေါက်ခဲ့သောဝတ္ထုဖြစ်ပြီး မြန်မာတို့ ဗြိတိသျှလက်အောက်ကျရောက်နေစဉ်နိုင်ငံလွတ်လပ်ရေးအတွက် သွေးထိုးပေးသောစာအုပ်ဟု ဘာသာပြန်စာပေအသင်းထုတ် နှစ်ငါးဆယ်ယဉ်ကျေးမှု ရေးရာစာအုပ်က ဖော်ပြသည်။

## သန်းရှစ်ရာ၏ ဥက္ကဋ္ဌကြီး မော်

ရေးသားသူ - စိုးသွေး (မြန်မာပြန်)


စာမူခွင့်ပြုချက် - ၃၁၀၂၂၃၁၀၁၁ တန်ဖိုး - ၃၅၀၀ ကျပ်၊
ဖြန့်ချိရေး - တံခွန်တိုင်စာအုပ်တိုက်

တရုတ်ကွန်မြူနစ်ပါတီ၏ ပထမဆုံးဥက္ကဋ္ဌ"မော်စီတုန်း"၏ လုံ့လ၊ ဝီရိယ၊ ဇွဲ၊ သတ္တိ၊ အားမာန်၊ အတွေးအခေါ်၊ အယူအဆ၊ အမူအကျင့်များကို မျက်ဝါးထင်ထင် သိမြင်နိုင်စေမည့် စာအုပ်ဖြစ်ပါသည်။

"သဘောတရားမပါသော လက်တွေ့လုပ်ရပ်သည် အကန်းနှင့်တူပြီး လက်တွေ့မပါသော သဘောတရားသည် အကျိုးနှင့်တူသည်" ဟူသော မော်စီတုန်း၏ အဆိုအမိန့်များမှာ လေးစားအတုယူဖွယ်ကောင်းလှသည်။

ဂျပန်ကျူးကျော်စစ်၊ ပြည်တွင်းစစ် ကာလတစ်လျှောက်လုံး တပ်နီရဲဘော်များကို အားတက်စေသည့် အဆိုအမိန့်များကို ပြောဟောခဲ့သည်။ မိမိကိုယ်တိုင်လည်း စံနမူနာပြ ပြုမူကျင့်ကြံခဲ့သည်။ ၁၉၄၃ ခုနှစ် မတ်လ(၂၀)ရက်မှ ၁၉၇၆ ခုနှစ် စက်တင်ဘာ(၉)ရက်အထိ ပါတီဥက္ကဋ္ဌတာဝန်ယူခဲ့သော မော်စီတုန်းအား "ဥက္ကဋ္ဌကြီးမော်"ဟု အမြတ်တနိုးဆိုညွှန်းခေါ်ဝေါ်ကြသည်"ဟု စာရေးသူအမှာတွင် ဆိုထားပြီး လူငယ်များစိတ်ဓာတ်ခွန်အားပေးစေမည့် စာအုပ်မျိုးဖြစ်ကြောင်းတင်ပြထားပါသည်။

## မျက်မှောက် ကမ္ဘာ့နိုင်ငံရေးပလေယာပုံရိပ်များ

ရေးသားသူ - မောင်ပုဆိုးကြမ်း


စာမူခွင့်ပြုချက် - ၃၁၀၀၀၁၀၁၁၂ တန်ဖိုး -၂၀၀၀ ကျပ်၊
ဖြန့်ချိရေး - စိုးစံစာပေ

နိုင်ငံတကာခေါင်းဆောင်များ၏ ပုံရိပ်များကိုတင်ပြခဲ့သောဆောင်းပါးများစုစည်းထားခြင်းဖြစ်ပြီး လက်ရှိသမ္မတ ၁၃ ဦး၊ ဝန်ကြီးချုပ် ၁၁ ဦး၊ ဒုတိယသမ္မတတစ်ဦးနှင့် နိုင်ငံခြားရေးဝန်ကြီးတစ်ဦး စုစုပေါင်း ပုံရိပ်များ ပါဝင်သည်။

ခေါင်းဆောင်များ၏ပုံရိပ်များဆိုသော်လည်း အတ္ထုပ္ပတ္တိသက်သက်ရေးထားသော ဆောင်းပါးများမဟုတ်ဘဲ နိုင်ငံတကာခေါင်းဆောင်များ အနေဖြင့် ၎င်းတို့လက်ရှိရင်ဆိုင်နေရသော ပြဿနာများအပေါ် စီမံခန့်ခွဲပုံကိုသုံးသပ်တင်ပြထားခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ နိုင်ငံခြားရေးဝန်ကြီးဟောင်းကစ်ဆင်ဂျာတို့နှင့် Newsweek သတင်းထောက် Jon Meachamတို့တွေ့ဆုံးခန်းတွင် ဟီလာရီကလင်တန်က "ပြဿနာကို ချက်ချင်းနဲ့အရေးတကြီးဖြေရှင်းတတ်ဖို့အပြင် ရေရှည်ကြည့်မြင်တတ်ဖို့လည်း လိုပါတယ်။ လောလောဆယ် အရေးမကြီးသေးပေမယ့် လာမယ့်နှစ်၊ သို့မဟုတ် နောက်တစ်နှစ်အတွင်း အရေးကြီးလာနိုင်တာကို သိမြင်ထားဖို့လိုပါတယ်"ဟု ခေါင်းဆောင်တစ်ယောက်အတွက် ပြဿနာတစ်ရပ်ကို ဖြေရှင်းရာ၌လိုအပ်သောသဘောထားကို ပြောဆိုသွားခဲ့ကြောင်း တင်ပြထားသည်။

## တစ်ပတ်အတွင်းရုံတင်မည့် ရန်ကုန်ရုပ်ရှင်

**သမ္မတ၊ သွင်၊ မင်္ဂလာ၊ Junction မော်တင်၊ Toproyal (ပါရမီစိန်ဂေဟာ)**
အချစ်ကျွိုင်
ဒါရိုက်တာ ဒေါနု
(ရန်အောင်၊ ကျော်ရဲအောင်၊ ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး)

**နေပြည်တော်**
IN TIME
DIRECTOR- ANDREW NICCOL
JUSTIN TIMBERLAKE, AMANDA SEYFRIED

**ရွှေ့ဆောင်**
UNDER WORLD: AWAKENING
Director- Mars Marlind
( Kate Beckinsale , Michael Ealy )

**ရွှေမန်း၊ စံပြ၊ သီတာ၊ ဝဇီရာ ၁+၂**
အမေ့ကျေးဇူးဆပ်ဖူးချင်တယ်
ဒါရိုက်တာ ခင်စောမျိုး(အဖေ့ပညာ)
(ပြေတီဦး၊ သက်မွန်မြင့်၊ မင်းသူ၊ လုအဥ္ဇလီတင့်၊ အိစီကွေး)

**ရွှေပဟို၊ ဘုရင့်နောင်၊ ရောဝတီ၊** ငြိမ်းငြိမ်းချစ် (ဒါရိုက်တာဝါဝါဝင်းရွှေ)

**မြရတနာ** (ဝါဇင်၊ ရန်အောင်၊ ရဲအောင်၊ မိုးယုစံ၊ခင်သန်းနု၊ ဝါဝါဝင်းရွှေ)

**နဝဒေး၊ မဟာမြိုင်**
အိုဟာ ဖော်တီး
ဒါရိုက်တာ ဟိန်းစိုး
ရန်အောင်၊ ထက်ထက်မိုးဦး၊ စန္ဒီမြင့်လွင်

## ဇန်နဝါရီလထုတ် တေးစီးရီး၊ စီဒီ၊ ဗီစီဒီ

| | | |
|---|---|---|
| ဖန်ဆင်းလိုက် | မိုးထက်ပိုင် | ဗွီစီဒီ၊ဒီဗွီဒီ |
| တိမ်တွေခေါ်တဲ့နောက် | နိုင်းဟန် | စီဒီ |
| ရင်ဘတ်ထဲက ကြွေရုပ်ကလေး | ဝင်းဘို | ဗီစီဒီ |
| အားလုံးရဲ့ ညီမှုခြင်း | လူစုံ | ဗွီစီဒီ |
| ပတ္တမြားတေးစု | ဖြူသီ | စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီ |
| ကျေးလက်ပေါ်က ငွေလမင်း | ခင်ညွန့်ရီ | ဗီစီဒီ |

## ဇန်နဝါရီလထုတ် စာအုပ်များ

| | | |
|---|---|---|
| ဂျူပလီဟောမြင်ကွင်း | တိုက်စိုး | ၂၅၀၀ |
| သန်း ၈၀၀ ၏ဥက္ကဋ္ဌကြီးမော် | စိုးသွေး(မြန်မာပြန်) | ၃၅၀၀ |
| ကြာရှည်ခိုင်မြဲသော ချစ်ခြင်းမေတ္တာ | ခင်စောတင့် | ၁၀၀၀ |
| မျက်မှောက် ကမ္ဘာ့နိုင်ငံရေး ပလေယာများပုံရိပ် | မောင်ပုဆိုးကြမ်း | ၂၀၀၀ |
| ပုံမှားရိုက်တဲ့ကြောင် အယောင်ဆောင်တဲ့ကြွက် | တင်မောင်မြင့် | ၃၀၀၀ |
| ကလေးချစ် | သစ္စာနီ | ၈၀၀ |

## တစ်ပတ်အတွင်းထွက်ရှိမည့် မြန်မာဗီဒီယိုဇာတ်ကားများ

| | | |
|---|---|---|
| ၆-၂-၂၀၁၂ | ဟိုင်းဟိုင်း ဘိုင့်ဘိုင် (နိုင်းနိုင်း၊ စိုးမြတ်နန္ဒာ၊ သီရိရှင်းသန့်) | မောင်မောင်ဦး(စနိုးပိုက်) |
| ။ | ချစ်သော ပို၍ချစ်သော (နေတိုး၊ စိုးမြတ်နန္ဒာ၊ စိုးပြည့်သဇင်၊ ညီဂျော်) | မီးပွား |
| ။ | အတ္တသွေး (နေလင်းဦး၊ နေရဲလင်း၊ ပွင့်နဒီမောင်၊ ဆောင်းနှင်းဝေ) | အောင်အောင်ဦး |
| ။ | ထင်ယောင်ထင်မှား (စိုင်းသီဟ၊ ခင်မဥ္ဇူခိုင်) | စိုင်း |
| ၇-၂-၂၀၁၂ | စောင်းတီးတဲ့မောင် (လူမင်း၊ ခိုင်သင်းကြည်၊ ကင်းကောင်၊ ညောင်ညောင်) | ကျော်ဇောလင်း(အတွေးပုံရိပ်) |
| ။ | ဘာကြောင့်ချစ်ချစ်အပြစ်မရှိ (ဟိန်းဝေယံ၊ သက်မွန်မြင့်၊ မေသန်းနု၊ ချမ်းမီမီကို) | ကိုဇော်(အရဏ်ဦး) |
| ။ | အလွမ်းမြေညို့ရှင် (ကျော်ဇောဟိန်း၊ ဇာယဉ်လင်း၊ အိခိုင်ဖူး၊ မင်းထက်ကျော်) | အောင်ကျော်ဇော |
| ၈-၂-၂၀၁၂ | ဘဝခြားတဲ့ကလဲ့စား (ဝေဠုကျော်၊ ထွန်းလွင်အောင်၊ ခိုင်သင်းကြည်) | နေမင်းမြတ် |
| ။ | ရှုးနိုင်တယ်(မြင့်မြတ်၊ မယ်လိုဒီ၊ စိုးမိုးကြည်) | နေပိုင် |
| ။ | အဖေဖိုးတေ သားဆိုးပေ (ဂိုမ်း၊ ဖေချစ်ကောင်း၊ စန္ဒီလတ်၊ ကျောက်ရိုင်းအောင်မြတ်) | ကျော်ထွန်းဝင်း |
| ၉-၂-၂၀၁၂ | လက်မထပ်မီသုံးနာရီ (ပြေတီဦး၊ မိုးဟေကို၊ ချောရတနာ) | နေပိုင် |
| ။ | တဏှာမီး (ကျော်ဇောဟိန်း၊ လင်းဇာနည်ဇော်၊ ဟိန်းဆက်၊ ရှင်မိုးဦး) | မဟာ(M.Sc) |
| ၁၀-၂-၂၀၁၂ | လင်တောသားပြန်လာပြီ (ဖြိုးငွေစိုး၊ ဝိုင်းစုခိုင်သိန်း၊ ဇရော၊ ယွန်းရွှေရည်) | ကျော်ဇောလင်း(အတွေးပုံရိပ်) |
| ။ | ဘုံကြိုးပြတ်မုတ်ကြီး (နေမျိုးအောင်၊ မေကဗျာ၊ အောင်ဇော်မင်း၊ မိုးမြင့်သဇင်) | ဇဗျူထွန်းသက်လွင် |
| ။ | ရွာသူ(၂) (ထွန်းလွင်အောင်၊ ဘုဏ်းမြတ်၊ စံပယ်မိုး၊ ထိုက်စုဝင်း) | တင်လင်းဦး |
| ။ | နှင်းဆီသွေးနဲ့ ရေးတဲ့ကဗျာ (မင်းအုပ်စိုး၊ နေဆန်း၊ အောင်ပိုင်၊ မင်းစိန်) | စိုးမိုးမင်း |
| ၁၁-၂-၂၀၁၂ | ကျိန်စာသင့်ပျဉ်းမငုတ်တို (သီဟတင်စိုး၊ နေထက်လင်း၊ မင်းသူ၊ ခိုင်နှင်းဝေ) | သီဟတင်စိုး |
| ။ | ဆိုက်ကိုဆော့ဖ်ဝဲလ် (အောင်ရဲလင်း၊ ဖွေးဖွေး) | ဝိုင်း |
| ။ | လှည်းကျိုး (ခိုင်ခန့်၊ နေဆန်း၊ မိုးပြည့်ပြည့်မောင်၊ ချိုပြုံး၊ ခိုင်ပွင့်) | ကျော်နှင်းဆ |

## MRTV၊ MWD တို့မှပြသမည့် ဇာတ်လမ်းတွဲများ

| MRTV | | MWD | |
|---|---|---|---|
| ၁။ ချမ်းမြေ့ပျော်ရွှင်(ဇာတ်လမ်းသစ်) | | ၁။ သစ္စာစေတမန် | |
| တနင်္လာ၊ အင်္ဂါ | ၇း၀၀ ။ | တနင်္လာ၊ အင်္ဂါ၊ တနင်္ဂနွေ | ၇း၀၀ ။ |
| ၂။ မွေးစားသား | | ၂။ ငှက်ကလေး၏ကွန်းခိုရာ | |
| တနင်္လာ၊ အင်္ဂါ | ၉း၃၀ ။ | တနင်္လာ၊ စနေ၊ တနင်္ဂနွေ | ၉း၃၀ ။ |
| ၃။ အချစ်နဲ့ အမုန်း | | ၃။ ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ | |
| ကြာသပတေး၊ သောကြာ | ၇း၀၀ ။ | ဗုဒ္ဓဟူး၊ ကြာသပတေး | ၇း၀၀ ။ |
| ၄။ မေတ္တာအသင်္ချေ | | ၄။ တစ်နေ့သောအခါ | |
| ကြာသပတေး၊ သောကြာ | ၉း၃၀ ။ | အင်္ဂါ၊ ဗုဒ္ဓဟူး | ၉း၃၀ ။ |
| ၅။ အချစ်ချိုချိုအကြင်နာပို | | ၅။ ကွန်ဖူးဘုရင် ဘရုစလီ | |
| စနေ၊ တနင်္ဂနွေ | ၇း၀၀ ။ | သောကြာ၊ စနေ | ၇း၀၀ ။ |
| ၆။ ကြယ်ပွင့်လေးရဲ့ ဒိုင်ယာရီ | | ၆။ အချစ်ကြီးချစ် | |
| စနေ၊ တနင်္ဂနွေ | ၉း၃၀ ။ | ကြာသပတေး၊ သောကြာ | ၉း၃၀ ။ |

ELEVEN MEDIA GROUP Co., Ltd.
■ရန်ကုန်
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး (၁)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄၊ ၄၀၁၄၁၁
■မန္တလေး(ရုံးခွဲ)
အမှတ် ၄/၁၊ မြစ္ဆာလမ်းသွယ်၊ (၆၂×၆၃) လမ်းကြား၊ (၂၄×၂၅) လမ်းကြား အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၁၁၇၂
■နေပြည်တော်ပျဉ်းမနား(ရုံးခွဲ)
အမှတ် ၁၁/၅၄၊ ပိုလ်တောက်ထိန်လမ်း၊ ရန်အောင်(၁) ရပ်ကွက်၊ နေပြည်တော်ပျဉ်းမနားမြို့ ဖုန်း ၀၆၇-၂၂၈၂၂

နေ့စဉ်ထုတ် နိုင်ငံတကာသတင်းစာများ လပေးကြိုတင်မှာယူသောစနစ်ဖြင့် မှာယူရရှိနိုင်ပါသည်။
ယနေ့ထုတ် ယနေ့ရောက်စနစ်ဖြင့် ရုံးအရောက်၊ အိမ်အရောက် ဝန်ဆောင်မှုပေးပါသည်။
ထိုင်းနိုင်ငံထုတ် - Bangkok Post, The Nation
Bangkok Post THE NATION
The global edition of the New York Times
- International Herald Tribune
ဂျပန်သတင်းစာ - NIKKEI [ International Edition ]
စင်ကာပူသတင်းစာ - Straits Times, Business Times, Lianhe Zaobao, Newspaper.
Success International Publisher's Distributor Co.,Ltd.
အမှတ်(၂၆၃)၊ သိမ်ဖြူလမ်း၊ အမျိုးသားဝိုင်အမ်စီအေအဆောက်အအုံ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၆၄၄၂၊ ၇၀၆၀၈၂ ၀၉၄၃၁၁၅၁၁၆၊ ၀၉၇၃၁၁၅၁၁၆။

## ကချင်တိုင်းရင်းသားမျိုးနွယ်စုခြောက်စုမှ အနုပညာရှင်များပါဝင်သည့် “ငမန်း” ဇာတ်ကားရိုက်ကူး

ကချင်တိုင်းရင်းသားမျိုးနွယ်စု ၆ စုမှ ကချင်အနုပညာရှင်များပါဝင်သည့် ‘ငမန်း’ဗီဒီယိုဇာတ်ကား ချောင်းသာကမ်းခြေတွင်သွားရောက်ရိုက်ကူးခဲ့ကြောင်း မေခထုတ်လုပ်ရေးမှ သိရှိရပါသည်။

“ဒီဇာတ်ကားမှာ ကချင်တိုင်းရင်းသားမျိုးနွယ်စုတွေဖြစ်တဲ့ ဂျိမ်းဖော၊ လော်ဝေါ်၊ ဇိုင်ဝါး၊ လီဆူး၊ ရဝမ်နှင့် လချိပ် မျိုးနွယ်စုခြောက်စုလုံးက အနုပညာရှင်တွေပါမှာပါ။ ဒီဇာတ်ကားမှာ မျိုးနွယ်စုအားလုံးပါအောင်ရွေးထားတာကဇာတ်လမ်းက စည်းလုံးခြင်းရဲ့အင်အားကိုဖော်ညွှန်းတဲ့ဇာတ်လမ်းလေးဖြစ်နေလို့ပါ။ ဒီဇာတ်ကားတစ်လုံးမှာ ကချင်စကားပြောချည်းပါမှာဖြစ်ပေမယ့် မြန်မာစာတမ်းတော့ထိုးမှာပါ”ဟု မေခထုတ်လုပ်ရေးမှတာဝန်ရှိသူတစ်ဦးဖြစ်သည့် JZဒေါင်လွှဏ်းက ဇာတ်ကားနှင့်ပတ်သက်၍ ပြောကြားခဲ့ပါသည်။

အဆိုပါဇာတ်ကားသည် JZ ဒေါင်လွှဏ်း၏ဇာတ်လမ်းကို မြတ်လှိုင်း(ကဗျာ)ကဇာတ်ညွှန်းရေးဖွဲ့ပေးထားပြီး ဒါရိုက်တာအဖြစ် သားညီက ရိုက်ကူးပေးထားခြင်းဖြစ်သည်။ ကချင် အနုပညာရှင်များတွင် JZ ဒေါင်လွှဏ်း၊ M ဂျာအောင်၊ ဆွမ်ဆွမ်ပန်၊ G တိန့်ဆောင်၊ ဆိုင်ရာ စသူတို့နှင့်အတူဇာတ်ပို့ဇာတ်ရံများစွာပါဝင်မည်ဖြစ်သည်။

ချောင်းသာကမ်းခြေတွင်သွားရောက်ရိုက်ကူးထားသည့် ‘ငမန်း’ ဇာတ်ကားအား ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တရုတ်နိုင်ငံရှိ ကချင်လူမျိုးအများအပြားနေထိုင်ရာ ယူနန်၊ ရွှေလီနှင့် မန်ရှီဒေသများတွင်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

## ထိုင်းနိုင်ငံဘန်ကောက်မြို့တွင်ပြုလုပ်သည့် ဟွာဟင်းရုပ်ရှင်ပွဲတော်၌ ပန်းကြာဝတ်မှုန်ဇာတ်ကားပြသခဲ့ပြီး မြန်မာအနုပညာရှင်အချို့တက်ရောက်ခဲ့


ရုပ်ရှင်ပွဲတော်တက်ရောက်ခဲ့သည့် မြန်မာအနုပညာရှင်များ

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ပြုလုပ်သည့်ဟွာဟင်းရုပ်ရှင်ပွဲတော်တွင် ပန်းကြာဝတ်မှုန်ရုပ်ရှင်ဇာတ်ကားပြသခဲ့ပြီး ဒါရိုက်တာစင်ရော်မောင်မောင်၊လူမင်း၊မို့မို့မြင့်အောင်နှင့် အေးမြတ်သူတို့လည်း တက်ရောက်ခဲ့ကြသည်ဟု သတင်းရရှိသည်။ အဆိုပါရုပ်ရှင်ပွဲတော်ကို ဇန်နဝါရီလ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကာ ကိုရီးယား၊ ထိုင်ဝမ်၊ ထိုင်း၊ ဖိလစ်ပိုင် စသည့်နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံမှလည်း ပါဝင်ပြသခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

“မန္တလေးတက္ကသိုလ်ရဲ့ အငွေ့အသက်တွေကြားကလူငယ်တို့ရဲ့ သင်းပျံ့သောချစ်ခြင်းမေတ္တာကိုပုံဖော်ထားတာပါ။ အရုပ်အသံ အရည်အသွေးပိုင်းကိုလည်း အကောင်းဆုံးဖြစ်အောင် ရိုက်ကူးထားတဲ့အတွက် အခုလိုကနဦးခြေလှမ်းအဖြစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်မှာပါဝင်ပြသခွင့်ရတာဂုဏ်ယူဝမ်းသာမိပါတယ်”ဟုဒါရိုက်တာစင်ရော်မောင်မောင်ကရှင်းပြခဲ့သည်။

‘ပန်းကြာဝတ်မှုန်’ရုပ်ရှင်ဇာတ်ကားသည် ခင်ခင်ထူး၏ဝတ္ထုကိုနေဝင်းမြင့်ဇာတ်ညွှန်းရေးသားခဲ့ပြီးနိုင်းနိုင်း၊ ရဲအောင်၊ ဖြိုးငွေစိုး၊ သက်မွန်မြင့်၊ မေကဗျာ၊ ခင်လေးနွယ်၊ သင်းသင်းယုလှိုင်၊ ဟေမာန်အောင်အောင် အစရှိသည့် အနုပညာရှင်များ ပါဝင်ထားသည်ဟု သိရှိရသည်။




## Laurel Art Academy တွင် နိုင်ငံတကာ ဂန္ထဝင်ရုပ်ရှင်ကားများကို အခမဲ့ပြသပေးမည်

Laurel Art Academy အနုပညာသင်တန်းကျောင်းတွင် နိုင်ငံတကာဂန္ထဝင်ရုပ်ရှင်ကားများကိုအခမဲ့ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

“လောလောဆယ်မှာတော့ တစ်လကို တစ်ကားနှုန်းနဲ့ပြသပေးသွားမှာပါ။ ပြသတဲ့အခါမှာလည်း ရုပ်ရှင်ဇာတ်ကားမပြမီ အနုပညာအကြောင်းကျွမ်းဝင်မှုရှိတဲ့ပုဂ္ဂိုလ်တွေက အဲဒီဇာတ်ကားရဲ့ အနုပညာဖန်တီးမှုအပိုင်း၊ကင်မရာအယူအဆ၊သရုပ်ဆောင်မှုပိုင်း စတာတွေကိုရှင်းလင်းပြောပြပေးသွားမှာပါ”ဟု Laurel Art Academy အနုပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး အကယ်ဒမီ ဒါရိုက်တာကြည်စိုးထွန်းက ဆိုပါသည်။

အဆိုပါဇာတ်ကားများပြသမှုကို Laurel Art Academy အနုပညာကျောင်း၏ Studio ခန်းမတွင်ပြသပေးသွားမည်ဖြစ်သည်။ ပြသမည့်ဇာတ်ကားများတွင်ဟောလီးဝုဒ်ဂန္ထဝင်ဇာတ်ကားများဖြစ်သည့် ‘Gond With The Wind’၊ ‘Roman Holi-day ’၊ ‘Singing In The Rain’ နှင့် ‘Westside Story’ စသည့်ဇာတ်ကားများပါဝင်ကြောင်း သိရသည်။

## မေဆွိ၏ အသက် ၅၀ ပြည့် ရွှေရတုမွေးနေ့ဂီတဖြေဖျော်ပွဲကို ပြုလုပ်မည်



အဆိုတော်မေဆွိ၏အသက် ၅၀ ပြည့်ရွှေရတုမွေးနေ့ဂီတဖြေဖျော်ပွဲကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မင်းဓမ္မကုန်းရှိ MCC ခန်းမ၌ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖြေဖျော်ပွဲတွင် ဇော်ဝင်းထွဋ်၊ စည်သူလွင်၊ ဟဲလေး၊ အယ်လ်ဆိုင်းဇီ၊ ရေဗက္ကာဝင်း၊ အေသင်ချိုဆွေ၊ အိမ့်ချစ်တို့နှင့်အတူ ရဲအောင်၊ ဟိန်းဝေယံ၊ စိုးပြည့်သဇင်တို့က မေဆွိ၏တေးသီချင်းဟောင်းများဖြင့်သီဆိုဖြေဖျော်ကြမည်ဖြစ်ကာ ဇော်ဝင်းထွဋ်ကစီစဉ်ခဲ့ခြင်းဖြစ်သည်။

“မဆွိဆိုခဲ့တဲ့ သီချင်းအများကြီးထဲက မဆွိကြိုက်တဲ့သီချင်းလေးတွေ၊ ပရိတ်သတ်တွေကြိုက်မယ့် သီချင်းတွေကိုရွေးထားပါတယ်။ ရွေးထားတဲ့အထဲက ဥပမာပြောရရင် အရင်မဆွိဆိုတဲ့သီချင်းထဲမှာ ‘သမီးရဲ့ဦး’ဆိုရင် အဲဒီတုန်းက သမီးရဲ့ဦးကအရွယ်ပေါ့နော်။ အခု ဒီချိန်မှာသာ သမီးရဲ့ဦးကိုဆိုရမယ်ဆိုရင် ဦးအရွယ်ဟာဘယ်လောက်ကြီးနေမလဲ စဉ်းစားကြည့်ပါ။ အဲဒါကြောင့် အဲဒီသီချင်းတွေကိုမဆွိဆိုဖို့ကမသင့်တော်တော့ပါဘူး။ ပါဝင်သီဆိုကြမယ့် ညီမငယ်တွေဆိုကြပါလိမ့်မယ်။ ပြီးတော့ မဆွိကလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားထားမှာပါ”ဟု မေဆွိက ပြောခဲ့ပါသည်။

## မာလာဝီ၌ စာသင်ကျောင်းများဆောက်လုပ်ခြင်းကို ဆက်လက်ပြုလုပ်ရန် မက်ဒေါနား စီစဉ်

မာလာဝီ၌ စာသင်ကျောင်းများ ဆောက်လုပ်ခြင်းကို ဆက်လက် လုပ်ဆောင်သွားရန် စီမံကိန်းလျာ ထားကြောင်း မက်ဒေါနားက သတင်းထုတ်ပြန်ခဲ့ပါသည်။

မက်ဒေါနားအနေဖြင့် မာလာဝီ၌ပညာရေးဆိုင်ရာ ထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် ပထမအဆင့်အနေဖြင့် ကျောင်းဆောက်ခြင်း လုပ်ငန်းများကို ပြီးခဲ့သည့် နှစ်အတွင်းက စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် မက်ဒေါနား၏ အစီအစဉ်နှင့် ပတ်သက်ပြီး မာလာဝီအစိုးရနှင့်နားလည်မှုလွဲမှားမှုများ ဖြစ်ပေါ်ခဲ့ပြီး ကျောင်းဆောက်ခြင်းလုပ်ငန်းများကို ရပ်တန့်ရန် ဖိအားပေးခံခဲ့ရပါသည်။ ထိုသို့ဖိအားပေးခံခဲ့ရသည့် အတွက် မက်ဒေါနား၏ စီမံကိန်းအဖွဲ့ဝင်များမှာ မာလာဝီနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ရပါသည်။

ယခုတစ်ကြိမ်တွင်မူ စာသင်ကျောင်းများဆက်လက်ဆောက်လုပ်နိုင်ရန်အတွက် မာလာဝီနိုင်ငံ၌ လုပ်ငန်းလုပ်ဆောင်နေသော NGO ကိုကြားခံပြီး ဆောင်ရွက်သွားရန် မက်ဒေါနားက ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ NGO မှာ မာလာဝီနိုင်ငံ၌ ပြီးခဲ့သည့် ၁၉နှစ်တာကာလအတွင်း စာသင်ကျောင်းအရေအတွက် ၅၄ ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည့် buildOn အဖွဲ့အစည်းဖြစ်ပါသည်။

မက်ဒေါနား၏ စီမံကိန်းအရ ပဏာမလျာထားချက်အနေဖြင့် စာသင်ကျောင်း ၁၀ကျောင်းကိုဆောက်လုပ်မည်ဖြစ်ကာ ကျောင်းသားအရေအတွက် ၁၀၀၀အတွက် ကူညီမှုပြုလုပ်နိုင်ရန် မျှော်လင့်ကြောင်း သိရှိရပါသည်။ ကျောင်းသား ၁၀၀၀ အနက် ထက်ဝက်ခန့်ကို အမျိုးသမီးများအား ဦးစားပေးသွားရန် စီစဉ်ထားသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

"buildOn ရဲ့ အစီအစဉ်တွေနဲ့ အတူ ကူညီဆောင်ရွက်နိုင်ဖို့ စိတ်လှုပ်ရှားမိပါတယ်။ ကျွန်မတို့ မျှော်လင့်ထားတဲ့ အစီအစဉ်တွေ အချိန်တိုတိုအတွင်းမှာ အမြန်ဆုံးဖြစ်လာဖို့ ထင်ပါတယ်"ဟု မက်ဒေါနား က ပြောကြားခဲ့ပါသည်။

## နယူးဇီလန်နိုင်ငံ၌ မြေအကျယ်အဝန်း ဟက်တာ ၁၀၀၀ ဝယ်ယူခဲ့သည့် ဒါရိုက်တာဂျိမ်းစ်ကင်မရွန်၏ လုပ်ဆောင်မှုအပေါ် ဝေဖန်မှုများထွက်ပေါ်



ဟောလိဝုဒ်၌ အကြွယ်ဝဆုံး စာရင်းဝင်ခဲ့သည့်အပြင် ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဇာတ်ကားနှစ်ကားဖြစ်ခဲ့သည့် Avatar ဇာတ်ကားနှင့် Titanic ဇာတ်ကားများကို ရိုက်ကူးခဲ့သူဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်က နယူးဇီလန်နိုင်ငံ၌ မြေ အကျယ်အဝန်းဟက်တာ၁၀၀၀(တစ်ဟက်တာ–စတုရန်း မီတာ တစ်သောင်း) ဝယ်ယူခဲ့ရာ အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး ဝေဖန်မှုများထွက်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ဂျိမ်းစ်ကင်မရွန်အနေဖြင့် နယူးဇီလန်နိုင်ငံ Wairarapa ဒေသ၏အောက်ဘက် မြောက်ဘက်ကျွန်း၌ မြေအကျယ်အဝန်း ဟက်တာ ၁၀၀၀ကို အမေရိကန်ဒေါ်လာ သန်း ၂၀(နယူးဇီလန်ဒေါ်လာ ၁၆ဒသမ၆၆သန်း)ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ဝယ်ယူမှုကို နယူးဇီလန်အစိုးရ၏ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဆိုင်ရာရုံးမှ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း လက်ခံခဲ့ ပါသည်။

အဆိုပါလက်ခံမှုအပေါ် နယူးဇီလန်နိုင်ငံမှ အစိုးရအတိုက်အခံဖြစ်သော The Green Party မှ အစိုးရ၏ လုပ်ရပ်ကို ဝေဖန်လိုက်ပြီး နယူးဇီလန်မြေ၌ နိုင်ငံခြားသား တစ်ဦးအား မြေဧကများစွာ ဝယ်ယူခွင့် ပြုလိုက်ခြင်းမှာ မဖြစ်သင့်သော ကိစ္စဖြစ်သည်ဟု ပြောဆိုလိုက်ပါသည်။ အထူးသဖြင့် အစိုးရ၏ လုပ်ရပ်မှာ နယူးဇီလန်နိုင်ငံသားများနှင့် လူငယ်လယ်သမားများအား လမ်းမှားသို့ ရောက်ရှိစေနိုင်ကြောင်း ဝေဖန်လိုက်ပါသည်။

လက်ရှိအချိန်တွင် ဂျိမ်းစ်ကင်မရွန်နှင့် အပြိုင် တရုတ်ကုမ္ပဏီတစ်ခုကလည်း မြေဧကအမြောက်အမြားလိုက်လံဝယ်ယူလျက်ရှိနေပြီး ထိုကဲ့သို့ ဝယ်ယူနေခြင်းအား အစိုးရမှ လက်ခံနေခြင်းအပေါ် The Green Party မှ ပြောဆိုခဲ့ပါသည်။

နိုင်ငံခြားသားများကို မြေဧကအမြောက်အမြား ဝယ်ယူခွင့်ပြုနေခြင်းသည် နယူးဇီလန်နိုင်ငံသားများ၏ ပိုင်ဆိုင်မှုကိုပါ ဆုံးရှုံးစေခဲ့ကြောင်း The Green Party က ဆက်လက်ပြောဆိုခဲ့သည်။

## ဟောလိဝုဒ်သရုပ်ဆောင်များအဖွဲ့မှ ပေးအပ်သော ရုပ်ရှင်ထူးချွန်ဆုများကို The Help ဇာတ်ကားက ဆုအများဆုံးဆွတ်ခူးခဲ့

ဟောလိဝုဒ် သရုပ်ဆောင်များအဖွဲ့ (Screen Actors Guild) မှ ပေးအပ်သော ၂၀၁၁ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများကို The Help ဇာတ်ကားက ဆုအများဆုံးဆွတ်ခူးရရှိခဲ့ကြောင်း သိရှိရပါသည်။




The Help ဇာတ်ကားသည် သရုပ်ဆောင်အားလုံးကောင်းမွန်သည့် ဇာတ်ကားဆု၊ အမျိုးသမီးဇာတ်ဆောင်ဆုနှင့်အမျိုးသမီးဇာတ်ပို့ဆု အစရှိသည့်ဆုသုံးဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးဇာတ်ဆောင်ဆု ကို ဗီအိုလာဒေးဗစ်က ရရှိခဲ့ခြင်းဖြစ် ပြီး ဇာတ်ပို့ဆုကို အော်တီဗီယာစပန်ဆာက ရရှိခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားဇာတ်ဆောင်ဆုကို The Artist ဇာတ်ကားမှ ယန်းဒူဂျာဒင်က ရရှိခဲ့ပြီး အမျိုးသားဇာတ်ပို့ဆုကို Beginners ဇာတ်ကားမှ ခရစ္စတိုဖာပလမ်မာက ရရှိခဲ့ပါသည်။ SAG အဖွဲ့မှ ပေးအပ်သော ဆုများသည် အော်စကာဆုများအပေါ် လွှမ်းမိုးလေ့ရှိပါသည်။ အဆိုပါဆုပေးပွဲကို ဇန်နဝါရီလ ၂၉ရက်နေ့က ကျင်းပခဲ့ခြင်းဖြစ်ကာ ၁၈ကြိမ်မြောက်အဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ The Iron Lady ဇာတ်ကားဖြင့် ဆုရရှိရန် ရေပန်းစားခဲ့သော မာရီစထရိမှာ ဆုနှင့်လွဲချော်ခဲ့ကြောင်း သိရှိရပါသည်။

## နောက်တစ်ကြိမ်လက်ထပ်ရန် မသေချာဟု ဂျနီဖာလိုပက်ဇ်ပြောဆို

American Idol အစီအစဉ်၌ အကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူလုပ်ဆောင်နေသည့် ဂျနီဖာလိုပက်ဇ်က သူ့အနေဖြင့် နောက်တစ်ကြိမ်လက်ထပ်ရန်မှာ မသေချာတော့ကြောင်း မတ်လောရာ၏ Today ရုပ်သံအင်တာဗျူးအစီအစဉ်တွင် ပြောကြားခဲ့ပါသည်။

လက်ရှိအချိန်တွင် သုံးကြိမ်လက်ထပ်ခဲ့ဖူးသော ဂျနီဖာလိုပက်ဇ်သည် ပြီးခဲ့သည့်နှစ်အတွင်းက မာ့အန်တိုနီနှင့် လမ်းခွဲခဲ့ပါသည်။

"အခုအချိန်ကိုပဲ ကြည့်ရအောင်ပါ။ အခုချိန်မှာ လက်ထပ်ဖို့ဆိုတဲ့ ကိစ္စကို ထပ်ပြီးစဉ်းစားရမယ့် အချိန် မဟုတ်တော့ပါဘူး။ ကျွန်မပြောတာကို နားလည်လိမ့်မယ်လို့ ထင်ပါတယ်"ဟု ဂျနီဖာလိုပက်ဇ်က ပြောကြားခဲ့ပါသည်။

ဂျနီဖာလိုပက်ဇ်၏ အသက်မှာ ၄၂နှစ်အတွင်းသို့ ရောက်ရှိနေပြီး အန်တိုနီနှင့်ခုနှစ်နှစ်ကြာ ပေါင်းသင်းခဲ့သော အိမ်ထောင်ရေးခရီး၌ သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ အန်တိုနီနှင့် အိမ်ထောင်ရေးခရီးအဆုံးသတ်ချိန်တွင် သူ့အနေဖြင့် ကိုယ့်ကိုကိုယ် ချစ်ခြင်းတစ်ခုတည်းဖြင့် ရှေ့ခရီးကို ဆက်လျှောက်နိုင်မည်ဖြစ်ကြောင်း ဂျနီဖာလိုပက်ဇ်က ပြောကြားခဲ့ပါသည်။

## အော်စကာဆုပေးပွဲ တင်ဆက်သူစာရင်း၌ တွမ်ဟန့်စ်နှင့် တွမ်ခရုစ်တို့ပါဝင်

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် တင်ဆက်သူများစာရင်းကို ထုတ်ပြန်ကြေညာလျက်ရှိနေရာ အဆိုပါတင်ဆက်သူစာရင်း၌ တွမ်ဟန့်စ်နှင့် တွမ်ခရုစ်တို့ပါဝင်လာခဲ့ကြောင်း သိရှိရပါသည်။

တွမ်ဟန့်စ်သည် ၁၉၉၅ခုနှစ်အချိန်က ပြုလုပ်ခဲ့သော အော်စကာဆုပေးပွဲ၌ တင်ဆက်သူအဖြစ် ပါဝင်ခဲ့ပြီးနောက် ယခုတစ်ကြိမ်မှာ ဒုတိယအကြိမ်အဖြစ်ပါဝင်ခဲ့ခြင်းဖြစ်သည်။

အော်စကာဆုကို နှစ်ကြိမ်ရရှိခဲ့ပြီး ဆန်ခါတင်ငါးကြိမ်တင်သွင်းခံခဲ့ရသူ တွမ်ဟန့်မှာ အော်စကာဆုပေးပွဲသို့ အကြိမ် ၂၀ကျော်ခန့် တက်ရောက်ခဲ့ဖူးပြီး ပထမအကြိမ်တင်ဆက်သူအဖြစ် လုပ်ဆောင်စဉ်က စကားပြောကောင်းသူအဖြစ် သတ်မှတ်ခံခဲ့ရပါသည်။ တွမ်ခရုစ်မှာမူ ပထမဆုံးအကြိမ်အနေဖြင့် တင်ဆက်သူအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ပါသည်။

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲကို ဖေဖော်ဝါရီလ ၂၆ရက်နေ့တွင် ဟောလိဝုဒ်၌ ကျင်းပမည်ဖြစ်ပြီး ဆုများအားလုံးကို မဲပေးရွေးချယ်သည့် စနစ်အသုံးပြုပြီး ပေးအပ်သွားမည်ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

၁၃၇၃ ခု၊ တပို့တွဲလဆန်း(၅)ရက်၊ (၂၈-၁-၂၀၁၂) စနေနေ့ ပခုက္ကူမြို့ မြို့မဈေး၊ တန်ဆောင်တိုင်လမ်း၊ ဈေးအနောက်ဘက်အပြင်ရုံ(၅)၊ ဆိုင်ခန်းအမှတ်(၁)တွင်ဖွင့်လှစ်ခဲ့ပါသော ကိုအောင်ကျော်မျိုး+မသန္တာမွန်၊ (သမီး)မသင်းမျက်ဝန်းစုံ၊ (သား)မောင်မင်းထက်ကျော်မိသားစုတို့၏ မြင့်သစ္စာရတနာရွှေဆိုင် ဖွင့်ပွဲအခမ်းအနားသို့တစ်ခဲနက်ကြွရောက်ချီးမြှင့်ခဲ့ကြပါသော အထူးဖိတ်ကြားထားသည့်ဂုဏ်သရေရှိညွှန့်သည်တော်များ၊ ရွှေချစ်သူမိတ်ပြည်သူများ၊ ပခုက္ကူမြို့မဈေးကြီးမှ ဈေးသူဈေးသားများ၊ ဝယ်ယူအားပေးကြသည့်ဆွေမျိုးမိတ်သင်္ဂဟများ၊ ဦးမျိုးမြင့်+ဒေါ်ခင်အေးမြင့် (မြင့်သစ္စာရောင်းဝယ်ရေး)၊ ဦးသိန်းမောင်+ဒေါ်ရင်မေ(ရတနာရွှေကုန်သည်)၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသော ဗိုလ်မှူးစိုးသန်း(ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူး၊ ပခုက္ကူစည်ပင်)၊ ဗိုလ်ကြီးကျော်ကျော်နိုင်(ငြိမ်း)(Chairman, BANNER Co.,Ltd)၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဟိန်းဝေယံနှင့်ညီမ မစွဲညို့ရှင်၊ ဒေါ်ဇာခြည်သိန်း(Managing Director, BANNER Co.,Ltd)၊ ပန်းအလှဆင်ပေးပါသော ဦးခင်မောင်မြင့်နှင့်ဇနီးဒေါ်ခင်မုံ(ခေတ်ရေစုဆောင်)၊ အခမ်းအနားမှူး ဆရာဦးစောဟန်၊ ဖျော်ဖြေရေးစက်ပစ္စည်းများကူညီသော ကိုဇော်ဝင်းနှင့်ဇနီး မညိမ်းညိမ်းမျိုး၊ ဖဲကြိုးကိုင်ပေးသော မထက်မီလျှံသူ၊ မရှင်မိုးအိမ့်၊ မနှင်းအိမ့်ချယ်၊ မှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးသော ဦးအကျွမ်း (မိုနာလီဇာ)နှင့်အဖွဲ့သားများ၊ အဖက်ဖက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကိုဝင်းချို၊ ကိုအောင်ကျော်မြင့်ဦး၊ ကိုဝေလွင်မျိုး၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ဝမ်းမြောက်ဂုဏ်ယူစွာ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကိုအောင်ကျော်မျိုး + မသန္တာမွန်
မြင့်သစ္စာရတနာရွှေဆိုင်


**TRADE MARK CAUTION**

**MORINAGA & CO., LTD,** of 1-No.33, 5-chome Shiba, Minato-ku, Tokyo, Japan, is the Owner and Sole Proprietor of the following Trademarks:-

**MORINAGA**

**Reg. No. 4/1476/2001**

**Reg. No. 4/1477/2001**

in respect of " **Int'l Class 30**: Coffee, tea, cocoa, coffee substitute, ice, coffee- based food beverage, cocoa- based food beverage, chocolate- based food-beverage, bread, biscuit, cake, caramel, candy, fruit ice, cookies, ice cream, sugar, honey, baking powder, flour."

Any fraudulent imitation or unauthorized use of the said Trademarks will be dealt with according to law.

**U Nyunt Tin Associates,** Intellectual Property Law Firm
P.O. Box 952, Yangon, Myanmar.
Tel: 951 375754, Fax: 951 254321, Email: info@untlaw.com
For **MORINAGA & CO., LTD** Dated: 8 February, 2012.

# လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းသို့ မော်ရင်ဟိုပြန်လာရန် ဆန္ဒရှိနေကြောင်း သူ၏နီးစပ်သူတစ်ဦးက ပြောကြား




ရီးယဲလ်မက်ဒရစ်မှ ထွက်ခွာတော့မည်ဟု သတင်းများထွက်ပေါ်နေသောမော်ရင်ဟိုသည်ရာသီကုန်နွေရာသီအပြောင်းအရွှေ့ကာလ၌ အသင်းဟောင်းဖြစ်သည့်ချယ်လ်ဆီးတွင် ပြန်လည်နည်းပြရန်ဆန္ဒရှိနေကြောင်း နီးစပ်သူတစ်ဦးက ဗြိတိန်နိုင်ငံထုတ် The Sun သတင်းစာသို့ ပြောကြားခဲ့သည်။

မော်ရင်ဟိုနှင့်နီးစပ်သူတစ်ဦးက "ဂျို့စ်(မော်ရင်ဟို)ဟာ ချယ်လ်ဆီးအသင်းဆီကိုပြန်ဖြစ်ဖို့ရှိနေပါတယ်။ သူနားလည်ထားတာက အခုအချိန်မှာ စပိန်မှာနေထိုင်ရတာ သိပ်အဆင်မပြေတော့ဘူးဆိုတာကိုပါ။ ပရီးမီးယားလိဂ်ကို သူပြန်သွားဖို့ဆိုတာ ခက်ခဲနိုင်တယ်ဆိုတာကို သူသိပါတယ်။ ဒါပေမယ့် အဲဒီကို ပြန်သွားဖို့ကိုပဲ သူကလက်ရှိအချိန်မှာဆန္ဒရှိနေတာပါ။ ချယ်လ်ဆီးအသင်းကို သူစကိုင်တွယ်ပြီး ၂ နှစ်အတွင်းမှာ နှစ်ပေါင်းငါးဆယ်ကြာဝေးကွာနေတဲ့ ပရီးမီးယားလိဂ်ဖလားကိုရအောင် သူစွမ်းဆောင်ပေးခဲ့တာပါ။ချယ်လ်ဆီးအသင်းနဲ့အတူဖြတ်သန်းခဲ့တဲ့နေ့ရက်တွေဟာ သူ့အတွက် စပယ်ရှယ်နေ့တွေပါ"ဟု ပြောကြားခဲ့သည်။ အသင်းပိုင်ရှင်ဖြစ်သူအေဘရာမိုဗစ်ချ်နှင့်ပတ်သက်၍မူ မော်ရင်ဟိုနှင့်နီးစပ်သူက "သူ (မော်ရင်ဟို)က ကျွန်တော့်ကိုပြောပါတယ်။ ရိုမန်ဟာ ပိုင်ရှင်တစ်ဦး ပါ။ သူက ဘော့စ် (မန်နေဂျာ)တစ်ဦးပါ။ အဲဒီအတွက် အတူတကွအလုပ်လုပ်လို့ရပါတယ်။ ဂျို့စ်က သူ့အတွက်တော့ ရိုမန်ဟာ လုပ်ဖော်ကိုင်ဖက်ကောင်းတစ်ဦးလို့ ယုံကြည်နေပါတယ်"ဟု ပြောကြားခဲ့သည်။လက်ရှိအချိန်တွင်မော်ရင်ဟိုသည်ရီးယဲလ်အသင်း၌ အခြားကစားသမားများထက် စီရော်နယ်ဒိုကိုမျက်နှာသာပေးနေ၍ စပိန်ကစားသမားများနှင့်အဆင်မပြေဖြစ်နေသည်ဟုသတင်းများထွက်ပေါ်နေသည်။

## Sports News In Brief

**အင်္ဂလန်** ➢ အင်္ဂလန်အသင်းတိုက်စစ်မှူးဟောင်း အီရန်ရိုက်က တောရက်စ်အား ချယ်လ်ဆီးမှထွက်ခွာရန်တိုက်တွန်းခဲ့သည်။

**ချယ်လ်ဆီး** ➢ ချယ်လ်ဆီးနည်းပြဘိုအက်ရှ်က ရီးယဲလ်အသင်း၌ မော်ရင်ဟိုဖိအားများရှိနေသည်ကို နားလည်ကြောင်းပြောကြားခဲ့သည်။

**အဲဗာတန်** ➢ အဲဗာတန်အသင်းနည်းပြမိုယက်စ်က အသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆန္ဒရှိနေသည်။

**ဘာစီလိုနာ** ➢ ဘာစီလိုနာနည်းပြဂွာဒီယိုလာက မက်ဆီသည် ဘောလုံးကစားဖို့ဆိုပါက အမြဲအဆင်သင့်ရှိနေကြောင်းပြောကြားခဲ့သည်။

**မန်ယူ** ➢ မန်ယူနည်းပြဖာဂူဆန်က ဒီဂီယာမှာ ၎င်းအတွက်နံပါတ်တစ်ဦးစားပေးဂိုးသမားဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ရီးယဲလ်** ➢ ရီးယဲလ်အသင်းကွင်းလယ်လူအလွန်ဆိုမှာကြွက်သားဒဏ်ရာမှ ပြန်လည်သက်သာလာ၍ လေ့ကျင့်ရေးကွင်းသို့ရောက်ရှိနေပြီဖြစ်သည်။

**အာဆင်နယ်** ➢ အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ၎င်း၏အသင်းမှာ အလွန်ဆိုးရွားသည့်အခြေအနေမဟုတ်ဟု ပြောကြားခဲ့သည်။

## ဒုတိယအကျော့တွင် မန်စီးတီးကိုရှုံးခဲ့ပါက မန်ယူတို့ ပရီးမီးယားလိဂ်ဖလားကိုလက်လွှတ်ရလိမ့်မည်ဟု ရှိုင်ကိန်း ဆို

မန်ယူအသင်းခေါင်းဆောင်ဟောင်းဖြစ်သူရှိုင်ကိန်းက ဒုတိယအကျော့တွင် မန်ယူအသင်းအနေဖြင့် မန်စီးတီးအသင်းကိုရှုံးနိမ့်ခဲ့ပါက ယခုနှစ်ရာသီပရီးမီးယားလိဂ်ဖလားကိုလက်လွှတ်ရလိမ့်မည်ဟု သုံးသပ်ပြောကြားခဲ့သည်။ ရှိုင်ကိန်းက"တကယ်လို့သာ ခင်ဗျားကကျွန်တော့်ကို မေးခွန်းတစ်ခုမေးမယ်ဆိုပါတော့၊ မန်ယူဟာ ဗိုလ်စွဲဖို့ရေပန်းအစားဆုံးအသင်းလားဆိုတဲ့မေးခွန်းမျိုးပေါ့။ ဒီနိုင်ငံမှာ မန်ယူလောက်ကောင်းတဲ့ အစုအဖွဲ့မျိုးမရှိပါဘူး။ ကစားသမားတွေကလည်း ထူးချွန်ကြပါတယ်။ ဒါပေမယ့် မန်စီးတီးကိုရှုံးခဲ့မယ်ဆိုရင်တော့ ချန်ပီယံလိဂ်ကထွက်ရတဲ့အဖြစ်မျိုးထပ်မံကြုံတွေ့ရပါလိမ့်မယ်"ဟုဆိုခဲ့သည်။

## အာဂျင်တီးနားကွင်းလယ်လူရာကော့ဗ်ကိုရရှိရန် အာဆင်နယ်နှင့် မန်ယူတို့ အပြိုင်ကြိုးပမ်းနေ

အာဂျင်တီးနားကလပ် ရေးဆင်းအသင်းမှ အသက် ၂၄ နှစ်ရှိ ကွင်းလယ်လူရာကော့ဗ်ကို ပရီးမီးယားလိဂ် ထိပ်သီးအသင်းများဖြစ်ကြသည့် အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးပမ်းနေလျက်ရှိကြောင်း သိရသည်။

ရာကော့ဗ်သည် ယခုနှစ်ရာသီအကုန်တွင် ရေးဆင်းအသင်းနှင့်ချုပ်ဆိုထားသည့် ၎င်း၏စာချုပ်သက်တမ်းမှာပြီးဆုံးမည်ဖြစ်သောကြောင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခွင့်ရှိမည်ဖြစ်၍ အာဆင်နယ်၊ မန်ယူတို့အပြင် ပေါ်တူဂီကလပ်အသင်းတစ်သင်းဖြစ်သည့် ဘင်ဖီကာအသင်းကလည်း ခေါ်ယူနိုင်ရန်ကြိုးစားနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနည်းပြဖြစ်သူအာစင်ဝင်းဂါးသည်ရာကော့ဗ်ကိုခေါ်ယူနိုင်ရန်အတွက် အစောပိုင်းကာလကပင် ကြိုးစားနေခြင်းဖြစ်ပြီး ရေးဆင်းအသင်းဘက်မှ တောင်းဆိုသည့်ဈေးနှုန်းမှာ ၎င်းပေးချေလိုသည့်ဈေးနှုန်းထက်မြင့်မားနေသောကြောင့် အပြောင်းအရွှေ့နှောင့်နှေးနေခြင်းဖြစ်ကြောင်း သိရသည်။ အာဂျင်တီးနားကွင်းလယ်လူမာရှေးရာနိုနှင့်ခိုင်းနှိုင်းခြင်းခံနေရသူ ရာကော့ဗ်သည် အာဂျင်တီးနားနိုင်ငံ၏ ထိပ်တန်းကွင်းလယ်ကစားသမား ငါးဦးတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရသည်။

## မန်စီးတီးအသင်း၏ကစားသမား ၂၅ ဦးစာရင်းတွင် တီဗက်ဇ်ကို ပြန်လည်ထည့်သွင်း



မန်စီးတီးအသင်းနည်းပြဖြစ်သူမန်စီနီက အေစီမီလန်ကိုပြောင်းရွှေ့ရန်အဆင်မပြေတော့သည့်တီဗက်ဇ်ကိုနောက်ဆုံးအခွင့်အရေးတစ်ရပ်ပေးမည်ဟုပြောကြားခဲ့ပြီးအသင်း၏ ကစားသမား ၂၅ဦးစာရင်း၌ ပြန်လည်ထည့်သွင်းခဲ့သည်။ မန်စီနီသည် တီဗက်ဇ်ကိုတွေ့ဆုံပြီး တိုက်ရိုက်ပြောကြားခဲ့ရာ၌ ၎င်း၏ အနေအထိုင်နှင့်ပြုမူပြောဆိုပုံတို့ကို အဓိကထားပြောကြားခဲ့သည်။မန်စီနီက "အခုအချိန်ကစပြီးရာသီမကုန်ခင်၄လကိုကောင်းကောင်းအလုပ်လုပ်ဖို့ သူ့အနေနဲ့သိထားရပါလိမ့်မယ်။ဒီနေရာဟာ သူ့ရဲ့အိမ်ဆိုတာကိုပါ။ကြံ့ခိုင်မှုကောင်းရင် သူဒီမှာရှိပါမယ်။ကြံ့ခိုင်မှုမကောင်းရင်တော့သူ့နေရာမှာ တခြားတိုက်စစ်မှူးတစ်ယောက်ဖြစ်သွားပါလိမ့်မယ်" ဟု ဆိုခဲ့သည်။









## အားကစားသတင်း အတိုအထွာများ

➢ ပရိသတ်များမှတ်ချက်ရေးသားနိုင်မည့် မြန်မာနေရှင်နယ်လိဂ်ဝက်ဘ်ဆိုက်သစ်ကို မကြာမီလွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။www. myanmarnationalleague.com အမည်ဖြင့် ၂၀၀၉ ခုနှစ်ကတည်းက စတင်လွှင့်တင်ခဲ့သည့် မူလဝက်ဘ်ဆိုက်နေရာတွင် အသွင်သစ်ဝက်ဘ်ဆိုက်ဖြင့် အစားထိုးမည်ဖြစ်ပြီး လက်ရှိအချိန်တွင် ဝက်ဘ်ဆိုက်ရေးဆွဲဆဲအနေအထားတွင်ရှိကာ ဖေဖော်ဝါရီလအတွင်း အပြီးသတ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းဝက်ဘ်ဆိုက်အသစ်တွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသတင်းများ၊ ဓာတ်ပုံများ၊ ဆောင်းပါးများ၊ ပြိုင်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

➢ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တောင်ကိုရီးယား လူမျိုးကြွံခိုင်ရေးနည်းပြတစ်ဦးအားခေါ်ယူထားကြောင်းသိရသည်။ MFF သည် ယင်းကြွံခိုင်ရေးနည်းပြကို မြန်မာ့လက်ရွေးစင်အသင်းနှင့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ–၂၁အသင်းတို့ကို တာဝန်ယူလေ့ကျင့်ပေးရန်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းလည်းသိရသည်။ MFF သည် ဟဟေဂျွန်(Mr.Ha Heag Jun)အမည်ရှိ ယင်းကြွံခိုင်ရေးနည်းပြကို လက်ရှိအချိန်၌တရားဝင်စာချုပ်ချုပ်ဆိုရခြင်းမရှိသေးသော်လည်း နှစ်နှစ်စာချုပ်ချုပ်ဆိုရန်စီစဉ်ထားကြောင်း သိရသည်။ ၎င်းသည် ဇန်နဝါရီလ ၂၇ ရက်က မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး လက်ရွေးစင်အသင်းနှင့်ယူ–၂၁အသင်းတို့၏ နည်းပြချုပ်ဖြစ်သူ ပတ်ဆောင်ဟွာနှင့် လက်တွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်းသိရသည်။

➢ အာရှကလပ်ဖူဆယ်ပြိုင်ပွဲ၏ခြေစစ်ပွဲ(2012 AFC Futsal Club Championship qualification)ကိုဝင်ရောက်ယှဉ်ပြိုင်မည့် ACE ဖူဆယ်အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံသို့သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ကာခြေစမ်းပွဲများယှဉ်ပြိုင်ကစားနေကြောင်းသိရသည်။ ACE ဖူဆယ်အသင်းသည်ဖေဖော်ဝါရီလ ၂ ရက်က ထိုင်းနိုင်ငံသို့ထွက်ခွာသွားခဲ့ပြီး ဖေဖော်ဝါရီလ ၁၄ ရက်အထိနေထိုင်ကာ ထိုင်းဖူဆယ်ကလပ်အသင်းများနှင့်ခြေစမ်းသွားမည်ဖြစ်ကြောင်းသိရသည်။ ACE ဖူဆယ်အသင်းသည်မြန်မာလက်ရွေးစင်အမျိုးသားဖူဆယ် အသင်းနည်းပြချုပ်ဟောင်းဖြစ်သူ အလီရီဇာရာဒီကိုနည်းစနစ်အကြံပေးအဖြစ်ခန့်အပ်ရန်စီစဉ်နေကြောင်းသိရသည်။

➢ မြန်မာနိုင်ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၂ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် ၄၁ အဖြစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ယှဉ်ပြိုင်ကစားမည့် ရတနာပုံအသင်းနှင့်ရက္ခပူရအသင်းတို့ပွဲစဉ်အား ဖေဖော်ဝါရီလ ၁၃ ရက်နေ့သို့ပြောင်းလဲကစားရန်သတ်မှတ်လိုက်ကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး ပြည်ထောင်စုနေ့ကျင်းပရေးကော်မတီမှ ဗထူးကွင်းတွင် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပလိုကြောင်း ခွင့်ပြုချက်တောင်းခံလာသည့်အတွက် ယခုကဲ့သို့ပြောင်းလဲရခြင်းဖြစ်ကြောင်း သိရသည်။

## SKY NET ရုပ်သံလိုင်းနှင့် ဂျာမန်ဘွန်ဒက်စ်လီဂါတို့စာချုပ်ချုပ်ဆိုခြင်းအထိမ်းအမှတ်နှင့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ရန်ပုံငွေချစ်ကြည်ရေးခြေစမ်းပွဲကျင်းပ




SKY NET ရုပ်သံလိုင်းနှင့် ဂျာမန်ဘွန်ဒက်စ်လီဂါတို့စာချုပ်ချုပ်ဆိုခြင်းအထိမ်းအမှတ်နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ် ရန်ပုံငွေချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂ ရက်နေ့က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြုလုပ်ခဲ့ရာ The Best Artists ဘောလုံးအသင်းက SkyNet ယူနိုက်တက် ဘောလုံးအသင်းကို(၂–၀)ဂိုးဖြင့် အနိုင်ရရှိသွားခဲ့ကြောင်း သိရသည်။

The Best Artists ဘောလုံးအသင်းသည် ရုပ်ရှင်သရုပ်ဆောင်များဖြင့် ဖွဲ့စည်းထားသော အသင်းဖြစ်ပြီး ဒါရိုက်တာကျော်ဇောလင်း၊ ဒါရိုက်တာ ကိုပေါက်၊ လူမင်း၊ မြင့်မြတ်၊ ထွန်းထွန်း၊ ပိုင်ဇေရဲထွန်း၊ ဖိုးချစ်၊ ရှုပ၊ ပြေဇင်၊ အံ့မင်းညို၊ စူးရှ စသည့်ကစားသမားများ ပါဝင်ကစားခဲ့ပြီး SkyNet ယူနိုက်တက် ဘောလုံးအသင်းတွင် SkyNet ရုပ်သံလိုင်းမှဝန်ထမ်းမိသားစုများပါဝင်ကစားခဲ့ကြသည်။

ပြိုင်ပွဲတွင် The Best Artists ဘောလုံးအသင်းက အသာစီးဖြင့် ထိုးဖောက်ကစားနိုင်ခဲ့ပြီး ပွဲအပြီးတွင် (၂–၀) ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ယင်းပြိုင်ပွဲသို့ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်များအားတစ်ဦးတည်းမှုပိုင်ပြသခွင့်ရရှိထားသည့် DFL Sports Enterprises မှ ဒုတိယဥက္ကဋ္ဌ Mr.Kay Dammholg လာရောက်ကြည့်ရှုခဲ့ပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့နောက်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုများချီးမြှင့်ခဲ့ရာ The Best Artists ဘောလုံးအသင်းမှ ဖိုးချစ်နှင့် SkyNet ယူနိုက်တက် ဘောလုံးအသင်းမှ ဂိုးသမားတို့ရရှိသွားခဲ့သည်။ ■

## အိန္ဒိယ-မြန်မာခရီးကြမ်းကားမောင်းပြိုင်ပွဲကို မတ်လ ၁၁ ရက်နေ့သို့ ပြောင်းရွှေ့လိုက်ကြောင်းသိရ

ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသော ပထမအကြိမ် Indo-Myanmar Friendship Car Rally ပြိုင်ပွဲကို မတ်လ ၁၁ ရက်နေ့သို့ပြောင်းရွှေ့လိုက်ကြောင်း သတင်းရရှိပါသည်။

အဆိုပါခရီးကြမ်းကားမောင်းပြိုင်ပွဲအား အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်ရွေးကောက်ပွဲများနှင့်တိုက်ဆိုင်နေခြင်းကြောင့် ယခုကဲ့သို့ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်သည်ဟု သိရသည်။

နှစ်နိုင်ငံအကြားယဉ်ကျေးမှု၊ ကုန်သွယ်ရေးနှင့်ခရီးသွားလုပ်ငန်းများမြှင့်တင်ရေးအတွက် အိန္ဒိယ–မြန်မာခရီးကြမ်းကားမောင်းပြိုင်ပွဲအားရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကီလိုမီတာ ၅၀၀၀ ရှိသောခရီးစဉ်အားပြိုင်ပွဲဝင်ကားအစီးရေ ၅၀ နှင့် လူဦးရေ ၂၀၀ ဝင်ရောက်ယှဉ်ပြိုင်ရန်ပြင်ဆင်ထားခြင်းဖြစ်သည်။ သို့သော် မဏိပူရပြည်နယ်တွင် ပြည်နယ်ရွေးကောက်ပွဲများအား ဇန်နဝါရီ ၂၈ ရက်နှင့်မတ်လ ၆ ရက်နေ့တွင်ကျင်းပရန်ရှိသလို ယခုပြိုင်ပွဲနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကြားညှိနှိုင်းရန်အချို့ကျန်ရှိနေခြင်းကြောင့် ပြိုင်ပွဲအားရွှေ့ဆိုင်းရခြင်းဖြစ်သည်ဟု သိရသည်။



# လူမျိုးရေးခွဲခြားမှုပြဿနာကြုံတွေ့နေရသည့် တယ်ရီ အင်္ဂလန်အသင်းခေါင်းဆောင်ရာထူးမှ ဒုတိယအကြိမ်မြောက် ထုတ်ပယ်ခံရ

လူမျိုးရေးခွဲခြားမှုပြဿနာနှင့် ရင်ဆိုင်နေရသည့်အင်္ဂလန်နှင့်ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် အင်္ဂလန်အသင်းခေါင်းဆောင်ရာထူးမှ ဒုတိယအကြိမ်ထုတ်ပယ်ခံခဲ့ရကြောင်းသိရှိရသည်။

တယ်ရီသည်ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက QPR အသင်းနှင့်ယှဉ်ပြိုင်ခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် QPR နောက်ခံလူအန်တန်ဖာဒီနန်အား လူမျိုးရေးခွဲခြားခဲ့သည်ဟုစွပ်စွဲခံထားရပြီး တရားရုံးတွင်အမှုရင်ဆိုင်နေရသည်။ တယ်ရီမှာပြီးခဲ့သည့်ဖေဖော်ဝါရီ(၁)ရက်နေ့က အမှုရင်ဆိုင်ရန်ရှိခဲ့သော်လည်း တရားရုံးသို့လာရောက်ခဲ့ခြင်းမရှိသလို၊ အပြစ်မရှိကြောင်းလည်းငြင်းဆိုခဲ့သည်။ထို့ကြောင့်လန်ဒန်ဝက်စ်မင်စတာတရားရုံးမှ အမှုကြားနာမှုကိုလာမည့်ဇူလိုင်လ(၉)ရက်နေ့သို့ရွှေ့ဆိုင်းခဲ့သည်။ ယင်းနေ့မှာ ယူရို-၂၀၁၂ပြိုင်ပွဲအပြီးတစ်ပတ်အကြာတွင်ဖြစ်သဖြင့် တယ်ရီမှာအင်္ဂလန်အသင်းကိုပြိုင်ပွဲတွင်ဦးဆောင်နိုင်မည်ဖြစ်သည်။ ယင်းအခြေအနေအပေါ်ဝေဖန်မှုများကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လာခဲ့ပြီးနောက်အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် FA မှတယ်ရီအားအင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်ဆက်လက်ခန့်အပ်ခြင်းပြု၊ မပြုဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

ယင်းကဲ့သို့ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် FA သည်ပြီးခဲ့သည့်သောကြာနေ့က တယ်ရီကိုအင်္ဂလန်အသင်းခေါင်းဆောင်ရာထူးမှ ထုတ်ပယ်ကြောင်းအတည်ပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်တယ်ရီမှာအင်္ဂလန်အသင်းခေါင်းဆောင်ရာထူးမှ ဒုတိယအကြိမ်မြောက်ရာထူးမှထုတ်ပယ်ခံရခြင်းလည်းဖြစ်ခဲ့သည်။ တယ်ရီမှာပြီးခဲ့သည့် ၂၀၀၉ခုနှစ်အတွင်းကလည်းချယ်လ်ဆီးအသင်းဖော်ဟောင်း ဝိန်းဘရစ်ချ်၏ချစ်သူဟောင်းပါရွန်ဆယ်နှင့်ဖောက်ပြန်ခဲ့သဖြင့် အင်္ဂလန်အသင်းခေါင်းဆောင်ရာထူးမှထုတ်ပယ်ခြင်းခံခဲ့ရဖူးသည်။ ထို့ကြောင့် တယ်ရီမှာ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းကိုဦးဆောင်ခွင့်ဆုံးရှုံးခဲ့ပြီး ယခုယူရို-၂၀၁၂ပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်းကိုဦးဆောင်ခွင့်ထပ်မံဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ တယ်ရီအားအသင်းခေါင်းဆောင်ရာထူးမှထုတ်ပယ်ရန်ဆုံးဖြတ်ချက်ကို FA မှတာဝန်ရှိသူများကချမှတ်ခဲ့ကြခြင်းဖြစ်ပြီးအင်္ဂလန်အသင်းနည်းပြကာပယ်လိုကမူ တယ်ရီကိုရာထူးမှမထုတ်ပယ်လိုဟုလည်းသိရသည်။

၂၀၀၉ ခုနှစ်က တယ်ရီရာထူးမှထုတ်ပယ်ခံရစဉ်က အသင်းခေါင်းဆောင်လက်ပတ်ကိုရရှိခဲ့သည့် ရီယိုဖာဒီနန်ကမူ ယခုတစ်ကြိမ်တွင်အင်္ဂလန်အသင်းခေါင်းဆောင်ရာထူးကိုရယူလိုခြင်းမရှိဟုဆိုထားသည်။



# ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲတွင် မြန်မာ ယူ-၂၁ အသင်းက အူလ်ဆန်တက္ကသိုလ်အသင်းအား တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ရရှိခဲ့





ဘရူနိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၁ ဘောလုံးအသင်းနှင့် တောင်ကိုရီးယားနိုင်ငံ အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်းတို့၏ ခြေစမ်းပွဲများကို ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ၃ ရက်နေ့များက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြုလုပ်ခဲ့ရာ မြန်မာယူ-၂၁ အသင်းအနေဖြင့် တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ရရှိခဲ့ကြောင်း သိရှိရသည်။

ခြေစမ်းပွဲပထမပွဲစဉ်ကို ဖေဖော်ဝါရီလ ၁ ရက်နေ့က ကျင်းပခဲ့ရာ မြန်မာယူ-၂၁ အသင်းက ကောင်းစည်သူ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော ဒုတိယနေ့ပွဲစဉ်တွင် (၁-၁) ဂိုးစီ သရေကျသွားခဲ့သည်။ယင်းပွဲတွင် မြန်မာယူ-၂၁အသင်းမှ ရဲဇော်ထက်အောင်က ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး အူလ်ဆန်အသင်းက ပြန်လည်ချေပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၂၁အသင်းနှင့် ခြေစမ်းကစားခဲ့သည့် အူလ်ဆန်တက္ကသိုလ်လက်ရွေးစင်အသင်းမှာ မြန်မာနိုင်ငံသို့မလာရောက်မီ ကမ္ဘောဒီးယားနိုင်ငံသို့သွားရောက်ကာ ကမ္ဘောဒီးယားယူ-၂၁အ သင်းနှင့်ခြေစမ်းကစားခဲ့ပြီး(၃-၃)ဂိုးဖြင့် သရေကျခဲ့ကာ အူလ်ဆန်တက္ကသိုလ်အသင်းမှာ (၀-၃)ဂိုးဖြင့် ရှုံးနေခဲ့ရာမှ ချေပဂိုးများပြန်သွင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဘရူနိုင်းဘုရင့်ဖလားဖိတ်ခေါ်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၃ ရက်နေ့အထိ ဘရူနိုင်းနိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၂၁အသင်းသည် ကစားသမား ၂၅ ဦးဖြင့် ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ တစ်ပတ်လျှင်တစ်ကြိမ် လေ့ကျင့်မှုများပြုလုပ်လျက်ရှိကာပြိုင်ပွဲအချိန်နီးကပ်လာပါက စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲကို ၂၀၀၂၊ ၂၀၀၅ နှင့် ၂၀၀၇ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး ၂၀၀၂ ခုနှစ်ပြိုင်ပွဲ၌ အင်ဒိုနီးရှား၊ ၂၀၀၅ နှင့် ၂၀၀၇ ခုနှစ်ပြိုင်ပွဲတို့၌ ထိုင်းအသင်းတို့ ဖိုလ်စွဲထားသည်။ ယခုနှစ်ပြိုင်ပွဲ၌ ဖိုလ်စွဲမည့်အသင်းကို အမေရိကန်ဒေါ်လာ ၁၅၅၀၀၊ ဒုတိယရအသင်းကို အမေရိကန်ဒေါ်လာ ၇၇၀၀၊ တတိယရအသင်းကို အမေရိကန်ဒေါ်လာ ၃၈၀၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် မြန်မာအပါအဝင် အာဆီယံဒေသတွင်းမှ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်အသင်းတို့မှာလည်း ပြင်ဆင်မှုများဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်မည့် မြန်မာလူငယ်အသင်း**

**အုပ်ချုပ်သူ/နည်းစနစ်ဒါရိုက်တာ - စတီဖင်ဟန်ဆန်၊ နည်းပြချုပ် - ပတ်ဆောင်ဟွာ၊ ဂိုး - ကျော်ဇင်ထက်၊ ပြည့်ဖြိုးအောင်၊ မျိုးမင်းလတ်၊ နောက်တန်း - ရန်အောင်ဝင်း၊ နိုင်လင်းဦး၊ ဇော်မင်းထွန်း၊ ညီညီအောင်၊ ရဲဇော်ထက်အောင်၊ ဟိန်းသီဟဇော်၊ ရဲဝင်းအောင်၊ အလယ်တန်း - ကြည်လင်း၊ နေလင်းထွန်း၊ ဇော်လင်း၊ ပြည့်ဖြိုးဦး၊ သက်နိုင်၊ ကျော်ဇေယျာဝင်း၊ နန္ဒကျော်၊ သိန်းသန်းဝင်း၊ ကျော်ဇေယျ၊ ဒေးဗစ်ဒန်း၊ အောင်သက်ပိုင်၊ ရှေ့တန်း -ကျော်ကိုကို၊ မိုင်းအိုက်နိုင်၊ ကောင်းစည်သူ၊ သီဟဇော်**

# ရီးယဲယ်နည်းပြ မော်ရင်ဟိုနှင့် တိုက်စစ်မှူးဟီဂူအင်တို့ ချယ်လ်ဆီးသို့ရောက်ရှိလာဖွယ်ရှိနေ

ရီးယဲယ်မက်ဒရစ်အသင်းနည်းပြမော်ရင်ဟိုနှင့် အသင်းတိုက်စစ်မှူးဟီဂူအင်တို့သည် လာမည့်ရာသီတွင် ချယ်လ်ဆီးအသင်းသို့ အတူတကွရောက်ရှိလာဖွယ်ရှိနေကြောင်းသိရှိရသည်။

ရီးယဲယ်အသင်းနည်းပြ မော်ရင်ဟိုသည် ရာသီကုန်တွင်အသင်းမှထွက်ခွာတော့မည်ဟု သတင်းများကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေသူဖြစ်ပြီး ယခုအခါအသင်းဟောင်းချယ်လ်ဆီးအသင်းသို့ပြန်လည်ရောက်ရှိဖွယ်ရှိနေကြောင်းသတင်းများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ မူလက မော်ရင်ဟိုသည် မန်ယူအသင်းတွင်နည်းပြလိုနေကြောင်း သတင်းများထွက်ပေါ်နေခဲ့သော်လည်း မန်ယူအသင်းနည်းပြဖာဂူဆန်အသင်းမှအနားမယူမီတွင် မန်ယူအသင်းသို့ ရောက်ရှိလာဖွယ်မရှိချေ။ ယင်းအခြေအနေတွင် မော်ရင်ဟို၏ အသင်းဟောင်းချယ်လ်ဆီးအသင်းက ၎င်းအားပြန်လည်ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ရီးယဲယ်မက်ဒရစ်အသင်း၏ဥက္ကဋ္ဌဖလော်ရင်တီနိုပီရက်ဇ်သည် မန်စီးတီးတိုက်စစ်မှူး အဂူရိုအားခေါ်ယူနိုင်ရန်အတွက် ငွေကြေးရရှိရန် အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူးဟီဂူအင်အားချယ်လ်ဆီးအသင်းသို့ ရောင်းချလိုနေကြောင်းလည်းသိရှိရသည်။ ဟီဂူအင်အား ချယ်လ်ဆီးအသင်းအတွက် ခေါ်ယူရန် ချယ်လ်ဆီးအသင်းမှစီနီယာကစားသမားများကထောက်ခံမှုများပြုလုပ်ခဲ့ကြသော်လည်း ကစားသမားကိုယ်တိုင်ကမူ အသင်းမှထွက်ခွာလိုခြင်းမရှိသေးချေ။ ဟီဂူအင်အားရီးယဲယ်အသင်းက ယူရို ၃၃ သန်းရရှိလျှင်ရောင်းချမည်ဟုလည်းသိရသည်။



# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ကျန်ရှိနေသည့်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ ခြွင်းချက်မရှိ မဆိုင်းမတွ လွှတ်ပေးရန် တောင်းဆို

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana သည် ခြောက်ရက်ကြာ မြန်မာနိုင်ငံခရီးစဉ် အဆုံးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖေဖော်ဝါရီလ ၅ ရက်နေ့က သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ယင်း သတင်းစာရှင်းလင်းပွဲတွင်ကြေညာချက်တစ်စောင်ထုတ်ပြန်ရာတွင် ခရီးစဉ်အတွင်းအဆင်ပြေချောမွေ့အောင်ပူးပေါင်းဆောင်ရွက်ခဲ့မှုများအတွက်မြန်မာအစိုးရကို ကျေးဇူးတင်ကြောင်း၊ ခရီးစဉ်အတွင်း အစိုးရတာဝန်ရှိသူများနှင့် လည်းတွေ့ဆုံခဲ့ရကြောင်း၊ထို့ပြင်ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံကာ အကျိုးရှိလှသည့်အမြင်များကိုဖလှယ်ခဲ့ကြောင်း၊ မကြာမီကတည်ထောင်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များနှင့် လည်းတွေ့ဆုံကာလူ့အခွင့်အရေး ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် အင်းစိန်ဗဟိုအကျဉ်းထောင်တွင်ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူနှစ်ဦး၊ အချုပ်သားတစ်ဦးတို့နှင့် လည်းတွေ့ဆုံခဲ့ကြောင်း၊ ၎င်းတို့သုံးဦးမှာ ဖြိုးဝေအောင်၊ အောင်နိုင်၊ နိုင်ယက္ခတို့ဖြစ်ကြောင်း၊၈၈မျိုးဆက်ကျောင်းသားများအဖွဲ့နှင့်လည်း တွေ့ဆုံခဲ့ကြောင်း၎င်းကပြောကြားခဲ့သည်။



မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် Tomás Ojea Quintana ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်

ထို့ပြင်ခရီးစဉ်အတွင်း ကရင်နှင့် မွန်ပြည်နယ်သို့လည်း သွားရောက်ခဲ့ပြီးသက်ဆိုင်ရာဝန်ကြီးချုပ်များနှင့်အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်များမှတိုင်းရင်းသားပါတီကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း Tomás Ojea Quintana က ပြောကြားသည်။

နောက်ဆုံးခရီးစဉ်ဖြစ်သည့် ၂၀၁၁ခုနှစ် ဩဂုတ်လခရီးစဉ်နောက်ပိုင်း မြန်မာနိုင်ငံတွင်ပြုပြင်ပြောင်းလဲမှုလှိုင်းများဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြောင်းလဲမှုအရှိန်က ပြည်တွင်းရှိ လူအများနှင့်နိုင်ငံတကာလေ့လာသူများကို အံ့အားသင့်စေခဲ့ကြောင်း၊ ဥပဒေပြုရေးပြု ပြင်ပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ဆင်ဆာဖျက်သိမ်းရုံသာမကလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အာမခံမည့်မီဒီယာဥပဒေကြမ်းသစ်အကြောင်းကိုလည်း ကျွန်တော့်ကိုပြောပြခဲ့ကြောင်း၊ဧပြီလ ၁ ရက်နေ့ကြားဖြတ်ရွေးကောက်ပွဲများ အတွက် စည်းရုံးလှုပ်ရှားမှုများ အားတက်သရောစတင်နေပြီဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏လှုပ်ရှားမှုများအားမီဒီယာများကဖော်ပြကြကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ပဏာမသဘောတူညီမှုရရှိမှုများ၊ အခြားအဖွဲ့များနှင့်ဆက်လက်ဆွေးနွေးမှုများရှိနေကြောင်း၊ ကျွန်တော်၏ အစီရင်ခံစာကိုလူ့အခွင့်အရေးကောင်စီသို့၂၀၁၂ခုနှစ်မတ်လ တွင်တင်သွင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အရေးကြီးသည်မှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအများအပြား လွှတ်မြောက်လာမှုဖြစ်ကြောင်း၊ ဒီအတွက် မြန်မာအစိုးရကို ကြိုဆိုခဲ့ကြောင်း၊ယုံကြည်ချက်ကြောင့် အကျဉ်းကျခံခဲ့ရပြီး လွတ်မြောက်လာသူများနှင့် တွေ့ဆုံရာတွင် ၎င်းတို့က ဒီမိုကရက်တစ် အကူးအပြောင်း ပိုမိုဖြစ်ထွန်းရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင်အပြုသဘောဆောင်စွာ ပါဝင်ဆောင်ရွက်ရေးဆန္ဒရှိကြောင်းကိုပြသခဲ့ကြကြောင်း၎င်းကပြောကြားခဲ့သည်။

"ကျွန်တော့်အနေနဲ့ ကျန်ရှိနေတဲ့ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို ခြွင်းချက်မရှိ မဆိုင်းမတွ လွှတ်ပေးရန် မြန်မာအစိုးရကို ထပ်လောင်းပြောကြားလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အဓိကကျပြီး လိုအပ်တဲ့ ခြေလှမ်းတစ်ရပ်ဖြစ်လို့ပါ"ဟု Tomás Ojea Quintana က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သည့်ရလဒ်များ ပေါ်ထွန်းခဲ့ကြောင်း၊ သို့ရာတွင် အရေးကြီးသည့် စိန်ခေါ်မှုများကျန်နေသေးပြီး ဖြေရှင်းရန်လိုအပ်နေကြောင်း၊ ရရှိခဲ့သည့်တိုးတက်မှုများလာ လမ်းအတိုင်းပြန်သွားနိုင်သည့်အန္တရာယ်လည်းရှိနေကြောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့်အထွေထွေညီလာခံတွင် အစီရင်ခံစာနောက်တစ်စောင် မတင်သွင်းခင် မြန်မာနိုင်ငံကို နောက်တစ်ကြိမ်လာနိုင်ရန် မျှော်လင့်ကြောင်းလည်း၎င်းက ပြောကြားခဲ့သည်။

## ဖေဖော်ဝါရီလ၃ရက်နေ့မှစ၍ အခေါက်ရွှေတစ်ကျပ်သား ကျပ်ခုနှစ်သိန်းသုံးသောင်းငါးထောင်ဝန်းကျင်ဖြင့် သိသာစွာမြင့်တက်လာ

နိုင်ငံတကာဈေးကွက်တွင် ယခုလက်ရှိ၌ရွှေဈေးနှုန်းများမြင့်တက်နေသည့်နည်းတူ ပြည်တွင်းဈေးကွက်တွင်လည်း အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင်ကျပ်ခုနှစ်သိန်းသုံးသောင်းငါးထောင်ဝန်းကျင်ဖြင့်ဖေဖော်ဝါရီလ၃ရက်နေ့မှစ၍ သိသာစွာမြင့်တက်မှုရှိလာကြောင်းသိရသည်။



ပြည်တွင်းရွှေဈေးနှုန်းမှာ ပြီးခဲ့သည့်၂၀၁၁ခုနှစ်၊ဒီဇင်ဘာလနှောင်းပိုင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ခုနှစ်သိန်းအောက်ဖြင့်ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ဒုတိယအပတ်မှ စတင်ကာအခေါက်ရွှေဈေးနှုန်း ကျပ်ခုနှစ်သိန်းအထက်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။အလားတူ နိုင်ငံတကာဈေးကွက်တွင်လည်း ပြီးခဲ့သည့် ၂၀၁၁ခုနှစ်၊ဒီဇင်ဘာလ ၃၀ရက်နေ့က နယူးယောက်ပေါက်ဈေးမှာ ရွှေတစ်အောင်စလျှင်အမေရိကန်ဒေါ်လာ၁၅၆၆.၄၀သာရှိခဲ့ပြီး ပြည်တွင်းဈေးကွက်၌ အခေါက်ရွှေတစ်ကျပ်သား ကျပ်ခုနှစ်သိန်းအထက်သို့ ပြန်လည်ရောက်ရှိခဲ့သည့် ၂၀၁၂ခုနှစ် ဇန်နဝါရီလ၉ရက်နေ့တွင် မူနယူးယောက်ပေါက်ဈေးမှာ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၁၁ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ သို့ရာတွင် ပြည်တွင်းဈေးကွက်၌ အခေါက်ရွှေတစ်ကျပ်သားကျပ်ခုနှစ်သိန်းသုံးသောင်းအထက် ရောက်ရှိခဲ့သည့် ဖေဖော်ဝါရီလ၃ရက်နေ့တွင်မူ နိုင်ငံတကာဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၆၁.၈၀အထိ မြင့်တက်မှုရှိနေကာ ယင်းနေ့တွင် ပြည်တွင်းတွင်အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၇၃၄၅၀၀ နှင့် ၁၅ပဲရည်ရွှေတစ်ကျပ်သားလျှင် ကျပ်၆၉၃၀၀၀ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။

## ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူရန်ရှိ

၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူရန် အစီအစဉ်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီမှ ဖေဖော်ဝါရီလ ၅ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပြည်လမ်းရှိ လွှတ်တော်အဆောက်အအုံ၌မီဒီယာသမားများနှင့်တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို လာမယ့် ၂၀၁၄ ခုနှစ်မှာ ကောက်ယူသွားမှာပါ။ အဲဒီလို ကောက်ယူတဲ့အခါမှာလည်း အဆင့်လေးဆင့်နဲ့ဆောင်ရွက်သွားမှာပါ။ အဆင့်တစ်အနေနဲ့ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်တဲ့ အခြေခံဒေသစာရင်းပြုစုခြင်း၊ သန်းခေါင်စာရင်း ကောက်ယူမှုကော်မရှင်နဲ့ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မြေပုံရေးဆွဲခြင်း စသည်ဖြင့် ပါပါတယ်။ အဆင့်နှစ်အနေနဲ့က စာရင်းကောက်ယူခြင်းလုပ်ငန်းပါ။ သန်းခေါင်စာရင်းကောက်ယူခြင်းနဲ့ သန်းခေါင်စာရင်းလွန်စစ်တမ်းကောက်ယူခြင်းတွေပါ။ အဆင့်သုံးကတော့ စာရင်းပြုလုပ်ငန်းဖြစ်တဲ့ စာရင်းပြုစုခြင်းလုပ်ငန်းပါ။ နောက်ဆုံးအဆင့်ဖြစ်တဲ့ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစု ထုတ်ပြန်ခြင်းလုပ်ငန်းတို့ကို လုပ်ဆောင်သွားမှာပဲဖြစ်ပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီက ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူမည့် အစီအစဉ်အတွက် ဗဟိုသန်းခေါင်စာရင်းကော်မတီကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများပါဝင်ပြီး ဥက္ကဋ္ဌ အပါအဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းထား ကြောင်းသိရှိရသည်။

# ဆီးရီးယားအစိုးရကို ရှုတ်ချသော လုံခြုံရေးကောင်စီကြေညာချက်ကို ရုရှားနှင့်တရုတ်ကဗီတိုအာဏာဖြင့်ပယ်ချ ဆီးရီးယားနိုင်ငံတွင်း အစိုးရ၏ အင်အားသုံးနှိမ်နင်းမှုများ ပိုမိုဆိုးရွားလာ

ဆီးရီးယားအစိုးရက ဆန္ဒပြမှုများကိုအင်အားသုံးနှိမ်နင်းမှုအပေါ် ရှုတ်ချသော ကုလသမဂ္ဂလုံခြုံရေးကောင်စီကြေညာချက်ကို အဖွဲ့ဝင် ၁၅ နိုင်ငံရှိသည့် အနက် ၁၃ နိုင်ငံကထောက်ခံခဲ့သော်လည်း ရုရှားနှင့်တရုတ်တို့က ဗီတိုအာဏာသုံးပယ်ချခဲ့ကြောင်းသိရသည်။

ဆီးရီးယားအစိုးရက ကန့်ကွက်သူများ အင်အားကောင်းသော ဟွမ်းမြို့တွင်အကြီးအကျယ်နှိမ်နင်းမှုကြောင့်လူရာပေါင်းများစွာသေဆုံး အပြီးနာရီပိုင်းအကြာ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် လုံခြုံရေးကောင်စီတွင်မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



ကန့်ကွက်သည့်အနေဖြင့် လက်ထောင်ခြင်းမရှိသော ကုလဆိုင်ရာရုရှားသံအမတ်ဗီတာလီချာကင်(ပုံသေးအလယ်လူ) ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဆီးရီးယားနိုင်ငံ ဟွမ်းမြို့၌ အတိုက်အခံများကန့်ကွက်ဆန္ဒပြနေကြစဉ်(ယာပုံ)

ရုရှားနှင့်တရုတ်တို့၏ကန့်ကွက်မှုကိုအခြားကမ္ဘာ့ခေါင်းဆောင်များက ရှုတ်ချခဲ့ကြသည်။လုံခြုံရေးကောင်စီတွင်ယင်းသို့ သဘောတူညီချက်မရနိုင်ခဲ့သည့်အချိန်တွင် ဆီးရီးယား၌ ကန့်ကွက်သူများကို အင်အားသုံးနှိမ်နင်းမှုများမှာ အဆိုးရွားဆုံးအခြေအနေသို့ရောက်ရှိလာခဲ့သည်။

အာဆတ်အစိုးရကို သတ်ဖြတ်မှုများရပ်တန့်ရန်နှင့် ၁၁ လကြာနိုင်ငံရေးအကျပ်အတည်းအဆုံးသတ်ရန် တိုက်တွန်းသော လုံခြုံရေးကောင်စီကြေညာချက် မူကြမ်းမှာ လေးလအတွင်း ဒုတိယအကြိမ် အဖြစ်ဗီတိုသုံးခွင့်ရှိသောလုံခြုံရေး ကောင်စီအမြဲတမ်းအဖွဲ့ဝင် ရုရှား နှင့် တရုတ်တို့ က ထပ်မံပယ်ချခဲ့ခြင်းဖြစ်သည်။

"ဒီပြဿနာကိုငြိမ်းငြိမ်း ချမ်းချမ်းဖြေရှင်းဖို့နောက်ဆုံးအခြေအနေကို ဟန့်တားခဲ့သူတွေဟာ သွေးမြေကျမှုတွေအတွက် အဓိကတာဝန်ရှိလာပါလိမ့်မယ်"ဟု ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ်ဆူဆန်ရိုက်စ်ကပြောကြားခဲ့သည်။

ပြီးခဲ့သည့် သုံးရက်အတွင်း အတိုက်အခံများအဓိကအားကောင်းရာ ဟွမ်းမြို့တွင် ဆီးရီးယားတပ်များ တိုက်ခိုက်မှုကြောင့်လူ သုံးရာကျော်သေဆုံးခဲ့ရကြောင်း အတိုက်အခံတို့ကထုတ်ပြန်ထားသည်။

ဆီးရီးယားပြည်တွင်းအတိုက်အခံအဖွဲ့ဖြစ်သော ဆီးရီးယားပူးပေါင်းဆောင်ရွက်ရေးကော်မတီက ဖေဖော်ဝါရီလ ၅ ရက်နေ့မှစပြီး ၂ ရက်ကြာ တစ်နိုင်ငံလုံးအရပ်ဘက်အုံကြွမှုပြုလုပ်ရန်နှိုးဆော်ထားသည်။

၅ ရက်နေ့တွင်ပင် ဆီးရီးယားတပ်များနှင့် အတိုက်အခံများဘက်သို့ဘက်ပြောင်းလာသော တပ်ဖွဲ့ များအကြား တိုက်ခိုက်မှုများအကြီးအကျယ် ဖြစ်ပွားခဲ့သည်။*Ref;CNN*

# သီရိလင်္ကာ လွတ်လပ်ရေးနေ့တွင် အကျဉ်းသား ၁၄၀၀ ကျော်အား လွတ်ငြိမ်းချမ်းသာခွင့်ပေး

သီရိလင်္ကာနိုင်ငံသည် ဗြိတိသျှလက်အောက်မှလွတ်မြောက် သည့် ၆၄ နှစ်မြောက်လွတ်လပ်ရေး အထိမ်းအမှတ်အနေဖြင့်ဖေဖော်ဝါရီလ ၄ ရက်နေ့က အကျဉ်းသား ၁၄၁၄ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

သီရိလင်္ကာသမ္မတ မဟိန္ဒြာရာဇပက်ဆာသည် ပြစ်မှုသေးသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာစစ်ဦးစီးချုပ်ဟောင်းနှင့် သမ္မတရွေးကောက်ပွဲတွင်ပြိုင်ဘက်ဖြစ်လာခဲ့သူ ဗိုလ်ချုပ်ကြီးဟောင်း ဆာရက်ဖွန်ဆီကာမပါဝင်ခဲ့ပေ။

တစ်ချိန်ကရာဇပက်ဆာ၏ မဟာမိတ်ဖြစ်ခဲ့သောဖွန်ဆီကာသည် သမ္မတရွေးကောက်ပွဲဝင်ပြိုင်ခြင်းနှင့်အတူ ရာဇပက်ဆာ၏ပြိုင်ဘက်ဖြစ်လာခဲ့ပြီး လွန်ခဲ့သည့်နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ကကျင်းပခဲ့သော ရွေးကောက် ပွဲတွင်အငြင်းပွား ဖွယ်ရလဒ်ဖြင့်အရေးနိမ့်ခဲ့ရသည်။ တမီလ်ကျားသူပုန်များ နှင့်ဖြစ်ပွားသည့် ပြည်တွင်း စစ်အတွင်း သမ္မတ၏ ညီဖြစ်သူဗိုလ်ချုပ်ကြီး ဂေါ့တာဘာယာရာဇပက်ဆာသည်လက်နက်ချသည့် သူပုန် များကိုသတ်ဖြတ်ရန်အ မိန့်ပေးခဲ့သည်ဟုဖွန်ဆီကာက ဖွင့်ချမှုနှင့်အတူနှစ်ဖက်ဆက်ဆံရေးပိုဆိုးလာခဲ့သည်။ယင်းကိစ္စတွင်ဖွန်ဆီကာက သာမဟုတ်မမှန်စွပ်စွဲခဲ့ခြင်းဖြစ်သည်ဟုဆိုကာ တရားရုံးက ဖွန်ဆီကာကိုထောင်သုံးနှစ် ချခဲ့သည်။ ဖွန်ဆီကာ စစ်ဦးစီးချုပ် တာဝန်ယူခဲ့စဉ်က နိုင်ငံရေးရည်ရွယ်ချက်ဖြင့် မလျော်သြဇာသုံးခဲ့သည်ဟု ဆိုကာထောင်ဒဏ် လ ၃၀ ထပ်မံ ချမှတ်ခံခဲ့ရပြီး ရာဇပက်ဆာမိသားစုက ဆက်လက်လွှမ်းမိုးနိုင်ခဲ့သည်။ Ref;AFP

## အီရန်တပ်များ လေကြောင်းစစ်ရေးလေ့ကျင့်

ဖြစ်ပေါ်လာနိုင်သည့် တိုက်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အီရန်တပ်ဖွဲ့များက ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

Hamiyan e Vellayat ဟုအမည်ဝှက်ပေးထားသည့် လေကြောင်းဆိုင်ရာစစ်ရေး လေ့ကျင့်မှုများကို အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ် ဖွဲ့ (IRGC) များက အီရန်တောင်ပိုင်းရှိ Fars ပြည် နယ်တွင်လေ့ကျင့်ခဲ့ခြင်းဖြစ်ကြောင်း FNAသတင်းဌာနကထုတ်ပြန်ခဲ့သည်။

အထူးစစ်ရေးလေ့ကျင့်မှုများပြုလုပ်ရာတွင် IRGC မြေပြင်တပ်ဖွဲ့ဝင်များပါဝင်ကြောင်း မြေပြင်တပ်ဖွဲ့မှူးဗိုလ်မှူးချုပ် မိုဟာမက်ပါကောက FNA သို့ ပြောကြားခဲ့သည်။

IRGC မြေပြင်တပ်ဖွဲ့ဝင်များသည် အလားတူစစ်ရေးလေ့ကျင့်မှုများကို ဇန်နဝါရီလအတွင်းက အီရန်အရှေ့ပိုင်း၌ လေ့ကျင့်ခဲ့ကြောင်း၊ ရန်သူများတိုက်ခိုက်နိုင်သည့် အခြေခံပုံစံငါးမျိုးနှင့် ရန်သူများကို လက်နက်ကြီးများဖြင့် ပစ်ခတ်သည့် လေ့ကျင့်ခန်းများကို ပြုလုပ်ခဲ့ကြောင်း FNA သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

IRGC တပ်ဖွဲ့ဝင်များသည် နောက်ဆုံးထုတ်စစ်လက်နက်များကို ပါအောင်မြင်စွာစမ်းသပ်ခဲ့သည်ဟု သတင်းထုတ်ပြန်သည်။Ref:CNN

# ပူတင်အားထောက်ခံသူများနှင့် ဆန့်ကျင်သူများ အပြိုင်အဆိုင် ဆန္ဒပြ

ရုရှားဝန်ကြီးချုပ်ပူတင်ကို ထောက်ခံသူများနှင့် ရွေးကောက်ပွဲတွင်ပူတင်၏ အာဏာရပါတီက မဲမသမာမှုပြုလုပ် ခဲ့သည်ဟု ယူဆသောကြောင့်ပူတင် ကိုကန့်ကွက်သူများသည် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မြို့တော်မော်စကို၌ အပြိုင်ဆန္ဒပြခဲ့ကြသည်။







ပူတင်ကို ကန့်ကွက်နေကြသူများ(ဝဲပုံ)ထောက်ခံနေကြသူများ(ယာပုံ)

အစိုးရဆန့်ကျင်သည့်ဆန္ဒပြပွဲများအကြီးအကျယ်ဖြစ်ပေါ်ခဲ့အပြီး ခြောက်ပတ်အကြာတွင် အစိုးရခွင့်ပြုချက်တောင်းခံပြီးထပ်မံဆန္ဒပြရာ၌ ပူတင်ဘက်ကလည်း တန်ပြန်ထောက်ခံဆန္ဒပြမှုကို ယင်းနေ့တွင်ပင် တိုက်ဆိုင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဥပဒေအရ သမ္မတ ရာထူးတွင်သက်တမ်း နှစ်ကြိမ်ဆက်ထက်ပို၍ထမ်းဆောင်ခွင့်မရှိ သောကြောင့် ဝန်ကြီးချုပ်တစ်ကြိမ် လုပ်ခဲ့ပြီး နောက်သမ္မတနေရာကို တစ်ကျော့ပြန်ရယူရန် ပူတင်က အာဏာရပါတီကိုယ်စားပြုဝင်ပြိုင်ရန်စီစဉ်နေချိန်တွင် ကန့်ကွက်မှုများရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ရုရှား၏တတိယမြောက်အချမ်းသာဆုံးပုဂ္ဂိုလ် New Jersey Nets ဘတ်စကက်ဘော အသင်းပိုင်ရှင် ဘီလျံနာ မီခေးလ်ပရိုခိုရော့ဗ်လည်း ပူတင်နှင့် အပြိုင်သမ္မတရာထူးအတွက် ဝင်ရောက် အရွေးခံမည်ဖြစ်ပြီးယခုဆန္ဒပြမှုတွင်လည်းကန့်ကွက်သူများနှင့်ပူးပေါင်းပါဝင်ခဲ့သည်။

မော်စကိုရှိအတိုက်အခံလူစုလူဝေးတွင်ဆန္ဒပြသူ ၃၃၀၀၀ ခန့်ရှိပြီး အစိုးရကိုထောက်ခံသည့်လူစုတွင်မှုပါဝင်သူ ၁၅၀၀၀၀ ခန့်ရှိကြောင်းရဲတပ်ဖွဲ့၏စာရင်းများကို ကိုးကား၍ နိုင်ငံပိုင် ရီယာနိုဗော့စတီးသတင်းအေဂျင်စီကဖော်ပြခဲ့သည်။သို့သော်လည်း အစိုးရဆန့်ကျင်ဆန္ဒပြသူများ၏အရေအတွက်မှာ ၁၆၀၀၀၀ နီးပါး ရှိကြောင်း ပူတင်ဆန့်ကျင်ရေးစီစဉ်သူများကပြောကြားခဲ့သည်။Ref;CNN